
www.burmeseclassic.com

# မင်းမြတ်သူရ

မနောစကြာ



www.burmeseclassic.com

www.burmeseclassic.com

# မင်းမြတ်သူရ

## မနောစကြာ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၈၆၀၅၀၅
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၃၅၀၅၀၈

၂၀၀၆ ခုနှစ်၊ မေလ၊
ပထမအကြိမ်
တန်ဖိုး - ၁၀၀/-
အုပ်ရေ - ၅၀၀ အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(၀၁၀၁၉) ချစ်မင်းလွင်စာပေ
အမှတ်-၄၃/ဘ၊ ရေလီလမ်း၊ ၇-ပိုင်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးနေကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

မောင်ကျော်လှိုင်စေတနာစာပေမှ
စီစဉ်ထုတ်ဝေသည်။

# မင်းမြတ်သူရ

## မနောစကြာ



www.burmeseclassic.com

www.burmeseclassic.com

## မင်းမြတ်သူရစာအုပ်များ

- ❒ ရွှေမျက်နှာသခင်မ
- ❒ ဝတ္ထုမြားဆန်လျှို့ အဓိပ္ပါယ်ပြည့်တန်
- ❒ လှုပ်ဝင်စားစေခြင်းတော်
- ❒ မိုးလုံးပြည့်လျှံ
- ❒ ယျောက်မိမ်းအမိန့်တော်
- ❒ အဖြူရောင်လွင်ပြင်
- ❒ မြေမြူရှင်မ
- ❒ မှော်လင်းသုန်
- ❒ ဖျိုလိုင်းကြိုးတဲ့ နှင်းဆီနိုင်
- ❒ ဆားပုလင်းမင်းအောင်နှင့် ရွှေကိုယ်ရံတော်
- ❒ ရလေလိုလေ အိုတရွှေ
- ❒ လင်းနို့ဘုရင်
- ❒ ယောက်ျားထဲခွန် လူရည်ချွန်
- ❒ တောင်တော်ရှင်မ
- ❒ မရှိခဏအရှင်
- ❒ ရထားနှာပုံမိန်တိုး
- ❒ ချဲမတ်တော်
- ❒ ရန်ကြီးအောင်
- ❒ မြင့်မိုရ်တောင်တကယ်သခမား



## စာဖတ်သူ စာပေမျာ၏ အမှတ်တရအစီအစဉ်



■ ကျွန်မ ဝတ္ထုဖတ်လေ့မရှိပါဘူး။ ဆရာ့စာအုပ်ကို အမြဲဖတ်နေရှိတဲ့ သူငယ်ချင်းတစ်တွေရဲ့ တိုက်တွန်းမှုကြောင့် "ရွှေဖြစ်ငွေဖြစ် မစိန်ချစ်" ဆိုတဲ့ ဝတ္ထုကို ကျွန်မ စတင်ဖတ်လိုက်မိပါတယ်။ ကျွန်မ အရမ်းကို နှစ်သက်သဘောကျသွားမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီဝတ္ထုဟာ အနုအလှမပါဘဲ လူ့ပတ်ဝန်းကျင်မှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ မမြဲသောသခါရတရားတွေနဲ့ "အမွဲကိုစာမချုပ်" ဆိုတဲ့စိတ်မျိုးရှိတဲ့ မစိန်ချစ်ကို အားကျမိပါတယ်။ ဆရာ့ရဲ့စာအုပ်တွေဟာ ကျွန်မတို့လူငယ်တွေအတွက် အဖိုးထိုက်တန်တဲ့ အားဆေးတစ်ခွက်ပါပဲ။

မအေးအေးမူ

ဒုတိယနှစ် (ရုက္ခဗေဒ)၊ မုံရွာတက္ကသိုလ်

■ ဆရာ့ရဲ့စာအုပ်တွေကို အမြဲတမ်း ထိပ်ဆုံးကအားပေးနေသူပါ။ ဆရာ့ရဲ့ဒဿနတွေကို အရမ်းကြိုက်ပါတယ်။ ဆားပုလင်းမင်းအောင်နှင့် ဥစ္စာစောင့်မလေးမြနှင်းဆီကို အကြိုက်ဆုံးပါ။ လူငယ်တွေ ဘဝတက်လမ်းပါတဲ့ ဓာတ်လမ်းလေးတွေ များများရေးပေးပါလို့ တောင်းဆိုချင်ပါတယ်။ ဆရာ့စာအုပ်တွေ ဖတ်ရတာ အနှစ်သာရ အရမ်းရှိသလို ဗဟုသုတလည်း အများကြီးပေးပါတယ်။ ဆရာ "မင်းမြတ်သူရ"တစ်ယောက် ဂမ္ဘီရလောကမှာရော၊ စာပေလောကမှာပါ ထိပ်ဆုံးကရပ်တည်နိုင်ပါစေ။

မပပဦး

ဒုတိယနှစ် (ရူပဗေဒ)၊ မုံရွာတက္ကသိုလ်၊ ဆိပ်ကိုင်းတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

■ ကျွန်တော့် ဆရာ့စာအုပ်တွေကို "တကျွန်းပြန်ဘိုးမှန်" စာအုပ်ကနေ စပြီးစွဲလန်းခဲ့ပါတယ်။ နောက်ထွက်တဲ့စာအုပ်အားလုံး မလွတ်တမ်းဖတ်ဖြစ်ခဲ့ပါတယ်။ ကျွန်တော်မဖတ်ဖြစ်သေးတဲ့ ထွက်ပြီးသားစာအုပ်တွေကိုလည်း မရရအောင်လိုက်ရှာပြီး ဖတ်ခဲ့ပါတယ်။ ဆရာ့ရဲ့အောင်မြင်မှုကတော့ တကယ့်ကို အားကျစရာပါပဲ။ ဆရာ့စာအုပ်တွေထဲမှာ သချာ်ပဟေဠိပုစ္ဆာလေးတွေ များများထည့်ပေးစေချင်ပါတယ်။ လူဆိုတာ ဝှက်ထားတဲ့အရာတွေကို ပိုပြီးသိချင်တယ် မဟုတ်လား။

တင်မောင်ထွေး (1st Year English)

ကြံခင်းမြို့၊ ဧရာဝတီတိုင်း။

■ ဆရာ့စာအုပ်တွေက အရမ်းကို အနှစ်သာရရှိပြီး ဆွဲဆောင်အားကောင်းတဲ့ စာအုပ်တွေလို့ လူတော်တော်များများက လက်ခံထားပါတယ်။ ဒါပေမဲ့ ဆရာ့စာအုပ်တွေကို ရုပ်ရှင်ရိုက်တဲ့အခါ ပေါ့သွားသလို ခံစားရပါတယ်။ ဒါကြောင့် စာအုပ်ထဲကအတိုင်း စိတ်ဝင်စားစရာကောင်းအောင် ဇာတ်လမ်းပြည့်စုံအောင်ရိုက်ဖို့ ဒါရိုက်တာတွေကို လမ်းညွှန်ပေးစေချင်ပါတယ် ဆရာ။

မောင်အောင်ကျော်ဦး၊ ပထမနှစ် (ဒဿနိကဗေဒ)

အောင်သီဟ ဆီဆိုင်၊ ၁၅၂ လမ်းနှင့်

ကျိုက္ကဆံလမ်းထောင့်၊ ရန်ကုန်။

■ ရွှေဖြစ်ငွေဖြစ်မစိန်ချစ်ကိုဖတ်ပြီး ဆရာ့ရဲ့ စေတနာကို နားလည်လေးစားသွားပါတယ်။ မစိန်ချစ်ရဲ့ဇာတ်လမ်းဟာ ရိုးစင်ပေမဲ့ လူငယ်တွေအတွက် စိတ်အားတက်ကြွဖွယ် အောင်မြင်ကြီးပွားရေးလမ်းညွှန်စာအုပ်ကြီးပါ။ ဒီစာအုပ်မျိုးကို လူငယ်တိုင်းဝယ်ယူသိမ်းဆည်းပြီး အခေါက်ခေါက်အခါခါ ဖတ်သင့်ပါတယ်။ ကျွန်မတို့အတွက် အလွန်ကျေးဇူးရှိတဲ့ စာအုပ်ပါ။ ပြီးတော့ ဆားပုလင်းမင်းအောင်ပါတဲ့ တစ်ကိုယ်တော်စွန့်စားခန်းဝတ္ထုတွေကိုလည်း ဖတ်ချင်ပါတယ်။ ဆရာ့ရဲ့ အရင်ထွက်ခဲ့တဲ့စာအုပ်တွေကို ဖတ်ချင်ပေမဲ့ ရှာလို့မရတော့ဘူး။ ဒါကြောင့် ဒုတိယအကြိမ် ထုတ်ဝေပေးဖို့ တောင်းဆိုချင်ပါတယ်။ ဆရာ့ရဲ့စာအုပ်တွေဖတ်ပြီး တခြားစာအုပ်တွေကို ဖတ်ရတာ အနှစ်သာရမရှိဘူးလို့ ခံစားရတယ်။ စာအုပ်တိုင်းမှာ ချမ်းမြေ့သရဖီလိုင်ဆိုတဲ့ ဒဿနတွေ များများထည့်ပေးပါ။ ဆရာ့ရဲ့စာအုပ်တွေကို အမြဲတမ်းအားပေးလျက်။

ဆိုဖီ

အမှတ် (၉) ရပ်ကွက်၊ ရန်မျိုးအောင်လမ်း၊

ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း။

■ ဆရာဟာ ဖုန်တက်နေတဲ့ မီးအိမ်တစ်အိမ်ရဲ့ မှန်ပြောင်းကို ပြောင်မြောက်စွာသုတ်ပေးသွားတဲ့ ကျွန်တော့်ရဲ့ 'ဆရာသခင်' ပါပဲ။ 'နဝရတ်ကိုးသွယ်' စာအုပ်ကို ကျွန်တော် စတင်ဖတ်ပြီးတဲ့နောက်မှာ ဆရာ့ရဲ့စာအုပ်တွေကို ပြန်လည်ရှာဖွေဖတ်ခဲ့မိပါတယ်။ ဆရာ့ကို ကျွန်တော် အရမ်းလေးစားသွားပါတယ်။ ကျွန်တော်ဟာ မခံချင်စိတ်တွေကြောင့် မှားယွင်းစွာ လောကကြီးကို အရှုံးပေး တိုက်ခဲ့မိတယ်။ ကျွန်တော့်ဘဝရှုံးနိမ့်နေချိန်မှာ ဆရာ့စာအုပ်ကို မမျှော်လင့်ဘဲ ဖတ်လိုက်ရတယ်။ အချိန်မနှောင်းသေးတဲ့အတွက် နားလည်ခွင့်ရတာ ဆရာ့ကို ကျေးဇူးတင်ပါတယ်။

စင်လင်းထွန်း၊

အမှတ် (၂၂၄)၊ မော်သံလမ်း (B.O.C အနီး)၊

မုဒုံမြို့နယ်၊ မွန်ပြည်နယ်။

www.burmeseclassic.com

■ အစက မိန်းမမောယာ သဲကိုဖျာကို မယုံခဲ့ပါဘူး။ နောက်တော့ "မိုးမခရတနာသိုက်" ဖတ်လိုက်ရတော့ တော်တော်လေး ဗဟုသုတရသွားပါတယ်။ လူငယ်တွေအတွက် ဆရာ့ရဲ့ အာဟာရ ဆေးတစ်ခွက်ကို အမြဲတိုက်ကျွေးပေးပါ။ နောက်ပြီး ဆရာ့ရဲ့ဘဝအကြောင်းတွေကို ဖော်ပြစေလိုပါတယ်။ ချမ်းမြေ့သရဖီလှိုင်ရဲ့ ဒဿနတွေကို ကြိုက်ပါတယ်။ လူငယ်တွေအတွက် ဆရာ အမြဲရပ်တည်နိုင်ပါစေ။

မောင်ချစ်လွန်းသူ

ရောဝတီတိုင်း၊ အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့။

■ နောက်ဆုံးထွက် အောင်ပင်လယ်ရွာစားကို ဖတ်ရတာက လက်က မချနိုင်အောင် ဆွဲဆောင်အားကောင်းပါတယ် ဆရာ။ တစ်ကျွန်းနဲ့ပတ်သက်တဲ့အကြောင်းတွေကို မကြာခဏ ဖတ်ရပေမဲ့ မရိုးစင်းနိုင်သေးပါဘူး။ တိဘက်အကြောင်းတွေ ဖတ်ရတာ အနှစ်သက်ဆုံးပါ။ တိဘက်ရိုးရာယဉ်ကျေးမှုတွေ ပါတဲ့ စာအုပ်မျိုး ထပ်ရေးပေးပါဦး။ ဆရာရေးတဲ့ တိုင်းရင်းသားစာအုပ်တွေဟာ တစ်မူထူးခြားပြီး မကြုံဘူးတဲ့ ရသမျိုး ခံစားရပါတယ်။

ကိုဝင်းလှိုင်

အမှတ် (၈)၊ ဗားကရာလမ်း၊ ပန်းခြံတာဝါ၊ စမ်းချောင်း။

■ ကျွန်တော် စာအုပ်စဖတ်ကတည်းက ဆရာ့ရဲ့စာအုပ်တွေကို ဖတ်ခဲ့တာပါ။ ဆရာ့ရဲ့စာအုပ်တွေကို ဖတ်ပြီးရင် စိတ်အား တက်ကြွလာခဲ့လို့ အမြဲတမ်း ထွက်သမျှ စာအုပ်တွေကို ရှာဖွေပြီးဖတ်ခဲ့ပါတယ်။ ဆရာ့ရဲ့စာအုပ်တွေဟာ လူငယ်တွေ အတွက် လမ်းပြကြယ်လေးပါပဲ။

မောင်ချမ်းငြိမ်း (2nd Year, Physics)

ဒဂုံတက္ကသိုလ်

တစ်နေ့သ၌ ရှေးဟောင်းပစ္စည်း စုဆောင်းထားသော လူကြီး တစ်ဦးသည် ပြတိုက်နှင့်တူသော သူ၏အိမ်ငယ်လေးအတွင်း၌ ရှေး ဟောင်းပစ္စည်းများကို လိုက်လံကြည့်ရှုနေလေသည်။

လူကြီးသည် တစ်နေရာသို့ရောက်သောအခါ ဗီရိုလေးအတွင်း ရှိ ရှေးဟောင်းခေါင်းမြှောင်လေးတစ်ချောင်းကိုကြည့်၍

" ဪ ဒီခေါင်းမြှောင်လေးတောင် ကြေးညှိတွေတက်နေပါ ရောလား။ ကြေးညှိတွေကို သန့်စင်ဦးမှပဲ "

ဟုဆိုကာ မှန်ဗီရိုအတွင်းရှိ ရှေးဟောင်းခေါင်းမြှောင်လေးကို ထုတ်ယူလိုက်လေသည်။

ထို့နောက် သူ၏ပြတိုက်နှင့်တူသော အိမ်ငယ်လေးအတွင်း၌ ရှေးဟောင်းပစ္စည်းများကို စိတ်ဝင်တစား လိုက်လံကြည့်ရှုနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးသည် တစ်နေရာသို့ရောက်သောအခါ ကြေးမုံမှန်လေး တစ်ချပ်ကို မြင်လေသည်။

လူကြီးသည် ကြေးမုံမှန်လေးကို ကုန်း၍ယူလိုက်ပြီး

" ကုန်းဘောင်ခေတ် မှန်ကလေးတော့ ဘာတစ်ခုမှ အပြောင်းအလဲမဖြစ်သေးဘူး။ မှန်ပေါ်မှာရှိတဲ့ ကနုတ်တွေ ပကတိအတိုင်းပဲရှိသေးတယ်၊ ကြည့်စမ်း။ အံ့သြဖို့ကောင်းလိုက်တာ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာကျော်လောက်က ဒီမှန်ရှေ့မှာ နန်းတွင်းက အပျိုတော်လေးတစ်ပါး ထိုင်ပြီးတော့ အလှအပတွေ ပြုပြင်ခြယ်သနေလိမ့်မယ်၊ သူမရဲ့ ရှည်လျားလှတဲ့ ပိတုန်းရောင်ကေသာတွေကို ရွှေဘီးလေးတစ်လက်နဲ့ ဖြီးသင်ကောင်း ဖြီးသင်နေလိမ့်မယ်၊ အဲဒီအပျိုတော်လေးဟာ နောင်နှစ်ပေါင်းတစ်ရာလောက်ကြာရင် ဖိုးမှန်ဆိုတဲ့ ရှေးဟောင်းပစ္စည်း ဝါသနာအိုးကြီးတစ် ယောက်ဟာ သူ့ရဲ့မှန်လေးကို တယုတယ သိမ်းဆည်းထားမယ်လို့ သူ ဘယ်ထင်မလဲနော် "

ဟု တစ်ကိုယ်တည်း ရေရွတ်နေလေသည်။

ထို့နောက် လူကြီးသည် တစ်နေရာသို့ရောက်သောအခါ မှန်ဗီရိုတံခါးကိုဖွင့်ကာ စဥ္စွဖြင့်ပြုလုပ်ထားသော ဆေးတံလေးတစ်ချောင်းကို ထုတ်ယူလိုက်လေသည်။

" ကြည့်စမ်း၊ ညောင်ရမ်းခေတ် ဆေးတံလေးဟာ အတော်လက်ရာ မြောက်တာပဲ၊ စဥ္စွတည်လေးရဲ့အပေါ်ယံမှာ အစင်းကြောင်းလေးတွေတောင် ထင်ကုန်ပြီ၊ အင်းပေ့ါလေ နှစ်တွေ အများကြီး ကြာ





တော့ ရွံ့တွေ ဖုန်တွေ ကြေးညှော်တွေ ဒဏ်ကြောင့် ပျက်စီးယိုယွင်းမှုတွေ ဖြစ်နိုင်တာပဲ၊ ဒါဟာ လောကကြီးရဲ့ မမြဲတဲ့ သဘောတရားကို ထင်ဟပ်ပြသနေတာပဲ၊ ညောင်ရမ်းခေတ်တုန်းက ဒီစဥ္စွထည်လေးကို ပိုင်ဆိုင်တဲ့လူဟာ ကုန်သည် လူတန်းစား အဘိုးကြီးတစ်ယောက်လား၊ ဆင်းရဲသား လူကြီးတစ်ယောက်လား၊ ဒါမှမဟုတ် လူလတ်ပိုင်း လူကြီးတစ်ယောက်လား၊ သူဟာ ဆေးတံကြီးကို ကျေကျေနပ်နပ်ကြီး ခဲပြီးတော့ စည်းစိမ်ခံနေမှာ သေချာတယ် "

ဟုရေရွတ်လိုက်ပြန်၏။

ထို့နောက် လူကြီးသည် အင်းဝခေတ် မြေအိုးလေးတစ်လုံးကို ထုတ်ယူ၍ မှန်ဘီလူးဖြင့် သေသေချာချာကြည့်ရှုနေပြန်၏။ မြေအိုးလေး၌ အက်ကွဲကြောင်းများပင် ထင်နေလေ၏။ လူကြီးက မြေအိုးလေးပေါ်တွင် တင်ကျန်နေသော ဖုန်မှုန့်များကို ယုန်မွေးစုတ်တံဖြင့် ဖယ်ရှားရင်း

" ဒါဟာ အင်းဝခေတ်လက်ရာမြေအိုးလေးပဲ၊ ဒီပစ္စည်းလေးက သိပ်အဖိုးတန်တယ်၊ ငါ့ဆီမှာရှိတဲ့ ရှေးဟောင်းပစ္စည်းတွေ အားလုံးထဲမှာ ဒီမြေအိုးလေးက ငါ တန်ဖိုးအထားဆုံးပဲ "

ဟုဆိုကာ မြေအိုးလေးကို တယုတယ စုတ်တံဖြင့် ပွတ်တိုက်နေလေသည်။

ထိုအခိုက်မှာပင် အိမ်တံခါးပွင့်သွားပြီး ရှေးဟောင်းပစ္စည်းများစုဆောင်းရာအိမ်ကြီးထဲသို့ လူဝယ်တစ်ဦးသည် ဝင်ရောက်လာ၏။

လူဝယ်သည် ရှမ်းဘောင်းဘီနှင့် ပင်နီအင်္ကျီကို ဝတ်ဆင်ထား



www.burmeseclassic.com

www.burmeseclassic.com



ပြီး လူကြီး၏အနီးသို့ တိုးကပ်လာကာ ပခုံးကိုဖက်လိုက်၏။ လူငယ်က

" အဖေ့ကိုကြည့်လိုက်ရင် တစ်ချိန်လုံး ရှေးဟောင်းပစ္စည်းတွေနဲ့ပဲ အချိန်ကုန်နေတယ်၊ ဒီခေတ်ဟောင်းက အိုးတွေ၊ ခွက်တွေ၊ ဆေးတံတွေနဲ့ပဲ အချိန်ကုန်နေတော့မှာလား "

ဟုမေးလေ၏။ ထိုအခါ ရှေးဟောင်းပစ္စည်း ဝါသနာအိုး အဘိုးကြီးက မျက်မှန်ဝိုင်းလေးကို မတင်၍

"ဒီမယ်ငါ့သား၊ အဖေဟာ ရှေးဟောင်းပစ္စည်းတွေကြားမှာပဲ အချိန်ကုန်နေသလို ငါ့သားလည်း ကုတ်တွေ၊ ဓားတွေ၊ လှံတွေနဲ့ပဲ အချိန်ကုန်နေတော့မှာလား "

ဟုပြောလေရာ လူငယ်က တဟားဟားရယ်မော၍

" ဟားဟားဟား... အဖေက ကျုပ်ကိုပြန်ပြီး လက်စားချေလိုက်တာလား၊ အဖေ့ကို ရှေးဟောင်းပစ္စည်းတွေကြားမှာ အချိန်ကုန်နေတယ်ဆိုလို့ ကျုပ်ကို သိုင်းပညာနဲ့ပဲ အချိန်ကုန်နေတယ်လို့ ပြောချင်တာလား "

ဟုပြန်လည်မေးမြန်းလိုက်လေ၏။

လူကြီးက မြေအိုးကို စုတ်တံဖြင့် သန့်စင်နေရာမှ လူငယ်ဘက်သို့ လှည့်၍

" ရှေးဟောင်းပစ္စည်းတစ်ခုဟာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးရဲ့ ဘာသာရေး၊ လူမှုရေး၊ စီးပွားရေးတွေကို ထင်ဟပ်ပြီး ပြသနေတယ်၊ ထူးဆန်းတာတစ်ခုက လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဘာမှအဖိုးမတန်တဲ့





ပစ္စည်းလေးတွေဟာ ရှေးကျလေ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားလေ၊ တန်ဖိုးရှိလေ ဖြစ်နေတော့တာပဲ၊ ဒါဟာ လူသားမျိုးနွယ်တွေရဲ့ ယဉ်ကျေးမှုကို မြတ်နိုးတဲ့ စိတ်ဓာတ်ကြောင့်ပဲ၊ ရှေးဟောင်းပစ္စည်းကို မြတ်နိုးတယ်ဆိုတာ ယဉ်ကျေးမှုကို မြတ်နိုးတဲ့ စိတ်ဓာတ်ရှိတဲ့ လူတွေပဲ၊ ဒီမှာလူလေး၊ ဟောဒီက မှန်လေးကိုကြည့်စမ်း၊ ကုန်းဘောင်ခေတ်အစောပိုင်းက နန်းတွင်းသုံး ကြည့်မှန်လေးတစ်ချပ်ပဲ၊ ကုန်းဘောင်ခေတ်အစောပိုင်း လက်ရာတွေဆိုတာ အဲဒီမှန်ပေါ်မှာပါတဲ့ ကနုတ်လက်ရာတွေက ဖော်ပြနေတယ်၊ ဒီမှန်လေးကိုမြင်တိုင်း လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက နန်းတွင်းက အပျိုတော်လေးတစ်ဦး မှန်ရှေ့မှာ အလှပြင်နေတာကို အဖေ သွားမြင်တယ်၊ ဟောဒီမှာ အင်းဝခေတ်က မြေအိုးလေးကိုကြည့်၊ ဒီမြေ အိုးလေးဟာ အဲဒီခေတ်တုန်းက အဖိုးတန် လက်ဝတ်ရတနာတွေကို ထည့်ပုံရတယ်၊ ဟောဒီ မြေအိုးမှာ အဖုံးပါတယ်၊ အဖုံးမှာပါတဲ့ လက်ကိုင်လေးဟာ အလွန်အနုလက်ရာမြောက်တယ် "

ဟုချီးမွမ်းလေ၏။ ထိုအခါ လူငယ်က ဖခင်၏ ပခုံးကိုဖက်၍ ရယ်မောကာ

" ကျုပ်ဟာ အဖေ့လိုပဲ ရှေးဟောင်းပစ္စည်းတွေကို ကြိုက်ပါတယ်ဗျာ၊ ဒါပေမဲ့ ကျုပ်နဲ့အဖေရဲ့ အသက်အရွယ်ချင်း ကွာခြားတယ်၊ အဖေ့ပြတိုက်ထဲမှာ ကျုပ်အကြိုက်ဆုံးပစ္စည်းက ကုန်းဘောင်ခေတ် မင်းသားတစ်ပါး ကိုင်ဆောင်တဲ့ ကျောက်စီဓားပဲ၊ ဒီကျောက်စီဓားကိုကိုင်မိရင် အတိတ်က ဒီဓားရဲ့ ပိုင်ရှင်ဟာ ဘယ်သူလဲလို့ သိချင်စိတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



အလွန်ပြင်းပြလာတယ် ''

ဟုပြောလေ၏။

ထိုအခါ လူကြီးက ခေါင်းတဆတ်ဆတ်ညိတ်၍

'' ရှေးဟောင်းပစ္စည်း ဝါသနာအိုးတွေရဲ့ ရင်ထဲမှာ အဲဒီစိတ်ကလေး ကိန်းအောင်းနေတယ်ကွ၊ ဒါဟာ အရပ်စကားနဲ့ပြောရရင် စပ်စုလိုစိတ်ပေါ့ကွာ၊ ကမ္ဘာပေါ်မှာ စပ်စုလိုစိတ်ဟာ တိုးတက်ကြီးပွားမှုတွေမှာ အရေးပါတယ်ကွ၊ လူ့ယဉ်ကျေးမှုကြီး တိုးတက်လာတာလည်း စပ်စုလိုတဲ့ စိတ်ကြောင့်ပဲ၊ လောကမှာ စပ်စုလိုစိတ်မရှိဘဲ ဘာကိုမှ စူးစမ်းမလေ့လာချင်တဲ့လူဟာ ဘယ်တော့မှ မတိုးတက်ဘူးကွ ''

ဟုဆိုကာ လူကြီးသည် သူ၏ မျက်မှန်ဝိုင်းလေးကို ချွတ်ကာ စားပေါ်ပွဲသို့တင်လိုက်လေသည်။

ထို့နောက် အံဆွဲအတွင်းမှ ကတ္တီပါ ရှုံ့အိတ်လေး တစ်အိတ်ကိုထုတ်လေ၏။ လူငယ်က ထိုကတ္တီပါ ရှုံ့အိတ်လေးကိုကြည့်၍ သက်ပြင်းချလိုက်ပြီး

'' အဖေ့မှာ ပိုက်ဆံမရှိတော့ဘူးလား ''

ဟုမေးမြန်းလေ၏။ လူကြီးက ခေါင်းညိတ်၍

'' ဟုတ်တယ်၊ အဖေ့မှာ ပိုက်ဆံနည်းနေပြီ၊ ဒါကြောင့် လူကလေးက ထုံးစံအတိုင်း ပိုက်ဆံရအောင် သွားရှာရမယ် ''

ဟုပြောလေ၏။

ထို့နောက် လူကြီးသည် အိတ်ရှုံ့လေးအတွင်းမှ ရတနာပုံခေတ်





သုံး ဒင်္ဂါးတစ်ပြားကို ထုတ်၍ လူငယ်ရှိရာသို့ ပစ်၍ပေးလိုက်၏။

ထို့နောက် လူငယ်သည် ရှေးဟောင်းပြတိုက်နှင့်တူသော အိမ်ငယ်လေးအတွင်းမှ ထွက်ခဲ့လေ၏။

လူငယ်သည် ခြံဝင်းထဲတွင် အသင့်ရှိသော ပက်လက်မြင်းရထားပေါ်သို့ခုန်တက်၍ မြင်းကို ဒုန်းစိုင်းပြီး မောင်းနှင်သွားလေတော့၏။

လူငယ် ထွက်ခွာသွားသောအခါ ရှေးဟောင်းပစ္စည်း ဝါသနာအိုးလူကြီးသည် သူ၏ပစ္စည်းများကို တယုတယဖြင့် ဆက်လက်ကြည့်ရှုနေလေ၏။

လူငယ်သည် မြို့ထဲသို့ ထွက်ခွာသွားပြီး ရတနာပုံခေတ်ရွှေဒင်္ဂါးကို သွားရောက် ရောင်းချလေ၏။

ရွှေဒင်္ဂါးများ ရောင်းချပြီး မြင်းလှည်းပေါ်သို့ ခုန်တက်၍ အိမ်သို့ ပြန်မည်အပြုတွင် အနီးသို့ ရွယ်တူလူငယ်လေးနှစ်ဦး ရောက်ရှိလာပြီး တစ်ယောက်က

'' ဟားဟား... တွေ့မှ တွေ့ပါမလားလို့ကွာ၊ တော်ပါသေးရဲ့၊ မင်းကို လိုက်ရှာနေရတာ တစ်မြို့လုံး နှံ့နေပြီ ''

'' မကြီးနဲ့ လက်မောင်းအားလုံ့ဖို့ ချိန်းထားတာ ဒီနေ့လေကွာ၊ အခု မြို့စွန်က ညောင်ပင်အောက်မှာ မကြီးရောက်နေပြီ၊ တော်ကြာ ငါတို့လူစု လက်မောင်းသွားမလုံ့ဘူးဆိုရင် ငါတို့ကို မကြီးက ကြောက်လို့ ထင်သွားလိမ့်မယ် ''

ဟုပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းပေါ်ရှိ ဖိုးခေါင်ဆိုသောလူငယ်က

" ဟုတ်သားပဲ၊ ဒီနေ့ မဲကြီးနဲ့ ချိန်းထားတဲ့နေ့ပဲ၊ ဒီအချိန်ဆို ညောင်ပင်အောက်ကို မဲကြီးတို့လူစု ရောက်နေမှာသေချာတယ်၊ ကဲ... မင်းတို့နှစ်ယောက် ရထားလုံးပေါ်တက်၊ ငါတို့အမြန်ဆုံး မြို့စွန်ကိုသွားကြမယ် "

ဟုပြောလေရာ လူငယ်နှစ်ဦးသည် မြင်းလှည်းပေါ်သို့ ခိုတွဲတက်လိုက်လေ၏။

ထို့နောက် ဖိုးခေါင်ဆိုသောလူငယ်သည် မြင်းလှည်းကို မြို့စွန်ဘက်သို့ အပြင်းမောင်းနှင်သွားလေ၏။

မြို့ပြင်ရှိ ညောင်ပင်ကြီးအောက်သို့ရောက်သောအခါ မဲကြီးတို့လူစုသည် ညောင်ပင်အောက်တွင် လူစုံတက်စုံ ရောက်ရှိနေလေ၏။

မဲကြီးသည် အပေါ်ပိုင်း ဗလာကျင်းထားပြီး ကိုယ်ခန္ဓာ အလွန်တုတ်ခိုင်သန်စွမ်း၏။

သူသည် ဘူတာ၌ ကူလီအလုပ်ကို လုပ်ကိုင်ရသော လူတစ်ဦးဖြစ်သည်။ ၎င်းတို့အဖွဲ့ ညောင်ပင်အောက်သို့ ရောက်လာသောအခါ မဲကြီးက

" ဟားဟား... မင်းတို့ရောက်လာသေးတယ်နော်၊ ငါတို့က မင်းတို့ သတ္တိကြောင်ပြီး ရောက်မလာတော့ဘူးလို့ ထင်တာကွ "

ဟုပြောလေ၏။

ထိုအခါ မြင်းလှည်းပေါ်မှ ရှေးဦးစွာ ခုန်ဆင်းသော သန့်စင်





ဆိုသောလူငယ်က

" ဟေ့ကောင် မဲကြီး၊ မင်းဘာမှ အပိုတွေ ပြောမနေနဲ့၊ ငါတို့ဟာ ချိန်းထားပြီးတဲ့ပွဲကို ဘယ်တော့မှ ဖျက်ရိုးထုံးစံမရှိဘူး၊ ဒီနေ့ ငါတို့ နည်းနည်းနောက်ကျသွားတာ ဝန်ခံတယ်၊ ဒါဟာလည်း ဖိုးခေါင်မှာ အလုပ်နည်းနည်းရှိနေလို့ကွ "

ဟုပြောလေ၏။

ထိုအခါ မြင်းလှည်းကိုမောင်းနှင်လာသော ဖိုးခေါင်ဆိုသောလူငယ်က မြင်းလှည်းပေါ်မှ အောက်သို့ လွှားခနဲ ခုန်ဆင်းလိုက်ပြီး

" ဟုတ်တယ် ဖိုးခေါင်တို့က စိန်ခေါ်ရင် တိမ်ပေါ်ထိလိုက်မဲ့ကောင်မျိုးကွ "

ဟု ကြုံးဝါးလိုက်လေ၏။

ထို့နောက် လူငယ်များသည် ညောင်ပင်အောက်ရှိ မြေကွက်လပ်၌ လက်မောင်းအားလှဲ့ရန် ပြင်ကြ၏။

မဲကြီးသည် အလွန်သန်စွမ်းပြီး လက်မောင်းအားလှဲသည့်ပွဲတိုင်း၌ အနိုင်ရသည်သာ ဖြစ်သဖြင့် မဲကြီးဘက်မှ လောင်းကြေးထပ်မည့်သူ များပြားလှ၏။

ဖိုးခေါင်သည် အပေါ်ပိုင်း ဗလာကျင်းလိုက်ပြီး မဲကြီးနှင့် လက်မောင်းအားလှဲ့ရန် ပြင်လိုက်၏။

ဖိုးခေါင်မှာ မဲကြီးကဲ့သို့ ကိုယ်ခန္ဓာထွားကျိုင်းခြင်းမရှိသော်လည်း ကျစ်လစ်သန်မာဟန်ရှိ၏။ ၎င်းတို့နှစ်ဦးကိုကြည့်၍ ဖိုးခေါင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အဖော်လိုက်ပါလာသော ဆန်နီစင်က လေသံတိုးတိုးဖြင့်

"ကိုယ်ခန္ဓာအလုံးအထည်ကတော့ မဲကြီးကသာတယ်၊ ဖိုးခေါင်... မင်း ဒီကောင်ကြီးကို ယှဉ်နိုင်ပါ့မလား"

ဟု ပြောလေသည်။ ထိုအခါ ဖိုးခေါင်က လက်ကာပြ၍

"ဟေ့ကောင်... လူကြီးတိုင်း အချိန်စီးတာမဟုတ်ဘူးကွ၊ စစ်မရောက်ခင် မြားကုန်တဲ့စကားမပြောနဲ့"

ဟု ပြောလေ၏။

ထို့နောက် မဲကြီးနှင့် ဖိုးခေါင်သည် ညောင်ပင်အောက်ရှိ သစ်မြစ်ဆုံရှေ့တွင် လက်မောင်းအားလှဲရန် ဒူးထောက်ထိုင်ချလိုက်၏။

နှစ်ဦးသား တစ်ဦးနှင့်တစ်ဦး မျက်လုံးချင်းဆုံအောင်ကြည့်ပြီး သစ်မြစ်ဆုံပေါ်တွင် လက်နှစ်ဖက်ကိုတင်လိုက်ကြ၏။ မဲကြီးက လူငယ်ကို မခန့်ဒလေးစားကြည့်၍ ဖိုးခေါင်၏လက်များအား ဆုပ်ကိုင်လိုက်၏။

ဖိုးခေါင်မှာလည်း မဲကြီး၏လက်ကို ပြန်လည်ဆုပ်ကိုင်လိုက်၏။ မဲကြီးက လူငယ်ကို မထီလေးစားကြည့်၍

"အသင့်ဖြစ်ပြီလား"

ဟု မေးမြန်းလိုက်လေ၏။ ဖိုးခေါင်က ခေါင်းညိတ်၍

"အသင့်ဘဲ ကိုယ့်လူ၊ ကြိုက်တဲ့အချိန်မှာ လှဲလို့ရတယ်"

ဟု မထီလေးစားအမူအရာဖြင့် ပြန်ပြောလိုက်၏။ မဲကြီးသည် ဖိုးခေါင်၏အမူအရာကို ကြည့်၍

"မင်းရဲ့သတ္တိတော့မဆိုးဘူး၊ ကဲ... ငါ တစ် နှစ် သုံး ရေ





မယ်၊ တစ် နှစ် သုံး ဆိုတာနဲ့ ဒို့နှစ်ယောက် လက်မောင်းအားလှဲမယ်"

ဟု ဆိုကာ လက်မောင်းအားလှဲရန် အသင့်ပြင်ကြလေ၏။

ထို့နောက် ၎င်းတို့နှစ်ဦးစလုံး အသင့်ပြင်ပြီးသောအခါ မဲကြီးက တစ် နှစ် သုံး ဟု အော်ဟစ်ပြီး စတင်၍ လက်မောင်းအားလှဲလေ၏။

မဲကြီးသည် လူငယ်၏ ကျစ်လစ်သောကိုယ်ခန္ဓာကို အထင်ကြီးခြင်းမရှိဘဲ ခွန်အားကိုစိုက်ထုတ်၍ လက်မောင်းအားလှဲလေ၏။

သို့သော် အားစိုက်ထုတ်ပြီး များမကြာမီ ဖိုးခေါင်ဆိုသော လူငယ်သည် သူထင်သကဲ့သို့မဟုတ်ဘဲ အလွန်သန်မာတောင့်တင်းကြောင်း သတိပြုမိလိုက်လေ၏။

မဲကြီးသည် ဖိုးခေါင်၏ သန်မာသောလက်မောင်းကို အစွမ်းကုန် အားစိုက်၍ ပြန်လည်ခုခံရ၏။ မဲကြီးသည် ဖိုးခေါင်ကဲ့သို့ ကျစ်လျစ်သော လူတစ်ယောက်မှ ဤသို့သန်မာသော ခွန်အားကို တွေ့ကြုံရမည်မထင်သဖြင့် လွန်စွာအံ့အားသင့်နေလေ၏။

မဲကြီးသည် လူငယ်အား အသာစီးမှ မလှဲနိုင်ဘဲ လူငယ်၏ ခွန်အားကိုသာ အစွမ်းကုန် ကာကွယ်နေရ၏။ မဲကြီး၏အုပ်စုမှ လူငယ်များသည် မဲကြီးကို အားမလိုအားမရ ကြည့်၍

"မဲကြီး... လှဲတော့ပါလား၊ လှဲတော့ပါလား၊ မဲကြီး... အပွဲပွဲနွှဲလာသမျှ ဒီပွဲမှာ ဘယ်လိုဖြစ်တာလဲ"

ဟု အော်ဟစ်ကြလေ၏။ ထိုအခါ ဖိုးခေါင်ဘက်မှ အဖော်လိုက်ပါလာသော လူငယ်နှစ်ဦးက ဝမ်းသာအားရဖြင့်



www.burmeseclassic.com

www.burmeseclassic.com



'' မဲကြီးက လူကြီးပြီး အချိန်မစီးဘူးဟေ့၊ မဲကြီးကို တစ်ခါတည်း အပြုတ်ဆော်ပေတော့ဟေ့ ''

ဟု အော်ဟစ်လေ၏။

ထိုအခါ မဲကြီးသည် ပိုမို၍ အရှက်ရသွားပြီး ဖိုးခေါင်အား အနိုင်ရရန် အစွမ်းကုန် ကြိုးစားလေ၏။ မဲကြီး၏မျက်နှာတစ်ခုလုံး နီနေပြီး ချွေးသီးချွေးပေါက်များ စီးကျလာ၏။

သို့သော် ဖိုးခေါင်အား အနိုင်ရဖို့ဝေးစွ။ ဖိုးခေါင်၏လက်မောင်းအားကိုပင် ကာကွယ်ရန် အလွန်ခက်ခဲနေလေ၏။

မဲကြီးသည် ဖိုးခေါင်၏လက်မောင်းအားကို မခံနိုင်တော့ဘဲ သူ၏လက်များ သစ်မြစ်ဆုံပေါ်သို့ ပြုတ်ကျလုမတတ် ဖြစ်နေ၏။ ထိုအခါ မဲကြီးဘက်မှပါလာသော အပေါင်းအဖော်များသည် မဲကြီးအား အားမလိုအားမရဖြစ်ပြီး

'' မဲကြီး... ဘယ်လိုဖြစ်တာလဲ၊ ဖိုးခေါင်ကို နိုင်အောင်ပြန်ချစမ်းပါ၊ မဲကြီး... ငါတို့လောင်းကြေးတွေ ရှုံးအောင်မလုပ်နဲ့ ''

ဟု အော်ဟစ်ကြလေ၏။

မဲကြီးသည် သူ၏အပေါင်းအဖော်များက တိုက်တွန်းသောကြောင့် အစွမ်းကုန် ချွေးဒီးဒီးကျအောင် ကြိုးစား၏။

သို့သော် ဖိုးခေါင်၏လက်မှာ သန်မာလွန်းသဖြင့် ပြန်လည်၍ မခုခံနိုင်ဘဲ တဖြည်းဖြည်းသာ အောက်သို့လန်ကျသွားလေ၏။

နောက်ဆုံးတွင် ဖိုးခေါင်က ခွန်အားစိုက်ထုတ်၍ လှဲချလိုက်ရာ





ကြီး၏လက်မောင်းသည် သစ်မြစ်ဆုံပေါ်သို့ ပြုတ်ကျသွားလေ၏။

မဲကြီး၏ အပေါင်းအဖော်များသည် စိတ်ပျက်လက်ပျက်ဖြင့် အော်ဟစ်လိုက်ကြ၏။ ဖိုးခေါင်ဘက်မှ ပါလာသော လူငယ်များသည် ...သောအားရဖြင့် လက်သီးလက်မောင်းတန်းကာ ထခုန်လိုက်ကြ၏။

ဖိုးခေါင်တို့လူစုသည် အနိုင်ရသော လောင်းကြေးငွေများကို ...ပျော်ရွှင်စွာ လိုက်လံသိမ်းဆည်းကြလေ၏။ ၎င်းတို့သည် မဲကြီးတို့ ...ထံမှ လောင်းကြေးငွေများစွာ ရရှိလိုက်၏။

မဲကြီးသည် အပွဲပွဲနွှဲလာသမျှ ဤပွဲတွင် အရှုံးကြီးရှုံးနိမ့်ခဲ့သဖြင့် ...လွန်မခံချိမခံသာ ဖြစ်နေပုံရ၏။ မဲကြီး၏ အပေါင်းအဖော်များသည် ...ကို ဝိုင်းဝန်း၍ အပြစ်တင်ကြလေ၏။

လောင်းကြေးများဆုံးရှုံးရသော လူငယ်တစ်ဦးက

'' မင်း ဘယ်လိုဖြစ်တာလဲ၊ ကိုယ့်ထက် ဗလသေးတဲ့လူကို ...ောင် မင်းနိုင်အောင် လက်မောင်းအားမလှဲနိုင်ဘူးလား၊ မင်းက ...ပေါ်ကြီးဖြစ်မှန်း အခုမှ တို့သိတော့တယ် ''

ဟု ပြောဆိုလေ၏။

ထိုအခါ မဲကြီးသည် မျက်နှာမည်းခနဲဖြစ်သွားပြီး

'' နောက်တစ်ကြိမ်ကျရင် ဒီကောင့်ကို အနိုင်ယူပြမယ်ကွ ''

ဟု လက်သီးဆုပ်၍ ကြုံးဝါးလေ၏။ မဲကြီး၏ ကြုံးဝါးသံကို ...သော ဖိုးခေါင်က တဟားဟား ရယ်မော၍

'' ဟား ဟား ဟား... မဲကြီး၊ နောင်တစ်ကြိမ်လည်း မင်းကို



www.burmeseclassic.com

www.burmeseclassic.com



ငါ အနိုင်ရဦးမှာပဲ ''

ဟု မခန့်လေးစား အမူအရာဖြင့် ပြောလေ၏။

ထို့နောက် လူငယ်သုံးယောက်သည် လောင်းကြေးငွေများကို လိုက်လံသိမ်းဆည်းပြီးလျှင် မြင်းလှည်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်လေ၏။

ဖိုးခေါင်တို့လူစုသည် မြို့ထဲရှိ တရုတ်ကြီးအဝိန်၏ ခေါက်ဆွဲဆိုင်သို့ မြင်းလှည်းကို ဦးတည်မောင်းနှင်သွားလေ၏။ တရုတ်ကြီးအဝိန်၏ ခေါက်ဆွဲဆိုင်သည် သူတို့မြို့ပေါ်ရှိ အကောင်းဆုံး ခေါက်ဆွဲဆိုင်ဖြစ်၏။

ဖိုးခေါင်တို့သည် အဝိန်၏ ခေါက်ဆွဲဆိုင်သို့ဝင်၍ ခေါက်ဆွဲကြော်၊ ကြာဇံကြော်၊ အစိမ်းကြော်၊ တောက်တောက်ကြော် စသည့်ဖြင့် စားဖွယ်ရာများကို မှာကြားလေ၏။

ဝေဖန်စာ၊ အကြံပေးစာများ ရေးသားလိုပါလျှင်
မင်းမြတ်သူရ
အမှတ်-၇၊ အဲသောကလမ်း၊ တျောက်မြောင်း ရန်ကုန်သို့
လိပ်မူ၍ ရေးသားနိုင်ပါသည်။





ဖိုးခေါင်တို့လူစု ပျော်ရွှင်စွာ စားသောက်နေချိန်တွင် ရှေ့ဟောင်းပစ္စည်း ဝါသနာရှင် လူကြီးသည် သူ၏ပစ္စည်းများကို တယုတယ ပွတ်သပ် နေဆဲဖြစ်၏။

သူသည် ရှေးဟောင်းပစ္စည်းများပေါ်တွင်သာ အာရုံဝင်စားထားဆဲဖြစ်၍ အိမ်ရှေ့သို့ မိုဒ်ကားတစ်စီး ထိုးရပ်လာခြင်းကို သတိမပြုမိလိုက်ချေ။

ကားပေါ်မှ ကုတ်အင်္ကျီနှင့် သက္ကလတ်ဦးထုပ်ဆောင်းထားသော လူသုံးဦးဆင်းလာပြီး လူကြီး၏အိမ်တံခါးကို တွန်းဖွင့်လိုက်၏။ လူကြီးသည် ကျောခိုင်း၍ ထိုင်နေသောကြောင့် အိမ်ထဲသို့ ဝင်လာသော လူသုံးဦးကို သတိမပြုမိလိုက်ချေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကုတ်အကျႌဝတ်ဆင်ထားသော လူသုံးယောက် အနက် ခေါင်းဆောင်ဖြစ်ဟန်တူသော လူက မျက်မှောင်ကြုတ်လိုက်ပြီး

" ဦးဖိုးမှန်... ကျုပ်တို့လာတာတောင် ခင်ဗျား ဆီးမကြိုတော့ ဘူးလား "

ဟု မေးမြန်းလိုက်လေ၏။

ဦးဖိုးမှန်သည် သူ၏အနောက်မှလာသော အသံကြောင့် လက်ထဲတွင် ကိုင်ထားသော ရှေးဟောင်းပုရပိုက်လေး ကြမ်းပေါ်သို့ လွတ်ကျသွားပြီး အနောက်သို့လှည့်ကြည့်လိုက်၏။

ပြီးနောက် သက်ပြင်းချ၍

" မင်းတို့တောင် ကျုပ်နောက်ကို နောက်ယောင်ခံပြီး လိုက် လာပြီကိုး။ မင်းတို့ရဲ့ ဖွဲ၊ လုံ့လ၊ ဝီရိယကို ကျုပ်ချီးကျူးပါတယ် "

ဟု တည်ငြိမ်သောလေသံဖြင့် ပြောလေ၏။

ထိုအခါ ကုတ်အကျႌဝတ်ထားသော လူသုံးဦးအနက် ခေါင်းဆောင်ဖြစ်ဟန်တူသူက သူ၏မျက်မှန်ဝိုင်းလေးကို ချွတ်၍ အိတ်ထဲ သို့ ထည့်လိုက်ပြီး

" ကြယ်တံခွန်ဂိုဏ်းသားတစ်ယောက်ဟာ ကြယ်တံခွန်တွေ လက်ထဲက ဘယ်ကိုမှ ပြေးလို့မလွတ်ပါဘူး။ ကျုပ်ဟာ ကြယ်တံခွန်ဂိုဏ်း ရဲ့ ကိုယ်စားအနေနဲ့ ဦးဖိုးမှန်ဆီကို ရောက်လာရတာပါ "

ဟု ပြောလေ၏။

ထိုအခါ ရှေးဟောင်းပစ္စည်းဝါသနာရှင် ဦးဖိုးမှန်က





" ကျုပ် ဘယ်လောက်ပဲ ကမ္ဘာကိုပတ်ပြီး ပုန်းအောင်းနေပါ နောက်ဆုံးတော့ ခင်ဗျားတို့နဲ့ ပြန်တွေ့ရတာပါပဲ၊ ပျောက်သောသူ ရှာရင်တွေ့ဆိုတဲ့စကားလည်း ရှိတယ်လေ "

ဟု ပြောလေ၏။

ထိုအခါ ကြယ်တံခွန်ဂိုဏ်းသားသုံးယောက်အနက် ခေါင်းဆောင် ဖြစ်ဟန်တူသူက သက်ပြင်းချ၍

" ဒီမှာ ဦးဖိုးမှန်... ကျုပ်ရှည်ရှည်ဝေးဝေးမပြောချင်တော့ဘူး။ ကျုပ်တို့ဂိုဏ်းရဲ့ အထွတ်အမြတ်ပစ္စည်းကို ပြန်အပ်ပါ "

ဟု အမိန့်ပေးလိုက်လေ၏။ ဦးဖိုးမှန်က သက်ပြင်းချ၍

" ခင်ဗျားတို့လက်ထဲက ကျုပ် ဘယ်လိုမှ ရှောင်ပုန်းပြေးလို့ ရတဲ့အတူ ဒီပစ္စည်းကို ပြန်အပ်ရတော့မှာပေါ့၊ ကျုပ်ဟာ ကြယ်တံခွန် ဂိုဏ်းက လူတွေထက် ရှေးဟောင်းပစ္စည်းတွေကို ပိုပြီးမြတ်နိုးတယ်၊ တန်ဖိုးထားတယ်၊ ဒါကြောင့် ဒီပစ္စည်းလေးကို ကျုပ်အသက် နဲ့ရင်းပြီး ကြယ်တံခွန်ဂိုဏ်းက ယူခဲ့တာပဲ၊ ကျုပ် ဒီနေရာမှာ ဇာတ်မြုပ် နေတာ နှစ်ပေါင်း အလီလီကြာပြီ၊ ကျုပ်ကို သဲလွန်စရှာပြီး ရအောင် လိုက်နိုင်တာ ချီးကျူးတယ်ဗျာ "

ဟု ပြောလေ၏။ ထိုအခါ လူသုံးယောက်အနက် ခေါင်းဆောင် ဖြစ်ဟန်တူသူက တဟားဟား ရယ်မော၍

" ဟား ဟား ဟား... ခင်ဗျားဟာ ကြယ်တံခွန်ဂိုဏ်းက လူတွေကို အတော်လျော့တွက်တာပဲ၊ ကျုပ်တို့ဂိုဏ်းကလူတွေမှာ မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ နားတွေရှိတယ်၊ မြေကိုတူးပြီး မိုးကိုပုံရင်တောင် ကျုပ်တို့လက်ထဲက လွတ်မှာမဟုတ်ဘူးဗျ ''

ဟု ပြောလေ၏။

ထို့နောက် လူသုံးယောက်အနက် ခေါင်းဆောင်ဖြစ်ဟန်တူသူ၏ အနီးတွင်လိုက်ပါလာသော မျက်မှန်ဝိုင်းနှင့်လူက

'' ကဲ... ကျုပ်တို့ ကြယ်တံခွန်ဂိုဏ်းရဲ့ အထွတ်အမြတ်ပစ္စည်းကို ဦးဖိုးမှန် ပြန်အပ်ဖို့သင့်ပြီ ''

ဟု ပြောဆိုလိုက်လေ၏။

ထိုအခါ ဦးဖိုးမှန်က တစ်ခဏမျှ စဉ်းစားဟန်ပြု၍ အခန်းထောင့်တစ်နေရာသို့ ရောက်သွားလေ၏။ ဦးဖိုးမှန်သည် အခန်းထောင့်ရှိ အဝကျဉ်းသော ရေတကောင်းလေးတစ်လုံး၏ရှေ့တွင် ရပ်လိုက်လေ၏။

ထိုရေတကောင်းလေးသည် ညောင်ရမ်းခေတ်က အနုစိတ်ခြယ်သထားသော ရေတကောင်းလေးဖြစ်၏။

ဦးဖိုးမှန်သည် ရေတကောင်းလေးကို ရွှေ့လိုက်ပြီး ရေတကောင်းအောက်တွင် ခင်းထားသော ကတ္တီပါစလေးကို ဖယ်လိုက်လေ၏။

ထိုအခါ ကတ္တီပါစလေးအောက်တွင် သေးငယ်သော သော့ပေါက်လေးကို တွေ့ရလေ၏။ ဦးဖိုးမှန်သည် သော့ပေါက်ထဲသို့ သော့တံကို ထည့်ဖွင့်လိုက်သောအခါ ချောက်ခနဲ ပွင့်သွားလေ၏။

သော့ပေါက်ပွင့်သွားသောအခါ လျှို့ဝှက်သေတ္တာလေးတစ်လုံး





သည် လျှောခနဲ ထွက်လာ၏။ ထိုသေတ္တာလေးသည် စပရိန်အားဖြင့် ထန်ထွက်လာခြင်းဖြစ်၏။

ထိုလျှို့ဝှက်သေတ္တာလေးထဲတွင် ကြေးနီဖြင့်ပြုလုပ်ထားသော သေးငယ်သော သေတ္တာလေးတစ်လုံးကို တွေ့ရလေ၏။ ဦးဖိုးမှန်သည် ကြေးနီသေတ္တာလေးကို ကိုင်၍ လူသုံးယောက်ရှိရာသို့ လျှောက်သွားပြီး

'' ဟောဒီသေတ္တာလေးက အနုစိတ်လက်ရာလေးတွေကို ကြည့်စမ်း၊ ဘယ်လောက်များ လက်ရာမြောက်လိုက်သလဲ၊ ဒါဟာ ရှေးဟောင်းတံရုတ်လူမျိုးတွေရဲ့ ကျောက်မျက်ရတနာတွေကို သိမ်းဆည်းတဲ့ သေတ္တာလေးဘဲ၊ အဲဒီသေတ္တာလေးထဲမှာ ခင်ဗျားတို့ဂိုဏ်းရဲ့ အထွတ်အမြတ်ပစ္စည်းကို ထည့်ထားတယ် ''

ဟု ပြောကာ လူသုံးယောက်အနက် ခေါင်းဆောင်ဖြစ်ဟန်တူသော လူ၏လက်ထဲသို့ သေတ္တာလေးကို ထည့်လိုက်၏။

ခေါင်းဆောင်ဖြစ်သူသည် ကြေးနီသေတ္တာလေးကို စိတ်လှုပ်ရှားဟန်ဖြင့် လှမ်းယူလိုက်ပြီး သေတ္တာလေးအား တုန်ယင်သောလက်ဖြင့် ဖွင့်လိုက်လေ၏။

ဂုင်းနှင့်လိုက်ပါလာသော လူတစ်စုမှာလည်း ကြေးနီသေတ္တာလေးထဲသို့ စိတ်လှုပ်ရှားဟန်ဖြင့် ကြည့်ရှုနေကြ၏။ သေတ္တာထဲတွင် မြင်ရသော အရာမှာ ရှေးဟောင်းကနုတ်ပန်းများဖြင့် ခြယ်သထားသော ရွှေကြယ်ပွင့်ကြီးတစ်ပွင့်ပင် ဖြစ်၏။

ထို့နောက် ခေါင်းဆောင်ဖြစ်သူသည် သူ၏တပည့်များ



www.burmeseclassic.com

www.burmeseclassic.com



အား မျက်ရိပ်ပြပြီး သေတ္တာလေးကို သိမ်းဆည်းခိုင်းလိုက်၏။

သူသည် ဦးဖိုးမှန်ကို အမိပွါယ်ရှိသော မျက်လုံးများဖြင့် ကြည့်ရှု လိုက်ပြီး သူ၏အိတ်ထဲရှိ ခြောက်လုံးပြူး သေနတ်တစ်လက်ကို ထုတ်ယူပြီး ဦးဖိုးမှန်၏ရင်ဝကို ချိန်ရွယ်ထားလိုက်၏။

ဦးဖိုးမှန်သည် ထိုလူ၏အပြုအမူကို ကြည့်၍ တုန်လှုပ်ဟန် မပြဘဲ သက်ပြင်းချ၍

" ခင်ဗျားတို့ ဒီလိုဘဲ အဆုံးသတ်လိမ့်မယ်ဆိုတာ ကျုပ် ထင်တော့ထင်ပြီးသားပါ။ ဘာပဲဖြစ်ဖြစ် ကျုပ်သေရမှာကြောက်တဲ့ လူ မဟုတ်ဘူး၊ ဒါပေမဲ့ ကြယ်တံခွန်ဂိုဏ်းနဲ့ လုံးဝမပတ်သက်တဲ့ ကျုပ်ရဲ့သားလေးကိုတော့ ခင်ဗျားတို့ အန္တရာယ်မပြုစေချင်ဘူး၊ ကျုပ်သားဟာ ရဲစွမ်းသတ္တိရှိပြီး အရည်အချင်းရှိတဲ့လူတစ်ယောက်ပါ၊ ခင်ဗျားတို့ကို ရန်ကိုရန်ချင်းတုံ့နှင်းပြီး သွေးချောင်းမစီးစေချင်လို့ ကျုပ်တားရတာပါ၊ ကျုပ်အတွက်တော့ သေရမယ်ဆိုတာ ဘာမှမထူးဆန်းတော့ပါဘူး၊ သေတယ် ဆိုတာ အလွန်စိတ်ဝင်စားစရာကောင်းတဲ့ နယ်ပယ်တစ်ခုကို အရောက်သွားရခြင်းဘဲ မဟုတ်လား၊ သေခြင်းတရားကို လေ့လာချင်တယ်ဆိုရင် မသေခင် ဘာမှလုပ်လို့မရဘူး၊ သေသွားတဲ့အချိန်ကျမှ သေခြင်းတရားဆိုတာ ဘာလဲဆိုတာ လေ့လာခွင့်ရမယ် "

ဟု ပြောလေ၏။ ထိုအခါ ခေါင်းဆောင်ဖြစ်ဟန်တူသူက ခေါင်းတဆတ်ဆတ်ညိတ်၍

" ကြယ်တံခွန်ဂိုဏ်းသားတစ်ယောက်အနေနဲ့ ခင်ဗျားရဲ့သတ္တိ





ကို ကျုပ် ချီးကျူးပါတယ်၊ တကယ်တော့ ခင်ဗျားသားဟာ ကြယ်တံခွန်ဂိုဏ်းနဲ့ တိုက်ရိုက်မပတ်သက်ဘူး။ ကျုပ်တို့ရဲ့ ကြယ်တံခွန်ဂိုဏ်းကလည်း လူတွေကို သွေးဆာပြီး လိုက်သတ်နေတဲ့ လူသတ်သမားတွေမဟုတ်ဘူး။ ဦးဖိုးမှန်ကို ကြယ်တံခွန်ဂိုဏ်းရဲ့ကိုယ်စားလှယ်အဖြစ် အပြစ်ဒဏ်ခတ်ရတာ ကျုပ်ကိုခွင့်လွှတ်ပါ "

ဟု ဆိုကာ ဦးဖိုးမှန်၏ရင်ဝအား ခြောက်လုံးပြူးဖြင့် တဒိုင်းဒိုင်းပစ်ခတ်လေ၏။

ဦးဖိုးမှန်သည် ရှေးဟောင်းပစ္စည်းများ ထည့်ထားသော ဗီရိုကြီးပေါ်သို့ ပက်လက်လန်ကျ၍ သေဆုံးသွားလေ၏။

ထိုအခါ လူသုံးယောက်အနက် ခေါင်းဆောင်ဖြစ်ဟန်တူသူက ရှေးဟောင်းပစ္စည်းများ စုဆောင်းထားသော အိမ်ကလေးကို မျက်လုံးဝေ့ကြည့်၍ သက်ပြင်းချလိုက်ပြီး

" နမြောဖို့ သိပ်ကောင်းတယ် "

ဟု ပြောရင်း သူ၏တပည့်များအား မျက်ရိပ်ပြလိုက်လေ၏။

ထိုအခါ တပည့်နှစ်ဦးသည် ရှေးဟောင်းပြတိုက်နှင့်တူသော အိမ်ကလေးကို မီးရှို့လိုက်လေတော့၏။ မီးဟုန်းဟုန်းတောက်လောင်သောအခါ လူသုံးယောက်သည် အိမ်ရှေ့တွင်ရပ်ထားသော မိုဒ်ကားလေးပေါ်သို့ တက်၍ မောင်းနှင်ထွက်ခွာသွားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးခေါင်သည် သူငယ်ချင်းများနှင့် ခေါက်ဆွဲ တဝတပြစားပြီး လမ်းခွဲထွက်ခဲ့လေတော့၏။

သူသည် ပက်လက်မြင်းလှည်းကလေးကို မောင်းရင်း နေအိမ်အနီးသို့ရောက်သောအခါ မီးတောက်မီးလျှံများနှင့် လူစုလူဝေးကြီးကို မြင်တွေ့ရသဖြင့် ထိတ်လန့်သွားပြီး မြင်းလှည်းပေါ်မှ ကမန်းကတန်း ခုန် ဆင်းလိုက်၏။

ထို့နောက် လူအုပ်ကို တိုးဝှေ့၍ အိမ်အနီးသို့ တိုးကပ်မည်ပြု လေရာ မြို့ခံလူများသည် ဖိုးခေါင်ကို ဝိုင်းဝန်းချုပ်ကိုင်ထားပြီး

“ ဖိုးခေါင်... မီးထဲကိုမသွားနဲ့၊ အန္တရာယ်ရှိတယ် ”

ဟု တားဆီးကြလေ၏။ ဖိုးခေါင်သည် မီးတဟုန်းဟုန်း





တောက်လောင်နေသော အိမ်ငယ်လေးကို ကြည့်၍

“ အဖေ... အဖေ... ကျုပ်အဖေ ဘယ်မှာလဲ၊ အဖေ ဘယ်မှာလဲ ”

ဟု အော်ဟစ်နေလေ၏။

သို့သော် ဖိုးခေါင်၏အဖေ မည်သည့်နေရာတွင်ရှိမှန်း ပြောနိုင်သည့်သူ မရှိချေ။ မြို့လူထုသည် မီးစွဲလောင်နေသော အိမ်လေးကို ဝိုင်းဝန်း၍ ငြိမ်းသတ်လိုက်ကြလေ၏။

သို့သော် မီးသည် အရှိန်အဟုန်ပြင်းထန်သွားပြီး တစ်အိမ်လုံး စွဲလောင်သောအခါမှပင် မီးငြိမ်းသွားလေ၏။

ဖိုးခေါင်သည် မီးလောင်ပြင်ထဲသို့ တိုးဝှေ့၍ ဖခင်ဖြစ်သူကို ရှာဖွေလေရာ အိမ်ငယ်လေး၏ တစ်နေရာတွင် မီးလောင်ကျွမ်း၍ သေဆုံးနေသော ဖခင်၏ ရုပ်အလောင်းကို တွေ့ရလေ၏။

ဖိုးခေါင်သည် ဖခင်၏အဖြစ်ဆိုးကို ကြည့်၍ အံကိုကြိတ်လိုက်ပြီး

“ အဖေ... အဖေ၊ ဖြစ်မှဖြစ်ရလေ အဖေရယ်၊ အိမ်မှာကျုပ်မရှိလို့ ဒီလိုဖြစ်ရတာဗျ ”

ဟု အော်ဟစ်လိုက်လေ၏။

ဖိုးခေါင်သည် မီးလောင်ကျွမ်းနေသော ဖခင်ဖြစ်သူနှင့် ဆေးတောင်းပစ္စည်းများကို ကြည့်ရှု၍ တစ်စုံတစ်ရာကို တွေးတောပြီး

“ မဖြစ်နိုင်ဘူး၊ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး၊ အဖေသေတာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နည်းနဲ့မှ သွေးရိုးသားရိုးမဖြစ်နိုင်ဘူး။ သူတစ်ပါး လုပ်ကြံသွားတာ ဖြစ်ရမယ် ''

ဟု အော်ဟစ်လိုက်လေ၏။ ထိုအခါ မြို့လူထုသည် ဖိုးခေါင်ကို ကရုဏာသက်ဟန်ဖြင့် ကြည့်၍

'' စိတ်ကိုထိန်းပါ လူလေးရယ်၊ စိတ်ကိုထိန်းပါ၊ လူလေး သွေးရူးသွေးတန်းနဲ့ ဘာတွေလျှောက်ပြောနေတာလဲ ''

ဟု ဝိုင်းဝန်းနှစ်သိမ့်ကြလေ၏။ ဖိုးခေါင်ကမူ ခေါင်းကိုသာ တွင်တွင်ခါယမ်းရင်း

'' ကျုပ်အဖေ ဘယ်နည်းနဲ့မှ သွေးရိုးသားရိုးသေတာ မဖြစ်နိုင်ဘူး။ သူတစ်ပါးလက်ချက်ပဲ ဖြစ်ရမယ် ''

ဟူသော စကားကိုသာ တွင်တွင်ပြောဆိုနေလေတော့၏။

ထိုနေ့ညတွင် မြို့လူထုသည် ဖိုးခေါင်ကို သနားကရုဏာသက်ဟန်ဖြင့် ၎င်းတို့၏အိမ်တွင် လိုက်နေရန် အသီးသီးပြောလေ၏။

သို့သော် ဖိုးခေါင်သည် မည်သူ၏စကားကိုမှ လက်မခံဘဲ မီးမလောင်ဘဲ ကျန်နေသည့် မြင်းစောင်းလေး၌ပင် အိပ်စက်ခဲ့လေ၏။

သူသည် မြင်းစောင်းလေး၌ ထိုင်၍ ဖခင်ဖြစ်သူကိုသာ သတိရမိလေ၏။ သူ၏မျက်ဝန်းအစုံမှ မျက်ရည်များ တသွင်သွင်စီးကျနေပြီး လက်သီးကို ကျစ်ကျစ်ဆုပ်ကာ

'' အဖေရယ်... ကျုပ်မရှိလို့ ဒီလိုဖြစ်ရတာ၊ ကျုပ် ဘယ်လိုဖြေရမလဲ ''





ဟူသော စကားကိုသာ အကြိမ်ကြိမ်ပြောဆိုနေလေ၏။

ဖခင်ကြီးမရှိသည့်အတွက် စိတ်အားငယ်ပြီး အထီးကျန်ဆန်သလို ခံစားရ၏။ ဖခင်မသေဆုံးမီ သူ၏ရန်သူတော်များအကြောင်းကို ဖိုးခေါင်အား ပြောပြထား၏။

ဖိုးခေါင်သည် ဖခင်၏စကားများကို ပြန်လည်ကြားယောင်လာခဲ့၏။

'' အဖေ့ဘဝမှာ အလွန်လျှို့ဝှက်အပ်တဲ့ နောက်ကြောင်းရာဇဝင်ကြီးတစ်ခုရှိတယ်၊ အဖေ့နောက်ကို တကောက်ကောက်လိုက်ပြီး အသက်အန္တရာယ်ကို ရန်ရှာနေတဲ့ ရန်သူတော်တွေလည်းရှိတယ်၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အဖေဟာ သူတို့လက်ချက်နဲ့ သေချင်သေသွားနိုင်တယ်၊ တကယ်လို့ အဖေသေဆုံးခဲ့ရင် သားက သူတို့ကို ရန်ငြိုးဖွဲ့ပြီး ကလဲ့စားမချေပါနဲ့ ''

ဟု ပြောလေ၏။ ဖခင်၏ ထူးဆန်းသောစကားကြောင့် ဖိုးခေါင်သာ လက်သီးဆုပ်၍

'' ဘာ... အဖေ့ကိုသတ်သွားတဲ့လူတွေကို ကျုပ်က ဒီအတိုင်း ထိုင်ကြည့်နေရမလား။ ကျုပ်က ဒီလောက်ထိ သည်းခံနိုင်တဲ့ ပါရမီ မရှိသေးဘူးဗျ ''

ဟု ပြန်လည်ပြောဆိုလေ၏။ ထိုအခါ ဖခင်ဖြစ်သူက သက်ပြင်းချ၍

'' အဖေဟာ ကြယ်တံခွန်ဂိုဏ်းနဲ့ပတ်သက်တဲ့ အပြစ်တွေ



www.burmeseclassic.com

www.burmeseclassic.com



အမှုများကြီးလုပ်ခဲ့တယ်ကွ၊ အမေ့ရဲ့ပြစ်ဒဏ်တွေအတွက် အမေခံရမှာပဲ၊ ဒီအတွက် ငါ့သား ဘာမှဝင်ပါစရာမလိုဘူး ''

ဟု ပြောလေ၏။ ထိုအခါ ဖိုးခေါင်က ခေါင်းခါယမ်း၍

'' အမေ့ရဲ့ရန်သူဟာ ကျုပ်ရန်သူပဲ၊ အမေ့ကိုထိခိုက်တဲ့ လူကို ကျုပ် ပြန်ပြီးကလဲ့စားချေရမယ် ''

ဟု အားကြီးမာန်တက် ပြောလေ၏။

ဖိုးခေါင်၏စကားကြောင့် ဖခင်ဖြစ်သူက ခေါင်းခါယမ်းလိုက်ပြီး

'' မိဘစကားကို သားသမီးက နားထောင်ရမယ်၊ မိဘဆိုတာ ကိုယ့်သားသမီးက ကိုယ့်ကို အလေးအနက်ထားတာကို ဂုဏ်ယူတတ်တဲ့ လူမျိုးကွ၊ မင်းဟာ အဖေတောင်မသေသေးဘူး၊ အမေ့စကားကို လုံးဝဆန့်ကျင်နေပြီ ''

ဟု စိတ်မကောင်းဟန်ဖြင့် ပြောလေ၏။ ထိုအခါ ဖိုးခေါင်က ဖခင်ဖြစ်သူကို ကြည့်၍ ရယ်မောလိုက်ပြီး

'' အဖေရယ်... မလာသေးတဲ့ အန္တရာယ်အကြောင်းကို ကြို ပြောပြီး ကျုပ်တို့သားအဖ သွေးကွဲဦးမှာလား၊ ကျုပ်တို့ အေးအေး ချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် နေရအောင် ''

ဟု ပြောပြီး ဖခင်ဖြစ်သူအား နှစ်သိမ့်ရန် ကြိုးစားလေ၏။

ထိုအခါ ဖခင်ဖြစ်သူက သက်ပြင်းချလိုက်ပြီး

'' တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဒီလူတွေ ငါ့နောက်ကို ခြေရာ ကောက်ပြီး လိုက်လာနိုင်တယ်၊ မဖြစ်သေးတဲ့အန္တရာယ်ဆိုပြီး အလေး





အနက် မထားလို့မရဘူး၊ အမေ့ရန်သူတွေနဲ့ ငါ့သားဟာ ရန်ငြိုးရန်စတွေ ပွားပြီး သွေးချောင်းစီးတိုက်ပွဲတွေဖြစ်မှာ စိုးရိမ်တယ်၊ အမေ့ရန်သူတွေ ကြောင့် ငါ့သားအသက်အန္တရာယ်ဖြစ်မှာလည်း အဖေစိုးရိမ်တယ်၊ ဒါကြောင့် ငါ့သား အမေ့စကားကို နားထောင်ပါလို့ မေတ္တာရပ်ခံချင် ပါတယ်၊ သားဟာ အမေ့စကားကို နားမထောင်တော့ဘူးဆိုရင် အဖေ တစ်သက်လုံး စိတ်ဖြောင့်မှာမဟုတ်ဘူး၊ အမေ့စကားကို ငါ့သား အန်တုချင်တာဟာ အဖေ တစ်သက်လုံးပြုစုလာတဲ့ကျေးဇူးတွေကို ငါ့ သားက အသိအမှတ်မပြုလိုက်သလို ခံစားရတယ် ''

ဟု စိတ်မကောင်းဟန်ဖြင့် ပြောလေ၏။

ဖခင်၏စကားကြောင့် ဖိုးခေါင်သည် မျက်မှောင်ကြုတ်၍ အတန်ကြာအောင် စဉ်းစားလိုက်ပြီး ဖခင်အား စိတ်ချမ်းသာစေလို၍

'' သား ကတိပေးပါတယ်၊ ရန်သူတော်တွေကို ကလဲ့စား ချေဘူးလို့ သားကတိပေးပါတယ်၊ ဒါပေမဲ့ ဒီလူတွေဟာ တိုင်းပြည် အတွက်၊ ပြည်သူအတွက် ဆူးငြှောင့်ခလုတ်တွေ ဖြစ်နေမယ်ဆိုရင်တော့ အများဘက်က ရပ်တည်တဲ့ သားရဲ့စိတ်ဓာတ်ကြောင့် သူတို့နဲ့ ထိပ် တိုက်တွေ့နိုင်ပါတယ် ''

ဟု ပြောလေ၏။

ဖိုးခေါင်၏ ကတိစကားကို ကြားရသောအခါမှပင် ဖခင်ဖြစ်သူ မှာ စိတ်ချမ်းသာသွားရပြီး သူ၏ဘဝနောက်ကြောင်းကို စီကာပတ်ကုံး ပြောပြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဖြစ်သူ ပြောပြသောအကြောင်းအရာများသည် လွန်စွာ စိတ်ဝင်စားဖွယ်ကောင်းလှသဖြင့် ဖိုးခေါင်သည် စိတ်ဝင်တစား နားစွင့်နေလေ၏။

ဖခင်ဖြစ်သူသည် လွန်ခဲ့သော နှစ်ပေါင်းများစွာက အလွန်လျှို့ဝှက်စွာ တည်ရှိသော လောကီပညာနှင့် ဆက်နွယ်သည့် ဂိုဏ်းကြီးတစ်ဂိုဏ်းအကြောင်းကို ပြောလေ၏။

ထိုဂိုဏ်းအမည်မှာ ကြယ်တံခွန်ဂိုဏ်းဟူ၍ဖြစ်ပြီး ဖခင်က အဝေးဆီသို့ ငေးကြည့်၍

" အဖေဟာ ကြယ်တံခွန်ဂိုဏ်းဆိုတဲ့ လောကီပညာနဲ့ ဆက်နွယ်တဲ့ ဂိုဏ်းကြီးတစ်ဂိုဏ်းက ဂိုဏ်းသားတစ်ဦးဖြစ်ခဲ့ဖူးတယ်၊ ကြယ်တံခွန်ဂိုဏ်းဝင်အများစုဟာ အလွန်လျှို့ဝှက်တယ်၊ အရည်အချင်းရှိတယ်၊ သူတို့ဟာ မြေအောက်မှာပျောက်ဆုံးနေတဲ့ လက်ဝတ်ရတနာတွေကို လှည့်လည်ရှာဖွေနေတဲ့ ရတနာသိုက်မှုဆိုးတွေပဲ၊ ကြယ်တံခွန်ဂိုဏ်းဝင်အများစုဟာ ရှေးဟောင်းဆန်တဲ့ ပေစာ၊ ပုရပိုက်စာတွေကို ဖတ် တတ်တယ်၊ မွန်နဲ့ ပါဠိ၊ သက္ကတ စာပေတွေကိုလည်း တတ်မြောက်တယ်၊ ရှေးတုန်းကလူတွေဟာ ကိုယ်ပိုင်တဲ့ ကျောက်သံပတ္တမြားတွေကို ဒီနေ့ ခေတ်လို သိမ်းဆည်းဖို့ နေရာခက်ခဲတဲ့အတွက် လျှို့ဝှက်တဲ့နေရာတွေမှာပဲ မြှုပ်နှံပြီး သိမ်းဆည်းထားလေ့ရှိတယ်၊ ဒီပစ္စည်းတွေကို လျှို့ဝှက်ပြီး မြေပုံတွေ၊ စာချိုးတွေ၊ တဘောင်တွေဖွဲ့ပြီး သိမ်းဆည်းမှတ်သားခဲ့တယ်၊ ဒါပေမဲ့ ရွှေငွေကျောက်သံပတ္တမြားတွေကို ပိုင်ဆိုင်တဲ့သူတွေ





သေဆုံး သွားတဲ့အခါ ရွှေငွေကျောက်သံပတ္တမြားတွေဟာ လူမသိသူမသိ ပျောက်ဆုံးသွားခဲ့ရတယ်၊ ဒီလို တိမ်မြုပ်ပျောက်ကွယ်နေတဲ့ ရတနာပစ္စည်းတွေကို လိုက်လံရှာဖွေတဲ့နေရာမှာ ကြယ်တံခွန်ဂိုဏ်းက လူတွေဟာ အလွန်ထူးချွန်တယ်၊ သူတို့ဂိုဏ်းက လူတော်တော်များများဟာ လောကီပညာကိုလည်း နှံ့စပ်ကျွမ်းကျင်ကြတယ်၊ ဒါကြောင့် ရှေးဆန်တဲ့ ပေစာ၊ ပုရပိုက်စာတွေ၊ ကဗျာ၊ လင်္ကာစာချိုးတွေကို ကောင်းကောင်း အဓိပ္ပါယ်ဖော်တတ်တယ်၊ သူတို့ဟာ ပျောက်ဆုံးနေတဲ့ ရတနာသိုက်တွေကိုပဲ အဓိကထား ရှာဖွေခဲ့တဲ့အတွက် ရတနာသိုက်မှုဆိုးတွေအဖြစ် ပိုပြီးထင်ရှားကျော်ကြားလာကြတယ်၊ ကြယ်တံခွန်ဂိုဏ်းက ပိုင်ဆိုင်တဲ့ ပေစာ၊ ပုရပိုက်စာတွေ အများကြီးရှိတယ်၊ သူတို့ဟာ ပေစာ၊ ပုရပိုက်စာတွေရဲ့ အားကိုးနဲ့ပဲ ရတနာသိုက်တွေကို ရှာဖွေခဲ့တာဖြစ်တယ်၊ ကြယ်တံခွန် ဂိုဏ်းက လူတွေဟာ ရှေးဟောင်းစာပေ၊ ဆေးပညာ၊ တိုက်ခိုက်ရေး ပညာတွေကိုလည်း တတ်မြောက်ကျွမ်းကျင်ကြတယ်၊ မြန်မာပြည်မှာ ကြယ်တံခွန်ဂိုဏ်းလိုပဲ ထင်ရှားကျော်ကြားတဲ့ ဂိုဏ်းတစ်ဂိုဏ်းရှိသေးတယ်၊ အဲဒီဂိုဏ်းကတော့ သူရိယစန္ဒာဂိုဏ်းကြီးပဲ၊ ဒါပေမဲ့ ကြယ်တံခွန်ဂိုဏ်းက သူရိယစန္ဒာဂိုဏ်းထက် အများကြီး ပိုပြီး လျှို့ဝှက်တယ်၊ ကုန်းဘောင်ခေတ် နှောင်းပိုင်းလောက်မှာ ကြယ်တံခွန်ဂိုဏ်းအတွင်း သဘောထား ကွဲလွဲမှုတွေဖြစ်ကြတယ်၊ အဲဒါဟာ ပေစာ၊ ပုရပိုက်စာတွေ စာချိုးအတိုင်း ရတနာသိုက်တွေကို ရှာဖွေမဲ့ဂိုဏ်းနဲ့ ခေတ်ပေါ်နည်းလမ်းသစ်တွေကို အသုံးချပြီး ရှာဖွေမဲ့ဂိုဏ်းလို့ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဂိုဏ်းကွဲလာခဲ့တယ်၊ နောက်ဆုံးမှာ ဂိုဏ်းချုပ်ကြီး ဦးမာလ ကွယ်လွန်ပြီး ဂိုဏ်းချုပ်ရဲ့သမီး သိရိမာလာဆိုတဲ့ မိန်းမလက်ကို ရောက်ခဲ့တယ်၊ သိရိမာလာက မိန်းမတစ်ယောက်ဖြစ်ပေမဲ့ အရည်အချင်းရှိတယ်၊ သူဟာ စိတ်ခေတ်နိုင်မာပြတ်သားပြီး ယောကျ်ားတွေထက်တောင် ရဲရင့်ပြတ်သားတယ်၊ ဒါပေမဲ့ အင်မတန် တစ်ကိုယ်ကောင်းဆန်ပြီး ရက်စက်ကြမ်းကြုတ်တဲ့စိတ်ခေတ်ရှိတယ်၊ သိရိမာလာဟာ သူ့ကို ဆန့်ကျင်တဲ့သူတွေကို လူ့လောကမှာ တစ်ခါမှ အရှင်မထားခဲ့ဘူး၊ သိရိမာလာရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေကို ကြယ်တံခွန်ဂိုဏ်းသားတွေဟာ မခံနိုင်ပေမဲ့ ဂိုဏ်းချုပ်ရဲ့ဩဇာအာဏာ ကြီးမားလွန်းတဲ့အတွက် ပြန်ပြီးမတုံ့ပြန်ဝံ့ကြဘူး၊ အဖေဟာ ကြယ်တံခွန်ဂိုဏ်းဝင်ဖြစ်ခဲ့စဉ်က ဂိုဏ်းရဲ့ ပေစာ၊ ပုရပိုက်စာတွေကို ထိန်းသိမ်းတဲ့အလုပ်ကို လုပ်ရတယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းက အလွန်လျှို့ဝှက်တဲ့ လိုဏ်ဂူကြီးထဲမှာ ကြယ်တံခွန်ဂိုဏ်းရဲ့ ပေစာ၊ ပုရပိုက်စာတွေကို ထိန်းသိမ်းထားတယ်၊ ဂိုဏ်းချုပ် သိရိမာလာဟာလည်း အဲဒီလိုဏ်ဂူကြီးထဲမှာပဲ နေထိုင်ခဲ့တယ်၊ ဂိုဏ်းချုပ် သိရိမာလာနဲ့အတူ ကြယ်တံခွန်ဂိုဏ်းရဲ့ ထိပ်တန်းဂိုဏ်းဝင်တွေဟာ လျှို့ဝှက်လိုဏ်ဂူကြီးထဲမှာ နေထိုင်ခဲ့ကြတယ်၊ အဖေဟာ ဂိုဏ်းချုပ် သိရိမာလာနဲ့ အနီးကပ်နေထိုင်ရတဲ့အတွက် သူ့ရဲ့ရက်စက်ကြမ်းကြုတ်တဲ့ စိတ်ခေတ်ကို ပိုပြီးမြင်တွေ့ခဲ့ရတယ်၊ ဂိုဏ်းချုပ် သိရိမာလာရဲ့ လက်ထက်မှာ ကြယ်တံခွန်ဂိုဏ်းရဲ့ ဂုဏ်ကျက်သရေဟာ တဖြည်းဖြည်း လျော့ပါးခဲ့ရတယ်၊ ဒါကြောင့် အဖေဟာ ကြယ်တံခွန်ဂိုဏ်းကြီးကို





ဆိုယုတ်နည်း ကိုယ့်ဟန်နဲ့ ကြိုးစားပြီးတော့ ကယ်တင်ဖို့ ကြိုးစားခဲ့တယ်၊ နောက်ဆုံးတော့ ကြယ်တံခွန်ဂိုဏ်းကြီးကို ကယ်တင်နိုင်မဲ့နည်းလမ်းတစ်ခုကို သွားတွေ့တယ်၊ အဲဒါကတော့ ကြယ်တံခွန်ဂိုဏ်းရဲ့ အထွတ်အမြတ်ပစ္စည်းဖြစ်တဲ့ ရွှေကြယ်ကို ခိုးယူဖို့ပဲ ''

ဟု ပြောလေရာ ဖိုးခေါင်က ဖခင်ဖြစ်သူကို နားမလည်ဟန်ဖြင့်ကြည့်၍

'' ဟင်... အဖေက ကြယ်တံခွန်ဂိုဏ်းကြီးကို ကယ်တင်ချင်တာနဲ့ ဘာဖြစ်လို့ ကြယ်တံခွန်ဂိုဏ်းရဲ့ အထွတ်အမြတ်ရွှေကြယ်ကို ခိုးရတာလဲ ''

ဟု မေးမြန်းလေ၏။

ထိုအခါ ဖခင်ဖြစ်သူက ငေးကြည့်နေပြီးမှ

'' ကြယ်တံခွန်ဂိုဏ်းရဲ့ ရှေးဟောင်းရွှေကြယ်တံဆိပ်ဟာ ဂိုဏ်းဝင်တိုင်း အလေးမြတ်ထားကြတယ်၊ ကြယ်တံခွန်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဟာ ဩဇာအာဏာဟာ ရွှေကြယ်တံဆိပ်ပေါ်မှာပဲ မူတည်တယ်၊ ဂိုဏ်းချုပ်ရဲ့ လက်ထဲမှာ ရွှေကြယ်တံဆိပ်ရှိနေမှ ဂိုဏ်းဝင်တွေကို လိုရာစေခိုင်းနိုင်မှာ ဖြစ်တယ်၊ ကြယ်တံခွန်ဂိုဏ်းရဲ့ဂိုဏ်းချုပ်တွေ ကိုးယောက်ဟာ ရွှေကြယ်တံဆိပ်ရှိမနေဘူးဆိုရင် ဂိုဏ်းဝင်တွေအပေါ်မှာ ဩဇာတည်မြဲနိုင်ဘူး၊ ဒါကြောင့် ကြယ်တံခွန်ဂိုဏ်းရဲ့ အထွတ်အမြတ်ပစ္စည်းဖြစ်တဲ့ ရွှေကြယ်တံဆိပ်ကို အဖေခိုးယူသွားခြင်းဖြင့် ရက်စက်ကြမ်းကြုတ်တဲ့ ဂိုဏ်းချုပ်သိရိမာလာဟာ ဩဇာအာဏာ လျော့ပါးခဲ့ရတယ်၊ အဖေ

www.burmeseclassic.com



ဟာ ရွှေကြယ်တံဆိပ်ကို ခိုးယူလိုက်တဲ့အတွက် ဂိုဏ်းချုပ် သီရိမာလာဟာ သြဇာအာဏာ ကျဆင်းခဲ့ရတယ်၊ ဒါကြောင့် သီရိမာလာဟာ အဖေ့ကို ရန်ငြိုးတွေဖွဲ့ပြီး တွေ့ရာသင်္ချိုင်း ဓားမဆိုင်းဘဲ ရှာဖွေနေခဲ့တယ်၊ အဖေဟာ ကြယ်တံခွန်ဂိုဏ်းရဲ့ ရွှေကြယ်တံဆိပ်ကိုရတာနဲ့ မြန်မာပြည် အနှံ့ လှည့်လည်ပြီး ပုန်းအောင်းနေခဲ့တယ်၊ အဖေဟာ လျှို့ဝှက်စွာ ပုန်းအောင်းနေထိုင်တဲ့အတွက် ကြယ်တံခွန်ဂိုဏ်းသားတွေ အဖေ့ကို မျက်ခြေပြတ်ခဲ့ရတယ်၊ ဒီလိုနဲ့ မြန်မာပြည်အနှံ့လှည့်လည်ပုန်းအောင်းပြီး ကြယ်တံခွန်ဂိုဏ်းသားတွေရဲ့လက်က ရှောင်ပြေးခဲ့ရတယ်၊ ဒီလိုပြေးရင်း နဲ့ပဲ လူလေးရဲ့အမေနဲ့တွေ့ပြီး အိမ်ထောင်ကျခဲ့တာပဲ၊ အဖေဟာ အပုန်းကောင်းလွန်းလို့ ဒီနေ့ထိ ကြယ်တံခွန်ဂိုဏ်းသားတွေဟာ အဖေ့ နောက်ကို လိုက်မရှာနိုင်ခဲ့ဘူး၊ ဒါပေမဲ့ ကြယ်တံခွန်ဂိုဏ်းချုပ် သီရိမာလာဟာ တော်တော် ရန်ငြိုးရန်စကြီးတယ်၊ သူ့ရဲ့သြဇာအာဏာကို ကျဆင်းအောင်လုပ်ခဲ့တဲ့အတွက် အဖေ့ကို ဘယ်လိုနည်းနဲ့မှ ခွင့်လွှတ်မှာ မဟုတ်ဘူး၊ ဒါကြောင့် ဒီနေ့ ဒီအချိန်ထိ လိုက်လံရှာဖွေနေတယ်ဆိုတာ အဖေယုံကြည်တယ်၊ ဘာပဲဖြစ်ဖြစ် အဖေဟာ ကြယ်တံခွန်ဂိုဏ်းသား အနေနဲ့ ကြယ်တံခွန်ဂိုဏ်းရဲ့ အထွတ်အမြတ်ပစ္စည်းဖြစ်တဲ့ ရွှေကြယ်ကို ခိုးယူတဲ့အတွက် အဖေ့မှာ အပြစ်ရှိတယ်၊ ကြယ်တံခွန်ဂိုဏ်းသားတွေရဲ့ အမြင်မှာ အဖေဟာ မကောင်းမှုအလုပ်ကို လုပ်တဲ့လူပါ၊ ဒါပေမဲ့ အဖေ့ရဲ့ အကျင့်စာရိတ္တကိုစဝေးပြီး ကြယ်တံခွန်ဂိုဏ်းရဲ့ ကောင်းကျိုးအတွက် ဆောင်ရွက်နိုင်တဲ့အတွက် အဖေ ဂုဏ်ယူပါတယ်၊ ဒီအတွက် အဖေ့ကို





ကြယ်တံခွန်ဂိုဏ်းက သေဒဏ်ပေးမယ်ဆိုလည်း အဖေ သေပျော်ပါပြီ၊ ကြယ်တံခွန်ဂိုဏ်းက ရွှေကြယ်ကို နှစ်ပေါင်းနှစ်ဆယ်ကျော် ခိုးယူထား နိုင်ခဲ့တယ်၊ ဒါကြောင့် ဂိုဏ်းချုပ်သီရိမာလာဟာ ထင်သလို တန်ခိုး မထွားနိုင်ခဲ့ဘူး၊ ဒီအချိန်လောက်ဆိုရင် သီရိမာလာလည်း အသက် အရွယ်ကြီးရင့်လောက်ပါပြီ သူ့မှာ မှန်ကန်တဲ့ အတွေးအခေါ်တွေလည်း ထိုက်သင့်သလောက်ရနေမယ်လို့လည်း အဖေမျှော်လင့်တယ်၊ ဒီအချိန် ရှေ့ဆက်မှ ကြယ်တံခွန်ဂိုဏ်းရဲ့ အထွတ်အမြတ်ရွှေကြယ်ကို သူတို့ လက်ထဲကို ပြန်ထည့်လိုက်ရတဲ့အတွက် အဖေ ဝမ်းမနည်းဘူး၊ အဖေ ဟာ တစ်သက်လုံး သူခိုးတစ်ယောက်ဘဝနဲ့ ကြယ်တံခွန်ဂိုဏ်းသား တွေရဲ့ အလယ်မှာ နာမည်ပျက်ခံပြီး ဂိုဏ်းရဲ့ကောင်းကျိုးကို ဆောင်ရွက် ပေးခဲ့တယ်၊ ဒါကြောင့် တစ်နေ့နေ့တစ်ချိန်ချိန်မှာ ကြယ်တံခွန်ဂိုဏ်းရဲ့ သမိုင်းကိုရေးတဲ့အခါမှာ အဖေဟာ နာမည်ကောင်းနဲ့ ကျော်ကြားမယ်”

ဟု ပြောလေ၏။

ဖိုးခေါင်သည် ဖခင်၏စကားကို နားထောင်၍

“ အဖေပြောနေသလိုဆိုရင် ကြယ်တံခွန်ဂိုဏ်းရဲ့ ဂိုဏ်းချုပ် သီရိမာလာဟာ ကြမ်းကြုတ်ရက်စက်ပြီး ကြောက်စရာကောင်းမှာပဲ နော် ”

ဟု ပြောလေ၏။ ထိုအခါ ဖခင်ဖြစ်သူက ခေါင်းညိတ်၍

“ သိပ်ဟုတ်တာပေါ့ကွာ၊ သီရိမာလာဟာ ရက်စက်ကြမ်းကြုတ် ရုံသာမကဘူး၊ စိတ်ဓာတ်ယုတ်မာပြီး အောက်တန်းကျသေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ယောကျ်ားတွေကို အနုနည်းနဲ့သိမ်းသွင်းရတဲ့လူတွေ သိမ်းသွင်းတယ်၊ အနုနည်းနဲ့ သိမ်းသွင်းလို့မရရင် ရက်ရက်စက်စက် နှိပ်ကွပ်ပစ်တယ်၊ အနုနည်းဆိုတာ သူ့ရဲ့မှုယာမာယာတွေကိုသုံးပြီးတော့ ယောကျ်ားတွေကို သူ့ဘက်ပါအောင် စည်းရုံးထားတယ်၊ သီရိမာလာရဲ့ အိပ်ခန်းဆောင်ထဲကို ဂိုဏ်းထဲမှာရှိတဲ့ ရုပ်ရည်ချောမောလှပတဲ့ ယောကျ်ားတိုင်း ရောက်ဖူးကြတယ်၊ သီရိမာလာဟာ သူ့အတွက် အသုံးတော်ခံမဲ့ ယောကျ်ားတွေကို အမြဲမပြတ် စီစဉ်ထားတယ်၊ သီရိမာလာဟာ ရုပ်ရည်ချောမောသလောက် ရက်စက်ကြမ်းကြုတ်တယ်၊ လောဘရမ္မက်ကြီးတယ်၊ မှုယာမာယာလည်းများတယ်၊ သူဟာ အလွန်ကြောက်စရာကောင်းတဲ့ မိန်းမတစ်ယောက်ပဲ၊ ဒါကြောင့် ငါ့သားကို အရေးအကြီးဆုံး အဖေမှာချင်တာက ကြယ်တံခွန်ဂိုဏ်းရဲ့လက်ချက်ကြောင့် အဖေ ကျဆုံးကောင်းကျဆုံးလိမ့်မယ်၊ ဒါပေမဲ့ ကြယ်တံခွန်ဂိုဏ်းကို ငါ့သား လက်တုံ့မပြန်ပါနဲ့၊ ရန်ငြိုးရန်စတွေနဲ့ သွေးချောင်းစီးတိုက်ပွဲတွေဖြစ်မှာ အဖေ မလိုလားဘူး၊ အကယ်၍ အဖေကျဆုံးသွားခဲ့ရင် ညောင်ပင်သာရွာမှာရှိတဲ့ ဦးဒေါနဆီမှာသွားပြီး ငါ့သားခိုလှုံပါ၊ ဦးဒေါနဟာ အရင်းနှီးဆုံးမိတ်ဆွေပဲ၊ လွန်ခဲ့တဲ့သုံးနှစ်လောက်က ဦးဒေါနဟာ အဖေ့ဆီမှာ လာနေဖူးတဲ့အတွက် ငါ့သား သူ့ကို ကောင်းကောင်းသိမှာပါ ''

ဟု ပြောလေ၏။ ထိုအခါ ဖိုးခေါင်က သက်ပြင်းချ၍

'' အဖေ့ကို ကြယ်တံခွန်ဂိုဏ်းသားတွေက လက်စားချေသွား





ရင် သွေးချောင်းစီးတိုက်ပွဲတွေဖြစ်မှာစိုးလို့ လက်တုံ့မပြန်ရဘူးဆိုတာ နားလည်ပါတယ်၊ ဒါပေမဲ့ အဖေမရှိတဲ့အခါ ဦးဒေါနဆီမှာ သွားခိုလှုံရမယ်ဆိုတာတော့ ကျုပ် နားမလည်ဘူး ''

ဟု ပြောလေ၏။ ထိုအခါ ဖခင်က မျက်မှောင်ကြုတ်၍

'' ကြယ်တံခွန်ဂိုဏ်းနဲ့ ပတ်သက်ဖူးတဲ့ လူတစ်ယောက်အတွက် အန္တရာယ်ဆိုတာ အမြဲတမ်းရှိနေတယ်၊ ဂိုဏ်းချုပ်သီရိမာလာရဲ့ စိတ်ဟာ အစိုးမရဘူး၊ သူ့ရဲ့စိတ်ဟာ အချိန်တိုင်းမှာ အမျိုးမျိုး ပြောင်းလဲနေတယ်၊ သူဟာ ယောကျ်ားတွေနဲ့အဆင်ပြေနေတဲ့အခါ စိတ်အေးချမ်းပြီး သဘောကောင်းနေတတ်တယ်၊ ယောကျ်ားတွေနဲ့ အဆင်မပြေတဲ့ တစ်ယောက်ကဆဖြစ်တဲ့အခါ သူ့ရဲ့စိတ်တွေ ဖောက်ပြန်လာမယ်၊ ကြမ်းကြုတ်ရက်စက်တဲ့ စိတ်တွေ ရင်ထဲကိုကိန်းအောင်းလာတယ်၊ ဒီအချိန်မျိုးမှာ သူဟာ လူသတ်ဖို့ဝန်မလေးဘူး။ သီရိမာလာဟာ အဖေမရှိတော့ပေမဲ့ သားကို တစ်ကြိမ်ပြန်ပြီး ဒုက္ခပေးနိုင်တယ်၊ ဒါကြောင့် ဦးဒေါနဆီမှာသွားပြီး မင်းကို ခိုလှုံခိုင်းရတာပဲ၊ ဦးဒေါနဟာ ကြယ်တံခွန်ဂိုဏ်းနဲ့ ပတ်သက်တဲ့လူမဟုတ်ဘူး၊ နောက်ပြီး ဦးဒေါနဟာ အဖေ့ရဲ့ မိတ်ဆွေရင်းဖြစ်ပြီးတော့ ထိပ်တန်းကိုယ်လုံပညာရှင်တစ်ဦးလည်း ဖြစ်တယ် ''

ဟု ပြောလေ၏။ ထိုအခါ ဖိုးခေါင်က ဖခင်၏စကားကို ထောက်ခံလိုဟန်ဖြင့်

'' အဖေ၊ ဒါတော့ လွန်ပြီထင်တယ်၊ အဖေ့ကို ကြယ်တံခွန်



www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းက လူတွေက လုပ်ကြသွားတာကို လက်ပိုက်ပြီးကြည့်နေရဦးမယ်၊ ကျုပ်ကိုလည်း လုပ်ကြဦးမယ်၊ ဒါကို ကျုပ်က လက်တုံ့မပြန်ဘဲ ဦးဒေါနဆီမှာ သွားပြီး ရှောင်တိမ်းပေးရဦးမယ် ဟုတ်လား။ ကြယ်တံခွန်ဂိုဏ်းကလုပ်သမျှကို ကျုပ်က ဒီအတိုင်းကြည့်နေရမှာလား အဖေ၊ ခေါင်းငုံ့ပြီး လည်စင်းနေရမှာလား။ အဖေ… ကျုပ်တို့မှာလည်း ကိုယ်စွမ်းဉာဏ်စွမ်းတွေ ရှိပါတယ်၊ သူတို့လုပ်တိုင်း မခံနိုင်ဘူး အဖေ ''

ဟု မခံချိ မခံသာ အမူအရာဖြင့် ပြောလေ၏။

ဖိုးခေါင်၏စကားကြောင့် ဦးဖိုးမှန်က သက်ပြင်းချ၍

'' မဟုတ်မခံတဲ့စိတ်ဓာတ်တော့ ရှိရမှာပေါ့၊ ဒါပေမဲ့ ငါ့သား ဘဝမှာ လူ့လုပ်ရမဲ့အချိန်တွေ အများကြီးရှိသေးတယ်၊ ကြယ်တံခွန်ဂိုဏ်းနဲ့ ရန်ငြိုးဖွဲ့မိရင် တစ်သက်လုံး ရန်ငြိုးဖွဲ့လို့ဆုံးမှာမဟုတ်ဘူး၊ ဒါကြောင့် သည်းခံပြီး ရှောင်တိမ်းနေတာ အကောင်းဆုံးပဲ၊ လူ့ဘဝဆိုတာ အဓိပ္ပါယ်ရှိတယ်ကွ၊ လူသားတစ်ယောက်ဖြစ်ပြီးလာတာနဲ့ အဓိပ္ပါယ်ရှိတဲ့ အလုပ်တွေကို လုပ်ရမယ်၊ လူ့ရဲ့တန်ဖိုးကို နားလည်ရမယ်၊ ကူညီထောက်ထားတတ်ရမယ်၊ စာနာသနားတတ်ရမယ်၊ ပေးကမ်းစွန့်ကြဲတတ်ရမယ်၊ မေတ္တာ ကရုဏာထားတတ်ရမယ်၊ တစ်ဦးနဲ့တစ်ဦး ရန်ငြိုးဖွဲ့ပြီး တစ်သက်လုံး သွေးကြွေးဆပ်ပြီး ရန်ပွဲတွေဖြစ်နေမှာ အဖေမလိုလားဘူး၊ လူ့ဘဝဆိုတာ ဒီထက်အများကြီး ပိုပြီး အဓိပ္ပါယ်ရှိတယ်၊ တကယ်တော့ လူအဖြစ်ကို ရတောင့်ရခဲတဲ့အချိန်မှာ တန်ဖိုးရှိတဲ့ အချိန်တွေနဲ့ အချိန်ကုန်လွန်စေချင်တယ်၊ ဒါကြောင့် အဖေမိတ်ဆွေ





ဦးဒေါနဆီမှာ သွားပြီးခိုလှုံနေဖို့ မေတ္တာရပ်ခံတာပါ၊ လူကလေးဟာ ဦးဒေါနဆီမှာ သွားပြီးခိုလှုံမယ်လို့ ကတိပေးရင် အဖေသေရင်တောင် အသေဖြောင့်မှာ သေချာတယ် ''

ဟု ပြောလေ၏။

ဖိုးခေါင်သည် ဖခင်၏စကားကြောင့် သက်ပြင်းချလိုက်ပြန်ပြီး

'' အဖေစိတ်ချမ်းသာမယ်ဆိုရင် မခံချင်စိတ်တွေ၊ လက်တုံ့ပြန်စိတ်တွေ၊ အတ္တတွေကို မျိုသိပ်ပြီး အဖေ့မိတ်ဆွေ ဦးဒေါနဆီမှာပဲ သွားပြီး ခိုလှုံနေပါ့မယ်လို့ ကတိပေးပါတယ် ''

ဟု ပြောလေ၏။

ဖိုးခေါင်၏စကားဆုံးသည်နှင့် ဖခင်ဖြစ်သူမှာ ဝမ်းသာအားရ ရယ်မောလိုက်ပြီး

'' ဟား ဟား… ဒါမှ အဖေ့သားကွ၊ မိဘစကားကို မြေဝယ်မကျ နားထောင်တဲ့သား၊ မင်းရဲ့စကားတစ်ခွန်းကြောင့် အဖေ ဘယ်လောက်စိတ်ချမ်းသာရသလဲ၊ ဒီအတွက် အဖေသေမယ်ဆိုရင်တောင် သေပျော်ပါပြီ ငါ့သားရယ်၊ အဖေဟာ ကြယ်တံခွန်ဂိုဏ်းက ခွင့်မလွှတ်နိုင်တဲ့အပြစ်ကြီးတစ်ခုကို ကျူးလွန်ခဲ့တယ်၊ ဒါကြောင့် ကြယ်တံခွန်ဂိုဏ်းကပေးတဲ့အပြစ်ကို ခံစားရမှာသေချာတယ် ''

ဟုပြောလေ၏။

ထိုအခါ ဖိုးခေါင်က သက်ပြင်းချ၍

'' ဘာပဲဖြစ်ဖြစ် အဖေရာ၊ ကြယ်တံခွန်ဂိုဏ်းကြီး အခုလို



www.burmeseclassic.com

www.burmeseclassic.com



ထင်တိုင်းကြဲနေတာ မင်းမဲ့တိုင်းပြည်ကျနေတာပဲ၊ ကျုပ်လည်း ကိုက်ခိုက်ရေးပညာတွေကို ကျွမ်းကျင်တယ်ဆိုတာ အဖေသိပါတယ်၊ သူတို့လုပ်သမျှကို ခေါင်းငုံ့ပြီး ခံနေတာ သဘာဝမကျဘူးထင်တယ် ''

ဟုပြောလေ၏။

ထိုအခါ ဖခင်က ခေါင်းခါယမ်း၍

'' ငါ့သားက လူငယ်ဆိုတော့ တိုက်ခိုက်ဖို့စိတ်အားထက်သန်နေမှာပေါ့၊ ဒါပေမဲ့ ကြယ်တံခွန်ဂိုဏ်းသားတွေနဲ့ ရန်ငြိုးမဖွဲ့တာ အကောင်းဆုံးပါပဲသားရယ်၊ ဒါကြောင့် အဖေ့စကားကိုသာ နားထောင်ပါ ''

ဟုပြောဆိုခဲ့လေ၏။

ဖိုးခေါင်သည် ဖခင်နှင့် ကြယ်တံခွန်ဂိုဏ်းတို့၏ ရန်ငြိုးရန်စများအကြောင်းကိုတွေးတောရင်း တစ်ညလုံး အိပ်မပျော်နိုင်ဘဲရှိ၏။ ဖိုးခေါင်သည် မိုးလင်းခါနီးမှ အိပ်ပျော်သွားလေ၏။

ဖိုးခေါင်သည် နံနက်မိုးလင်းသောအခါ အိပ်ရာမှ နိုးလာ၏။ ထို့နောက် မီးလောင်ပြင်ကြီး အနောက်ဆီသို့ထွက်ခဲ့၏။

မီးလောင်ပြင်အနောက်ရှိ အဖြူရောင်ကျောက်တုံးကြီးအနီးသို့ရောက်သောအခါ မြေကြီးထဲသို့ တူးဖော်လေ၏။

အတန်ကြာအောင် တူးဖော်ပြီးနောက် မြေကြီးထဲမှ သံသေတ္တာလေးတစ်လုံး ထွက်လာလေ၏။

သံသေတ္တာကို သော့ခလောက်ငယ်လေးနှင့်ခတ်ထား၏။ ဖိုးခေါင်သည် သံသေတ္တာ၏သော့ခလောက်ကိုဖွင့်လိုက်သောအခါ တ





ထောင်ခန့်ရှိသော ဓားတစ်ချောင်းကိုတွေ့ရ၏။ ဓားကို သေတ္တာထဲမှထုတ်၍ ဓားအသွားကို နေရောင်ထဲသို့ ထောင်ကြည့်လိုက်၏။

ထိုအခါ ဓားသွားမှာ စိမ်းဖန့်ဖန့်အရောင်များ တလက်လက်ထွက်ပေါ်နေ၏။

ထိုဓားသည် သူ၏ဆရာ ဦးဒေဝပေးခဲ့သော လက်ဆောင်ဖြစ်၏။ ဦးဒေဝသည် မဟာမြိုင်တောကြီးထဲသို့ ထွက်ခွာသွားသည်မှာ သုံးနှစ်မျှပင်ရှိလေပြီ။ ဖိုးခေါင်သည် ဓားတိုလေးကိုကိုင်၍ ဦးဒေဝနှင့်ဆုံဆည်းခဲ့မှုများကို ပြန်လည်မြင်ယောင်နေမိ၏။

ထိုစဉ်က သူ့အသက် ဆယ့်သုံးနှစ်ခန့်သာရှိသေး၏။

မြို့စွန် ဘုန်းကြီးကျောင်းကြီးအတွင်း၌ သရက်တောကြီးရှိ၏။ နွေဦးကျ သရက်သီးပေါ်ချိန်သို့ရောက်သောအခါ ဘုန်းကြီးကျောင်းအတွင်းရှိ သရက်တောကြီး၌ ကလေးများ ပျော်ရွှင်စွာ ဆော့ကစားလေ့ရှိ၏။

ဆရာတော်ကြီးသည် သူ၏ သရက်တောကြီးထဲသို့ လူကြီးများကို အဝင်မခံသော်လည်း ကလေးများကိုမူ ဘေးမဲ့ပေးထားတတ်၏။ ထို့ကြောင့် မိုးဦးကျကာလ၌ မြို့ပေါ်ရှိ ကလေးများအတွက် ဆရာတော်ကြီး၏ ကျောင်းဝန်းကြီးသည် ပျော်ရွှင်စရာများပင်ဖြစ်တော့၏။

ဖိုးခေါင်သည် ထိုစဉ်က ကလေးအရွယ်သာဖြစ်သဖြင့် ဆရာတော်ကြီး၏ကျောင်းဝန်းသို့ ဝင်ရောက်ဆော့ကစားတတ်၏။ သရက်တောကြီး၏ အလယ်၌ ရေကန်ငယ်လေးတစ်ကန်ရှိပြီး ထိုရေကန်ငယ်



www.burmeseclassic.com

www.burmeseclassic.com



လေးတွင် ကလေးများ ရေချိုးကြ၏။

ရေချိုး၍ ဝသောအခါ သရက်သီးများ ခူးဆွတ်၍ စားကြ၏။ ထိုစဉ်က ဖိုးခေါင်သည် ဆရာတော်ကြီး၏ ကျောင်းဝင်းအတွင်းသို့ သရက်သီးကောက်ရန် တစ်ကိုယ်တည်း ရောက်ရှိသွားခဲ့၏။

သရက်သီးများ ရှားပါးနေသဖြင့် ဖိုးခေါင်သည် မျက်စိရှင်ရှင်ထားပြီး မြေပေါ်တွင် လိုက်လံရှာဖွေရ၏။ အတန်ကြာအောင်ရှာဖွေပြီးနောက် ဝင်းမှည့်နေသော သရက်သီးကြီးတစ်လုံးကို မြေပေါ်တွင် တွေ့ရသဖြင့် ဝမ်းသာအားရ ကောက်ယူလိုက်၏။

ထိုအခိုက်မှာပင် အနီးသို့ ကလေးတစ်စု ရောက်ရှိလာပြီး ဖိုးခေါင်လက်ထဲမှ သရက်သီးကို မြင်သောအခါ

" ဟေ့ကောင် မင်းလက်ထဲက သရက်သီး ငါတို့ကိုပေးစမ်း။ ငါတို့ယူမယ် "

ဟု ဆိုကာ ဖိုးခေါင်၏လက်ထဲမှ သရက်သီးကို ဗိုင်းဝန်းလုယူကြလေ၏။

ထိုကလေးတစ်စုကို ခေါင်းဆောင်လာသူမှာ အမွှာညီအစ်ကို တ[illegible]နှင့်ခင်လှဆိုသူ ကလေးများဖြစ်၏။

ထိုကလေးများသည် မြို့လူမိုက် အောင်တင်၏ကလေးများဖြစ်ပြီး ဖခင်၏ အရှိန်အဝါကြောင့် အရွယ်နှင့်မလိုက်အောင် ဆိုးသွမ်းနေသူများဖြစ်၏။

ဖိုးခေါင်သည် အများနှင့်တစ်ယောက်ဖြစ်သော်လည်း မဟုတ်





မခံတတ်သော စိတ်ဓာတ်ရှိသူဖြစ်၏။

မိမိရရှိထားသော သရက်သီးအား လုယူခြင်းကို ခေါင်းငုံ့မခံလိုပေ။ ထို့ကြောင့် သရက်သီးကို မပေးဘဲ ရုန်းကန်လေ၏။

ထိုအခါ ခင်လှနှင့်တင်လှ ခေါင်းဆောင်သော ကလေးတစ်စုသည် ဖိုးခေါင်၏လက်ထဲမှ သရက်သီးကို ဗိုင်းဝန်းလုယူကြ၏။

ထိုသို့ လုယူရင်း တင်လှဆိုသော ကလေးသည် ဒေါသဖြစ်ဟန်ဖြင့် ဖိုးခေါင်၏ ရင်ဝအား ခြေဖြင့်တအား ဆောင့်ကန်လေ၏။

တင်လှ၏ ရိုင်းစိုင်းသောအပြုအမူကြောင့် ခင်လှဆိုသောကလေးကလည်း ဖိုးခေါင်ကို ဝင်ရောက်ထိုးနှက်လေ၏။

ထိုအခါ ၎င်းတို့၏နောက်လိုက်နောက်ပါ ကလေးများကလည်း ဖိုးခေါင်ကို ဝင်ရောက်ထိုးနှက်ကြလေ၏။

ဖိုးခေါင်သည် အများနှင့်တစ်ယောက်ဖြစ်သဖြင့် မျက်နှာတစ်ခုလုံး ဖူးရောင်ပြီး ဒဏ်ရာဒဏ်ချက်များ ရရှိသွားလေ၏။

ထိုအခိုက်မှာပင် အနီးသို့ ဘုန်းကြီးကျောင်းမှ ကပ္ပိယကြီး ဦးအေဝ ရောက်ရှိလာပြီး

" ဟေ့ကလေးတွေ မတရားမလုပ်နဲ့ ဖယ်စမ်း။ ကောင်လေးတစ်ယောက်တည်းကို ဘာလို့ဝိုင်းပြီး ထိုးကြိတ်နေတာလဲ၊ ဒီအမွှာညီအစ်ကိုဟာ အတော်ဆိုးတယ်၊ မင်းတို့ကို ငါကြည့်နေတာကြာပြီ၊ မင်းတို့ဟာ ရွယ်တူကလေးတွေကို အမြဲအနိုင်ကျင့်တတ်တယ်၊ မင်းတို့ကို မခုံးမသို့ မရတော့ဘူး။ ဆုံးမမှဖြစ်တော့မယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ အသင့်ယူဆောင်လာသော ကြိမ်လုံးဖြင့် အမြွာညီအစ်ကိုအား တရှမ်းရှမ်း ရိုက်နှက်လေသည်။ ထိုအခါ အမြွာညီအစ်ကိုသည် ငိုယိုပြီးသရက်တောမှ ပြန်သွားလေတော့၏။

ကပ္ပိယကြီးသည် ဖိုးခေါင်၏ပခုံးကို ဖက်လိုက်ပြီး

" မျက်နှာတစ်ခုလုံး ဖူးရောင်နေတယ်၊ နှာခေါင်းမှာလည်း သွေးလျှံနေတယ်၊ နှုတ်ခမ်းလည်းကွဲတယ်၊ ဒါတောင် မင်း ဒီကောင်တွေကို ပြန်ချသေးတယ်၊ လူလေးရဲ့စိတ်ဓာတ်ကိုတော့ ကြိုက်သွားပြီ၊ ငါတို့မြန်မာလူမျိုးတွေမှာ မင်းလိုစိတ်ဓာတ်မျိုး တစ်ဝက်လောက်သာရှိရင် သူ့ကျွန်ဘဝက လွတ်မြောက်တာ ကြာပြီကွ၊ ကဲ... ဟောဒီရေကန်လေး အနီးက ကွပ်ပစ်ပေါ်မှာ အိပ်လိုက်၊ လူလေးရဲ့ ဒဏ်ရာတွေကို ဦးလေး ဆေးထည့်ပေးမယ် "

ဟု ဆိုကာ ကပ္ပိယကြီးသည် သူ၏လွယ်အိတ်လေးထဲမှ ဆေးပုလင်းကို ထုတ်ယူ၍ ဖိုးခေါင်ကို ကြင်နာစွာ ဆေးထည့်ပေးလေ၏။

ကပ္ပိယကြီးသည် ဖိုးခေါင်၏အကျီကိုချွတ်၍ ဖူးရောင်နေသော ဒဏ်ရာများကို ဆေးထည့်ပေးလေ၏။ ထိုအခိုက်မှာပင် အမြွာညီနောင်နှင့် လူမိုက်[illegible]ဦးတို့သည် သရက်တောကြီးအတွင်းသို့ ရောက်ရှိလာ၏။

အမြွာညီနောင်သည် ရင်းတို့အား ကြိမ်လုံး နှင့် ရိုက်နှက်သူမှာ ကပ္ပိယကြီးဖြစ်ကြောင်း လက်ညှိုးထိုး၍ ပြသလေ၏။

အမြွာညီနောင်နှင့် လိုက်ပါလာသူများမှာ လူမိုက်အောင်တင်၏ တပည့်များ ဖြစ်လေသည်။ လူမိုက်အောင်တင်သည် သူ၏သား





နှစ်ယောက်အား ကြိမ်လုံးဖြင့်ရိုက်သည်ဆို၍ ဒေါသူပုန်ထပြီး လူမိုက်များအား တောအတွင်းသို့ လွှတ်လိုက်ခြင်းဖြစ်၏။

လူမိုက်တစ်ဦးက ကပ္ပိယကြီးကို မျက်မှောင်ကြုတ်၍ကြည့်လိုက်ပြီး

" ဟေ့လူကြီး... ခင်ဗျား ဒီကလေးနှစ်ယောက်ကို ကြိမ်လုံးနဲ့ ရိုက်လိုက်တယ်ဆို၊ ဟုတ်လား "

ဟု မကြေမချမ်းအမူအရာဖြင့် မေးမြန်းလေ၏။ ထိုအခါ ကပ္ပိယကြီးက ဖိုးခေါင်ကို ဆေးလိမ်းပေးရင်း အေးတိအေးစက်အမူအရာဖြင့် ငုံ့စောင်းကြည့်လိုက်ပြီး

" ဟုတ်တယ်... ဒီကလေးတွေ သူတစ်ပါးကို အနိုင်ကျင့်လွန်းလို့ ကြိမ်လုံးနဲ့ရိုက်ပြီး ဆုံးမလိုက်တာ၊ တကယ်တော့ ဒီကလေးနှစ်ယောက်ဟာ မိမဆုံးမ ဖမဆုံးမဖြစ်နေတာကွ၊ ကလေးတွေအဖေက မြို့စိုက်အောင်တင် မဟုတ်လား။ အောင်တင်ကိုပြောလိုက်၊ ကလေးတွေကို မဆုံးမဘူးဆိုရင် သူ့ကို ငါကိုယ်တိုင်လာပြီး ဆုံးမမယ်လို့ ပြောလိုက်၊ အိမ်ဘားသမီးမကောင်း မိဘခေါင်းဆိုတဲ့စကားရှိတယ်၊ ကလေးတွေကို ဆုံးမဘဲ လွှတ်ထားရင် ကြီးလာရင် မင်းတို့လို ဟိုမရောက် ဒီမရောက် ကောင်တွေ ဖြစ်ကုန်မှာပေါ့ကွ "

ဟု ကြိမ်မောင်းလိုက်လေသည်။

ထိုအခါ လူမိုက်များသည် ကပ္ပိယကြီး၏ စကားကြောင့် အလွန်ခံပြင်းသွားပြီး လူမိုက်တစ်ဦးက လက်သီးဆုပ်၍



www.burmeseclassic.com

www.burmeseclassic.com



" တောက်... ဒီအဖိုးကြီး ငါတို့ကို အတော်စော်ကားတာပဲ"

ဟု ဆိုကာ ဓါးသတကြီးဖြင့် လက်သီးဖြင့်ထိုးရန် ပြေးလာလေသည်။ ဦးဒေဝသည် လူမိုက်ကို လှည့်၍ပင်မကြည့်ဘဲ ကိုယ်ကို ယိမ်းနွဲ့၍ လူမိုက်၏လက်ကို ချုပ်ကိုင်ကာ ရေကန်ထဲသို့ ကိုင်ပေါက် ပစ်ချလိုက်၏။

လူမိုက်သည် ရေကန်ထဲသို့ ခြေကားယား လက်ကားယားဖြင့် ပြုတ်ကျသွားလေ၏။ ထိုအခါ ကျန်သောလူမိုက်များမှာ မျက်လုံးပြူးသွားပြီး ဦးဒေဝအား ဝိုင်းဝန်းတိုက်ခိုက်ရန် ကြိုးစားကြ၏။

လူမိုက်တစ်ဦးမှာ ခါးကြားက ဓါးမြှောင်ကိုထုတ်ကာ ဦးဒေဝအား ပြေးထိုးလိုက်၏။ ဦးဒေဝက ဓါးမြှောင်ကိုယိမ်းနွဲ့၍ ရှောင်လွှဲလိုက်ပြီး ထိုသူ၏ရင်ဝအား ဒူးဖြင့်တိုက်လိုက်၏။

အနောက်မှ အလစ်ဝင်ရောက်တိုက်ခိုက်ရန် ကြိုးစားသော လူမိုက်အား လှည့်၍ပင်မကြည့်ဘဲ ဆောင့်ကန်လိုက်ရာ ရေကန်ထဲသို့ ပြုတ်ကျသွားပြန်၏။

နောက်ဆုံးတွင် လူမိုက်များသည် ဦးဒေဝ၏အစွမ်းကို ရင်မဆိုင်နိုင်တော့ဘဲ သရက်တောကြီးထဲမှ ပြေးထွက်သွားကြလေ၏။ ဖိုးခေါင်သည် ဦးဒေဝ၏အစွမ်းအား သဘောကျသွားလေ၏။

ထိုအချိန်မှစ၍ ကပ္ပိယကြီး ဦးဒေဝနှင့် ဖိုးခေါင်မှာ အဆွေ ခင်ပွန်းဖြစ်သွားကြလေတော့၏။ ဖိုးခေါင်သည် ခေါက်ဆွဲကြော်များ ဝယ်ယူ၍ ကပ္ပိယကြီးထံသို့ မကြာခဏသွား၏။

ကပ္ပိယကြီးမှာလည်း ဖိုးခေါင်အတွက် အုန်းထန်းလျက်များ





ဖြန့်လည်ပေးအပ်၏။

ကပ္ပိယကြီးသည် ဖိုးခေါင်အား ရင်းနှီးကျွမ်းဝင်လာသောအခါ ထူးတတ်ကျွမ်းသော ကိုယ်ခံပညာကို သင်ကြားပေး၏။ ကပ္ပိယကြီးသည် ယခင်က သိုင်းဆရာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသည်ဟု သိရ၏။

ကပ္ပိယကြီး၏ သိုင်းပညာမှာ အလွန်ကောင်း၏။ ဖိုးခေါင်သည် သိုင်းပညာကို အလွန်ဝါသနာထုံသဖြင့် ကြိုးစားပမ်းစား သင်ယူ၏။ ကပ္ပိယကြီးသည် ဖိုးခေါင်၏ ကြိုးစားပမ်းစားသင်ယူနေခြင်းကို သိရသောအခါ အလွန်နှစ်သက်သဖြင့် အားသွန်ခွန်စိုက် သင်ကြားပေး၏။

ဦးဒေဝသည် ဖိုးခေါင်အား သိုင်းပညာကို သုံးနှစ်ပြည့်အောင် သင်ကြားပြီးသောအခါ

" ဒီမှာ ဖိုးခေါင်၊ ငါ လူ့လောကကြီးထဲမှာနေရတာ မပျော်တော့ဘူး တရားဓမ္မကျင့်ကြံချင်ပြီကွာ၊ ဒါကြောင့် မင်းနဲ့ငါ လမ်းခွဲကြရအောင်၊ ငါလည်း မဟာမြိုင်တောကြီးကို သွားတော့မယ်၊ လူ့လောကကြီးထဲမှာ နေထိုင်ရတဲ့အခိုက်မှာ ငါသင်ပေးတဲ့ အတွေးအခေါ်ပညာတွေဟာ အကျိုးပြုမှာပေါ့၊ ဒီတော့ ငါမရှိတဲ့အချိန်မှာ လောကကြီးမှာ အကျိုးရှိအောင်နေပါ၊ လူ့ဘဝဆိုတာ ရခဲပါတယ်ကွာ၊ ဒါကြောင့် လူ့ဘဝမှာ နေထိုင်ရင် လူပီသပါစေ၊ သတ္တဝါတွေအားလုံးထဲမှာ လူဆိုတဲ့သတ္တဝါဟာ အသိဉာဏ်အမြင့်မားဆုံးကွ၊ ဒါကြောင့် အသိဉာဏ်မဲ့တဲ့ တိရစ္ဆာန်တွေရဲ့ အပြုအမူမျိုးကို မင်းမလုပ်မိပါစေနဲ့၊ သူတစ်ပါးကို ဘယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



မဖိနှိပ်ပါနဲ့၊ အားနည်းသူဘက်က ရပ်တည်ဖို့ အမြဲကြိုးစားပါ၊ ဒါဆိုရင်တော့ မင်းကိုငါ တပည့်မွေးရကျိုးနပ်ပါပြီ ''

ဟု လေးနက်သောစကားတွေကို မှာကြားလေ၏။ ဖိုးခေါင် သည် ဦးဒေဝနှင့် ခွဲခွာရမည်ဆို၍ ရင်ထဲတွင် လစ်ဟာသွားသလို ခံစားရ၏။

ဦးဒေဝသည် သူ့အား အသိပညာ၊ ဗဟုသုတများ၊ အတွေးအခေါ် ဒဿနများ စသည်ဖြင့် လူ့ဘဝတန်ဖိုးရှိအောင် နေထိုင်နည်းများကို သင်ပြပေးခဲ့၏။

ယခုတော့ ဦးဒေဝက သူ့ကို ထားရစ်ခဲ့ပြီး တရားဓမ္မကျင့်ကြံရန် ထွက်ခွာသွားလေပြီ။

ဖိုးခေါင်၏အမူအရာကို ကြည့်၍ ဦးဒေဝက သက်ပြင်းချလိုက်ပြီး

'' လူကလေး အားငယ်နေသလား။ ပကယ်တော့ လူတွေဟာ ဆွေမျိုးတွေ၊ အသိုင်းအဝိုင်းတွေကို ခင်တွယ်ကြတယ်၊ ဒါဟာ လူတစ်ယောက်ရဲ့ ဖြစ်စဉ်ကို သေသေချာချာ သဘောပေါက်မထားလို့ပါ။ လူဟာ လောကကြီးထဲကိုလာပြီး တစ်ယောက်တည်းပဲ ပြန်သွားရတယ်၊ အဖော်တွေအပေါင်းတွေ မပါပါဘူးကွာ၊ နောက်ပြီးတော့ လူ့ဘဝထဲမှာ ကျင်လည်မယ်ဆိုရင် သေသေချာချာ မှတ်ထားရမှာက လူဟာ ကိုယ်လုပ်မှ ကိုယ်စားရမှာကွ၊ ကိုယ်အင်အားရှိမှ ကိုယ်ရပ်တည်နိုင်မယ်၊ အချို့သော လူတွေဟာ ဆွေမျိုးတွေ၊ မိဘမောင်ဘွားတွေကို အလွန်ကိုးစားယုံကြည်ကြတယ်၊ နောက်ဆုံးမှာ သူတို့လိုလူတွေပဲ ဒုက္ခ





ရောက်ရတာပဲ၊ မင်း အားမငယ်ပါနဲ့ကွာ၊ ငါ့ကိုယ်စား ငါ့ရဲ့ဓါးကို မင်းဆီမှာထားခဲ့မှာပါ။ ဒီဓါးဟာ အလွန်ရှေးကျပြီး ငါတို့ဆရာစဉ်ဆက် ကိုင်ဆောင်ခဲ့တဲ့ဓါးပါ၊ ဓါးကို ပြုလုပ်ထားတဲ့ သံအမျိုးအစားက အင်မတန်ခိုင်မာတယ်၊ ပေါ့လည်း ပေါ့ပါးတယ်၊ ဒါကြောင့် ဒီဓါးကို ငါ့ကိုယ်စား မင်းလက်ခံထားပါ၊ ဘဝမှာ တစ်နေ့ အန္တရာယ်နဲ့ ရင်ဆိုင်ဖြေရှင်းတဲ့အခါ ငါ့ရဲ့ဓါးနဲ့ ရင်ဆိုင်ဖြေရှင်းပါ၊ ဒီဓါးမှာ မမြင်နိုင်တဲ့ အစွမ်းသတ္တိတွေ ကိန်းအောင်းနေတယ်လို့ ငါထင်တယ် ''

ဟု ဆိုကာ ဦးဒေဝသည် သူ၏ သက်စောင့်ဓါးအား ဖိုးခေါင်၏ လက်တွင်းသို့ အပ်လိုက်လေ၏။

ထိုသို့အပ်နှံပြီးနောက် ဦးဒေဝသည် ဖိုးခေါင်အား လမ်းခွဲထွက်သွားလေ၏။ ဖိုးခေါင်သည် အားလပ်သည့်အချိန်တိုင်း ဦးဒေဝ သင်ကြားခဲ့သော ကိုယ်ခံပညာများကို လေ့ကျင့်၏။

ဦးဒေဝပြောခဲ့သော အတွေးအခေါ် ဒဿနများကို လိုက်နာခဲ့၏။ ဦးဒေဝကြောင့် မိမိဘဝ၌ အသိဉာဏ်ပညာများ တိုးတက်ခဲ့ရ၏။

ယခုတော့ ဖခင်သည် ဦးဒေဝနှင့်အတူ မိမိဘဝထဲက ထွက်ခွာသွားခဲ့လေပြီ။ ဖိုးခေါင်သည် တစ်ကိုယ်တည်း လူ့လောကြီးထဲ၌ အထီးကျန်သလို ခံစားရ၏။

ဖခင်မရှိသည့်နောက်ပိုင်း၌ ဖခင်၏ဆန္ဒအရ သူ၏မိတ်ဆွေ ဦးဒေါနထံတွင် သွားရောက်ခိုလှုံရပေတော့မည်။ ဖိုးခေါင်သည် ဦးဒါန ရှိရာ ကရင်ပြည်နယ်ဘက်သို့ အမြန်ဆုံးခရီးထွက်ရန် ပြင်ဆင်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးခေါင်သည် ဖခင်အား ရက်စက်စွာ သတ်ဖြတ်သွားခဲ့သော ကြယ်တံခွန်အဖွဲ့အား လက်စားချေလိုစိတ်များ ပြင်းပြလာ၏။ သို့သော် ဖခင်အပေါ်ပေးထားသော ကတိကြောင့် ကြယ်တံခွန်ဂိုဏ်းအား ကလဲ့စားချေရန် မဖြစ်နိုင်တော့ချေ။

ထို့နောက် ဖိုးခေါင်သည် ဦးဒေါနရှိရာ ကရင်ပြည်နယ်ဘက်သို့ ထွက်ခဲ့လေ၏။ သူသည် ခရီးအဆင့်ဆင့်သွားပြီး နောက်ဆုံးတွင် ကရင်ပြည်နယ်သို့ ရောက်လေ၏။

ကရင်ပြည်နယ်သို့ရောက်သောအခါ ဦးဒေါနရှိရာ ရွာလေးဆီသို့ ခရီးဆက်ခဲ့ပြန်၏။ ဦးဒေါန၏ရွာသည် တစ်ဖက်နိုင်ငံနယ်စပ်အနီး၌ တည်ရှိ၏။

ဖိုးခေါင်သည် ညောင်ပင်သာယာရွာသို့ မေးမြန်းပြီး တဆင့်ပြီး တဆင့် ဆက်ခဲ့၏။ ဦးဒေါန၏ရွာထိပ်သို့ရောက်သောအခါ ကျူထရံများ၌ မှင်ဖြင့်ရေးသားထားသော လက်ဝှေ့ပွဲကြော်ငြာများကို တွေ့ရ၏။

ဦးဒေါန၏ရွာ၌ လက်ဝှေ့ပွဲကြီး ကျင်းပနေပုံရ၏။ ရွာသူရွာသားများက လက်ဝှေ့ယှဉ်ပြိုင်မည့်သူဟု ထင်မှတ်ကာ ဦးဒေါန၏အိမ်သို့ လိုက်လံပို့ဆောင်ပေးကြ၏။

ဦးဒေါန၏ခြံရှေ့သို့ရောက်သောအခါ ခြံထဲတွင် လက်ဝှေ့လေ့ကျင့်နေသော ဦးဒေါနကို တွေ့ရ၏။ ဦးဒေါနသည် ဖိုးခေါင်ကို မြင်သောအခါ မျက်မှောင်ကြုတ်လိုက်ပြီး

" ဖိုးခေါင်... မင်း ငါ့ဆီလိုက်လာတယ်၊ ဒါဆိုရင် မင်းအဖေ





အန္တရာယ်နဲ့ ကြုံတွေ့နေရပြီထင်တယ် "

ဟု ပြောလေ၏။ ဖိုးခေါင်သည် ဦးဒေါန၏အပြောကြောင့် ဖခင်ဖြစ်သူ၏အဖြစ်ကို သတိရပြီး အံကိုကြိတ်ကာ

" ဟုတ်တယ်... အဖေ အန္တရာယ်ဆိုးနဲ့ ရင်ဆိုင်လိုက်ရပြီ၊ ကြယ်တံခွန်ဂိုဏ်းသားတွေ လက်ချက်နဲ့ အဖေကျဆုံးသွားရပြီ၊ ကြယ်တံခွန်တွေကို ကျုပ် ကလဲ့စားပြန်ချေချင်တာ အဖေက ခွင့်မပြုဘူးဗျာ "

ဟု စိတ်ပျက်ဟန်ဖြင့် ပြောလေ၏။ ထိုအခါ ဦးဒေါနက လက်ဝှေ့လေ့ကျင့်ခြင်းကို ရပ်၍

" မင်းအဖေဟာ အလွန်အမြော်အမြင်ကြီးတယ်ကွ၊ ကြယ်တံခွန်ဂိုဏ်းနဲ့ ရန်ငြိုးရန်စမဖြစ်ချင်လို့ ဒီလိုစီစဉ်ရတာပဲ၊ ဟိုးအရင်ကတည်းက မင်းအဖေက သူ့မှာအန္တရာယ်နဲ့တွေ့ကြုံရင် မင်းကို ငါ စောင့်ရှောက်ရမယ်လို့ မှာကြားခဲ့တယ်၊ ဘာပဲဖြစ်ဖြစ် ငါတို့ပြည်နယ်မှာတော့ မင်းကို ကြယ်တံခွန်ဂိုဏ်းက ရန်မစစေရဘူး၊ ငါ့မှာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ မင်းကို ကာကွယ်ပေးပါ့မယ် "

ဟု ပြောလေ၏။

ထို့နောက် ဦးဒေါနသည် ဖိုးခေါင်အား ညနေစာကျွေးရန် ပြင်ဆင်လေ၏။ ဦးဒေါန၌ လွန်စွာချောမောလှပသော သမီးပျို တစ်ယောက် ရှိ၏။

သူမ၏ မျက်လုံးမှာ ဝိုင်းစက်ကြည်လင်ပြီး ကိုယ်လုံး ကိုယ်ထည်မှာ လှပကျော့ရှင်း၏။ သူမ၏အပြုံးသည် အလွန်ချစ်စဖွယ်ကောင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ရှိးသားပွင့်လင်း၏။

ဦးဒေါ်နသည် ညနေစာ စားပြီးနောက် ဖိုးခေါင်အား ရေနွေးကြမ်း ထန်းလျက် စသည်တို့ဖြင့် တည်ခင်းဧည့်ခံပြီး

“ ငါတို့ရွာမှာ လက်ဝှေ့ပွဲကြီးလုပ်နေတုန်း မင်းရောက်လာတာ အတော်ပဲကွ၊ လက်ဝှေ့ပွဲကို ငါကိုယ်တိုင်ဦးစီးပြီး သုံးနှစ်တစ်ကြိမ် ကျင်းပလေ့ရှိတယ်၊ငါတို့ရွာ အနီးပတ်ဝန်းကျင်က လက်ဝှေ့ကျော်တွေဟာ ဒီလက်ဝှေ့ပွဲကြီးကို လာရောက်ဆင်နွှဲလေ့ရှိတယ်၊ ငါတို့ ကချင်ပြည်နယ်မှာ လက်ဝှေ့ရကျော်တွေ အများကြီးထွက်တယ်ကွ၊ ဒို့တိုင်းပြည်က လက်ဝှေ့ကျော်တွေဟာ ကရင်ပြည်နယ်က ထွက်တာများတယ်၊ ငါကိုယ်တိုင်လည်း ငယ်စဉ်ကတည်းက လက်ဝှေ့အကျော်အမော်ဆိုတော့ သုံးနှစ်တစ်ကြိမ် လက်ဝှေ့ပွဲကြီးဖြစ်အောင် ကြိုးစားစီစဉ်ပေးတယ်၊ ငါ့ရဲ့ လက်ဝှေ့ပွဲကြီးမှာ ဝင်ရောက်ယှဉ်ပြိုင်ရင်းနဲ့ပဲ လက်ဝှေ့ကျော်တွေ တစ်ယောက်ပြီးတစ်ယောက် ပေါ်ထွက်ခဲ့တယ်၊ ငါတို့ ရွာအနီး ပတ်ဝန်းကျင်မှာဆိုရင် လက်ဝှေ့သမားတွေ အများကြီးရှိတယ်၊ သူတို့ဟာ တောင်ယာအလုပ်လုပ်ရင်း၊ သစ်စက်တွေမှာ အလုပ်လုပ်ရင်း လက်ဝှေ့လေ့ကျင့်ကြတယ်၊ နောက်ပြီးတော့ သုံးနှစ်တစ်ကြိမ် ကျင်းပလေ့ရှိတဲ့ ငါ့ရဲ့ လက်ဝှေ့အလံလုပွဲကြီးမှာ ဝင်ပြီးတော့ ယှဉ်ပြိုင်ကြတယ်၊ လက်ဝှေ့ကျော်တွေ အများကြီးထွက်တဲ့အတွက် ငါ အလွန်ပျော်ရွှင်တယ်၊ ဒါကြောင့် အပင်ပန်းခံ၊ ပိုက်ဆံအကုန်ခံပြီး လက်ဝှေ့ပွဲကြီး ကျင်းပခဲ့တာပဲ၊ ငါ့ရဲ့ အလံလုပွဲဟာ စည်းစနစ်ရှိတယ်၊ သမာသမတ်ကျတယ်လို့ နာမည်





ထွက်တဲ့အတွက် ယှဉ်ပြိုင်ချင်သူတွေများတယ် ”

ဟု ပြောလေ၏။ ဖိုးခေါင်သည် ဦးဒေါ်န၏စကားကြောင့် စိတ်ဝင်စားသွားပြီး

“ ကျုပ် ရွာအဝင်မှာ လက်ဝှေ့စင်ကြီးကို တွေ့ခဲ့တယ်၊ လက်ဝှေ့ပွဲက စနေပြီလား ”

ဟု မေးမြန်းလေ၏။ ထိုအခါ ဦးဒေါ်နက ခေါင်းညိတ်၍

“ လက်ဝှေ့ပွဲဟာ တစ်ရက်ခြားလုပ်တာကွ၊ မနေ့ကစပြီး ကျင်းပတယ်၊ ဒီနေ့တော့ နားတဲ့နေ့ပေါ့ကွာ၊ ဒါပေမဲ့ ဒီနေ့မနက်ပဲ ငါနဲ့ အင်မတန်ရင်းနှီးတဲ့ ရောင်းရင်းကြီးတစ်ယောက် ဆုံးပါးသွားတဲ့အတွက် သူ့ဆီကို သွားရမလို ဖြစ်နေတယ်၊ ငါ့ရဲ့လက်ဝှေ့ပွဲမှာလည်း ငါမရှိလို့ မဖြစ်ဘူးကွ၊ ဒီရွာမှာ လက်ဝှေ့ဒိုင်လုပ်နိုင်တဲ့ လူတွေရှိပါတယ်၊ ငါ့ရဲ့ ရောင်းရင်းကြီးရဲ့ အသုဘအတွက်တော့ ငါမသွားလို့မဖြစ်ဘူး၊ ဒါကြောင့် တစ်ရက်နှစ်ရက်နေရင်တော့ ငါသွားမှဖြစ်မယ်၊ မင်းရောက်လာတာနဲ့ အတော်ပဲကွ၊ မင်းဟာ တိုက်ခိုက်ရေးပညာကို ကောင်းကောင်း ကျွမ်းကျင်တဲ့လူပဲ၊ ဒါကြောင့် ငါတို့ရွာက လက်ဝှေ့ပွဲမှာ မင်းဝင်ထိုးပါလား”

ဟု တိုက်တွန်းလေ၏။ ဖိုးခေါင်က မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး

“ ကျုပ် မထိုးချင်ဘူးဗျာ၊ အမေဆုံးတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ ကျုပ် စိတ်ဆင်းရဲနေတယ်၊ လက်ဝှေ့ထိုးဖို့ ကျုပ် စိတ်မပါဘူး၊ ဒါကြောင့် ဗွဲကြည့်ပရိသတ်အနေနဲ့ပဲ ကျုပ်နေပါရစေ၊ ကျုပ် မသွားကြောင်လို့

www.burmeseclassic.com



ဒီစကားပြောတာ မဟုတ်ဘူးနော် ''

ဟု ပြောလေ၏။

ထိုအခါ ဦးဒေါ်နက ခေါင်းညိတ်၍

'' မင်းအကြောင်းကို ငါသိပါတယ် ဖိုးခေါင်ရာ၊ မင်းတို့အိမ်ကို ငါလာတုန်းက မင်းနဲ့ငါ လက်ဝှေ့ထိုးဖူးတာပဲ၊ မင်းရဲ့ပညာ ဘယ်လောက်ရှိတယ်ဆိုတာ ငါသိတယ်၊ အဲဒီတုန်းက မင်းနဲ့ လက်ဝှေ့ထိုး ကြည့်ရင်း ကိုယ်လုံပညာ အဆင့်အတန်းမြင့်မားတာ ငါအံ့သြမိတယ်၊ တကယ်တော့ ငါတို့ဆီက လက်ဝှေ့သမားတွေဟာ မင်းလောက်တောင် ကိုယ်ခံပညာ မကျွမ်းကျင်ပါဘူး၊ မင်းရဲ့ဆရာ ကပ္ပိယကြီးကိုတော့ ငါ ချီးကျူးတယ်ကွာ၊ သူဟာ တကယ့်ပါရမီရှင်တစ်ယောက်ကွ၊ ရိုးရာလက်ဝှေ့ရောသိုင်းပညာပါ ထူးချွန်တဲ့လူက တကယ်ရှားတယ်၊ မင်းလက်ဝှေ့မထိုးချင်လည်း ပွဲကြည့်ပရိသတ်လုပ်ပေါ့ကွာ၊ ဘာပဲဖြစ်ဖြစ် မင်းရောက်လာတော ငါအားရှိတယ်ဟေ့၊ ငါမရှိတဲ့အချိန်မှာ ငါတို့ရွာက လူကြီးတွေနဲ့ လက်ဝှေ့ပွဲကို ကြီးကြပ်ပေးလို့ရတယ် ''

ဟုပြောလေ၏။

ထိုအခါ ဖိုးခေါင်က ခေါင်းညိတ်၍

'' ကျုပ် တတ်နိုင်သလောက် ကူညီပါ့မယ်ဗျာ၊ ဒါနဲ့နေပါဦး ဦးဒေါ်နတို့ဟာ ရိုးရာလက်ဝှေ့သမားတွေမို့ မေးရဦးမယ်၊ မြန်မာ့ရာဇဝင်မှာ လက်ဝှေ့ဘယ်အချိန်ကစပြီး ထိုးဖြစ်တာလဲ ''

ဟုမေးမြန်းလေ၏။





ဦးဒေါ်နက

'' ရိုးရာလက်ဝှေ့ ဘယ်အချိန်ကစခဲ့သလဲဆိုတာ ပေစာ ရေးပိုက်စာတွေမှာ တိတိကျကျ ရှာဖွေမတွေ့သေးဘူး၊ ဒီလိုပဲ ရှေးမြန်မာဘုရင်များလက်ထက်မှာ မြန်မာ့လက်ဝှေ့ကို ဘယ်လိုစည်းကမ်းနဲ့ ထိုးသတ်ခဲ့တယ်ဆိုတာလည်း တိတိကျကျ ဖော်မပြထားဘူး၊ ဒါပေမဲ့ ရှေးက လက်ဝှေ့ဟာ ပုဂံခေတ်လောက်မှာ စပေါ်တယ်လို့ ခန့်မှန်းရတယ်၊ ပုဂံက နဂါးရုံဘုရားက လက်ဝှေ့ထိုး နပန်းသတ်တဲ့ အရုပ်တွေတွေ့နိုင်တယ်ကွ၊ နောက်ပြီးတော့ မြန်မာ့လက်ဝှေ့ဟာ ပုဂံခေတ်က ပွဲကျောင်းဘုန်းကြီးတွေဆီက ပျံ့နှံ့လာလို့လည်း သိရတယ်ကွ၊ ငါ့အဖေရဲ့ အဘိုးတွေဟာ လက်ဝှေ့မထိုးခင်တုန်းက နပန်းသတ်ခဲ့ကြတယ်၊ နောက်ပိုင်းတော့ နပန်းပညာကနေ လက်ဝှေ့ပညာကို ပြောင်းပြီးလေ့လာလိုက်စားခဲ့ကြတယ်၊ မြန်မာဘုရင်တွေလက်ထက်တုန်းက လက်ဝှေ့တွေကို တခမ်းတနား ကျင်းပပြီးတော့ လက်ဝှေ့ပွဲမှာ အနိုင်ရတဲ့ လူတွေကို လက်ဝှေ့တော်ဘွဲ့ ချီးမြှင့်ပြီးတော့ ရွှေတိုက်စာရင်းဝင်အဖြစ် စာရင်းသွင်းလေ့ရှိတယ်လို့ သိရတယ်၊ ပင်းယခေတ်တုန်းက အောင်စည်းခုံ သံဃရာဇာဆိုတဲ့ လက်ဝှေ့အကျော်အမော်ဟာ လက်ဝှေ့ထိုးသတ်ရာမှာ အလွန်ထူးချွန်တဲ့အတွက် ပွဲတိုင်းအောင်နိုင်မှုရတယ်လို့ သိရတယ်၊ ဘာပဲဖြစ်ဖြစ် ငါတို့မြန်မာ့လက်ဝှေ့ဟာ အရှေ့တိုင်းကိုယ်လုံပညာတွေထဲမှာ အဆင့်မနိမ့်ဘူးဆိုတာ သက်သေပြနိုင်ပါတယ်၊ တစ်ဖက်နိုင်ငံက မွေ့ထိုင်းလက်ဝှေ့သမားတွေဟာ ငါတို့ဘက်မှာလာပြီး ထိုးလေ့ရှိတယ်၊ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ထိုးသတ်တဲ့အခါတိုင်း သူတို့ဟာ မြန်မာ့လက်ဝှေ့အကြောင်းကို ကောင်းကောင်းကြီး သိနားလည်သွားကြတာချည်းပဲ၊ မွေ့ထိုင်းလက်ဝှေ့ကျော်တွေဟာ ဒါတို့မြန်မာ့လက်ဝှေ့သမားတွေကို ဘယ်တော့မှ အာသင်မသေးဝံ့တော့ဘူး ''

ဟု ရှည်လျားစွာ ရှင်းပြလေသည်။

ထို့နေ့ညအတွက် ဖိုးခေါင်အိပ်စက်ရန် စောင်၊ ခြင်ထောင်များကို ဦးဒေါနု၏သမီး မရွှေဥက ပြင်ဆင်ပေးလေ၏။

နောက်တစ်နေ့ညနေ၌ လက်ဝှေ့ပွဲ စတင်ကျင်းပနေပြီဖြစ်၍ ဖိုးခေါင်သည် ဦးဒေါနုနှင့်အတူ လက်ဝှေ့ပွဲကို လိုက်ပါသွားလေ၏။ လက်ဝှေ့ပွဲမှာ ဦးဒေါနုကျင်းပသောပွဲဖြစ်သဖြင့် ဦးဒေါနု၏ စိတ်ကြိုက်စည်းကမ်းများအတိုင်း ယှဉ်ပြိုင်သည်ဆို၏။

ဦးဒေါနုသည် ပထမအလံ၊ ဒုတိယအလံ၊ တတိယအလံ၊ စတုတ္ထအလံဟူသော အလံလေးမျိုး သတ်မှတ်ထား၏။ ထို့ပြင် လက်ဝှေ့ပညာနိမ့်ပါးသူများအတွက် ယာယီအလံငယ်လေးများလည်း သတ်မှတ်ပေးထား၏။

ဦးဒေါနု၏ လက်ဝှေ့ပွဲကို ဝင်ရောက်ယှဉ်ပြိုင်သူများသည် စည်းကမ်းစနစ်ရှိကြ၏။ ပညာရည်အဆင့်အတန်းလိုက် ပထမ၊ ဒုတိယ၊ တတိယနေရာမှ ဝင်ရောက်ယှဉ်ပြိုင်ကြ၏။

ပထမအလံတွင် ယှဉ်ပြိုင်သူများသည် ဒုတိယနေရာတွင် ဆင်း၍ ယှဉ်ပြိုင်ခြင်းမရှိချေ။ ထို့အတူ ဒုတိယနေရာတွင် ယှဉ်ပြိုင်နိုင်သည့်





လူသည် တတိယအလံကိုဆင်း၍ ယှဉ်ပြိုင်ခြင်း မရှိချေ။

လက်ဝှေ့ ... တ်သူများ၏ ပညာအဆင့်အတန်းအလိုက် ညီသည့်နေရာတွင် ယှဉ်ပြိုင်သင့်ကြောင်း လက်ဝှေ့သမားများနှင့် ကိုင်လုပ်သူများက စည်းကမ်းသတ်မှတ်ကြ၏။

ဦးဒေါနုသည် ပထမအလံကို ငွေငါးရာ၊ ဒုတိယအလံကို ငွေသုံးရာ၊ တတိယအလံကို ငွေနှစ်ရာ၊ စတုတ္ထအလံကို ငွေတစ်ရာသည်ဖြင့် သတ်မှတ်ထားလေရာ အလံတပ် ငွေသားဆုကြီးမှာလည်း နည်းလှကြောင်း တွေ့ရ၏။

လက်ဝှေ့ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သော လက်ဝှေ့သမားများ၏ ပညာအဆင့်အတန်းမှာ မနိမ့်လှကြောင်းတွေ့ရ၏။ ထိုဒေသသည် လက်ဝှေ့ကျော် အမြောက်အမြား ထွက်ရှိလေ့ရှိသဖြင့် လက်ဝှေ့ထိုးသတ် သူအားလုံး ပညာအဆင့်အတန်း မြင့်မားကြ၏။

အလံလုပွဲတစ်ပွဲတွင် အနည်းဆုံး လူလေးယောက် သတ်မှတ်ထားပြီး လေးယောက်အထက်ရှိနိုင်မှ အလံလုပွဲပြုနိုင်ကြောင်း သိရ၏။

ထိုနေ့က လက်ဝှေ့ပွဲတွင် တတိယအလံ၊ ဒုတိယအလံ၊ စတုတ္ထအလံများအတွက် အလံလုခြင်း ပြီးဆုံးသွားလေ၏။ ပထမအလံလုပွဲကို နောက်တစ်ရက်အကျော်တွင် ကျင်းပမည်ဆို၏။

ရွာသူရွာသားများသည် လက်ဝှေ့ပွဲကြည့်ရန် လွန်စွာစိတ်အားထက်သန်ကြပြီး တစ်ရွာလုံး တက်ကြွပျော်ရွှင်နေကြောင်း တွေ့ရ၏။

လက်ဝှေ့ပွဲကို ယောက်ျားများသာမက မိန်းမများပါ အားတက်



www.burmeseclassic.com

www.burmeseclassic.com



သရော ကြည့်ရှုကြ၏။ ၎င်းတို့သည် ယောကျ်ားများနည်းတူ အော်ဟစ် အားပေးကြ၏။

ဦးဒေါနသည် နောက်တစ်နေ့သို့ရောက်လျှင် သူ၏ရောင်းရင်း ကြီး အသုဘအတွက် ခရီးထွက်ရန် ပြင်ဆင်လေ၏။

ထို့နောက် သူ၏အိမ်သို့ ဒိုင်လုပ်မည့်လူကြီးများကို ဆင့်ခေါ် လိုက်ပြီး ဖိုးခေါင်နှင့်မိတ်ဆက်ပေးလေ၏။ ဦးဒေါနက

" ဟောဒီက သူငယ်ဟာ ကျုပ်မရှိတုန်းမှာ ကျုပ်ကိုယ်စား လက်ဝှေ့ပွဲကို ကူညီကြီးကြပ်လိမ့်မယ်၊ သူဟာ ရိုးရာလက်ဝှေ့စည်းကမ်း ကို ကောင်းကောင်းနားလည်ပါတယ်၊ လက်ဝှေ့ပညာကိုလည်း ကျွမ်းကျင်တတ်မြောက်ပါတယ်၊ ဒါကြောင့် ဖိုးခေါင်ကို ကျုပ်ကိုယ်စား ထားခဲ့ပါရစေ "

ဟု ပြောလေ၏။

ထိုအခါ လက်ဝှေ့ပွဲတွင် ဒိုင်လုပ်မည့်လူကြီးများက လက်ဝှေ့ ပွဲကို ကောင်းစွာ ကြီးကြပ်ပေးမည်ဖြစ်ကြောင်း ပြောလေ၏။ လက်ဝှေ့ ပွဲတွင် ဒိုင်လုပ်ရမည့် လူကြီးတစ်ဦးက

" အလံလုပွဲမှာ ဒီပြင်လက်ဝှေ့သမားတွေက ပြဿနာဖြစ်စေ မထင်ဘူး၊ ကျုပ်တို့ရွာက လက်ဝှေ့သမား စောဖိုးခွားပဲ စည်းဖောက် လာနိုင်တယ်၊ ဒီကောင်ဟာ လက်ဝှေ့ပညာကောင်းသလောက် အကျင့် စာရိတ္တမကောင်းဘူး၊ စိတ်ဓာတ်ညံ့ဖျင်းတယ်၊ ဒီကောင်ဟာ အရင်ပွဲ တုန်းကလည်း တစ်နည်းမဟုတ် တစ်နည်းတော့ သူတစ်ပါးကို ဒုက္ခပေး





ဘူး။ ဒီကောင်ဟာ မိဘက စီးပွားရေးအဆင်ပြေလို့ မောက်မာရိုင်းစိုင်း တယ် "

ဟု ပြောလေရာကျန်သော ရွာလူကြီးတစ်ယောက်ကလည်း ထောက်၍

" ဟုတ်တယ်... စောဖိုးခွား အကောက်ကြံမှာ စိုးရတယ်၊ စောဖိုးခွားဟာ လက်ဝှေ့ပညာကောင်းပေမဲ့ စိတ်ဓာတ်ယုတ်မာတယ် "

ဟု ပြောလေ၏။ ထိုအခါ ဦးဒေါနက လက်သီးဆုပ်၍

" မိဘစီးပွားရေး အင်အားတောင့်တာကို အကြောင်းပြုပြီး ကျုပ်ရဲ့လက်ဝှေ့ပွဲမှာ ဘယ်တော့မှ လူတွင်ကျယ်လုပ်လို့မရဘူး၊ ကျုပ်ရဲ့လက်ဝှေ့ပွဲဟာ အလွန်ရိုးသားဖြောင့်မတ်ပြီး သစ္စာကတိ ကြည်ကြည်တယ်၊ ဘယ်သူ့ကိုမှ လူတွင်ကျယ်လုပ်ခွင့်မပေးနိုင်ဘူး၊ ကျုပ် ခေါင်းများစွာ ထိန်းသိမ်းလာခဲ့တဲ့အလံရဲ့ ဂုဏ်သိက္ခာကို မပျက်စီးစေ နဲ့၊ ဒီကောင့်ကို လက်ဝှေ့စည်းကမ်းဖောက်ဖျက်ရင် အလံလုပွဲက ချင်း ထုတ်ပစ်ပါ။ လက်ဝှေ့သမားတစ်ယောက်ဟာ လက်ရုံးရည်ရော နှလုံးရည်ပါ ပြည့်စုံရမယ်၊ လက်ဝှေ့ပွဲမှာ အနိုင်ရတယ်ဆိုတိုင်း အလံကို ပေးနိုင်ဘူး "

ဟု ပြတ်သားစွာ မှာကြားခဲ့လေ၏။

ထို့နောက် ဦးဒေါနသည် ဖိုးခေါင်နှင့် သမီးဖြစ်သူ မရွှေငွေကို နှုတ်ဆက်၍ ထွက်ခွာသွားလေတော့၏။

ညနေစောင်း လက်ဝှေ့ပွဲမကျင်းပမီတွင် မရွှေငွေသည် အနီရောင်



www.burmeseclassic.com

www.burmeseclassic.com



သင်တိုင်းအင်္ကျီလေးကို ဝတ်ဆင်၍ ဖိုးခေါင်ရှိရာသို့ ရောက်ရှိလာ၏။ သူမသည် သန့်စွမ်းသောဆံပင်များကို အနီရောင်ကြိုးဖြင့် စည်းနှောင်ထားပြီး သနပ်ခါးပါးပါးကို လိမ်းကြံထား၏။

ဖိုးခေါင်အတွက်လည်း သင်တိုင်းအင်္ကျီတစ်ထည်ကို ယူဆောင်လာ၏။ ဖိုးခေါင်က သင်တိုင်းအင်္ကျီကို အံ့ဩဟန်ဖြင့်ကြည့်နေစဉ် သူမက

" ဒီအင်္ကျီဝတ်မထားရင် အစ်ကို့ကို ပွဲကြည့်ပရိသတ်က တစ်မျိုးထင်လိမ့်မယ်၊ ကရင်အမျိုးသားဝတ်စုံမဝတ်ဘဲ ဒိုင်အဖွဲ့မှာ ဝင်ပါနေတာကို လက်ခံချင်မှာ မဟုတ်ဘူး "

ဟု ပြောလေရာ ဖိုးခေါင်က သူမ၏စကားကို နားလည်ဟန်ဖြင့် အနီရောင်သင်တိုင်းအင်္ကျီကို စွတ်ချလိုက်လေ၏။

မရွှေဥက ဖိုးခေါင်အဝတ်အစား ဆင်ယင်ထားပုံကို ကြည့်၍

" အစ်ကိုနဲ့ သင်တိုင်းအင်္ကျီနဲ့ သိပ်လိုက်တာပဲ၊ ရွာထဲက အပျိုတွေ အစ်ကို့ကို ငိုင်းကြည့်ကြမှာသေချာတယ် "

ဟု ချီးမွမ်းလေ၏။ မရွှေဥ၏စကားကြောင့် ရှက်ကိုးရှက်ကန်းဖြင့် ရယ်မောလိုက်ပြီး

" ဟား ဟား ဟား... ကျုပ်ကိုပဲ ငိုင်းကြည့်နေမလား။ ဒိုင်လူကြီးမလုပ်ရဘူးဆိုပြီး စင်ပေါ်က မောင်းချမလားမသိဘူး "

ဟု ဆိုကာ မရွှေဥနှင့်အတူ ယှဉ်တွဲ၍ လက်ဝှေ့ပွဲသို့ ထွက်ခဲ့လေတော့၏။

လက်ဝှေ့ပွဲကျင်းပရာ ရွာစွန်ရှိ မြေကွက်လပ်ကြီးသို့ ရောက်သောအခါ ပွဲကြည့်ပရိသတ်များ အလွန်စည်ကားနေကြောင်း တွေ့ရ၏။

ယနေ့ပွဲသည် ပထမအလံလုပွဲဖြစ်သဖြင့် ယခုနှစ် ပထမအလံကိုရှင်အား စိတ်ဝင်စားနေဟန်ရှိ၏။ ရွာသူရွာသားများသည် ပထမအလံကို မည်သူမည်ဝါရရှိမည်ဖြစ်ကြောင်း အမျိုးမျိုး ထင်ကြေးပေးနေကြ၏။

လက်ဝှေ့ပွဲသို့ ဦးဒေါနတို့ရွာသားများသာမက အနီးအနားရွာသားများပါ လာရောက်ကြည့်ရှုကြ၏။ ထိုရွာသူရွာသားများသည် မိမိတို့ရွာသားဆုရရှိလျှင် တခဲနက်အားပေးရန် ဟန်ပြင်ထားကြ၏။

လက်ဝှေ့ကြိုးဝိုင်းသို့ ဖိုးခေါင်ရောက်ရှိသောအခါ ဒိုင်လူကြီးအဖြစ်ခန့်ထားသည့် အဖိုးကြီးများက ကြိုဆိုကြ၏။ ဖိုးခေါင်အား စင်အောက်တွင် ထိုင်စေပြီး လက်ဝှေ့ထိုးမည့် လူများအကြောင်းကို ရှင်းလင်းပြလေ၏။

ယနေ့ ပထမအလံလုပွဲတွင် *ယှဉ်ပြိုင်မည့်လူများမှာ ရှစ်ယောက်* ရှိသည်ရှိ၏။ ထို့ကြောင့် ပထမအလံလုပွဲအတွက် နှစ်ယောက်တစ်တွဲ ယှဉ်ပြိုင်ရမည် ဖြစ်၏။

ယနေ့ကျင်းပမည့်လက်ဝှေ့ပွဲ၌ ဒိုင်လူကြီးများကို အလှည့်ကျ တာဝန်ယူရှက်သွားမည်ဖြစ်ကြောင်း ရှင်းပြ၏။ ထိုအခါ ဖိုးခေါင်က ဒိုင်လူကြီး များဘက်သို့ လှည့်၍

" စောဖိုးခွားဆိုတဲ့လူ ထိုးကြိတ်မဲ့ပွဲမှာ ကျုပ်ကို ဒိုင်လူကြီးအဖြစ် ထည့်ပေးပါ။ ကျုပ် သူ့ကို သတိထားပြီး ထိန်းသိမ်းပေးပါ့မယ် "

ဟု ပြောလေရာ ဒိုင်လူကြီးများက ဖိုးခေါင်စိတ်တိုင်းကျ စီစဉ်ပေးမည်ဖြစ်ကြောင်း ပြောလေ၏။







www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ဆိုင်းဝိုင်းက လက်ဝှေ့ရေးပြသမည့်လူများ အတွက် ဗိုန်းခေါင်းတီးခတ်ပေးနေလေ၏။

ပထမပွဲစဉ်အတွက် တခြားရွာမှ ရွာသားနှစ်ဦး ယှဉ်ပြိုင် ထိုးသတ်ကြလေ၏။ ထိုသူနှစ်ဦးစလုံး သက်လုံကောင်းပြီး ကိုယ်ခံပညာ စွမ်း ပြည့်ဝသူများ ဖြစ်ကြ၏။

တစ်ဦးနှင့်တစ်ဦး အလစ်အငိုက်ကို ချောင်းရင်း တိုက်ခိုက်နေ ကြ၏။ ထိုသို့ ချောင်းရင်း တစ်ကွက်မှားသောသူသည် နဖူးကို ဒူးဖြင့် အတိုက်ခံလိုက်ရပြီး မြေပေါ်သို့ လဲကျသွားလေ၏။

ထိုသူမှာ နဖူးကွဲပြီး ပြန်ထမလာတော့သဖြင့် ဒိုင်လူကြီးများက ဒူးဖြင့်တိုက်သူများကို အနိုင်ပေးလိုက်တော့၏။ ဒုတိယပွဲတွင် စောဖိုးခွား နှင့် တစ်ဖက်ရွာမှာ ရွာသားတစ်ဦး ယှဉ်ပြိုင်ရမည့်ပွဲ ဖြစ်၏။

စောဖိုးခွားသည် ရုပ်ရည်ကြမ်းတမ်းသော်လည်း အရပ်ရှည်ပြီး ခွန်အားဗလတောင့်တင်းပုံရ၏။ သူ၏မျက်နှာသွင်ပြင်မှာ မောက်မာ ရိုင်းစိုင်းသော အသွင်ရှိ၏။

စောဖိုးခွား၏မိဘများသည် ရွာတွင် ချမ်းသာကြွယ်ဝသော လယ်ပိုင်ရှင်များ ဖြစ်သည်ဆို၏။ စောဖိုးခွားတို့သည် ငွေကြေးရှိရုံသာ မက အသိုင်းအဝိုင်း တောင့်တင်းသူများ ဖြစ်ကြ၏။

စောဖိုးခွား၏ နောက်လိုက်နောက်ပါ တပည့်များသည် စင် အောက်တွင် ဟိုဒီပြေးလွှား၍ နေရာယူရင်း ၎င်းတို့၏ဆရာအား အားပေးရန် ပြင်နေကြ၏။





ခဏအကြာတွင် လက်ဝှေ့ပွဲစတော့မည်ဖြစ်၍ ဖိုးခေါင်သည် စင်ပေါ်သို့တက်သွား၏။

ထိုအခါ လက်ဝှေ့ပွဲတွင် ဒိုင်လုပ်မည့်သူမှာ ၎င်းတို့ရွာသား တစ်ယောက်မဟုတ်ဘဲ မျက်နှာစိမ်းတစ်ယောက်ဖြစ်နေသဖြင့် အကြောင်းမသိသူများက အံ့သြကြ၏။

ဖိုးခေါင်က ပွဲကြည့်သူများကို ဦးညွှတ်၍ နှုတ်ဆက်လိုက်ရ၏။ ခဏကြာလျှင် လက်ဝှေ့သမားနှစ်ဦး စင်ပေါ်သို့ ရောက်ရှိလာပြီး လက်ဝှေ့ရေးပြကြ၏။

စောဖိုးခွားနှင့် ယှဉ်ပြိုင်ရမည့် တစ်ဖက်ရွာသားမှာ အလုံးအဖန် သေးပြီး သွက်လက်ပုံရ၏။ လက်ဝှေ့ပွဲစတင်သောအခါ စောဖိုးခွားသည် ခွန်အားကို အသုံးပြု၍ ကြမ်းတမ်းစွာ ထိုးကြိတ်၏။

စောဖိုးခွား၏ ထိုးလုံးသတ်လုံးများမှာ အလွန်ကြမ်းတမ်းလှ၏။ တစ်ဖက်ရွာသားမှာ သတိကြီးစွာထား၍ ရှောင်တိမ်းနေရ၏။ တစ်ချိန် တွင် မြေပေါ်သို့လှဲချလိုက်သော တစ်ဖက်ရွာသား၏နားထင်အား စောဖိုးခွားက ခြေဖြင့်ပြေးကန်လိုက်၏။

တစ်ဖက်ရွာသားသည် ခေါင်းကိုင်၍ ကမန်းကတန်း ရှောင် တိမ်းလိုက်ရ၏။ မြန်မာ့လက်ဝှေ့ပညာ၏ စည်းကမ်းအရ မြေပေါ်သို့ လှဲချ လိုက်သူအား ထိုးသတ်ခွင့်မရှိချေ။

ထို့ကြောင့် ဖိုးခေါင်က စောဖိုးခွား၏လက်ကိုဆွဲ၍

" ဟေ့လူ... လဲနေတဲ့လူကို မထိုးရဘူးလေ၊ စည်းကမ်းတကျ



www.burmeseclassic.com

www.burmeseclassic.com



ထိုးပါ ''

ဟု အမိန့်ပေးလိုက်၏။ ထိုအခါ စောဖိုးခွားက ဖိုးခေါင်ကို မကျေမနပ်ကြည့်၍

'' ဘဲ့ရင်လည်း၊ မြေပေါ်ကိုရောက်အောင်လှဲ၊ ကုန်းကုန်းကွကွလုပ်နေတော့ ကျုပ်က မြေးကန်မှာပဲ၊ ကျုပ်ခြေတွေ လက်တွေက သိပ်မြန်တယ်၊ တားလို့ဆီးလို့မရဘူး ''

ဟု ပြောလေ၏။

စောဖိုးခွားသည် ဒိုင်လုပ်သည့်သူများကို မချေမငံ ဆက်ဆံတတ်၏။ ထို့နောက် လက်ဝှေ့ပွဲကို ပြန်လည်စတင်လေ၏။

စောဖိုးခွားသည် ရက်စက်ကြမ်းကြုတ်ပြီး ခွန်အားဗလတောင့်တင်းသူ ဖြစ်သဖြင့် အသာစီးမှ ထိုးနှက်နေရ၏။ ထိုသို့ အသာစီးရနေသော်လည်း စောဖိုးခွားသည် မကြာခဏ စည်းကမ်းများ ဖောက်ချင်၏။

တစ်ချိတွင် တစ်ဦးနှင့်တစ်ဦး နီးကပ်စွာဖက်၍ ထိုးနှက်ကြ၏။ စောဖိုးခွားက တစ်ဖက်ရွာသား၏ပေါင်ကြားအား ဒူးဖြင့် လှမ်းတိုက်လိုက်၏။

ထိုရွာသားမှာ အထိနာပြီး မြေပေါ်သို့ လဲကျသွား၏။ ဖိုးခေါင်က စောဖိုးခွား၏ အပြုအမူအား ပြင်းထန်စွာ တားမြစ်လေရာ စောဖိုးခွားက အံကိုကြိတ်၍

'' ဒီမှာ... လက်ဝှေ့ထိုးနေတာ၊ ကလေးကစားနေတာ မဟုတ်ဘူး။ တစ်ဦးနဲ့တစ်ဦး ထိုးရင်းကြိတ်ရင်း နည်းနည်းပါးပါးတော့ ထိမှာပဲ၊





တမင်လုပ်တာမဟုတ်ဘူး၊ ခင်ဗျား ဒိုင်သာလုပ်တယ်၊ လက်ဝှေ့ထိုးတတ်ရဲ့လား။ လက်ဝှေ့ထိုးတယ်ဆိုတာ ယိမ်းကနေတာမဟုတ်ဘူး၊ အသက်လုပြီး ကြမ်းကြမ်းထိုးသတ်ရတာ၊ ထိမိခိုက်မိတာတော့ ရှိမှာပဲ၊ အားလုံးသွေးကောင်းတဲ့ ယောက်ျားတွေ ''

ဟု ပြောလေ၏။

ဖိုးခေါင်သည် မိမိက ဒိုင်ဖြစ်နေသဖြင့် ထိုးသားနှင့် ငြင်းခုန်ခြင်းမပြုတော့ဘဲ လက်ဝှေ့ပွဲကို ပြန်လည်စတင်စေ၏။

ဖိုးခေါင်နှင့်လက်တွဲပြီး ဒိုင်လူကြီးလုပ်သည့် အဖိုးကြီးမှာ စောဖိုးခွား၏ ဩဇာသက်ရောက်ဟန်ရှိပြီး ၎င်းအား ရဲရဲတင်းတင်း တားဆီးခွင့်မရှိချေ။

ထိုပွဲတွင် စောဖိုးခွားက ဒိုင်ပွဲရပ်နှင့် အနိုင်ရလိုက်၏။ လက်ဝှေ့ပြီးသောအခါ စောဖိုးခွားဘက်မှ အပေါင်းအဖော်များသည် ဖိုးခေါင်အား မကျေမချမ်း ပြောဆိုသံကို ကြားနေရ၏။

စောဖိုးခွားတို့လူစုသည် တစ်ရွာသားက ဒိုင်အဖြစ် လာရောက်ကြီးကြပ်နေခြင်းကို သဘောကျပုံမရချေ။ ထို့ကြောင့် စောဖိုးခွား၏ ဖခင်သည် ဒိုင်အဖွဲ့သို့ လာရောက်၍ ဖိုးခေါင်အား ဒိုင်မလုပ်ရန် တားမြစ်၏။

ထိုအခါ ဒိုင်လူကြီး အဖိုးကြီးများက

'' ဒီသူငယ်ဟာ ကျုပ်တို့ရွာသားမဟုတ်ပေမဲ့ လက်ဝှေ့ပညာရဲ့ စည်းကမ်းတွေကို ကောင်းကောင်းနားလည်တယ်၊ သူကိုယ်တိုင်လည်း လက်ဝှေ့ပညာကို ကောင်းကောင်းတတ်တယ်၊ နေဦးပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ဦးဒေါနကိုယ်တိုင် သူ့ကိုယ်စား ဒီပွဲမှာ ဒိုင်လူကြီးလုပ်ဖို့ ထားခဲ့တာဗျ။ ကျုပ်တို့ ဘယ်လိုလုပ်ပြီးတော့ ဒီသူငယ်ကို ဒိုင်လူကြီးအဖြစ်က ဖြုတ်ပေးလို့ရမလဲ၊ ခင်ဗျားတို့ မကျေနပ်ရင် ဦးဒေါနလာမှ စကားပြောကြ၊ ဒီပွဲဟာ ဦးဒေါနစီစဉ်တဲ့ပွဲ၊ ကျုပ်တို့သဘောနဲ့ ဘာမှဝင်ပြောခွင့်မရှိဘူး ''

ဟု ပြောလေရာ စောဖိုးခွား၏ မိဘများသည် မကျေမချမ်း ဖြစ်ပြီး ပြန်သွားလေ၏။

ဖိုးခေါင်က သူ၏အနီးတွင်ရှိသော မရွှေဥဘက်သို့လှည့်၍

'' ကျုပ်ကိုယ်မှာ အနီရောင်သင်တိုင်းအကျီဝတ်ထားလို့တော်သေးတာပေါ့၊ ဒီအကျီသာမပါရင် စောဖိုးခွားတို့လူစု ကျုပ်ကို အမျိုးမျိုးအပြစ်တင်မှာ သေချာတယ် ''

ဟု ပြောလေ၏။

ထိုနေ့က လက်ဝှေ့ပွဲများ တစ်ပွဲပြီးတစ်ပွဲ ဆက်ခဲ့လေ၏။ အတန်ကြာသောအခါ အနိုင်ရသော စောဖိုးခွားနှင့် တစ်ဖက်ဆိုင်းမှာ အနိုင်ရသူ ယှဉ်ပြိုင်ရန် ဖြစ်လာပြန်၏။

ယခု စောဖိုးခွားနှင့် ယှဉ်ပြိုင်မည့်သူမှာ ကိုယ်လုံးကိုယ်ထည် သန်မာတောင့်တင်းပြီး စောဖိုးခွားကဲ့သို့ပင် ထိုးလုံးသတ်လုံးကောင်း၏။ စောဖိုးခွားသည် ဒိုင်လုပ်သော ဖိုးခေါင်တို့ တားဆီးထားသည့်ကြားတွင် တစ်ဖက်လူအား အမျိုးမျိုးညစ်၍ ထိုးသတ်၏။

ဖိုးခေါင်သည် စောဖိုးခွားအား မကြာခဏ ဝင်ရောက်၍ တားမြစ်ရပြန်၏။ စောဖိုးခွားသည် တင်းကျပ်လှသော ဖိုးခေါင်အား





မကျေမချမ်း ဖြစ်နေပုံရ၏။

ထိုအခါ စောဖိုးခွား၏တပည့်များသည် ဖိုးခေါင်အား ဒိုင်အဖြစ်မှ ရပ်စဲပေးရန် အမျိုးမျိုး စင်အောက်မှ အော်ဟစ်ကြ၏။ စောဖိုးခွားကို သည်းမခံနိုင်သော ပရိသတ်ကလည်း စင်အောက်မှ ဆူဆူညံညံ ပြန်လည်အော်ဟစ်ကြ၏။

ဖိုးခေါင်က ပရိသတ်ကိုငြိမ်သက်ရန် စင်ပေါ်မှ မေတ္တာရပ်ခံရ၏။ ဒိုင်လူကြီး အဖိုးကြီးကလည်း ကရင်ဘာသာဖြင့် ပရိသတ်ကို ငြိမ်သက်ရန် တောင်းပန်ရ၏။

ပရိသတ်ငြိမ်သက်သောအခါမှ လက်ဝှေ့ပွဲကို ပြန်လည်စတင်၏။ ထိုပွဲတွင် နှစ်ဖက်စလုံး အထိနာပြီး စောဖိုးခွားက အနိုင်ရလိုက်ပြန်၏။

စောဖိုးခွား အနိုင်ရသောအခါ ၎င်း၏တပည့်များသည် ဆူညံစွာ အော်ဟစ်ပြီး အားပေးကြလေ၏။ ယခုပွဲတွင် စောဖိုးခွား အနိုင်ရလိုက်သဖြင့် ပထမအလံကိုရရှိရန် ပိုမိုသေချာသွား၏။

ပထမအလံကို လုရမည့်လူမှာ နှစ်ဦးသာ ကျန်တော့၏။ ထိုအခါ ဒိုင်အဖွဲ့သည် လက်ဝှေ့ပွဲကို ဆက်လက်၍ ကျင်းပသင့် မကျင်းပသင့် တိုင်ပင်ကြလေ၏။

မိုးချုပ်သွားသော်လည်း မီးတုတ်၏အလင်းရောင်ဖြင့် လက်ဝှေ့ပွဲကို ဆက်လက်၍ ကျင်းပနိုင်၏။ ဒိုင်လူကြီးများသည် လက်ဝှေ့ထိုးသတ်မည့်သူများ၏ ရှိထားသော အင်အားနှင့် သက်လုံအခြေအနေကို ကြည့်



www.burmeseclassic.com

www.burmeseclassic.com



၍ လက်ဝှေ့ပွဲကို ဆက်သင့် မဆက်သင့် ချိန်ဆရလေ၏။

လက်ဝှေ့သမားနှစ်ဦးစလုံး ထိုးသတ်နိုင်ကြ၏။ ဆက်လက်ယှဉ်ပြိုင်ရန် ဆန္ဒရှိကြ၏။ ထို့ကြောင့် လက်ဝှေ့ပွဲကို ယနေ့ည ဆက်မည်ဖြစ်ကြောင်း ကြေငြာလိုက်၏။

ပွဲကြည့်ပရိသတ်များသည် ပွဲကျဟန်ဖြင့် ဆူညံစွာ အော်ဟစ်အားပေးကြ၏။ ခဏကြာလျှင် လက်ဝှေ့ပွဲကို ဆက်လက်ကျင်းပလေ၏။

တစ်ဖက်ရွာသားသည် စောဖိုးခွားကဲ့သို့ ကိုယ်လုံးကိုယ်ဖန် တောင့်တင်းပြီး ပညာကောင်း၏။

သူသည် လက်ဝှေ့ပညာကောင်းမွန်ပြီး ကိုယ်ခန္ဓာကြံ့ခိုင်တောင့်တင်းသူဖြစ်သဖြင့် ပွဲတိုင်းအနိုင်ရခဲ့ခြင်း ဖြစ်၏။

လက်ဝှေ့ပွဲစတင်ချိန်တွင် တစ်ဖက်ရွာသား၏ ပရိသတ်များသည် ဆူညံစွာ အော်ဟစ်အားပေးကြ၏။

ထိုအခါ စောဖိုးခွား၏တပည့် များကလည်း ၎င်းတို့ဆရာဘက်မှ ဝင်ရောက်အားပေးကြပြန်၏။

လက်ဝှေ့ပွဲစတင်ချိန်တွင် စောဖိုးခွားသည် တစ်ဖက်ရွာသားကို ဖိ၍ထိုးလေ၏။

တစ်ဖက်ရွာသားသည် စောဖိုးခွား၏ တိုက်ခိုက်မှုများကို သွေးအေးအေးဖြင့် ရှောင်တိမ်းနေပုံရ၏။

စောဖိုးခွားသည် တစ်ဖက်ရွာသားကို တိုက်ခိုက်ရင်း လွဲချော်သောအခါ ဒေါသပုန်ထလာ၏။





တစ်ဖက်ရွာသားသည် စောဖိုးခွား၏ အမှားအယွင်းကို စောင့်၍ တိုက်ခိုက်၏။

တစ်ချီတွင် တစ်ဖက်ရွာသား၏ ထောက်လက်သီးတစ်လုံး စောဖိုးခွား၏ဗိုက်ကိုထိမိပြီး စောဖိုးခွားသည် အနောက်သို့ လန်ကျသွားလေ၏။

စောဖိုးခွား အထိနာသွားပြီး ခဏကြာမှ ပြန်ထလာနိုင်၏။ စောဖိုးခွားသည် တစ်ဖက်ရွာသား၏ တိုက်ခိုက်မှုကိုခံရသဖြင့် သူ၏ ထုံးစံအတိုင်း ရှူးမဲမဲလာ၏။

တစ်ချီတွင် တစ်ဖက်ရွာသားနှင့် ပူးကပ်မိစဉ် တစ်ဖက်ရွာသား၏ ပေါင်ကြားကို ဒူးဖြင့်ကန်လိုက်၏။ ထိုအခါ ၎င်း၏ရန်သူမှာ မမျှော်လင့်ဘဲ တိုက်ခိုက်မှုကြောင့် ကြမ်းပေါ်သို့ ပက်လက်လန်လဲလေ၏။

ဗိုးခေါင်သည် စောဖိုးခွား၏ အပြုအမူကြောင့် ရှေ့သို့တိုးသွားပြီး

" ဟေ့လူ လက်ဝှေ့ပွဲစည်းကမ်းကို ဘာလို့ချိုးဖောက်တာလဲ၊ ခင်ဗျား သိပ်တရားလွန်နေပြီ ခင်ဗျားဟာ လက်ဝှေ့ပွဲတိုင်းမှာ စည်းကမ်းဖောက်ဖျက်တယ်၊ ဒီနေ့ ခင်ဗျားကို ပထမအကြိမ် သတိပေးပြီးပြီ ဒုတိယအကြိမ်၊ တတိယအကြိမ်ဆိုရင်တော့ ခင်ဗျားကို စည်းဝိုင်းထဲက ထုတ်ပစ်ရလိမ့်မယ် "

ဟု ပြောလေရာ စောဖိုးခွားက ဗိုးခေါင်ကို မကျေမနပ်ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



" ဒီမှာ ခင်ဗျား ဒိုင်လုပ်ပြီး လက်ဝှေ့အကြောင်း ဘယ်လောက်နားလည်လို့လဲ၊ လက်ဝှေ့ထိုးတယ်ဆိုတာ ပန်းနဲ့ပေါက်နေတာ မဟုတ်ဘူး။ တစ်ယောက်နဲ့တစ်ယောက် မတော်တဆ ထိမိခိုက်မိတာလည်း ရှိမှာပဲ၊ တောက်... လက်ဝှေ့ပညာမတတ်ဘဲ ဒိုင်လုပ်တာ သိပ်ဆိုးတယ်၊ ဦးခေါ်နက ဘယ်လိုလူမျိုးကိုလာပြီး စင်ပေါ်တင်ထားသလဲ မသိဘူး"

ဟု အပြစ်တင်လေ၏။

ဖိုးခေါင်သည် စောဖိုးခွား၏ စော်ကား မော်ကားပြုသောစကားအား မသိကျိုးကျွံပြုနေလိုက်၏။

တစ်ဖက်ရွာသားမှာ အားတင်း၍ လက်ဝှေ့ပွဲကို ပြန်လည်ထိုးသတ်လေ၏။

ထိုလူသည် စောဖိုးခွား၏ အကျင့်စာရိတ္တ မကောင်းမှန်း သိသဖြင့် သတိကြီးစွာ ထားနေရ၏။

ထို့ကြောင့်ပင် စောဖိုးခွားသည် အောက်စည်းမှထိုးသတ်နေရာမှ အပေါ်စီးသို့ ရောက်ရှိလာ၏။ စောဖိုးခွားသည် တစ်ဖက်ရွာသားဘယ်ညာလက်သီးချက်များဖြင့် ထိုးနှက်နေ၏။

သို့သော် တစ်ဖက်ရွာသားမှာ စောဖိုးခွား၏လက်မှရှောင်ပြီး ကြိုးဝိုင်းတစ်ဖက်သို့ လွတ်သွားပြန်၏။

တစ်ချီတွင် စောဖိုးခွားသည် ကြမ်းပေါ်သို့ လိမ့်ချလိုက်သော တစ်ဖက်ရွာသား၏ နံရိုးကို ခြေဖြင့် တအားဆောင့်ကန်လိုက်၏။

စောဖိုးခွား၏ မတရားအပြုအမူကြောင့် တစ်ဖက်ရွာသားမှာ





အလွန်အထိနာသွား၏။

မြန်မာ့လက်ဝှေ့စည်းကမ်းအရ ကြမ်းပြင်ပေါ်သို့ လှဲချလိုက်သူတာ မတိုက်ခိုက်ရချေ။

ဖိုးခေါင်သည် စောဖိုးခွားနှင့် တစ်ဖက်ရွာသားကြားတွင် ဝင်၍

" ဟေ့လူ... ခင်ဗျား မိုက်ရိုင်းလှချည်လား၊ လက်ဝှေ့စည်းကမ်းနားမလည်ဘူးလား၊ မြေပေါ်မှာလှဲနေတဲ့သူကို ခြေထောက်နဲ့ကန်ပြန်ပြီခင်ဗျားကို ကျုပ် ဒုတိယအကြိမ် သတိပေးနေတာနော်၊ ဒီတစ်ကြိမ်ဆိုရင်တော့ ကျုပ် လုံးဝသည်းမခံဘူး၊ တတိယအကြိမ် ကျူးလွန်ရင်တော့ခင်ဗျားကို ကျုပ် အလဲလုပွဲက ထုတ်ပစ်ရလိမ့်မယ် "

ဟု အော်ဟစ်ကြိမ်းမောင်းလေ၏။

ထိုအခါ တစ်ဖက်ရွာသားကို အားပေးသော ပရိသတ်ကလည်း စောဖိုးခွား၏ ယုတ်မာမှုကို အော်ဟစ်ဆူပူ ကန့်ကွက်ကြလေ၏။

ဖိုးခေါင်တို့ ဒိုင်လူကြီးများကိုလည်း အရေးယူပေးရန် အော်ဟစ်တောင်းဆိုကြလေ၏။ ဖိုးခေါင်က စင်ပေါ်မှနေ၍ ပရိသတ်အားလက်ကာပြပြီး နောက်တစ်ကြိမ်ဆိုလျှင် အရေးယူပေးမည်ဖြစ်ကြောင်းအော်ဟစ်ပြောဆိုလေ၏။

ထို့နောက် လက်ဝှေ့ပွဲကို ထပ်မံ၍ ကျင်းပကြပြန်၏။ ပထမအလဲလုပွဲဖြစ်သဖြင့် လက်ဝှေ့သမားနှစ်ဦးစလုံး အပြင်းအထန် ကြိုးစားပြီး ထိုးသတ်ကြ၏။

စောဖိုးခွားသည် လက်ဝှေ့စည်းကမ်းကို ချိုးဖောက်၍ အောက်

www.burmeseclassic.com



တန်းကျကျ တိုက်ခိုက်သော်လည်း တစ်ဖက်ရွာသားမှာ စည်းစနစ်ကျကျ ပြန်လည်တိုက်ခိုက်၏။

ရင်းတို့၏ လက်ဝှေ့ပွဲမှာ တစ်ဦးနှင့်တစ်ဦး အကြိတ်အနယ် ဖြစ်နေလေ၏။ လက်ဝှေ့ပွဲ အချိန်ကြာလာသည်နှင့်အမျှ နှစ်ဦးစလုံး အထိ နာလာ၏။

ကိုယ်ခန္ဓာ၌ ဒဏ်ရာဒဏ်ချက်များလည်း ရရှိလာ၏။ စောဖိုး ခွားသည် တစ်ဖက်ရွာသား၏ တိုက်ခိုက်မှုကြောင့် မျက်စိများ ဖူးယောင် ၍ နေလေ၏။

နှစ်ဦးစလုံး ချွေးသီးချွေးပေါက်များကျပြီး မောဟိုက်ပင်ပန်းနေ ကြ၏။ လက်ဝှေ့ပွဲ၏ နောက်ဆုံးအချိန်သို့ ရောက်ရှိလာသည်နှင့် ထိုးကြိတ်မှုများ ပြင်းထန်လာ၏။

ထိုအခိုက်မှာပင် စောဖိုးခွားသည် ယုတ်မာသော အကြံအစည် ဖြင့် တစ်ဖက်ရွာသား၏ပေါင်ကြားသို့ ခြေဖမိုးဖြင့် လှမ်းခတ်လိုက်၏။ တစ်ဖက်ရွာသားမှာ အော်ဟစ်၍ ကြမ်းပေါ်သို့ လဲကျသွား၏။

ဖိုးခေါင်သည် စောဖိုးခွား၏ အပြုအမူကို သည်းမခံနိုင်တော့ဘဲ ဒိုင်လူကြီးများအား စောဖိုးခွားကို စည်းဝိုင်းမှထုတ်ပစ်ရန် အသိပေးလိုက် ၏။

ပြီးနောက် ဖိုးခေါင်က စောဖိုးခွားရှေ့တွင်ရပ်၍

" ဟေ့လူ... လက်ဝှေ့ကြိုးဝိုင်းပေါ်က ခင်ဗျားဆင်းတော့၊ ခင်ဗျား သုံးကြိမ်သုံးခါတိတိ လက်ဝှေ့စည်းကမ်းကို ဖောက်ဖျက်တယ်၊





ဒိုင်လူကြီးတွေရဲ့ ဆုံးဖြတ်ချက်နဲ့ ခင်ဗျားကို ကျုပ်တို့ လက်ဝှေ့ဆက်ထိုး ခွင့်မပြုတော့ဘူး၊ ပထမအလံကို တစ်ဖက်ရွာသားကိုပဲ ပေးလိုက်တော့ မယ် "

ဟု ပြောလေရာ စောဖိုးခွားသည် ဖိုးခေါင်ကို ဒေါသတကြီး ကြည့်၍

" ဘာ... လက်ဝှေ့မထိုးဘဲနဲ့ ဘာကြောင့် တစ်ဖက်ရွာသား ကို ပထမအလံကို ပေးရမှာလဲ၊ ကျုပ်ကို ကြိုးဝိုင်းက ထုတ်ပစ်တာ လုံးဝ သတ်မခံနိုင်ဘူး "

ဟု ပြောလေ၏။ ထိုအခါ ဖိုးခေါင်က စောဖိုးခွားကို ကြည့်၍

" ဟေ့လူ... ကြိုးဝိုင်းဒိုင်တွေအားလုံး ခင်ဗျားကို မထောက်ခံ တော့ဘူး၊ ပထမအလံကို တစ်ဖက်ရွာသားကိုပဲ ပေးလိုက်တော့မယ် "

ဟု ပြောလေ၏။ ဖိုးခေါင်၏စကားကြောင့် စောဖိုးခွားက ဒေါသ တကြီးဖြင့်

" ဟေ့လူ... ခင်ဗျား အတော်လူတွင်ကျယ်လုပ်ပါလား၊ ကျုပ် တို့ ရွာကို ဘာအောက်မေ့လဲ၊ ခင်ဗျား ဒီနေ့ပွဲမှာ ကျုပ်ကို သက်သက် ရန်ရှာနေတယ် "

ဟု အော်ဟစ်ပြောဆိုလေ၏။ ထိုအခါ ဖိုးခေါင်က လက်သီး ဆုပ်၍

" ဒီမှာ ငါက ဦးဒေါနကိုယ်စား ဒိုင်အဖြစ် တာဝန်ယူတဲ့ ကောင်ကွ၊ ဒိုင်က ထိုးသားကို ရန်ရှာစရာအကြောင်းမရှိဘူး၊ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



မတရားလုပ်လို့ ဒီလို အရေးယူရတာ ''

ဟု အော်ဟစ်ပြောဆိုလေ၏။

စောဖိုးခွား၏ အချို့တပည့်များသည် ကြိုးဝိုင်းပေါ်သို့ တွယ်တက်ကာ ဖိုးခေါင်အား အော်ဟစ်ဆဲဆိုကြ၏။

ထိုအခါ လက်ဝှေ့ပွဲမှ ထုတ်ပယ်ခံရသော စောဖိုးခွားသည် ပို၍ ဒေါသူပုန်ထသွားပြီး

'' ကျုပ်ကို ရန်ရှာတဲ့ကောင် သေပေတော့ ''

ဟု ကြိုးဝါးကာ ဖိုးခေါင်အား လက်သီးဖြင့် ဆင့်ကာ ဆင့်ကာ ထိုးလေ၏။ လက်ဝှေ့ကြည့်ရှုနေသော ပရိသတ်များက ရုတ်ရုတ်သဲသဲ ဖြစ်သွားလေ၏။

ဖိုးခေါင်နှင့် ဒိုင်အဖြစ်ပါဝင်ရသော လက်ဝှေ့သမားအဖိုးကြီးမှာ စောဖိုးခွားအား ဝင်ရောက်ဆွဲလေ၏။ သို့သော် စောဖိုးခွားမှာ မုန်ယိုနေသော ဆင်တစ်ကောင်ကဲ့သို့ ဖိုးခေါင်အား တရကြမ်းထိုးကြိတ်ရန် ကြိုးပမ်းလေ၏။

ဖိုးခေါင်သည် မြန်မာ့ရိုးရာ ကိုယ်လုံ့ပညာကို ကျွမ်းကျွမ်း ကျင်ကျင် တတ်မြောက်၏။ ထို့ကြောင့် စောဖိုးခွား၏လက်သီးချက်များကို ထူးခြွေရှောင်ကွယ်လိုက်ပြီး စောဖိုးခွားအား

'' ဟေ့လူ... ရပ်လိုက်စမ်း ''

ဟု အော်ဟစ်လေ၏။

သို့သော် စောဖိုးခွားမှာ ဒေါသစိတ်မုန်ယိုနေသဖြင့် ဖိုးခေါင်ကို





လက်သီးဖြင့် ထိုးကြိတ်ရန်သာ ကြိုးစားလေ၏။ ဖိုးခေါင်သည် စောဖိုးခွား၏ လက်သီးချက်များကို အေးဆေးစွာဖြင့် ရှောင်တိမ်းလိုက်နိုင်၏။

ထိုအခါ ပွဲကြည့်ပရိသတ်သည် ဖိုးခေါင်နှင့် စောဖိုးခွားတို့၏ တိုက်ခိုက်မှုများကို သဘောကျပြီး လက်ဝှေ့ပွဲတစ်ပွဲကြည့်နေသလို ခံစားရ၏။

ဖိုးခေါင်၏တိုက်ခိုက်မှုများကို ငေးကြည့်နေကြသော ဒိုင်လူကြီးများသည် လက်ဝှေ့ပွဲကို တားဆီးရန်ပင် မေ့လျော့နေကြ၏။ စောဖိုးခွား၏ တိုက်ခိုက်မှုများကို ကာကွယ်နိုင်သော ဖိုးခေါင်အား တအံ့တသြ ချီးကျူးကြလေ၏။

ဖိုးခေါင်သည် စင်ပေါ်တွင် လှည့်ပတ်ရှောင်တိမ်းရင်း

'' ရပ်လိုက်နော်... ရပ်လိုက်၊ ကျုပ်ပြန်ပြီးလုပ်ရင် အဆိုးမဆို ''

ဟု တားဆီးလေ၏။

သို့သော် စောဖိုးခွားမှာ ဖိုးခေါင်အား တရကြမ်း တိုက်ခိုက်လေ၏။

ဖိုးခေါင်သည် စင်ပေါ်တွင် လှည့်ပတ်နေရာမှ စိတ်မရှည်နိုင်တော့သဖြင့် လေထဲသို့ ဆတ်ခနဲခုန်တက်၍ စောဖိုးခွား၏နဖူးအား ဖနောင့်ဖြင့် ပေါက်ထည့်လိုက်ရာ စောဖိုးခွားသည် အားခနဲအော်ဟစ်၍ ကြမ်းပေါ်သို့ ဝုန်းခနဲလဲကာ မေ့မြောကျသွားလေ၏။

ထိုအခါ ပွဲကြည့်ပရိသတ်အများစုသည် အလွန်သဘောကျ



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး ဖိုးခေါင်အား လက်ခုပ်လက်ဝါးတီးကာ အားပေးကြလေ၏။

လက်ဝှေ့ပွဲတွင် အနိုင်ရသော တစ်ဖက်ရွာမှလူသည် ဖိုးခေါင်၏ ပခုံးကိုဖက်၍ ကျေးဇူးတင်စကား အကြိမ်ကြိမ်ပြောဆိုလေ၏။

ထိုနေ့က လက်ဝှေ့ပွဲတွင် ပထမအလံကို တစ်ဖက်ရွာသား ရရှိသွားလေ၏။ ရွာရှိလူများသည် စောဖိုးခွားရှုံးနိမ့်သွားသော်လည်း ဝမ်းနည်းခြင်းမရှိဘဲ တစ်ဖက်ရွာသားကို အားပေးလိုကြ၏။

ရွာသူရွာသားများသည် ရိုးသားဖြူစင်သော စိတ်ဓာတ်ရှိသဖြင့် စောဖိုးခွား၏ ယုတ်ညံ့သောစိတ်ဓာတ်ကို မနှစ်သက်ကြချေ။

ထိုနေ့ညက စောဖိုးခွားတို့လူစုသည် များစွာ မကျေမနပ်ဖြစ်ပြီး လက်ဝှေ့ပွဲမှ ပြန်သွားကြလေတော့၏။

ဦးဒေါနသည် ရက်အနည်းငယ်ကြသောအခါ ရွာသို့ ပြန်လည်ရောက်ရှိလာ၏။

ဦးဒေါနက လက်ဝှေ့ပွဲအခြေအနေ အရပ်ရပ်ကို ကြားရသောအခါ ဖိုးခေါင်၏လုပ်ရပ်ကို ချီးကျူးလေ၏။ ဦးဒေါနက

'' မင်းရဲ့လုပ်ရပ်ကို ငါထောက်ခံတယ် ဖိုးခေါင်၊ ငါ့ရဲ့အလံလုပွဲတွေမှာ ဒီလိုမတရားမှုတွေ မရှိစေရဘူး၊ တစ်နယ်လုံးက လူတွေ တရားမျှမျှတတနဲ့ ယှဉ်ပြိုင်တဲ့ပွဲမှာ ကောက်ကျစ်တဲ့နည်းနဲ့ အနိုင်ယူတဲ့လူကို အလံပေးအပ်လိုက်တယ်ဆိုရင် ဒီအလံကို ဘယ်သူမှ လေးစားမှာမဟုတ်တော့ဘူး၊ တရားမျှတမှုမရှိတဲ့အလံဟာ တန်ဖိုးမရှိဘူး၊ ဒါကြောင့် မင်းရဲ့လုပ်ရပ်ကို ငါ ထောက်ခံတယ် ''





ဟု ပြောဆိုချီးကျူးလေ၏။ ဖိုးခေါင်က သက်ပြင်းချ၍

'' ဒါပေမဲ့ စောဖိုးခွားတို့လူစုက ကျုပ်ကို အတော် မကျေမချမ်းဖြစ်သွားတယ်၊ မမျှော်လင့်ဘဲ ကျုပ် သူနဲ့တိုက်ခိုက်လိုက်ရတယ်၊ ဒီအတွက် ကျုပ်စိတ်မကောင်းပါဘူး။ ကျုပ် သူ့ကို အကြိမ်ကြိမ်သည်းခံပါသေးတယ် ''

ဟု ပြောလေ၏။ ထိုအခါ ဦးဒေါနက မျက်မှောင်ကြုတ်၍

'' စောဖိုးခွားတို့လူစုဟာ အင်အားတောင့်တင်းတာတော့ မှန်ပါတယ်၊ ဒါပေမဲ့ ငါ့ဆီမှာရှိနေသရွေ့တော့ မင်း သူတို့အန္တရာယ်ကို စိုးရိမ်စရာမလိုပါဘူး။ တစ်ခုတော့ရှိတယ်၊ ရွာထဲမှာ မင်းနေလို့ မဖြစ်ဘူး ''

ဟု ပြောလေ၏။ ဦးဒေါန၏စကားကြောင့် ဖိုးခေါင်က မျက်မှောင်ကြုတ်၍

'' ရွာထဲမှာမနေရဘူးဟုတ်လား၊ ဘယ်လိုအန္တရာယ်တွေရှိလို့လဲ ''

ဟု မေးမြန်းလေ၏။ ထိုအခါ ဦးဒေါနက အဝေးဆီသို့ကြည့်၍

'' ကြယ်တံခွန်ဂိုဏ်းသားတွေရဲ့ အန္တရာယ်ပဲပေါ့၊ ကြယ်တံခွန်ဂိုဏ်းချုပ် သီရိမာလာကို လျှော့တွက်လို့မရဘူး ''

ဟု ပြောလေ၏။ ဖိုးခေါင်က နားမလည်ဟန်ဖြင့် ကြည့်၍

'' ကြယ်တံခွန်ဂိုဏ်းဟာ ဒီလောက်ဝေးလံတဲ့နေရာကိုလာပြီး ကျုပ်ကို ရန်ပြုနိုင်ပါ့မလား။ ဦးဒေါန အစိုးရိမ်လွန်နေပြီထင်တယ် ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ထိုအခါ ဦးဒေါနက ခေါင်းခါယမ်းလိုက်၍

" ကြယ်တံခွန်ဂိုဏ်းက မင်းနောက်ကို နောက်ယောင်ခံမလိုက်ဘူးလို့ ပြောနိုင်မလား။ သူတို့ရဲ့အဆက်အသွယ်တွေက မြန်မာပြည်အနှံ့မှာ ရှိတယ်ကွ၊ သတိဆိုတာ ပိုတယ်လို့မရှိဘူး "

ဟု ပြောလေ၏။ ဖိုးခေါင်က မျက်မှောင်ကြုတ်၍

" နေပါဦး... ဒီရွာမှာမနေရင် ကျုပ်က ဘယ်မှာသွားနေရမှာလဲ "

ဟု မေးလေ၏။ ဦးဒေါနက အဝေးဆီသို့ ငေးကြည့်၍

" မင်း မကြာခင်သိရမှာပါ၊ အဲဒီနေရာကို ညနေကျရင် မင်း ခေါ်သွားပါ့မယ် "

ဟု ပြောလေ၏။

ဖိုးခေါင်သည် ဦးဒေါန၏ ပဟေဠိဆန်သော စကားကို နား မလည်နိုင်ဘဲ ရှိနေ၏။

ဦးဒေါနသည် ညနေသို့ရောက်သောအခါ ဖိုးခေါင်အား ရွာအပြင် သို့ ခေါ်သွား၏။

ရွာကို လွန်မြောက်ပြီးသောအခါ တောင်ကုန်းမြင့်ကြီးတစ်ခုဆီ သို့ တက်သွားလေ၏။ ဖိုးခေါင်သည် ဘုမသိဘမသိဖြင့် ဦးဒေါန အနောက်မှ လိုက်ခဲ့၏။

ဖိုးခေါင်တို့သည် တောင်ပေါ်သို့ တဖြည်းဖြည်း တက်ခဲ့၏ တောင်ပေါ်သို့ရောက်သောအခါ လေတဟူးဟူးတိုက်နေသော ချော





ကမ်းပါးကြီးကို တွေ့ရ၏။

ဦးဒေါနက ဖိုးခေါင်ကို လက်ဖြင့်ညွှန်ပြရင်း

" အဲဒီချောက်ကမ်းပါးအစပ်ကို သွားကြည့်စမ်း "

ဟု ပြောလေ၏။ ဖိုးခေါင်သည် ချောက်ကမ်းပါးကြီးအစပ်ကို သွားကြည့်သောအခါ အောက်၌ အသူတရာနက်သော ချောက်ကြီးကို တွေ့ရ၏။

ချောက်ကြီး၏အောက်ခြေကိုပင် မမြင်ရချေ။ ဦးဒေါနသည် ချောက်၏တစ်နေရာသို့သွားပြီး ကျောက်တုံးကြီး၏အနောက်သို့ တွယ်ကပ်၍ ဆင်းလိုက်၏။

ဖိုးခေါင်သည် ဦးဒေါန၏အပြုအမူကြောင့် ရင်ထိတ်သွားပြီး

" ဦးဒေါန သတိထား၊ ပြုတ်ကျသွားဦးမယ် "

ဟု သတိပေးလိုက်လေ၏။ ထိုအခါ ဦးဒေါနက ကြောက်ရွံ့ဟန် မရှိဘဲ

" ဖိုးခေါင်... မင်း ငါ့နောက်ကလိုက်ခဲ့ "

ဟု အမိန့်ပေးလိုက်လေ၏။

ဖိုးခေါင်သည် ဦးဒေါနအနောက်မှ လိုက်ခဲ့ရလေ၏။ ထိုအခါ ကျောက်တုံးကြီးအနောက်၌ ခြေဖဝါးချစရာနေရာလေးရှိကြောင်း တွေ့ရ၏။

ဖိုးခေါင်သည် ထိုနေရာလေးမှ ဦးဒေါနအနောက်သို့ လိုက်ခဲ့ရာ အောက်သို့ဆင်းနိုင်သော လှိုဏ်ဂူလမ်းကလေးကို တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် လမ်းကလေးမှာ အတော်သေးငယ်လှသဖြင့် လူ၏ကိုယ်ခန္ဓာ ယိမ်းယိုင်သွားလျှင် ချောက်ထဲသို့ကျသွားပြီး အန္တရာယ်ရှိ၏။

သို့ရာတွင် ဦးဒေါနမှာမူ ထိုလမ်းကို ကျွမ်းကျင်နေပုံရ၍ ရှေ့မှ ဦးဆောင်ပြီး တရွေ့ရွေ့သွားနေ၏။

အတန်ကြာအောင် သွားလာပြီးနောက် ဦးဒေါနသည် လိုဏ်ခေါင်းတစ်ခု၏အတွင်းသို့ ဝင်သွားလေ၏။

ဖိုးခေါင်သည် ဦးဒေါနအနောက်မှ လိုက်သွားရာ ချောက်ကမ်းပါးအစပ်တွင် သဘာဝအတိုင်းရှိနေသော လိုဏ်ဂူငယ်လေးတစ်လုံးကို တွေ့ရလေ၏။

ဦးဒေါနက လိုဏ်ဂူပတ်ဝန်းကျင်ကို လက်ဖြင့်ညွှန်ပြ၍

'' ဒီလိုဏ်ဂူကို လူသူအရောက်အပေါက် မရှိသလောက်ဘဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုဏ်ဂူကိုရောက်ချင်ရင် ချောက်ကမ်းပါးကြီးက တွယ်ကပ်ဆင်းရမယ်၊ လေတဟူးဟူးတိုက်ပြီး အန္တရာယ်များတဲ့ ချောက်ကမ်းပါးကြီးကနေ လူသာမန်တွေဆင်းဖို့ မဖြစ်နိုင်ဘူး၊ ငါတောင် ဒီသဘာဝလိုဏ်ဂူလေးကို အတော်ကံကောင်းလို့ တွေ့ရတာကွ ''

ဟု ပြောလေ၏။

ထိုအခါ ဖိုးခေါင်က မျက်မှောင်ကြုတ်၍

'' ဦးဒေါနက ဒီလိုဏ်ဂူကို ဘာရည်ရွယ်ချက်နဲ့လာတာလဲ''

ဟု မေးမြန်းလေ၏။ ထိုအခါ ဦးဒေါနက ခေါင်းခါယမ်း၍





'' အစိကကတော့ ငါတရားကျင့်ကြံဖို့ကွ၊ အရင်တုန်းက အေးအေးဆေးဆေး ရွာပြင်ထွက်ပြီး တရားကျင့်ကြံတယ်၊ ဒါပေမဲ့ အပြင်မှာ ထင်းခုတ်တဲ့လူတွေ၊ အမဲလိုက်တဲ့လူတွေနဲ့ အမြဲကြုံတယ်၊ ဒါကြောင့် သမာဓိရဖို့မလွယ်ဘူး၊ ဒါကြောင့် ငါဟာ တရားကျင့်ကြံဖို့ ထိုက်ရာရင်းနဲ့ ဒီလိုဏ်ဂူကို တွေ့တာပဲ၊ တစ်ခါတရံမှာ ငါဟာ ရက်ရှာ အဖြည့်အစုံနဲ့ ဒီလိုဏ်ဂူထဲမှာ တရားကျင့်ကြံဖူးတယ် '

ဟု ဆိုကာ လှိုဏ်ဂူကြီးအတွင်းဘက်သို့ ရှေ့မှဦးဆောင်၍ ဝင်သွားလေ၏။

လိုဏ်ဂူ၏ တစ်နေရာ၌ အိပ်စက်ရန် စောင်၊ ခြင်ထောင်၊ ခေါင်းအုံးများကို တွေ့ရလေ၏။ ထို့အပြင် လိုဏ်ဂူထဲ၌ ဆန်၊ ဆီ၊ ဆား၊ အိုးခွက်၊ ပန်းကန်များကို တွေ့ရ၏။

ဖိုးခေါင်က လိုဏ်ဂူကို သဘောကျဟန်ဖြင့် ကြည့်၍

'' အင်း... လူတစ်ယောက်ဟာ ဒီလိုဏ်ဂူထဲမှာ ရက်တွေအများကြီး ခိုအောင်းပြီး နေနိုင်တာပဲ ''

ဟု ပြောလေ၏။ ထိုအခါ ဦးဒေါနက

'' ဒါတင်မကသေးဘူးကွ၊ ဟောဒီမှာကြည့် ''

ဟု ဆိုကာ သေတ္တာငယ်လေးဖြင့် သိမ်းဆည်းထားသော ဆေးပုလင်းမျိုးစုံကို တွေ့ရလေ၏။

ဖိုးခေါင်က လိုဏ်ဂူကို မျက်လုံးဝေ့ကြည့်၍

'' ဦးဒေါနက ဘာဖြစ်လို့ လိုဏ်ဂူကို ဒီလောက်ပြင်ဆင်ထား



www.burmeseclassic.com

www.burmeseclassic.com



တာလဲ ''

ဟု မေးမြန်းလေ၏။ ဦးဒေါနက

'' ဒီလိုဏ်ဂူထဲမှာ အံ့လွန်လျှို့ဝှက်တဲ့ အကြောင်းတစ်ရ

ရှိတယ်၊ ဒီအကြောင်းတွေကို မင်းကို အေးအေးဆေးဆေး ပြောပြ

မယ် ''

ဟု ဆိုကာ ရေနွေးအိုးတည်လေ၏။

ရေနွေးအိုးဆူသောအခါ လက်ဖက်ခြောက်ခတ်ပြီး ရေနွေးကြမ်း

ငိုင်းဖွဲ့လေ၏။

ဦးဒေါနက ရေနွေးကြမ်းတစ်ခွက်ကိုငှဲ၍သောက်လိုက်ပြီး

'' ဒီလိုဏ်ဂူလေးကို တရားကျင့်ကြဖို့ ရှာဖွေတယ်ဆိုတာလည်

မှန်တယ်၊ ဒါပေမဲ့ ငါ့မှာ ဒီလိုဏ်ဂူကို အသုံးချဖို့ ရည်ရွယ်ချက်တစ်

ရှိသေးတယ်၊ အဲဒီရည်ရွယ်ချက်က ကြယ်တံခွန်ဂိုဏ်းနဲ့ ပတ်သက်

တယ် ''

ဟု ပြောလေရာ ဖိုးခေါင်သည် ဦးဒေါနကိုကြည့်၍ အလွ

အံ့ဩသွားလေ၏။ ဖိုးခေါင်က ဦးဒေါနကို နားမလည်နိုင်ဟန်ဖြင့် ကြည့်၍

'' ဟင်... ဦးဒေါနလိုလူကလည်း ကြယ်တံခွန်ဂိုဏ်းနဲ့

ပတ်သက်နေတယ် ဟုတ်လား၊ ကျုပ်တော့ နားမလည်နိုင်တော့ဘူ

ရှင်းပြပါဦး ''

ဟု မေးမြန်းလေ၏။

ထိုအခါ ဦးဒေါနက သက်ပြင်းချ၍





'' တကယ်တော့ ကျုပ်လိုလူဟာ ကြယ်တံခွန်ဂိုဏ်းနဲ့ ပတ်သက်စရာ သိပ်ပြီးတော့မရှိဘူး၊ ဒါပေမဲ့ ကျုပ်နဲ့ မင်းအဖေ ဦးဖိုးမှန်နဲ့ အလွန်ရင်းနှီးတဲ့မိတ်ဆွေတွေ ဖြစ်နေတာကြောင့် ကျုပ်ဟာ မရှော်လင့်ဘဲ ကြယ်တံခွန်ဂိုဏ်းနဲ့ ပတ်သက်ခဲ့ရတယ်၊ တကယ်တော့ ကြယ်တံခွန်ဂိုဏ်းနဲ့ကျုပ်ဟာ မင်းအဖေရဲ့ပယောဂလို့လည်း ပြောလို့ရတယ်၊ မင်းအဖေနဲ့ ငါဟာ အလွန်ရင်းနှီးတဲ့ မိတ်ဆွေတွေဆိုတော့ သူတို့လျှို့ဝှက်ချက်တွေ အကုန်လုံး ငါသိတယ်၊ သူဟာ ကြယ်တံခွန်ဂိုဏ်းက အလွန်အရေးကြီးတဲ့ ဂိုဏ်းချုပ်တံဆိပ်ရွှေကြယ်ကို ခိုးယူခဲ့တာလည်း ငါသိတယ်၊ မင်းအဖေဟာ သူ့ရဲ့ဂုဏ်သိက္ခာနဲ့လဲပြီး ကြယ်တံခွန်ဂိုဏ်းအတွက် တာကွယ်ပေးခဲ့တာပဲ၊ ရွှေကြယ်တံဆိပ်သာ ဂိုဏ်းချုပ်သီရိမာလာလက်မှာ ရှိနေခဲ့ရင် ဂိုဏ်းဝင်တွေ အတော်ဖိနှိပ်ခဲ့ရမှာပဲ၊ မင်းအဖေဟာ ကြယ်တံခွန်ဂိုဏ်းမှာရှိစဉ်တုန်းက ဂိုဏ်းရဲ့ ပေစာ၊ ပုရပိုက်စာတွေကို ထိန်းသိမ်းရတာလေ၊ ဒါကြောင့် ဂိုဏ်းရဲ့လျှို့ဝှက်တဲ့ကိစ္စတော်တော်များများကို မင်းအဖေသိနေတယ်၊ ကြယ်တံခွန်ဂိုဏ်းမှာ အလွန် အလေးအနက်ထားရတဲ့ ကျမ်းစာတစ်စောင်ရှိနေတယ်ဆိုပဲ၊ အဲဒီကျမ်းဟာ တရုတ်ပြည်က ပညာရှင်ကြီးတစ်ယောက်ရေးသားတဲ့ကျမ်းပဲ၊ အဲဒီကျမ်းမှာ သမထတို့၊ စိတ်စွမ်းအင်တို့ အများကြီးပါတယ်၊ အဲဒီတရုတ်ပညာရှင်ကြီးရဲ့ ကျမ်းကို ကြယ်တံခွန်ဂိုဏ်းရဲ့ဂိုဏ်းချုပ် ဦးသာအိုးရဲ့လက်ထက်မှာ မြန်မာပြန်ဆိုပြီးတော့ ရေးသားထားတယ်၊ ကြယ်တံခွန်ဂိုဏ်းရဲ့ ခေါင်းဆောင်တော်တော်များများဟာ ဒီကျမ်းထဲမှာပါတဲ့ သမထကျင့်စဉ်



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ စိတ်စွမ်းအင် ကျင့်စဉ်တွေကို လေ့ကျင့်ခဲ့ကြတယ်၊ ဒါပေမဲ့ အောင်မြင်ပေါက်မြောက်တဲ့အထိတော့ ဖြစ်တဲ့လူနည်းတယ်၊ အဲဒီကျမ်းကို မြန်မာပြန်ဆိုတဲ့ ဦးသာအိုးတစ်ယောက်သာ အတော်လေး စိတ်စွမ်းအင် ပေါက်မြောက်သွားတယ်၊ ဦးသာအိုးဟာ လူတွေ အတော်များများကို စိတ်ညှို့တတ်တယ်ဆိုပဲ၊ ဒီကျမ်းထဲက စိတ်စွမ်းအင်နဲ့ ပတ်သက်တဲ့ ကျင့်စဉ်တွေဟာ အလွန်လေးနက်တဲ့အတွက် မသမာသူတွေလက်ထဲရောက်သွားရင် အလွန်အန္တရာယ်ကြီးတယ်လို့ ဆိုတယ်၊ မင်းဖခင် ဦးဖိုးမှန်ဟာ ဒီကျမ်းကို သီရိမာလာလက်ထဲရောက်မှာ အလွန်စိုးရိမ်တယ်၊ သီရိမာလာသာ ဒီစိတ်စွမ်းအင်ကျင့်စဉ်တွေကို အောင်မြင်သွားရင် ကျားကို အတောင်တပ်ပေးလိုက်သလို ဖြစ်လိမ့်မယ်၊ နောက်ပြီး ဒီစွမ်းအင်တွေကို အားကိုးပြီး သူဟာ လူတွေကို အမျိုးမျိုး ဒုက္ခပေးလိမ့်မယ်၊ မင်းအဖေဟာ ကြယ်တံခွန်ဂိုဏ်းသားတွေရဲ့ လျှို့ဝှက်လိုဏ်ဂူကြီးက ထွက်လာပေမဲ့ သူဟာ ဒီကျမ်းနဲ့ပတ်သက်လို့ တရုတ်ပညာရှင်ကြီးရေးတဲ့ ကျမ်းကို သူ့ဆီက ငါကြားဖူးတယ်၊ နောက်ဆုံးမှာ ငါဟာ လျှို့ဝှက်လိုဏ်ဂူကိုသွားပြီး ဒီကျမ်းကြီးကို ခိုးယူဖို့ ကြံစည်ခဲ့တယ်၊ ဒီအကြောင်းကို ပထမ မင်းအဖေ ဦးဖိုးမှန်ကို အသိမပေးခဲ့ဘူး၊ ကျမ်းကြီးကိုခိုးလာမှာပဲ မင်းအဖေသိခဲ့ရတယ်၊ သူဟာ ဒီကျမ်းကြီးကို ငါယူဆောင်လာတဲ့အတွက် အင်မတန်ဝမ်းသာတယ်၊ ကြယ်တံခွန်ဂိုဏ်းရဲ့အရေးပါတဲ့ကျမ်းကို ငါသွားခိုးတာဟာ ငါ့ရဲ့ကိုယ်ကျိုးအတွက် မဟုတ်ဘူး၊ စိတ်စွမ်းအင်တို့၊ သမထတို့စတဲ့ ကျင့်စဉ်တွေကိုလည်း ငါ





သိပ်စိတ်မဝင်စားဘူး၊ ငါဟာ ဝိပဿနာ တရားသက်သက်ကိုပဲ လေ့ကျင့်တဲ့ လူတစ်ယောက်ပဲ၊ ကြယ်တံခွန်ဂိုဏ်းရဲ့ အရေးပါတဲ့ ကျမ်းကို ခိုးယူရတာဟာ ငါ့ရဲ့စွန့်စားလိုတဲ့စိတ်ကြောင့်လည်း ဖြစ်တယ်၊ ငါ အသက်ကြီးနေပေမဲ့ ဒီနေ့ထိ စွန့်စားခန်းဖွင့်ချင်နေတုန်းပဲ ”

ဟု ပြောလေ၏။ ထိုအခါ ဖိုးခေါင်က စိတ်ဝင်စားဟန်ဖြင့်

“ နေပါဦး... ဦးဒေါန ကြယ်တံခွန်ဂိုဏ်းက ခိုးယူလာတဲ့ကျမ်းကို ဘယ်မှာထားသလဲ ”

ဟု မေးမြန်းလေ၏။ ထိုအခါ ဦးဒေါနက ရယ်မော၍

“ ဟား ဟား ဟား... ငါဟာ ကြယ်တံခွန်ဂိုဏ်းက ခိုးယူလာတဲ့ကျမ်းကို ဒီလိုဏ်ဂူကြီးထဲမှာပဲ ထားတယ်၊ ဒါကြောင့် ဒီလိုဏ်ဂူကြီးဟာ အဓိပ္ပါယ်ရှိတယ်လို့ ပြောတာပေါ့၊ ကြယ်တံခွန်ဂိုဏ်းချုပ် ဦးသာအိုးဟာ ဒီကျမ်းကို မူရင်း တရုတ်ဘာသာကနေ မြန်မာဘာသာပြန်တာ၊ ကုန်းဘောင်ခေတ်ဦးလောက်ကွ၊ ဒါကြောင့် နှစ်တွေကြာလာတော့ ဒီစာအုပ်ဟာ ပိုးကိုက်ချစားတောင်ဖြစ်နေပြီ၊ ဒါကြောင့် ငါကိုယ်တိုင် ငါ့ရဲ့လက်ရေးနဲ့ စာအုပ်အသစ် ပြန်ရေးထားတယ် ”

ဟု ပြောလေ၏။ ထိုအခါ ဖိုးခေါင်က ခေါင်းညိတ်၍

“ ဒါဆိုရင်တော့ ကြယ်တံခွန်ဂိုဏ်းရဲ့ အထင်ကရကျမ်းဟာ နှစ်အုပ်တောင် ဖြစ်နေပြီပေါ့ ”

ဟု ပြောလေ၏။ ထိုအခါ ဦးဒေါနက ခေါင်းညိတ်၍

“ ဟုတ်တယ်၊ ကျမ်းစာအုပ်နှစ်အုပ်စလုံး လိုဏ်ဂူထဲမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



သိမ်းထားတယ်၊ ငါဟာ စိတ်စွမ်းအင်တို့ သမထတို့ကို ဝါသနာမပါဘူး။ ဒါကြောင့် ကြယ်တံခွန်ဂိုဏ်းရဲ့ အထွတ်အမြတ်ထားတဲ့စာအုပ်ဆိုတော့ လေ့လာချင်စိတ်တွေ ဖြစ်ပေါ်ပြီး စာအုပ်ထဲက နည်းလမ်းတွေကို လေ့လာကြည့်တယ်၊ ဒါပေမဲ့ ဝံ့မှာ ပါရမီနည်းလို့လားမသိဘူး၊ ငါ ဘယ်လိုမှကျင့်လို့မရဘူး ''

ဟု ပြောလေ၏။ ဖိုးခေါင်က

'' ကြယ်တံခွန်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်တစ်ယောက်မှ လေ့လာလို့မရဘူးလား ''

ဟု ပြောလေ၏၊ ဦးဒေါနက ခေါင်းခါယမ်း၍

'' မင်းအဖေရဲ့ ပြောစကားအရဆိုရင် ဦးသာအိုးနောက်က ဂိုဏ်းချုပ်တစ်ယောက်မှ ဒီကျမ်းထဲကကျင့်စဉ်တွေကို ကျင့်ကြံလို့မရဘူး။ ဘာပဲဖြစ်ဖြစ် ဂိုဏ်းချုပ်သိရှိမှာလာလို ဆိုးသွမ်းတဲ့မိန်းမတစ်ယောက် ဒီကျမ်းထဲက ကျင့်စဉ်တွေကို ကျင့်မိသွားရင် ငါတို့တိုင်းပြည်ရဲ့အနာဂတ် မကောင်းဘူးကွ၊ သူဟာ အလိုလောဘကြီးတဲ့မိန်းမ၊ သူလိုချင်တာရှိရင် ဘနဖူးတောင် သိုက်တူးမဲ့မိန်းမမျိုးကွ၊ ဒါကြောင့် ကျုပ်က စိုးရိမ်လွန်းပြီး ဒီကျမ်းကို ခိုးယူခဲ့တာပဲ၊ တကယ်တော့ ကျုပ်ဟာ ကြယ်တံခွန်ဂိုဏ်းသား တစ်ယောက်လည်းမဟုတ်ဘူး ''

ဟု ပြောလေ၏။ ထိုအခါ ဖိုးခေါင်က ခေါင်းတဆတ်ဆတ်ညိတ်၍

'' ဦးဒေါနရဲ့စိတ်ဓာတ်ကို ချီးကျူးပါတယ်ဗျာ၊ တကယ်တော့ ကျုပ်တို့တိုင်းပြည်ကြီး အေးချမ်းဖို့အတွက် ကြယ်တံခွန်ဂိုဏ်းသားမှ မဟုတ်ဘူး၊ အားလုံးမှာ တာဝန်ရှိပါတယ်ဗျာ၊ ဒါနဲ့နေစမ်းပါဦး၊ ကျုပ်ကို ဒီလိုဏ်ဂူကြီးမှာ ထားရတဲ့အကြောင်းကို ပြောစမ်းပါ ''

ဟု မေးမြန်းလေ၏။ ထိုအခါ ဦးဒေါနက ခေါင်းညိတ်၍

'' ကြယ်တံခွန်ဂိုဏ်းဟာ သူတို့ အလေးအမြတ်ထားရတဲ့ ကျင့်စဉ်ကျမ်းကြီး ပျောက်ဆုံးသွားတဲ့အတွက် မင်းအဖေ ဦးဖိုးမှန်ကို သံသယဖြစ်ခဲ့တယ်၊ ဘာကြောင့်လဲဆိုတော့ မင်းအဖေဟာ ကြယ်တံခွန်ဂိုဏ်းရဲ့ အထွတ်အမြတ် ရွှေကြယ်တံဆိပ်ကို ခိုးယူခဲ့တယ်၊ ဒါကြောင့် ကြယ်တံခွန်ဂိုဏ်းရဲ့ အထွတ်အမြတ်ကျမ်းကိုလည်း ခိုးယူလိမ့်မယ်လို့ ထင်ခဲ့တယ်၊ တစ်ကြိမ်ခိုးယူတဲ့လူဟာ နောက်တစ်ကြိမ် ခိုးယူမယ်လို့ ထင်တဲ့သဘောပေါ့ကွာ၊ နောက်ပြီးတော့ မင်းအဖေဟာ ကြယ်တံခွန်ဂိုဏ်းရဲ့ ပေစာ ပုရပိုက်စာတွေကိုလည်း ထိန်းသိမ်းခဲ့ရတယ်၊ ဒါကြောင့် ဒီကျမ်းရဲ့လုံခြုံရေးကို မင်းအဖေ ကောင်းကောင်းရိပ်စားမိခဲ့တယ်၊ ဒီကျမ်းကို ကြယ်တံခွန်ဂိုဏ်းရဲ့ လျှို့ဝှက်လိုဏ်ဂူကြီးထဲမှာ တိတ်တဆိတ် ဖွက်ထားတယ်၊ ဒါကြောင့် မင်းအဖေရဲ့ပြောစကားအရ ဒီလျှို့ဝှက်ကျမ်းကြီးကို ငါခိုးယူနိုင်ခဲ့တယ်၊ ကြယ်တံခွန်ဂိုဏ်းအကြောင်း မသိတဲ့လူဟာ ဒီကျမ်းကိုခိုးဖို့ မဖြစ်နိုင်ဘူး၊ ဒါကြောင့် ကြယ်တံခွန်ဂိုဏ်းရဲ့ စိတ်တန်ခိုးကျမ်း ပျောက်ဆုံးသွားတာဟာ မင်းအဖေရဲ့ပယောဂပါမယ်လို့ သူတို့ယုံကြည်ကြတယ် ''

ဟု ပြောလေ၏။







www.burmeseclassic.com

www.burmeseclassic.com



ဦးဒေါနု၏စကားကြောင့် ဖိုးခေါင်က သက်ပြင်းချ၍

" ဦးဒေါနုတွေးတာလည်း ဖြစ်နိုင်တယ်၊ ဒါဆိုရင်တော့ ကျုပ်ဟာ ဦးဒေါနုတို့မိသားစုအတွက် အန္တရာယ်ကောင်ဖြစ်နေပြီ၊ ကျုပ်ဒီနေရာမှာရှိနေဖို့ မသင့်တော့ဘူး။ ဦးဒေါနုတို့နဲ့ ဝေးတဲ့နေရာမှာ ရှိနေဖို့သင့်နေပြီ "

ဟု ပြောလေ၏။ ထိုအခါ ဦးဒေါနုက ခေါင်းခါယမ်း၍

" ဒီလောက်ကြီးလည်း စိုးရိမ်ဖို့ မလိုပါဘူးကွာ၊ ငါဟာ ရွာမှာ အင်အားအကြီးဆုံးပုဂ္ဂိုလ်ကွ၊ ငါ့ကို ကြည်ညိုလေးစားတဲ့လူတွေ ဒီအနီးအနားပတ်ဝန်းကျင်မှာ အများကြီးရှိတယ်၊ ကြယ်တံခွန်ဂိုဏ်းက ငါ့ကို အလွယ်တကူတော့လည်း မထိခိုက်ရဲပါဘူး "

ဟု ပြောလေ၏။ ဖိုးခေါင်က မျက်မှောင်ကြုတ်၍

" ကြယ်တံခွန်ဂိုဏ်းက လက်မရွံ့လူသတ်သမားတွေ ရှိနေတယ်ဆိုတာ ကျုပ်အဖေရဲ့ဖြစ်ရပ်က သက်သေပဲလေ၊ ဦးဒေါနုတို့မိသား ကျုပ်ပယောဂကြောင့် တစ်ခုခုဖြစ်မှာ ကျုပ်စိုးရိမ်တယ် "

ဟု ပြောလေ၏။ ထိုအခါ ဦးဒေါနုက ခေါင်းညိတ်၍

" ဒါကြောင့် မင်းကို ဒီလိုဏ်ဂူကြီးမှာ ဖွက်ထားဖို့ ကြိုးစား တာပေါ့၊ ချောက်ကမ်းပါးထဲမှာရှိတဲ့ လိုဏ်ဂူကြီးကို ကျုပ်ကလွဲရင် ဘယ်သူမှမသိနိုင်ဘူး၊ ဒါကြောင့် ဒီလိုဏ်ဂူထဲမှာ အနည်းဆုံး သုံးလ လောက်တော့ မောင်ရင်ခိုနားစေချင်တယ်၊ ဒီသုံးလအတွင်း မောင်ရင် ကျုပ်နဲ့ အဆက်အသွယ် လုံးဝမလုပ်ဘူး၊ မောင်ရင့်အတွက် သုံးလ





စားသောက်စရာတွေကို လိုဏ်ဂူထဲကို လျှို့ဝှက်ပြီး ပို့ပေးမယ်၊ သောလောဆယ်တော့ ဒီနည်းက အကောင်းဆုံးပဲ၊ ပြီးတော့မှ ရှေ့ဆက် ဘာဆက်လုပ်ကြမလဲဆိုတာ ကျုပ်တို့ တိုင်ပင်ကြတာပေါ့ "

ဟု ပြောလေ၏။

ဖိုးခေါင်သည် ဦးဒေါနု၏ စကားမှာ နည်းလမ်းကျလှသဖြင့် သတ်ခံရန် ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် သက်ပြင်းရှည်ကြီးကိုချ၍

" ကောင်းပါပြီ၊ ဒီလိုဏ်ဂူကြီးထဲမှာ ကျုပ် သုံးလတိတိ ပုန်း အောင်းနေပါ့မယ်၊ တကယ်တော့ ကြယ်တံခွန်ဂိုဏ်းကို ကျုပ်မကြောက်ပါ ဘူးဗျာ၊ ယောကျ်ားပီပီ တုံးတိုက်တိုက် ကျားကိုက်ကိုက် ရင်ဆိုင်ဝံ့ ပါတယ်၊ ဒါပေမဲ့ အဖေ့ရဲ့ဆန္ဒအရ ရန်ကိုရန်ချင်း မတုံ့နှင်းချင်တဲ့အတွက် ရှောင်ကွင်းရတာပါ "

ဟု ပြောလေ၏။ ဦးဒေါနုက ခေါင်းတဆတ်ဆတ်ညိတ်၍

" ရန်မီးကို ငြိမ်းသတ်နိုင်တာ အကောင်းဆုံးပေါ့ကွာ၊ တကယ် တော့ ကြယ်တံခွန်ဂိုဏ်းချုပ် သီရိမာလာလည်း အသက်အရွယ်ရနေပါပြီ သူတာ ငယ်စဉ်ကလို အသိတရားကင်းမဲ့ပြီး ဆိုးမိုက်နေမယ်လို့ မထင် တော့ဘူး၊ အစွဲချွတ်ပြီးတော့ အများကောင်းကျိုးအတွက် ဆောင်ရွက် ချင် အတော်ကောင်းမှာပဲ၊ ဒီတစ်ညတော့ ကျုပ်နဲ့လိုက်ပြီး ရွာမှာပဲ အိပ်ပါ။ မနက်ဖြန် ညနေကစပြီး ဒီလိုဏ်ဂူကြီးထဲကို မင်းဝင်ရမယ်၊ လိုအပ်တဲ့ စားနပ်ရိက္ခာတွေ၊ ဆေးဝါးတွေကိုတော့ ကျုပ် တဖြည်းဖြည်း ပို့ပေးမယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ လိုဏ်ဂူကြီးမှ တရွေ့ရွေ့ ပြန်လည်တက်ခဲ့ကြ၏။

ထို့နောက် ညမှောင်ရိပ်သန်းစအချိန်တွင် ဦးဒေါနနှင့် ဖိုးခေါင်သည် ရွာသို့ ပြန်လည်ရောက်ရှိခဲ့လေ၏။ ထိုနေ့ညက ဖိုးခေါင်သည် သူ၏ အနာဂတ်ကိုတွေး၍ အိပ်မပျော်ဘဲ ရှိလေ၏။

ထို့ကြောင့် ပြတင်းပေါက်မှ ဖွင့်၍ ခြံထဲသို့ဆင်းထိုင်ကာ လပြည့်ည၏ လဝန်းကြီးကို ကြည့်ရှုနေခဲ့၏။

ထိုအခိုက်မှာပင် အနီးသို့ မရွှေဥရောက်ရှိလာပြီး လာသော ညတွင် အိပ်မပျော်၍ ခြံထဲသို့ဆင်းခဲ့ကြောင်း ပြောလေ၏။ သူမ၏ လက်ထဲ၌ မီးအိမ်နီလေးတစ်လုံး ပါရှိ၏။

ဖိုးခေါင်သည် မီးအိမ်နီလေး၏ အလင်းရောင်ဖြင့် သူမကို ကြည့် လိုက်ရာ လွန်စွာချောမောလှပနေကြောင်း တွေ့ရ၏။ သူမ၏ ဖါးလျား ထားသော ဆံပင်များသည် ကပိုကရိုဖြစ်နေပြီး မျက်နှာပေါ်သို့ ဝဲကျ လေ၏။

ဖိုးခေါင်၏ တစ်သက်တာတွင် မရွှေဥကဲ့သို့ မြင်သူငေးလော အောင် ချောမောလှပသည့် မိန်းမမျိုး မမြင်ဖူးချေ။ သူမသည် ဖိုးခေါင် အရှေ့ရှိ ကျောက်တုံးပေါ်တွင် ဝင်ထိုင်လိုက်ပြီး

" ရှင် မနက်ဖြန်ဆိုရင် ဒီနေရာက ထွက်သွားတော့မယ်ဆို အဖေ တူရားကျင့်ကြံတဲ့လိုဏ်ဂူကြီးမှာ သုံးလလောက်သွားနေရမယ် အဖေကပြောတယ်၊ ရှင် ဂူကြီးထဲမှာ တစ်ယောက်တည်း ပျင်းနေမှာ နော် "





ဟု ပြောလေ၏။ ထိုအခါ ဖိုးခေါင်က မျက်မှောင်ကြုတ်၍

" ဟုတ်တယ်... သုံးလလုံးလုံး လိုဏ်ဂူကြီးထဲမှာနေရမယ် ဆိုရင်တော့ ပျင်းစရာကောင်းမှာ သေချာတယ်၊ ဒါပေမဲ့ ဘာတတ်နိုင်မှာ လဲ ဒီလိုပဲ ကြိုးစားပြီး အချိန်တွေကုန်အောင် ကြိုးစားရမှာပေါ့ "

ဟု ပြောလေ၏။ ထိုအခါ မရွှေဥက ဖိုးခေါင်အား မျက်လုံးရွှဲ ကြီးဖြင့် ကြည့်၍

" ရှင် လိုဏ်ဂူကြီးမှာနေတဲ့အခါ ဘာတွေလုပ်မလဲ "

ဟု မေးမြန်းလေ၏။ ဖိုးခေါင်က

" ကျုပ်ဟာ ဦးဒေါနလိုပဲ ကိုယ်လုံ့ပညာတွေနဲ့ပတ်သက်ရင် အတော်ဝါသနာကြီးတယ်၊ ဒါကြောင့် အားလပ်ချိန်မှာ သိုင်းပညာတွေ လေ့ကျင့်မယ်၊ ကျုပ်ဆရာသင်ကြားခဲ့တဲ့ အတွေးအခေါ်ဒဿနတွေကို ဆန်းသုံးသပ်မယ်၊ ဒါဆိုရင်တော့ ပျင်းစရာကောင်းတဲ့ အချိန်တွေကို ကျော်လွှန်နိုင်မယ် ထင်ပါတယ် "

ဟု ပြောလေ၏။ မရွှေဥက သက်ပြင်းချ၍

" ဘာလိုပဲဖြစ်ဖြစ် ရှင်တစ်ယောက်တည်း ပျင်းနေမှာ သေချာ တယ်၊ ရှင့်ကို ကျွန်မ သတိထားမိတယ်၊ အဖေနဲ့ရှင်ဟာ စိတ်ခေတ်ချင်း အတော်တူတယ်၊ ရှင်တို့နှစ်ယောက်ဟာ ရွာမှာ ကျွန်မတွေ့နေကျ ...မန် ယောကျ်ားတွေနဲ့မတူဘူး၊ ယောကျ်ားတွေဟာ အချိန်တန်ရင် ...ယ်ထွန်တယ်၊ စိုက်ပျိုးရေးတွေလုပ်တယ်၊ သူတို့ဟာ လူ့လောကကြီး ...မှာ သဘာဝကျကျနေထိုင်ခဲ့ကြတယ်၊ ဒါပေမဲ့ ရှင်နဲ့ကျွန်မအဖေက



www.burmeseclassic.com

www.burmeseclassic.com



စွန့်စားခန်းဖွင့်တာ ဝါသနာပါတယ်၊ လူသာမန်တွေလို အေးအေးချမ်းချမ်း မနေချင်ကြဘူး၊ ရဲဝံ့တဲ့ယောကျ်ားတွေဖြစ်ပြီး အန္တရာယ်နဲ့ တွေ့ကစားချင်ကြတယ်၊ အေးအေးချမ်းချမ်းနေရတာကို စိတ်ချမ်းသာပုံ မပေါ်ဘူး ''

ဟု မှတ်ချက်ချလေ၏။ ဖိုးခေါင်က မရွှေဥစကားကြောင့် သက်ပြင်းချ၍

'' သာမန်လူတွေလိုတော့ အချိန်တန်ရင် ပညာသင်၊ စီးပွားတွေရှာ၊ အိမ်ထောင်ပြု၊ ဘုရားကျောင်းကန်တွေသွား၊ ဒီလိုနဲ့ပဲ အချိန်တွေ ကုန်ဆုံးပြီး နောက်ဆုံးမှာ မရှောင်သာတဲ့လမ်းကိုသွား အဲဒါဆိုရင်တော့ လူ့ဘဝဟာ အတော်ပျင်းဖို့ကောင်းမှာပဲ၊ နောက်ပြီး တော့ လူတော်တော်များများဟာ လူ့ဘဝမှာ ရှင်သန်နေတာ အစ္စာ… နဲ့ပဲ အချိန်ကုန်နေတာများတယ်၊ တကယ်တော့ လူ့ဘဝရဲ့ အနှစ်သာရ ဆိုတာ ငါကောင်းဖို့ တစ်ခုတည်းကြောင့် မဟုတ်ဘူး။ လူ့ဘဝရဲ့ အနှစ် သာရက ငါနဲ့အတူ အများကောင်းစားဖို့၊ အများရှင်သန်နိုင်ဖို့ အကူအညီတွေပေးရမယ်လို့ ကျုပ်ထင်တယ်၊ ကျုပ်တို့တိုင်းပြည်ကို ဖိနှိပ်ချုပ်ချယ်တဲ့ နယ်ချဲ့အစိုးရကို ကျုပ်တို့ တွန်းလှန်ရမယ်၊ ကျုပ်တို့ ပြည်သူတွေ ကျန်းမာဖို့၊ ဘဝအဆင့်အတန်း မြင့်မားဖို့ ကိုယ်တတ်စွမ်းသ ဘက်က အကူအညီပေးနိုင်ရမယ်၊ လူ့ဘဝဟာ ဒါမှ အဓိပ္ပါယ်ရှိတယ်လို့ ကျုပ်ထင်တယ်၊ ငါမှငါပဲ၊ ငါတစ်ကိုယ်တည်း ကောင်းစားမယ်ဆိုတဲ့ လူမျိုးကိုတော့ ကျုပ်မလေးစားဘူး၊ ချီးလည်းမချီးကျူးဘူး၊ ဒီလူတွေ…





အစ္စာဝါဒီသက်သက်တွေပဲ ''

ဟု ပြောလေ၏။ မရွှေဥက ဖိုးခေါင်ကို ကြည့်၍ သက်ပြင်းချ လိုက်ပြီး

'' ဟုတ်ပါပြီ၊ ရှင်နဲ့အဖေဟာ အတော်လေး စိတ်ခတ်ချင်း တူတယ်၊ ရှင်တို့နှစ်ယောက် မသိရင် သားအဖလား အောက်မေ့ရ တယ် ''

ဟု ပြောပြီး

'' ကဲ… မှောင်နေပြီ၊ ညဥ့်လည်းနက်လာပြီ၊ ရှင်လည်း အိပ် တော့လေ ''

ဟု ဆိုကာ မီးအိမ်နီလေးကို ဆွဲကိုင်၍ ထွက်သွားလေတော့၏။ ဖိုးခေါင်သည် မရွှေဥ၏နောက်ပိုင်းကိုကြည့်၍ သက်ပြင်းရှည်ကြီးကိုသာ ချလိုက်လေတော့၏။

နောက်တစ်နေ့တွင် ဦးဒေါနသည် ဖိုးခေါင်ကိုခေါ်၍ ရွာမှထွက်ခဲ့ လေ၏။ မရွှေဥသည် အိမ်တံခါးဝ၌ ဖိုးခေါင်တို့၏နောက်ကျောကို ကြည့်၍ ကျန်ရစ်ခဲ့လေ၏။

ဖိုးခေါင်တို့သည် တောင်ကြီးပေါ်သို့တက်၍ ချောက်ကမ်းပါး ကြီးထဲသို့ ဆင်းခဲ့လေ၏။ ၎င်းတို့သည် စားနပ်ရိက္ခာများကို တနိုင်တပိုင် ယူဆောင်သွားလေ၏။

ဆန်နှင့် အသားခြောက်များကို တောင်ကြီးထဲသို့ထည့်၍ ယူဆောင်လာကြ၏။ ဦးဒေါနသည် မကြာခဏ တောထဲသို့ ဝင်လေ့



www.burmeseclassic.com

www.burmeseclassic.com



ရှိသဖြင့် ရွာသူရွာသားများသည် အံ့ဩဟန်မရှိချေ။

ဦးဒေါနသည် လိုဏ်ဂူထဲတွင် လှည့်လည်သွားလာရင် ဖိုးခေါင်အား

" မင်းဆီကို ငါ ခဏခဏ မလာဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကြယ်တံခွန်ဂိုဏ်းကလူတွေ ရိပ်မိသွားနိုင်လို့ပဲ၊ မင်းအတွက် တစ်လစာ အသားခြောက်တွေနဲ့ ချက်ပြုတ်စားသောက်ဖို့ ဆန်၊ ဆီ၊ ဆား၊ ငရုတ် ကြက်သွန်တွေ ထားခဲ့တယ်၊ ဒီလိုဏ်ဂူကြီးမှာ နေရင်တော့ မင်း ငှက်သား တွေ ဘာတွေ ရနိုင်တယ် "

ဟု ပြောလေ၏။ ဖိုးခေါင်က

" ကျုပ်အတွက် အစားအသောက်က အဓိကမကျပါဘူး ဒီလိုဏ်ဂူထဲမှာ သုံးလလောက် မြွေတစ်ကောင်လို တွင်းအောင်းနေရတဲ့ အချိန်မှာ ဖတ်စရာစာအုပ်မရှိတာ ဆိုးတယ် "

ဟု ပြောလေ၏။ ထိုအခါ ဦးဒေါနက ခေါင်းညိတ်၍

" ဟုတ်တယ်... ငါတို့ရွာမှာ ဖတ်စရာစာအုပ်တွေ သိပ်များ တယ်၊ စာအုပ်ရှိတယ်ဆိုရင်လည်း မကြာမီရက်ပိုင်းအတွင်း မင်းအတွက် ဖတ်စရာစာအုပ်တွေ ကုန်သွားလိမ့်မယ်၊ မင်းစိတ်ဝင်စားမယ်ဆိုရင်တော့ ကြယ်တံခွန်ဂိုဏ်းက စိတ်စွမ်းအင်နဲ့ သမထကျမ်းကို ဖတ်ကြည့် ပေတော့၊ ဒီကျမ်းကိုဖတ်ပြီးတော့ မင်းမှာ အတိတ်ဘဝက ပါရမီပါ တယ်ဆိုရင်တော့ ပေါက်မြောက်သွားနိုင်တယ်၊ ဒီကျမ်းထဲက အကြောင်း အရာတွေကို ကြယ်တံခွန်ဂိုဏ်းက ဂိုဏ်းချုပ်ကြီးတွေ လေ့ကျင့်ခဲ့





ဘယ်လို့သိရပေမဲ့ မအောင်မြင်ခဲ့ဘူး၊ ဒါပေမဲ့ လူချင်းတူပေမဲ့ အသက် ချင်းတော့ ကွဲကြတယ်လေ၊ သူတို့မအောင်မြင်ပေမဲ့ မင်း မအောင်မြင် ဘူးလို့ ဘယ်သူပြောနိုင်မလဲ၊ ဒါကြောင့် စိတ်ဝင်စားမယ်ဆိုရင်တော့ ကြယ်တံခွန်ဂိုဏ်းကကျမ်းကို လေ့လာကြည့်ပါ "

ဟု ပြောလေ၏။ ထိုအခါ ဖိုးခေါင်က ခေါင်းခါယမ်း၍

" ကျုပ် ကိုယ်ခံပညာနဲ့ အတွေးအခေါ်ဒဿနတွေကလွဲရင် ဘာတို့မှ စိတ်မဝင်စားဘူး၊ ဒါကြောင့် ဒီကျမ်းကြီးကို လေ့လာမိမယ် မထင်ပါဘူး "

ဟု ပြောလေ၏။ ဦးဒေါနက ရယ်မော၍

" ဟား ဟား ဟား... ဒါဆိုရင်တော့ သုံးလလုံးလုံး လိုဏ်ဂူ ထဲကို ဝင်လာမဲ့ တိရစ္ဆာန်တွေနဲ့ပဲ စကားပြောပေတော့၊ ဒီလိုဏ်ဂူဝမှာ ဘာပြီး ငှက်တော်တော်များများ နားခိုလေ့ရှိတယ်၊ မင်း ဒီငှက်တွေကို ဖမ်းပြီးတော့ အပျင်းဖြေလို့ရတယ်ကွ "

ဟု ပြောလေ၏။

ထို့နောက် ဦးဒေါနသည် ဖိုးခေါင်ကို ထားရစ်ပြီး လိုဏ်ဂူဝသို့ ပြန်လည်ထွက်ခွာသွားလေ၏။

ဖိုးခေါင်သည် ဦးဒေါနမရှိသောအခါ သူ၏ပစ္စည်းများကို နေရာ ချထားလေ၏။

ဤလိုဏ်ဂူထဲတွင် သုံးလလုံးလုံး အချိန်များ ကုန်ဆုံးရပေ တော့မည်။ ဖိုးခေါင်သည် လေတဟူးဟူးတိုက်နေသော လိုဏ်ဂူဝတွင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်၍ထိုင်နေပြီး သူ့ဘဝအကြောင်းကို စဉ်းစားနေမိ၏။

သူ၏ဘဝ၌ ဖခင်သေဆုံးပြီးနောက် အပြောင်းအလဲများသည် မြန်ဆန်လှ၏။ ဖခင်သည် ကြယ်တံခွန်ဂိုဏ်း၏ လက်ချက်ဖြင့် မျှော်လင့်ဘဲ သေဆုံးခဲ့ရ၏။ သူသည် ဖခင်၏ဆန္ဒအရ ကြယ်တံခွန်ဂိုဏ်းကို လက်စားမချေဘဲ ဦးဒေါနတို့ထံတွင် လာရောက်ခိုလှုံခဲ့ရ၏။

ယခုတဖန် ချောက်ကမ်းပါးကြီးထဲတွင်ရှိသော လိုဏ်ဂူကြီးထဲတွင် လာရောက်ပုန်းခိုခိုင်းပြန်၏။

ဖိုးခေါင်သည် လိုဏ်ဂူဝတွင်ထိုင်၍ ရောက်တတ်ရာရာ တွေးတောနေစဉ် လိုဏ်ဂူထိပ်သို့ ငှက်မျိုးစုံ လာရောက်နားခိုကြကြောင်းတွေ့ရ၏။ ဖိုးခေါင်က ငှက်များကိုကြည့်၍

" အင်း... ငါ့ရဲရိက္ခာချောက်တွေကုန်ရင်တော့ ဒီငှက်တွေဟာ အကောင်းဆုံးရိက္ခာစိုတွေပဲ၊ ငှက်တွေကိုပစ်ပြီးတော့ စားသောက်ရမယ် "

ဟု တစ်ကိုယ်တည်း တီးတိုးရေရွတ်လိုက်ရင်း ညနေစာ အတွက် ထမင်းကိုချက်ပြုတ်ရလေ၏။

ထမင်းကျက်သောအခါ ငါးခြောက်များကို မီးဖုတ်၍ ဆီဆမ်းရင်း ညနေစာကို စားသောက်ရ၏။ ဖိုးခေါင်သည် ညစာစားပြီးသောအခါ တစ်ကိုယ်တည်း အထီးကျန်စွာ အိပ်ရာဝင်ခဲ့၏။

မိမိရောက်ရှိနေသော လိုဏ်ဂူသည် ချောက်ကမ်းပါးကြီး အစပ်၌ တည်ရှိနေသဖြင့် လေတဟူးဟူး တိုက်ခတ်နေ၏။





ဦးဒေါနသည် အမြော်အမြင်ကြီးစွာဖြင့် လိုဏ်ဂူထိပ်တွင် သဘာဝကျောက်တုံးကြီးများဖြင့် ကာရံထားသဖြင့် လေတိုက်ခတ်ခြင်းမှ ကာကွယ်ထားသလိုရှိ၏။ လိုဏ်ဂူအတွင်းသို့ သဘာဝရေစီးကြောင်း တစ်ခု စီးဆင်းနေသဖြင့် ကြည်လင်သောရေကိုရရှိ၏။

ဖိုးခေါင်သည် ဤရေကိုပင် သောက်သုံးရေအဖြစ်အသုံးပြုရ၏။ ဖိုးခေါင်သည် လိုဏ်ဂူထဲတွင် တစ်ကိုယ်တည်း အထီးကျန်စွာ ရက်များ တစ်ရက်ပြီးတစ်ရက်ကုန်ခဲ့၏။

သူသည် ပျင်းရိငြီးငွေ့သဖြင့် လိုဏ်ဂူထဲတွင် ကိုယ်ခံပညာ လေ့ကျင့်၏။ ကိုယ်ခံပညာ မလေ့ကျင့်သောအချိန်များ၌ လိုဏ်ဂူဝ၌ ငှက်များကိုပစ်၍စားသောက်၏။

ရက်အနည်းငယ်ကြာသောအခါ ငှက်များကို ဖမ်းယူစားသောက်ခြင်းကို ငြီးငွေ့လာ၏။ ဖိုးခေါင်သည် တစ်ကိုယ်တည်းဖြစ်နေသဖြင့် ငယ်စဉ်ဘဝအကြောင်းကို စဉ်းစားနေမိ၏။

ငယ်စဉ်က မိခင်ဖြစ်သူနှင့်နေထိုင်ခဲ့ပုံ၊ ငယ်စဉ်ကလေးဘဝက သူငယ်ချင်းများနှင့် ဆော့ကစားခဲ့ပုံ၊ အရွယ်ရောက်သောအခါ ဆရာကြီးဦးဟိုးကြွယ်ကျောင်းတွင် ပညာသင်ခဲ့ရ၍ မိခင်က လက်ဆွဲ၍လိုက်ပို့ခဲ့ပုံများကို မြင်ယောင်လာ၏။

ထို့နောက် ရွယ်တူသူငယ်ချင်းများက မိမိအား အနိုင်ကျင့်ပုံ၊ မတော်မခံစိတ်ကြောင့် ပြန်လည်ထိုးကြိတ်ပုံ၊ ဆရာကြီးဦးဟိုးကြွယ်က ကြိမ်လုံးနှင့်ရိုက် ဆုံးမခဲ့ပုံများကို ပြန်လည်မြင်ယောင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မိမိအသက် ဆယ်နှစ်သားတွင် နာမကျန်းဖြစ်ပြီး မိခင်ဖြစ်သူ ဆုံးပါးသွားခဲ့ပုံ၊ မိခင်မဲ့သောဘဝတွင် တစ်ယောက်တည်း အထီးကျန်ဆန်ခဲ့ပုံများကို မြင်ယောင်လာ၏။

ထို့နောက် သူ၏ဆရာ ကပ္ပိယကြီးနှင့် ခင်မင်ရင်းနှီးခဲ့ရပုံများကို ပြန်လည်မြင်ယောင်လာ၏။

ဖိုးခေါင်သည် ထိုသို့တွေးတောရင်း လိုဏ်ဂူထဲတွင် အချိန်ကုန်လွန်ခဲ့ရ၏။

သူသည် လိုဏ်ဂူထဲသို့ရောက်သောရက်ကို ကျောက်နံရံတွင် ခြစ်၍ထားလေရာ ဆယ့်သုံးရက်တိတိရှိပြီဖြစ်ကြောင်း သိလိုက်ရ၏။

ထိုနေ့က ဖိုးခေါင်သည် လိုဏ်ဂူထဲတွင် လမ်းလျှောက်ရင်း ကျောက်တုံးအောက်တွင် လိုဏ်ခေါင်းပြုလုပ်၍ ဖွက်ထားသော ကြယ်တံခွန်ဂိုဏ်း၏ အထွတ်အမြတ်ပစ္စည်းကိုတွေ့ရ၏။

ဖိုးခေါင်သည် ထိုကျမ်းအား လှန်လှောဖတ်ကြည့်ရန် စိတ်မပါသော်လည်း အလွန်ပျင်းရိငြီးငွေ့လာသဖြင့် ထိုစာအုပ်များကို ဖတ်ရှုရန် ယူလိုက်၏။

ထို့နောက် ကြယ်တံခွန်ဂိုဏ်း၏ ကျမ်းစာအုပ်ကို လိုဏ်ဂူဝရှိ အလင်းရောင်များရှိရာသို့ ယူဆောင်သွား၏။

ကျမ်းစာအုပ်၏ ပထမစာမျက်နှာတွင် ဂမ္ဘီရပညာရှင်ကြီး ကျင်းလီရေးသားပြုစုသည်ဟူသော စာတမ်းကိုတွေ့ရလေ၏။ ဖိုးခေါင်သည် ပျင်းရိငြီးငွေ့နေသဖြင့် ကျမ်းစာအုပ်အား လှန်လှောဖတ်ရှုလေ၏။





ကျမ်းစာများတွင် စိတ်စွမ်းအင်ကျင့်စဉ်များ၊ ဒဿနများ၊ သမထရအောင် လေ့ကျင့်ခြင်းများ စသည်ဖြင့် နည်းပေါင်း စုံလင်စွာ ပါရှိ၏။

ကျမ်းစာအုပ်ကြီးတစ်အုပ်လုံး စာမျက်နှာခြောက်ရာမျှရှိ၏။ ဖိုးခေါင်သည် ကျမ်းစာအုပ်ကို စိတ်မရှည်ဘဲ ဟိုဒီလှန်လှော ကြည့်လေ၏။

ထိုသို့ကြည့်ရှုရင်း စာအုပ်၏တစ်နေရာသို့ရောက်သောအခါ မိမိတွေ့မြင်ဖူးသော စာသားများကို တွေ့ရသဖြင့် မျက်လုံးပြူးသွားလေ၏။ ထိုစာသားများသည် သူ၏ဆရာ ကပ္ပိယကြီးနှင့်နေထိုင်စဉ်က ၎င်းသင်ကြားပေးသော တရုတ်ရှေးဟောင်းကျမ်းလာ စာသားများဖြစ်၏။

ကျင့်စဉ်တော်ကျမ်း၌ ရှေးရှေးကဆရာသည် သိမ်မွေ့နူးညံ့၏။ လျှို့ဝှက်နက်နဲစွာ တွေးခေါ်တတ်၏။

သူတို့သည် ဆောင်းရာသီတွင် ချောင်းကို ဖြတ်ကူးသကဲ့သို့ အမြဲ သတိရှိကြ၏။ ပတ်ဝန်းကျင်တွင် အန္တရာယ်များရှိနေလျှင် အစဉ် ဂရုတစိုက်ရှိ၏။

ဣန္ဒြေသိက္ခာရှိသောဧည့်သည်ကဲ့သို့ ထိန်းထိန်းသိမ်းသိမ်း နေထိုင်နိုင်၏။ ကြီးမားသော တောင်တန်းကြီးများကဲ့သို့ အတွေး အခေါ်အယူအဆကို လက်သင့်ခံ၏။

လှိုင်းဂယက်ရှိသော ရေပြင်ကဲ့သို့ လျှို့ဝှက်မှုများ ပြည့်နှက်နေ၏။ ဖိုးခေါင်သည် ကပ္ပိယကြီး သင်ကြားပေးခဲ့သော တရုတ်ရှေးဟောင်း



www.burmeseclassic.com

www.burmeseclassic.com



အတွေးအခေါ်ကျမ်းမှ စာသားများကိုတွေ့ရသဖြင့် ကျမ်း စာအုပ်ကို စိတ်ဝင်စားပြီး ဆက်လက်ဖတ်ရှုမိလေ၏။

ဤသို့ဖြင့် ဖိုးခေါင်သည် ကျမ်းစာအုပ်ကို ဖတ်ရှုရင်း စိတ်ဝင်စားမှုများ ဖြစ်ပေါ်လာ၏။

ထို့ကြောင့် ကျမ်းစာအုပ်လေး၏ စာမျက်နှာများကို တစ်ရွက်ပြီးတစ်ရွက် ဖတ်ရှုနေလေ၏။

ထို့ကြောင့် ဖိုးခေါင်သည် လိုဏ်ဂူထဲတွင် ပျင်းရိခြင်းမရှိတော့ဘဲ ကြယ်တံခွန်ဂိုဏ်း၏ အထွတ်အမြတ်ထားရာ ကျမ်းစာအုပ်ထဲရှိ အကြောင်းအရာများကို တစ်ခုပြီးတစ်ခု ဖတ်ရှုနေမိ၏။

ဤသို့ဖြင့် ဖိုးခေါင်သည် လိုဏ်ဂူကြီး၏ အတွင်း၌ တစ်လပြည့်အောင် နေထိုင်ခဲ့လေ၏။

တစ်လပြည့်နေ့သို့ရောက်လျှင် ဦးဒေါနသည် သူ၏လိုဏ်ဂူသို့ ရောက်ရှိလာ၏။

ဦးဒေါနနှင့်အတူ တစ်လစာ ငါးပိ၊ ငါးခြောက်များ ပါလာလေ၏။ ဖိုးခေါင်သည် ရွာထဲက အခြေအနေကို မေးမြန်းလေရာ ဦးဒေါနက

" ဒီနေ့ထိတော့ ငါတို့ရွာမှာ မသင်္ကာစရာ လူစိမ်းတွေ မတွေ့ရသေးဘူး။ ဒါပေမဲ့ သတိဆိုတာ ပိုတယ်လို့မရှိပါဘူး၊ မင်း ဒီလိုဏ်ဂူမှာပဲ ဆက်ပြီးနေလိုက်ပါဦး။ ငါ့သမီး ရွှေဥကတော့ မင်းကို မကြာခဏမေးနေတယ်၊ မင်း လိုဏ်ဂူထဲမှာ ကျန်းကျန်းမာမာ နေနိုင်တာ ငါဝမ်းသာတယ်ဟေ့ "





ဟုပြောလေ၏။

ဖိုးခေါင်က

"လိုဏ်ဂူထဲမှာနေရတာ ပထမတော့ အလွန်အထီးကျန်ပြီး ပျင်းဖို့ကောင်းတယ်၊ ဒါပေမဲ့ အခုတော့ ကျုပ်အတွက် ပျင်းစရာမကောင်းတော့ဘူး။ ကျုပ် အချိန်ရတိုင်း ကြယ်တံခွန်ဂိုဏ်းက ကျမ်းစာအုပ်ကြီးကို ဖတ်ရှုနေမိတယ်၊ အစတုန်းကတော့ ဒီကျမ်းစာအုပ်ကြီးကို မဖတ်ဘူးလို့ ရည်ရွယ်တာပဲ၊ ဒါပေမဲ့ ပျင်းအားကြီးလွန်းတော့ ဒီစာအုပ်ကြီးကို ဖတ်ရှုနေခဲ့တယ်၊ ဒီလိုဖတ်ရှုခင်း စာအုပ်ထဲမှာပါတဲ့ တရုတ်ရှေးဟောင်းတောက်တယ်ကျင်း အတွေးအခေါ်တွေကို သွားတွေ့ခဲ့တယ်၊ တရုတ်ရှေးဟောင်းအတွေးအခေါ်တွေကို ကျုပ်ရဲ့ဆရာ ဦးဒေဝက သူနဲ့အတူနေစဉ်က သင်ကြားပေးခဲ့တယ်၊ ဒီကြယ်တံခွန်ဂိုဏ်းက ရှေးဟောင်းကျမ်းထဲမှာလည်း တရုတ်ရှေးဟောင်းကျမ်းထဲမှာပါတဲ့ ဒသနတွေ ပါရှိတယ်၊ ဒါကြောင့် စိတ်ဝင်စားပြီး နေ့စဉ်ဖတ်ရှုရာက ကျမ်းစာအုပ်ထဲမှာပါတဲ့ အကြောင်းအရာအားလုံးကို ရင်းနှီးလာခဲ့တယ် "

ဟု ပြောလေ၏။

ဦးဒေါနက ခေါင်းတဆတ်ဆတ်ညိတ်၍

" ဘာပဲဖြစ်ဖြစ် အကျိုးရှိတဲ့အလုပ်ကိုလုပ်တာ ကောင်းကယ်ဟေ့၊ ဒီကြယ်တံခွန်ဂိုဏ်းက ကျမ်းစာတွေကို မင်းလေ့လာပြီး အောတ်မြောက်ဘူးလို့ ဘယ်သူကပြောနိုင်မှာလဲ၊ လူတိုင်းမှာ မမြင်ရတဲ့ကံကြမ္မာတွေ ရှိတာပဲ "



www.burmeseclassic.com

www.burmeseclassic.com



ဟု အားပေးစကားပြော လေ၏။

ထို့နောက် ဦးဒေါနသည် ဖိုးခေါင်နှင့် တစ်နေကုန် နေထိုင်ပြီး ပြန်လည်ထွက်ခွာသွားလေ၏။ ဖိုးခေါင်သည် ဦးဒေါနထံမှ စားနပ်ရိက္ခာများကို စိုစိုပြေပြေရရှိသဖြင့် ပိုမို၍ အစားအသောက် အဆင်ပြေလာ၏။

ဖိုးခေါင်သည် အစားအသောက်များ အဆင်ပြေနေသဖြင့် ငှက်များကို ဖမ်းဆီးစားသောက်ခြင်း မပြုတော့ချေ။ ဖိုးခေါင်သည် အားလပ်ချိန်၌ ကျင့်စဉ်တော်ကျမ်းမှ အကြောင်းအရာများကို ဖတ်ရှုနေလေတော့၏။

ထိုသို့ဖတ်ရှုရင်း အချိန်ကြာမြင့်သောအခါ ကျမ်းထဲတွင် ပါဝင်သော အကြောင်းအရာများကို ပိုမို၍သဘောပေါက်လာလေ၏။ အခြားသော စိတ်စွမ်းအင်ဆိုင်ရာ ကျင့်ကြံမှုများကိုလည်း ကျင့်ကြံကြည့်၏။

သူသည် ထိုအရာများကို လိုချင်တပ်မက်စိတ်ဖြင့် ပြုလုပ်နေခြင်းမဟုတ်။ လိုဏ်ဂူကြီးထဲတွင် အားလပ်နေသဖြင့် အချိန်ဖြုန်းသည့်အနေဖြင့် လေ့ကျင့်နေခြင်းဖြစ်၏။

ဦးဒေါန လိုဏ်ဂူထဲရောက်ပြီး သုံးရက်ကြာသောအခါ ဖိုးခေါင်လိုဏ်ဂူဝ၌ ထိုင်နေစဉ် ချောက်ကမ်းပါး၏အပေါ်မှ ကြိုးတစ်ချောင်း ကျလာသဖြင့် အလွန်အံ့ဩသွားလေ၏။

ဖိုးခေါင်သည် ထိုကြိုးကိုကြည့်၍ ဦးဒေါန၏ကြိုးပေလောဟု တွေးတောနေမိ၏ သို့သော် ဦးဒေါန၏ကြိုးမဟုတ်ဘဲ ကြယ်တံခွန်ဂိုဏ်းသားများ၏ ကြိုးဖြစ်နေလျှင် အခက်တွေ့မည်ဟု တွေးမိ၏။





ချောက်ကမ်းပါး၏အပေါ်မှ အသံသဲ့သဲ့ကို ကြားရ၏။

" ကိုဖိုးခေါင်... ကိုဖိုးခေါင်၊ ရှင်အောက်မှာရှိနေရင် ကျွန်မကို အသံပြုလိုက်ပါ "

ဟူသော အသံကို ကြားရ၏။

ဖိုးခေါင်သည် ထိုအသံကို နားထောင်ကြည့်သောအခါ ဦးဒေါန၏ သမီး မရွှေဥ၏အသံဖြစ်နေမှန်း သိရ၏။ မရွှေဥသည် အဘယ်ကြောင့် ချောက်ကမ်းပါး၏အပေါ်၌ ရောက်ရှိနေသနည်း။

ဦးဒေါန ရန်သူများနှင့် ရင်ဆိုင်နေရပြီလော။ ထိုအခိုက်မှာပင် တောင်ပေါ်မှ မရွှေဥ၏အသံကို ကြားရပြန်၏။

" ကိုဖိုးခေါင်... ကိုဖိုးခေါင်၊ ရှင် အောက်မှာရှိနေရင် ကျွန်မချလိုက်တဲ့ကြိုးကို လှုပ်လိုက်ပါ "

ဟူသော အသံကို ကြားရ၏။

ဖိုးခေါင်သည် မရွှေဥကို အသိပေးရန် ဆုံးဖြတ်လိုက်ပြီး လိုဏ်ဂူထဲသို့ ကျလာသောကြိုးကို လှုပ်ခါလိုက်၏။

" ကိုဖိုးခေါင်... ရှင် ဘယ်နေရာမှာရှိတယ်ဆိုတာ ကျွန်မသိပြီ၊ ရှင် တောင်ပေါ်ကိုတက်လာလို့ရမလား "

ဟု မေးလေ၏။ ဖိုးခေါင်က

" မရွှေဥ ဘာလို့လိုက်လာရသလဲ၊ ဦးဒေါနက ဘာဖြစ်လို့လဲ "

ဟု အော်ဟစ်မေးမြန်းလိုက်လေ၏။ ထိုအခါ မရွှေဥက

" အဖေ ဘာမှမဖြစ်ပါဘူး၊ ကျွန်မ ရှင်နဲ့တွေ့ချင်လို့ လိုက်လာ တာ၊



www.burmeseclassic.com

www.burmeseclassic.com



ရှင်အပေါ်တက်ခဲ့လို့ရမလား ''

ဟု အော်ဟစ်ပြောလိုက်လေ၏။ ဖိုးခေါင်သည် မရွှေဥ၏စကား ကြောင့် စိတ်အေးသွားရပြီး သက်ပြင်းချ၍

'' မရွှေဥ ဘာလို့လိုက်လာရသလဲ မသိဘူး၊ သူ့အဖေ ဦးဒေါနသိရင်တော့ ဒေါသူပုန်ထတော့မှာပဲ၊ မရွှေဥလိုက်လာတာနဲ့ လျှို့ဝှက်နေရာ ကို ရှာသားတွေ ရိပ်စားမိနိုင်တယ်၊ တောင်ပေါ်တက်ပြီး မရွှေဥနဲ့ တွေ့ လိုက်မယ် ''

ဟု စဉ်းစားကာ ချောက်ကမ်းပါးစပ်မှ သေးငယ်သောလမ်းလေး အတိုင်း တရွေ့ရွေ့ တောင်ပေါ်တက်ခဲ့လေ၏။

ဟောင်ပေါ်သို့ရောက်လျှင် ချောက်ကမ်းပါးထိပ်တွင် စောင့်နေသော မရွှေဥကို တွေ့ရလေ၏။

မရွှေဥလက်ထဲတွင် ခြင်းတောင်းတစ်လုံး ပါရှိပြီး ခြင်းတောင်း ထဲတွင် ဖိုးခေါင်အတွက် အစားအသောက်မျိုးစုံပါရှိ၏။ ဖိုးခေါင်က မရွှေဥ ၏ အမူအရာကို ကြည့်၍ စိတ်လှုပ်ရှားဟန်ဖြင့်

'' မရွှေဥ ဒီနေရာကို ဘယ်လိုလုပ်ပြီးသိနေတာလဲ၊ ဦးဒေါနက လွှတ်လိုက်လို့လား၊ ဦးဒေါနလည်း ပြောမယ်မထင်ပါဘူး ''

ဟု ပြောလေ၏။ ထိုအခါ မရွှေဥက ခေါင်းခါယမ်း၍

'' အဖေလွှတ်လိုက်လို့ မဟုတ်ပါဘူး၊ လွန်ခဲ့တဲ့သုံးရက် လောက်က အဖေတောင်ပေါ်ကိုတက်ပြီး ရှင့်ကို အစားအစာတွေ ပို့ပေး တယ်လေ၊ အဲဒီတုန်းက အဖေ့ကို နောက်ယောင်ခံပြီးလိုက်ခဲ့တာ၊ အဖေ



က ရှင်ဘယ်မှာရှိတယ်ဆိုတာ တိတိကျကျ ကျွန်မကို မပြောဘူး ''

ဟု ပြောလေ၏။ ထိုအခါ ဖိုးခေါင်က မျက်မှောင်ကြုတ်၍

'' မရွှေဥ ဘာလို့နောက်ယောင်ခံပြီး လိုက်ရတာလဲ ''

ဟု မေးမြန်းလိုက်လေ၏။ မရွှေဥက ဖိုးခေါင်ကိုကြည့်၍ သက်ပြင်းချလိုက်ပြီး

'' ရှင်တစ်ယောက်တည်း အထီးကျန်နေတယ်ထင်ပြီး ရှင့်ဆီ ကျွန်မလာလည်ပေးမလို့ပါ၊ ဒါပေမဲ့ အဖေသိအောင်လည်း လာလို့ မဖြစ်ဘူး၊ ဒါကြောင့် အဖေမရှိတုန်း တိတ်တဆိတ်ထွက်လာခဲ့တာ၊ နေရာကို ကျွန်မမှတ်သားထားပေမဲ့ ရှင်ဘယ်မှာရှိမယ်ဆိုတာ တိတိ ကျကျ မသိဘူး၊ ဒါကြောင့် တောင်ပေါ်က ကြိုးချပြီး ရှင့်ကို အရင်အသိ ပေးလိုက်တာပါ ''

ဟု ပြောလေ၏။ ထိုအခါ ဖိုးခေါင်က

'' ဒီနေရာဟာ မရွှေဥအဖေရဲ့ လျှို့ဝှက်တဲ့နေရာလေ၊ မရွှေဥ အဖေဟာ ဒီနေရာမှာပဲ တရားကျင့်ကြံလေ့ရှိတယ်၊ လောလောဆယ် ရွာမှာ အန္တရာယ်တွေရှိနေလို့ ဒီနေရာမှာလေးမှာလာပြီး ခိုအောင်း နေတာပါ ''

ဟု ပြောလေ၏။ မရွှေဥက

'' ရှင်နေတဲ့ ချောက်ကမ်းပါးကြီးအောက်ကို ကျွန်မ လိုက်လို့ ရမလား ''

ဟု မေးမြန်းလေ၏။ ဖိုးခေါင်က သက်ပြင်းချ၍



www.burmeseclassic.com

www.burmeseclassic.com



" လိုက်လို့မဖြစ်ဘူး၊ လိုဏ်ဂူကြီးကိုသွားတဲ့လမ်းဟာ အင်မတန်ကျဉ်းတယ်၊ မိန်းကလေးတစ်ယောက်အနေနဲ့ ခြေချော်ပြီး အောက်ကိုပြုတ်ကျသွားနိုင်တယ်၊ ကျုပ်တို့ယောကျ်ားတွေတောင် အတော်လေး သတိထားပြီး သွားရတာဗျ "

ဟု ပြောလေ၏။ ထိုအခါ မရွှေဥက

" ဟောဒီခြင်းထဲမှာ ငှက်ပျောသီးတွေ၊ ကောက်ညှင်းထုပ် တွေ ယူလာတယ်၊ ရှင့်အတွက် ဝက်သားခြောက်တွေလည်း ကျွန်မ လုပ်လာခဲ့တယ်၊ ကျွန်မတို့နှစ်ယောက် တောင်ပေါ်မှာပဲ ညနေစာ စား အောင် "

ဟု ပြောလေ၏။ ဖိုးခေါင်သည် မရွှေဥ၏စကားကြောင့် သက်ပြင်း ချလိုက်ပြီး

" ခက်တာပဲ၊ ဦးဒေါနသိရင် ကျုပ်တို့ကို အပြစ်တင်လိမ့်မယ် သူက အောက်ကလိုဏ်ဂူကြီးထဲမှာ ကျုပ်ကို သုံးလတိတိ ပုန်းအောင်း နိုင်းတာဗျ၊ မရွှေဥနဲ့ အခုလို တောင်ပေါ်မှာ စကားပြောနေတာမြင်ရင် တော့ ဦးဒေါန အတော်စိတ်ဆိုးလိမ့်မယ် "

ဟု ပြောလေ၏။ ထိုအခါ မရွှေဥက ဖိုးခေါင်ကို မျက်စောင်းထိုး လိုက်ပြီး

" ရှင်တစ်ယောက်တည်း ပျင်းနေမှာစိုးလို့ ကျွန်မက ရှာ လာပြီး နေပေးတာရှင့်၊ ရှင် ချောက်ကမ်းပါးကြီးအောက်မှာ တစ်လ ဘာတွေလုပ်ပြီးနေခဲ့သလဲ "





ဟု မေးမြန်းလေ၏ ထိုအခါ ဖိုးခေါင်က

" ချောက်ကမ်းပါးအောက်မှာ ကျုပ်အတွက် နေ့စဉ် ထမင်း ချက်တယ်၊ ပြီးတော့ ခင်ဗျားအဖေပေးလိုက်တဲ့ ရိက္ခာခြောက်တွေနဲ့ ချက်ပြုတ်စားသောက်တယ်၊ နောက်ပြီးတော့ လိုဏ်ဂူဝကိုရောက်လာ တဲ့ ငှက်တွေကို ဖမ်းဆီးတယ်၊ ကျုပ်ဟာ နေ့စဉ် ငှက်ကစ်တွေကို ရတယ်၊ အချိန်ရတဲ့အခါ သိုင်းလေ့ကျင့်တယ် "

ဟု ပြောလေရာ မရွှေဥက

" ကျွန်မထင်တဲ့အတိုင်း ချောက်ကမ်းပါးကြီးထဲမှာ ရှင်ပျင်းဖို့ ကောင်းနေတာပဲ၊ ဒါကြောင့် ရှင့်အတွက် ကိုယ်ချင်းစာပြီး ကျွန်မ လာတာ၊ အဖေသိရင်လည်း ကျွန်မခံရမှာပေါ့၊ နောက်ပြီးတော့ ရှင် သောက်အစားဆင်းရဲနေသလဲ၊ ဟောဒီမှာ ရှင့်အတွက် ကောက် ညှင်းထုပ် ထုပ်လာတယ်၊ ဝက်ပေါင်တစ်ချောင်းရလို့ မီးကင်ပြီးယူလာ တယ် "

ဟု ဆိုကာ ဖိုးခေါင်နှင့်အတူ အစားအသောက်များကို စား သောက်ကြလေ၏။

ဖိုးခေါင်သည် လိုဏ်ဂူထဲတွင် အစားအသောက်များ ရှားပါး သဖြင့် မရွှေဥယူလာသော အစားအသောက်များကို မြိန်ယှက်စွာ စားသောက်လေ၏။

မရွှေဥသည် ဖိုးခေါင်စားသောက်ရန် တာလပေါ်ဟင်းကိုပင် ချိုင့် ထည့်၍ယူဆောင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးခေါင်သည် မရွှေဥယူဆောင်လာသော အစားအသော[က်] များကို ဗိုက်တင်းအောင် စားသောက်ပြီးနောက် ကျောက်ဆောင်[ပေါ်] တက်၍ စကားပြောကြလေ၏။

မရွှေဥသည် ဦးဒေါ်န ရွာတွင်မရှိသဖြင့် ဖိုးခေါင်နှင့်တွေ့ဆုံ[ရန်] တိတ်တခိုးလာရောက်ခြင်း ဖြစ်၏။ ဖိုးခေါင်သည် ချောမောလှပ[သော] မရွှေဥနှင့် စကားပြောရခြင်းကို နှစ်သက်နေမိ၏။

မရွှေဥသည် မိမိအပေါ် အလိုက်တသိရှိလွန်းသည် ထင်မိ[၏]... မရွှေဥနှင့် စကားပြောဆိုနေရင်း အချိန်တို့ ကုန်မှန်းမသိ ကုန်ဆုံးနေ...

ထိုအခိုက်မှာပင် တောင်ပေါ်သို့တက်လာသော ရွာသားတ... သည် ဖိုးခေါင်နှင့်မရွှေဥကို တွေ့မြင်သွားကြလေ၏။ ထိုရွာသား... လက်ဝှေ့ကျော် စောဖိုးခွား၏တပည့်တပန်းတစ်ယောက် ဖြစ်၏။

ဖိုးခေါင်နှင့်မရွှေဥကို မမျှော်လင့်ဘဲ တွေ့ရှိရသဖြင့် ကျောက်... ကြီးတစ်ခု၏ နောက်မှကွယ်၍ ချောင်းမြောင်းကြည့်ရှုလေ၏။

ထိုရွာသားသည် ဖိုးခေါင်နှင့်မရွှေဥကို အတန်ကြာအော[င်] ကြည့်ရှုပြီးနောက် စောဖိုးခွားထံသို့ သတင်းပို့ရန် တောင်အော[က်] လျှင်မြန်စွာ ...းဆင်းသွားလေတော့၏။

ထိုနေ့က မရွှေဥသည် ဖိုးခေါင်နှင့် စကားပြောဆိုကြရင်း ... မှောင်ရီသန်းစပြုသောအခါ မရွှေဥက

“ ကျွန်မပြန်တော့မယ်၊ နောင် အခွင့်အရေးရရင် မကြာ... လာခဲ့မယ် ”





ဟု ပြောလေ၏။ ထိုအခါ ဖိုးခေါင်က ခေါင်းခါယမ်း၍

“ မရွှေဥလာလို့ မသင့်တော်ဘူးနဲ့တူတယ်၊ ကျုပ်အတွက် ...သင်ပန်းမခံပါနဲ့ဗျာ၊ ဦးဒေါ်နသိသွားရင် မရွှေဥလည်းမကောင်းဘူး၊ ကျုပ် ...ည်း မကောင်းဘူး ”

ဟု ပြောလေ၏။

မရွှေဥက သက်ပြင်းချ၍

“ ရှင် လိုဏ်ဂူကြီးထဲမှာ တစ်ယောက်တည်းနေရတာ အထီး ...န် ဖြစ်နေမှာစိုးလို့ ကျွန်မရောက်လာပေးတာပါ၊ ရှင့်အတွက် အစား ...စာ အပြောင်းအလဲလေးတွေ စားစေချင်လို့ပါ ’

ဟု ပြောလေ၏။

ဖိုးခေါင်သည် မရွှေဥကို တားမြစ်ရန် ကြိုးစားသော်လည်း ...ရွှေဥသည် သူ၏စကားကို နားထောင်လိုဟန်မရှိချေ။

တောင်ပေါ်တက် ရွာသားသည် ရွာသို့ပြန်ရောက်သောအခါ ...စောဖိုးခွားအား မရွှေဥနှင့် ဖိုးခေါင် တောင်ပေါ်တွင် ရှိနေကြောင်းကို ...ပြောပြလေ၏။

စောဖိုးခွားသည် ထိုသတင်းကြောင့် အူနုကို ကျွဲခတ်သလို ...အောင့်လိုက်ရ၏။

အဘယ်ကြောင့်ဆိုသော် သူသည် မရွှေဥကို အသေရ... ...အရှင်ရရ လိုချင်နေသူ ဖြစ်၏။

မရွှေဥနှင့် တိတ်တခိုးတွေ့ဆုံနေသူမှာ သူ၏ရန်သူတော် ဖိုးခေါင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှန်း သိရသောကြောင့် ပိုမို၍ မခံချိမခံသာ ဖြစ်ရ၏။ ဖိုးခေါင်၏ ပယောဂကြောင့် ယခုနှစ်အလံလုပွဲနှင့် လွဲခဲ့ရ၏။

ထို့ကြောင့် ဖိုးခေါင်ကို ရန်ငြိုးဖွဲ့ကာ အပြစ်ဒဏ်ခတ်ချေ သော ဆန္ဒရှိ၏။ သို့သော် ဖိုးခေါင်၏ အရိပ်အယောင်ကိုမျှ ရွာတွင် မတွေ့ ရတော့ချေ။

တချို့က ဖိုးခေါင် ရွာမှထွက်ခွာသွားပြီဆိုကြ၏။ တစ်ချို့က လည်း ဖိုးခေါင်သည် တောထဲသို့သွား၍ သိုင်းလေ့ကျင့်နေသည်ဟု ဆို ကြ၏။

ယခု တပည့်ဖြစ်သူ၏ ကောင်းမှုကြောင့် ဖိုးခေါင်၏သဲလွန်စ ရလိုက်ပေပြီ။

ဖိုးခေါင်နှင့်အတူ မရွှေရှိနေခြင်းကို အလွန်မကျေမနပ် ဖြစ်မိ၏ စောဖိုးခွားက လက်သီးဆုပ်၍

" ဟေ့ကောင်... မင်း လူများမှားနေသလား "

ဟု မေးမြန်းလေ၏။

တပည့်ဖြစ်သူက ခေါင်းခါယမ်း၍

" ဟာဗျာ... လူမှားစရာအကြောင်းမရှိပါဘူး၊ ကျုပ်နဲ့မရွှေ က တစ်ရွာတည်းနေတဲ့လူပဲ၊ မရွှေနဲ့ဖိုးခေါင်ဆိုတဲ့လူနဲ့ ရယ်ရယ်မောမော စကားပြောနေတာဗျ "

ဟု ပြောလေ၏။ စောဖိုးခွားသည် ပိုမို၍ မခံချိမခံသာဖြစ်သွား ပြီး တက်ခေါက်ကာ





" တောက်... ငါနဲ့ပတ်သက်တဲ့ကိစ္စတွေမှာ အမြဲတန်း ကန့်လန့် ကန့်လန့် ဖြစ်နေတယ်၊ အလံလုပွဲတုန်းကလည်း ငါ့ကို မဆီမဆိုင် အနှောင့်အယှက်ပေးတယ်၊ မရွှေနဲ့ ငါနဲ့ နှလုံးသားရေးရာမှာလည်း ဒီကောင်က ကန့်လန့်ပါပြန်ပြီ၊ ဒီကောင်ဟာ ငါ့အတွက် ခလုတ်ကန်သင်း ပဲ၊ သူ့ကို ရှင်းပစ်မှဖြစ်တော့မယ် "

ဟု ပြောလေရာ ၎င်း၏တပည့် လက်မရွံ့လူမိုက်တစ်ဦးက

" ကောင်းတယ်ဆရာ၊ ဒီလူကို ဟိုမှာဒိုင်လုပ်ကတည်းက ကျုပ်တို့ ကြည့်မရဖြစ်နေတာ၊ ဒီကောင် ရွာမှာရှိနေရင် ကျုပ်တို့နဲ့ တကွေ့ မဟုတ် တကွေ့တော့ တွေ့မှာပဲ၊ အခုလို ရွာအပြင်ထွက်ပြီး ပုန်းအောင်း နေတဲ့အတွက် ကျုပ်တို့နဲ့ မတွေ့တာဗျ "

ဟု ပြောလေ၏။ ထိုအခါ စောဖိုးခွားက

" ဒီကောင် ရွာကထွက်သွားပြီလို့ထင်လို့ လိုက်မရှာတာဗျ၊ ရွာအနီးပတ်ဝန်းကျင်မှာရှိမှန်းသိရင် သူ့ကိုလိုက်ရှာပြီး ရှင်းပစ်တာကြာ ပြီ၊ အနီးပတ်ဝန်းကျင်က ရွာတွေမှာ သူ့ကြောင့် ငါ့ရဲ့သိက္ခာကျခဲ့ရတယ်၊ ဒီကောင် ငါ့ကို စင်ပေါ်မှာအလဲထိုးသွားတာ ငါ့ကို လူတွေ ဒီနေ့အထိ ပြောလို့မဆုံးသေးဘူး၊ ဒီစကားတွေကို ငါပြန်ကြားတိုင်း မျက်နှာကို ဓားနဲ့လှီး ပစ်ချင်တယ်ကွာ "

ဟု ဒေါသတကြီး ပြောလေ၏။ ထိုအခါ စောဖိုးခွား၏ လက်မရွံ့ တပည့်တစ်ဦးက

" ဒီကောင် ရွာပြင်ထွက်ပြီးနေတာ ကျုပ်တို့အတွက် အခွင့်



www.burmeseclassic.com

www.burmeseclassic.com



အရေးပဲ၊ ရွာထဲမှာဆိုရင် သူ့ကိုရန်ရှာဖို့ ခက်နေဦးမယ်၊ ရွာအပြင်မှာ နေတာဆိုတော့ သူ့ကို ရှင်းလိုက်ရင် လက်သည်ပေါ်မှာ မဟုတ်ဘူး၊ ဒီကောင် ဘာကြောင့် လုံခြုံစိတ်ချရတဲ့ရွာထဲမှာမနေဘဲ ရွာပြင်ထွက် နေသလဲဆိုတာ စဉ်းစားစရာကောင်းတယ် ''

ဟု ပြောလေ၏။

စောဖိုးခွားက အံကိုကြိတ်၍

'' မင်းတို့အားလုံး မနက်ဖြန် တောထဲဝင်ဖို့ အသင့်ပြင်ကြ၊ ဒီကောင့်ကို အမြန်ဆုံးရှာပြီး ရှင်းပစ်ရမယ် ''

ဟု ပြောလေ၏။

ထိုအခါ စောဖိုးခွား၏ တပည့်တစ်ဦးက

'' ဒီကောင့်ကို ကျုပ်တို့ရှင်းပြီးရင် ဦးဒေါနနဲ့ ကျုပ်တို့ ရင်ဆိုင် တွေ့နိုင်တယ်နော် ''

ဟု ပြောလေ၏။

စောဖိုးခွားက လက်သီးဆုပ်၍

'' ဖိုးခေါင်နဲ့ ငါဟာ လက်ဝှေ့ပွဲမှာ ရန်ငြိုးရန်စ ဖြစ်ခဲ့တယ်၊ ဖိုးခေါင် အန္တရာယ်ကျမယ်ဆိုရင် တစ်ရွာလုံးကတော့ ငါ့လက်ချက်လို့ ထင်မှာပဲ၊ ဦးဒေါနကလည်း ငါ့ပယောဂလို့ ထင်မှာပဲ၊ ဒါပေမဲ့ သိသာအောင် စေ၊ မမြင်စေနဲ့စကားရှိတယ်၊ ငါတို့အတွက် အဓိကက မျက်မြင် သက်သေမရှိစေဖို့ပဲ၊ ဒါဆိုရင် ဒီကောင်သေသွားလည်း ငါတို့ကို သံသယ ဖြစ်ရုံကလွဲရင် ဘယ်သူက အရေးယူလို့ရမှာလဲ၊ မင်းတို့အားလုံး





မနက်ဖြန် တောင်ပေါ်တက်ဖို့ အသင့်ပြင်ကြ၊ ညကတည်းက ငါတို့ကိုင်မဲ့ ဓား လှံ၊ လက်နက်တွေကို ရွာပြင်ကိုထုတ်ပြီးတော့ ဝှက်ထားကြမယ်၊ မနက်ဖြန် ငါတို့အုပ်စု လူစုခွဲပြီးတော့ ရွာပြင်ကို ထွက်ကြမယ်၊ တစ်စု တစ်ဝေးကြီးထွက်ရင် ရွာကလူတွေ သံသယဖြစ်လိမ့်မယ်၊ အဓိက မှတ်ထားရမှာ ငါတို့သွားမဲ့ ခရီးလမ်းကို မပေါက်ကြားစေနဲ့၊ တောင်ပေါ် မှာ ဖိုးခေါင်ဆိုတဲ့ ကောင်ကိုတွေ့လို့ကတော့ ဆုံးမမှာမဟုတ်ဘူး၊ တစ်ခါတည်း အပျောက်ရှင်းပစ်မှာ၊ ဒါကြောင့် ငါတို့ကိစ္စကို လုံးဝ ပေါက်ကြားလို့ မဖြစ်ဘူး ''

ဟု မှာကြားလေ၏။

ထိုအခါ စောဖိုးခွား၏ တပည့်တစ်ဦးက အရဲစွန့်၍

'' ကျုပ်တို့ ဒီကောင့်ကိုမသတ်ဘဲနဲ့ မှတ်လောက်သွားလောက် အောင် ဆုံးမလို့မရဘူးလား ''

ဟု ပြောလေ၏။ ထိုအခါ စောဖိုးခွားက

'' ဒီကောင့်ကို ဆုံးမရုံလောက်နဲ့ ငါမကျေနပ်ဘူး၊ သူ ငါ့ကို ကြိုးဝိုင်းထဲမှာ ခေါင်းမဖော်နိုင်အောင် အရှုက်ခွဲခဲ့တယ်၊ သူ့ကြောင့် လက်ဝှေ့ပွဲမှာ ငါသိက္ခာကျခဲ့တယ်၊ ဒါကြောင့် ဒီကောင့်ကို တစ်သက် မကြေဘူးကွ၊ ဒါကြောင့် သူ့အသက်ကိုယူရမှ ငါကျေနပ်မယ် ''

ဟု မကျေမချမ်း ပြောဆိုလေ၏။

စောဖိုးခွားတို့လူစုသည် ညသို့ရောက်သောအခါ ရွာအပြင်သို့ ဓား၊ လှံ၊ လက်နက်များကို လျှို့ဝှက်ပြီး ယူဆောင်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်သို့ရောက်လျှင် လူစုခွဲ၍ ရွာအပြင်သို့ ထွက်ခဲ့၏။ ၎င်းတို့သည် သတိကြီးစွာထား၍ တောင်ပေါ်သို့ တရွေ့ရွေ့ တက်ခဲ့ကြ၏။

စောဖိုးခွားတို့လူစုသည် မျက်စိကို ရှင်ရှင်ထား၍ ဖိုးခေါင်ကို ရှာဖွေလေ၏။ သို့သော် တောင်ပေါ်လမ်းတစ်လျှောက်လုံး ဖိုးခေါင်ကို မတွေ့ရချေ။

စောဖိုးခွား၏ တပည့်သူ လွှန်ခဲ့သောနေ့က ဖိုးခေါင်နှင့် မရွှေဥ စကားပြောဆိုခဲ့သောနေရာသို့ ဦးဆောင်၍ ခေါ်သွားလေ၏။

ထိုနေရာကို ချောင်းမြောင်းကြည့်ရှု၍ လေသံတိုးတိုးဖြင့်

" မနေ့က ဖိုးခေါင်ဆိုတဲ့ကောင်ကိုတွေ့ရတာ ဒီနေရာဗျ။ ဒီကောင် ဒီနားမှာ ကျိန်းသေရှိနိုင်တယ် "

ဟု ပြောလေ၏။

စောဖိုးခွားက သူ၏တပည့်များကို လေသံတိုးတိုးဖြင့်

" မင်းတို့အားလုံး လူစုခွဲပြီးရှာကြ၊ ဒီနားမှာ ရှိနိုင်တယ် "

ဟု ပြောလေ၏။ ထို့နောက် စောဖိုးခွားနှင့် အပေါင်းအပါများသည် ချောက်ကမ်းပါးကြီး၏အနီးတွင် လှည့်လည်ရှာဖွေကြ၏။

သို့သော် အတန်ကြာရှာဖွေသည်အထိ ဖိုးခေါင်ကို အရိပ်အယောင်မျှပင် မတွေ့ရချေ။ ဖိုးခေါင်ကို ချောက်ကမ်းပါးအောက်တွင် ရှိလိမ့်မည်ဟု မည်သူမျှ မထင်ကြသောကြောင့် ဖြစ်၏။

စောဖိုးခွား၏ တပည့်တစ်ဦးက ချောက်ကမ်းပါးအစပ်သို့ သွား





၍ အောက်သို့ငုံ့ကြည့်ကာ

" အမယ်လေး... အောက်မှာ အသူတရာနက်တဲ့ချောက်ကြီး၊ အောက်ကိုကျသွားရင်တော့ အရိုးတခြား အသားတခြား ဖြစ်မှာပဲ "

ဟု အထိတ်တလန့် ပြောလေ၏။ ထိုအခါ စောဖိုးခွား၏ တပည့်တစ်ဦးကလည်း

" ဒီကောင့်ကို ကျုပ်တို့ အရိပ်အယောင်တောင် မတွေ့ပါလား။ ဒီကောင် ဒီနားမှာရှိတယ်ဆိုရင် ကျုပ်တို့တွေ့တာကြာပြီ၊ ချုံနွယ်တွေ၊ ကျောက်တောင်တွေကြားမှာလည်း လှည့်ရှာကြည့်ပြီး သူ့ကို အရိပ် အယောင်တောင် မတွေ့ရဘူး "

ဟု ပြောလေ၏။

စောဖိုးခွားက ဖိုးခေါင်နှင့် မရွှေဥ၏သတင်းကို ပေးပို့သောရွာသားဘက်သို့လှည့်၍

" မင်း... ဒီနေရာမှာ တွေ့ခဲ့တယ်ဆိုတာ သေချာရဲ့လား"

ဟု မေးမြန်းလေ၏။

ထိုအခါ ရွာသားက ခေါင်းညိတ်၍

" သေချာပါတယ်ဗျာ၊ ဟောဒီက ကျောက်တုံးကြီးမှာ ဖိုးခေါင်နဲ့ မရွှေဥတို့ ယှဉ်တွဲပြီး တရင်းတနှီး စကားပြောဆိုနေတာကွ "

ဟု ပြောဆိုလေ၏။ စောဖိုးခွားသည် ကျောက်တုံးကြီးကိုကြည့်၍ အံကိုကြိတ်လိုက်ပြီး

" တောက်... သူတို့က ဒီအခြေအနေတောင် ရှေးဦးနေမှကိုး။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် တောင်ပေါ်မှာမရှိရင် ချောက်ထဲကိုများကျပြီး သေနေလား မသိဘူး၊ သေလည်းအေးတာပါပဲ၊ ဒီနေ့ ငါတို့ပိုက်စိတ်တိုက်ရှာပြီးပြီ၊ ဒီကောင့်ကို အရိပ်အယောင်တောင် မတွေ့ကြဘူး၊ ဒီတော့ နောက်တစ်ကြိမ် မရွှေ့ကို ငါတို့စောင့်ကြည့်ကြမယ်၊ မရွှေ တောင်ပေါ်တက်ရင် ဒီကောင့် ကို အရိပ်ယောင်ခံပြီး လိုက်ကြည့်ရမယ်၊ ဒါဆိုရင် ဒီကောင် ဘယ်မှာရှိ သလဲဆိုတာ သိပြီပေါ့ကွာ ''

ဟု ပြောလေ၏။

ထို့နောက် စောဖိုးခွား၏တပည့်များက ၎င်းတို့ဆရာ၏အကြံ ဉာဏ် ကောင်းမွန်ကြောင်း ထောက်ခံကြလေ၏။


ယုံကြည် ကွန်ပျူတာ

အမှတ်(၇) မျက်နှာစာတန်း ကျိုက္ကဆံလမ်း ကျောက်မြောင်းရပ် တာမွေ






တစ်နေ့သည့် ရှမ်းပြည်နယ်မြောက်ပိုင်း တောနက်ထဲရှိ လျှို့ဝှက်သော လိုဏ်ဂူကြီး၌ ကြယ်တံခွန်ဂိုဏ်း၏ဂိုဏ်းချုပ်သည် ဘုရားဝတ်ပြုနေလေ၏။

သူမ၏ဘုရားဆောင်သည် လိုဏ်ဂူကြီးအတွင်း၌ သပ္ပါယ်အောင် တည်ဆောက်ထားခြင်း ဖြစ်၏။ သူမ ဘုရားဝတ်ပြုပြီးသောအခါ အနီးသို့ မိန်းမပျိုတစ်ဦးရောက်ရှိလာပြီး လေသံတိုးတိုးဖြင့်

'' ကိုကြာညွန့်တို့လူစု ရောက်နေပါပြီ အစ်မတော် ''

ဟု ပြောလေ၏။ ထိုအခါ ကြယ်တံခွန်ဂိုဏ်း၏ဂိုဏ်းချုပ်က

'' သူတို့ကို စောင့်နိုင်းထားလိုက်၊ ငါ ခဏနေရင် လာခဲ့မယ် လို့ ပြောလိုက် ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ ဘုရားခန်းမှ ထွက်၍ အခန်းတစ်ခန်းထဲသို့ ဝင်ရောက်သွားပြန်၏။

ထိုအခန်းသည် ကြယ်တံခွန်ဂိုဏ်းချုပ်၏ အိပ်ခန်းဖြစ်ပြီး အခန်းတစ်ခုလုံး လှပသော ခုတင်၊ စောင်၊ ခြင်ထောင်၊ မှန်တင်ခုံ စသည်ဖြင့် ခမ်းနားစွာ ပြင်ဆင်ထား၏။

ကြယ်တံခွန်ဂိုဏ်းချုပ် သီရိမာလာသည် အသက်လေးဆယ်ဝန်းကျင်ရှိပြီဖြစ်သော်လည်း ချောမောလှပဆဲ ဖြစ်၏။

သူမ၏ ညို့ဝင်အားကောင်းသော မျက်လုံးများသည် ယခုချိန်အထိ ပုရိသယောက်ျားများ ကို ဆွဲဆောင်နိုင်ဆဲ ဖြစ်၏။

ကြယ်တံခွန်ဂိုဏ်းချုပ်သည် မှန်တင်ခုံရှေ့တွင်ထိုင်၍ အတန်ကြာအောင် အလှပြင်ဆင်နေလေ၏။

သူမစိတ်တိုင်းကျ ပြင်ဆင်ပြီးသောအခါ အိပ်ခန်းထဲမှ ထွက်၍ လိုဏ်ဂူကြီး၏ တစ်နေရာတွင်ရှိသော ခန်းမဆောင် သို့ ထွက်ခဲ့၏။

ကြယ်တံခွန်ဂိုဏ်း၏ လျှို့ဝှက်လိုဏ်ဂူကြီးသည် အလွန်မြင့်သော တောင်ကြီးတစ်တောင်၏အပေါ်တွင်ရှိပြီး ထိုနေရာသို့ လူသူအရောက်အပေါက် အတော်နည်းကြ၏။

ထိုနေရာသို့ မျက်စိလည်လမ်းမှား၍ ရောက်လာသောမုဆိုးများသည် လျှို့ဝှက်လိုဏ်ဂူကြီးကို မကောင်းဆိုးဝါးမိစ္ဆာအလား ရှောင်ကွင်းသွားကြ၏။

အဘယ်ကြောင့်ဆိုသော် ထိုလိုဏ်ဂူကြီးအနီးသို့ မျက်စိလည်





လမ်းမှား၍ ရောက်လာသူတိုင်းသည် ဘေးဒုက္ခနှင့် ရင်ဆိုင်ရသောကြောင့် ဖြစ်၏။

ကြယ်တံခွန်ဂိုဏ်းချုပ်သည် ခန်းမဆောင်ကြီးရှိ ရွှေပိန်းချကုလားထိုင်ပေါ်တွင်ထိုင်၍ ပုရပိုက်တစ်စောင်ကို ဖတ်ရှုနေလေ၏။

ထိုအခိုက်မှာပင် ကြယ်တံခွန်ဂိုဏ်း၏ ခန်းမဆောင်ကြီးထဲသို့ လူသုံးဦး ဝင်လာ၏။

ထိုလူသုံးယောက်အား မိန်းမပျိုနှစ်ဦးက ဦးဆောင် ပြီး ခေါ်ယူလာခြင်း ဖြစ်၏။

ကြယ်တံခွန်ဂိုဏ်းချုပ်သည် ထိုလူများကို လှည့်၍ပင်မကြည့်ဘဲ ပေစာပုရပိုက်ကိုသာ ဖတ်ရှုနေလေ၏။ အတန်ကြာသောအခါ ကြယ်တံခွန်ဂိုဏ်းချုပ်က

" ကောင်လေးကို ရှင်းခဲ့ပြီလား "

ဟု လေသံတိုးတိုးဖြင့် မေးလိုက်၏။

ထိုအခါ လူသုံးဦးအနက် ခေါင်းဆောင်ဖြစ်ဟန်တူသူက အထစ်ထစ်အငေါ့ငေါ့ဖြင့်

" ကောင်လေး မြို့ပေါ်မှာမရှိတော့ပါဘူး အစ်မတော်၊ ကျုပ်တို့လည်း မြို့ရွာတွေလှည့်ပြီး စုံစမ်းပါသေးတယ်၊ ဒါပေမဲ့ ကောင်လေးရဲ့ အရိပ်အယောင်ကိုမျှ မတွေ့ရဘူး "

ဟု ပြောလေရာ ကြယ်တံခွန်ဂိုဏ်းချုပ်၏ မျက်နှာသည် မာထန်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



" ဒါဆို ရှင်တို့ ကျွန်မခိုင်းတာကို မအောင်မြင်ခဲ့ဘူးပေါ့။ ဒါဟာ ရှင့်ရဲ့အရည်အချင်း ညံ့ဖျင်းမှုကို ပြနေတာပဲ၊ ကြယ်တံခွန်ဂိုဏ်းရဲ့ ထုံးစံအရ ကျူပင်ခုတ် ကျူငုတ်ပါမကျန်အောင် ရှင်းပစ်ရမှာပဲ၊ ရှင့်ရဲ့ပေါ့ဆမှုကြောင့် ကျွန်မတို့ဂိုဏ်းမှာ ရန်ငြိုးရန်စ မီးပွားလေးတစ်စကို ရှင်လုပ်လိုက်မိပြီ၊ ဒီမီးပွားလေးကနေ မီးတောက်ကြီး ဖြစ်မလာနိုင်ဘူးလို့ ရှင်ပြောနိုင်မလား "

ဟု ကျောခိုင်း၍ပင် ပြောဆိုလိုက်၏။

ထိုလူသုံးယောက်အနက် ခေါင်းဆောင်ဖြစ်ဟန်တူသူက

" ကြယ်တံခွန်ဂိုဏ်းဟာ အပြစ်မဲ့တဲ့ လူငယ်တစ်ယောက်ကို မှားယွင်းပြီး အပြစ်ပေးမိမှာစိုးလို့ပါ၊ ဒီလိုဆို ကြယ်တံခွန်ဂိုဏ်းရဲ့ ရာဇဝင်မှာ အမည်းစက်ကြီး ဖြစ်သွားနိုင်ပါတယ် "

ဟု ပြောလေရာ အစ်မတော်ဆိုသော မိန်းမက လေသံမာမာဖြင့်

" တိတ်စမ်း... ရှင်ဟာ သိပ်ပျော့ညံ့တယ်၊ ရှင့် ယောကျ်ားမဟုတ်ဘူးလား၊ ထဘီဝတ်ထားပါလား။ ကြယ်တံခွန်ဂိုဏ်းမှာ ပျော့ညံ့တဲ့လူအတွက် နေရာမရှိဘူး "

ဟု ပြောရင်း ခေါင်းတွင်ထိုးစိုက်ထားသော ဆံထိုးကို ဆတ်ခနဲဖြုတ်၍ နောက်သို့လှည့်ကာ ထိုသူအား လျှပ်မြန်စွာ ပစ်လိုက်လေ၏။

ထိုလူသည် အားခနဲအော်ဟစ်၍ လည်တိုင်ကိုအုပ်ကာ





ဝတ်လက်လန် လဲကျသွားလေ၏။

ထိုလူလဲကျသွားသောအခါ ကျန်လူ နှစ်ဦးမှာ လေသံတီးတိုးဖြင့်

" အစ်မတော် ကျုပ်တို့အသက်ကို ချမ်းသာပေးပါ "

ဟု တောင်းပန်လေ၏။ ထိုအခါ အစ်မတော်က လေသံမာမာဖြင့်

" ဒီလူပျော့ညံ့လို့ ကြယ်တံခွန်ဂိုဏ်းရဲ့ အပြစ်ဒဏ်ခံရတာပဲ၊ ရှင်တို့ မြဲမြဲမှတ်ထား။ နောက် ကျွန်မတို့ဂိုဏ်းမှာ စိတ်ဓာတ်ပျော့ညံ့တဲ့လူရှိရင် ထဘီဝတ်ပေးမယ်၊ သွားတော့ "

ဟု အမိန့်ပေးလိုက်ရာ ထိုလူနှစ်ဦးမှာ အသက်ချမ်းသာရာရသောကြောင့် ထိုနေရာမှ ကမန်းကတန်း ထွက်ခွာသွားလေ၏။

အခန်းထဲတွင် လဲကျကျန်ရစ်ခဲ့သူမှာမူ အသက်ဆုံးရှုံးသွားပြီဖြစ်၏။ ကြယ်တံခွန်ဂိုဏ်းချုပ်က သူမ၏အဖော် မိန်းမပျိုနှစ်ဦးဘက်သို့ လှည့်၍

" ဒီကောင့်ကို ရှင်းပစ်လိုက် "

ဟု အမိန့်ပေးလိုက်လေ၏။

ထို့နောက် အနီးသို့ တညောင် ညောင်ဖြင့် ပြေး၍လာသော သူ၏ကြောင်နက်ကလေးကို ယုယဟန်ဖြင့် ကောက်ယူ ထွေးပွေ့လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဤနေရာမှစ၍ လိုဏ်ဂူထဲတွင် ကျန်ရစ်ခဲ့သော ဖိုးခေါင်၏ အကြောင်းကို ဆက်ပါဦးမည်။

ဖိုးခေါင်သည် လိုဏ်ဂူထဲတွင် နေ့များ တစ်နေ့ပြီးတစ်နေ့ ကုန်လွန်ခဲ့လေ၏။

သူသည် ကြယ်တံခွန်ဂိုဏ်း၏ စိတ်စွမ်းအင်ကျမ်းစာအုပ်ကို ဖတ်ရှုသည့်အချိန်မှစတင်၍ လိုဏ်ဂူထဲတွင် ပျင်းရိငြီးငွေ့ခြင်း မဖြစ်တော့ချေ။

သူသည် ကြယ်တံခွန်ဂိုဏ်း၏ ကျမ်းစာအုပ်ထဲမှ အတွေး အခေါ် ဒဿနများကို စိတ်ဝင်စားစွာ ဖတ်ရှု၏။





ကျမ်းစာအုပ်ထဲမှ ပါဝင်သော စိတ်စွမ်းအင်ကျင့်စဉ်များကို အညီး ကြိုးစားအားထုတ်ကြည့်၏။

သို့သော် ကြယ်တံခွန်ဂိုဏ်း၏ စိတ်စွမ်းအင်ကျင့်စဉ်များကို ဆိုရှင်တပ်မက်စိတ်မရှိချေ။

မရွှေသည် ဖိုးခေါင်ထံသို့ရောက်ရှိပြီး တစ်ပတ်ကြာသည့်အခါ အသိမ်၍ရောက်ရှိလာပြန်၏။

ဖိုးခေါင် လိုဏ်ဂူရှေ့တွင် စိတ်စွမ်းအင် လေ့ကျင့်ခန်းများကို လေ့ကျင့်နေနိုက် လိုဏ်ဂူအပေါ်ဘက်မှ ကြိုးကျလာခြင်းဖြစ်၏။ ဖိုးခေါင် အညိ ကြိုးကိုကြည့်၍ သက်ပြင်းချလိုက်ပြီး မရွှေ အပေါ်တွင် ရောက်ရှိ နေကြောင်း သိလိုက်ရ၏။

သူသည် တောင်ပေါ်တွင် မရွှေ ရောက်ရှိနေကြောင်း ရိပ်စားမိလိုက်၏။ ထိုစဉ် တောင်ပေါ်မှ မရွှေ၏အသံကို ကြားရ၏။

“ ကိုဖိုးခေါင် ကျွန်မရောက်လာပြီ၊ ရှင် တောင်ပေါ်ကို တက်လာခဲ့ပါဦး ”

ဟု ပြောဆိုလေ၏။

ဖိုးခေါင်သည် လိုဏ်ဂူရှေ့မှ လမ်းလေး အတိုင်း တောင်ပေါ်သို့ လျှောက်၍ တက်ခဲ့၏။

တောင်ပေါ်သို့ရောက်သောအခါ မရွှေက သူမ၏ခြင်းတောင်းအတွင်းရှိသော စားသောက်ဖွယ်ရာများကို ပြလေ၏။ မရွှေက

“ ကိုဖိုးခေါင် ရှင့်အတွက် ကျွန်မယူလာတာ ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ထိုအခါ ဖိုးခေါင်က သက်ပြင်းချ၍

" ခုကွရှာလို့ဗျာ၊ ဦးခေါနသိရင် ခင်ဗျားကို အဆူခံထိနေဦး မယ် "

ဟု ပြောလေ၏။ ထိုအခါ မရွှေဥက

" ဟုတ်တယ်... ဒီနေ့ တောင်ပေါ်မှာ ရှင်နဲ့သိပ်နေလို့မရဘူး အဖေအိပ်နေတုန်း ကျွန်မထွက်လာတာ "

ဟု ပြောလေ၏။ ထိုအခါ ဖိုးခေါင်က

" ကျုပ်အတွက် စားသောက်စရာတွေယူပြီး တောင်ပေါ်တက် လာရတာ မရွှေဥ ပင်ပန်းပါတယ်၊ ကျုပ်အတွက် ဒုက္ခရှာပြီး စားစရာတွေ ယူမလာပါနဲ့ "

ဟု စိုးရိမ်ဟန်ဖြင့် ပြောလေ၏။ ထိုအခါ မရွှေဥက

" ရှင်တစ်ယောက်တည်း အထီးကျန်ဖြစ်နေပြီး အစား အသောက်ဆင်းရဲနေတာ ကျွန်မ မကြည့်ရက်ဘူး၊ ဒါကြောင့် အဖေမ ရအောင် ကျွန်မလာပြီး အကူအညီပေးတာပါ၊ ရှင့်အတွက် စားစရာတွေ ပေးပြီးရင် ကျွန်မပြန်တော့မယ်၊ နောက်တော့မှ ရှင်နဲ့ကျွန်မ ထပ်တွေ့ မယ် "

ဟု ဆိုကာ ခြင်းတောင်းထဲမှ စားစရာများကို ထုတ်ပေးပြီး တောင်အောက်သို့ ပြန်လည်ဆင်းသွားလေ၏။

ထိုအချိန်၌ ၎င်းတို့ကို ချောင်းမြောင်းကြည့်ရှုနေသော စောဖိုး ခွား၏ တပည့်များရှိနေခြင်းကို ၎င်းတို့ ရိပ်စားမိခြင်း မရှိချေ။





ဖိုးခေါင်သည် မရွှေဥပြန်သွားသောအခါ စားသောက်စရာများကို ယူဆောင်၍ တောင်အောက်သို့ ဆင်းခဲ့လေတော့၏။

ထိုသို့ဆင်းသက်သွားခြင်းကို စောဖိုးခွား၏တပည့်များသည် ဆုံးကြည့်ဟန်ဖြင့်ကြည့်ရှုပြီး ထိုသတင်းကို စောဖိုးခွားထံသို့ သတင်းပို့ ရန် တောင်အောက်သို့ ပြေးဆင်းခဲ့လေ၏။

၆၀ ပြည့်နှစ်၊ အကြံ့ပေးစာများ ရေးသားလိုပါလျှင်

မင်းမြတ်သူရ

အမှတ်-၇၊ အသောကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်သို့

လိပ်မူ၍ ရေးသားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြယ်တံခွန်ဂိုဏ်း၏ ဂိုဏ်းချုပ်သည် ရွှေကြယ်တံဆိပ်ကို နှစ်ပေါင်းနှစ်ဆယ်ကျော် ခိုးယူသွားခဲ့သော ဦးဖိုးမှန်အား အပြစ်ဒဏ်ရ လိုက်ရသဖြင့် ကျေနပ်နေလေ၏။

သူမ၏လက်ထဲသို့ ရွှေကြယ်တံဆိပ် ပြန်လည်ရောက်ရှိလာသဖြင့် ကြယ်တံခွန်ဂိုဏ်း၌ သူမ၏သြဇာ အရှိန်အဝါ ပိုမိုကြီးမားလာ၏။

ယခင်က သူမလက်ထဲ၌ ရွှေကြယ်တံဆိပ်မရှိသဖြင့် ကြယ်တံခွန်ဂိုဏ်း၏ ဂိုဏ်းဝင်တချို့က သူမကို ဆန့်ကျင့်ရန် ကြိုးစား၏။

သူမ၏ ထုံးစံအတိုင်း ဆန့်ကျင်ဘက်ရန်သူများကို ရက်စက်စွာ အဆုံးစီရင်ခဲ့၏။





ထိုသို့နှိမ်နင်းခဲ့၍ ဂိုဏ်းအတွင်း သူမ၏ သြဇာအာဏာကို ဆန့်ကျင်မည့်သူ မရှိချေ။

ကြယ်တံခွန်ဂိုဏ်းချုပ်သည် သူမ၏ သြဇာအာဏာကို လျော့ပါးစေသော ရွှေကြယ်တံဆိပ်ခိုးယူမှုအတွက် ဦးဖိုးမှန် ကို လွန်စွာ အငြိုးအတေးထားခဲ့၏။

ယခု ဦးဖိုးမှန်ကို ခြေရာခံမိပြီး ကြယ်တံခွန်ဂိုဏ်း၏ ရွှေကြယ်တံဆိပ်ကို ပြန်ရခဲ့သော်လည်း ၎င်း၏သားဖြစ်သူ ဖိုးခေါင်ဆိုသော လူငယ်အား မဖမ်းမိနိုင်သဖြင့် လွန်စွာ မခံချိမခံသာ ဖြစ်နေ၏။

ယခုအချိန်တွင် ဖိုးခေါင်ဆိုသော လူငယ်သည် မီးပွားလေး ဖြစ်သော်လည်း နောင်တစ်ချိန်တွင် မီးတောက်ကြီး ဖြစ်သွားနိုင်၏။

ထို့ကြောင့် ဖိုးခေါင်ကိုရှင်းရန် ကြယ်တံခွန်ဂိုဏ်းမှ လက်မရွံ့ လူသတ်သမားများကို စေလွှတ်လိုက်ပြန်၏။

ထိုသို့ စေလွှတ်လိုက်သော်လည်း ဖိုးခေါင်ကို အစအန ရှာဖွေမတွေ့သဖြင့် လွန်စွာ မကျေမချမ်း ဖြစ်နေမိ၏။

သူမ၏အတွေ့အကြုံအရ ထိုသို့ မီးပွားများမှ မီးတောက်ကြီး များ ဖြစ်ပွားတတ်၏။

ထို့ကြောင့် ပျောက်ဆုံးသွားသော ဖိုးခေါင်ဆိုသော လူငယ်ကို ရှာဖွေရန်အတွက် ကြယ်တံခွန်ဂိုဏ်းမှ လက်မရွံ့လူသတ်သမားများကို ထပ်မံစေလွှတ်လိုက်ပြန်၏။

ထိုသူများသည် ဖိုးခေါင်တို့မြို့ကလေးကို ရောက်လာပြီး ဖိုးခေါင်



www.burmeseclassic.com

www.burmeseclassic.com



၏ သဲလွန်စကို ရှာဖွေကြပြန်၏။

သို့သော် ထိုမြို့ရှိလူများသည် ဖိုးခေါင်နှင့်ပတ်သက်၍ မည်သူမျှ မပြောနိုင်ကြချေ။

*ကြယ်တံခွန်ဂိုဏ်းမှလူများသည် ဖိုးခေါင်နှင့်ပတ်သက်သော* သတင်းများကို ဘုတာရုံ၊ ဈေး စသော လူစည်ကားရာ နေရာများတွင် စုံစမ်းကြပြန်၏။

ထိုသို့စုံစမ်းရင်း ဘူတာရုံမှ သတင်းစာရောင်းသော အဘိုးကြီး ထံမှ ဖိုးခေါင်၏ဖခင် ဦးဖိုးမှန်နှင့် ပတ်သက်သော သတင်းကို ရရှိလေ၏။

သတင်းစာရောင်းသော အဘိုးကြီး၏ ပြောစကားအရ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီး၌ ဦးဖိုးမှန်၏မိတ်ဆွေ ဦးဒေါနဆိုသူရှိကြောင်း သိရ၏။

ကြယ်တံခွန်ဂိုဏ်းမှ လက်မရွံ့လူသတ်သမားများသည် ဖိုးခေါင်၏ သတင်းကို ဆက်လက်စုံစမ်းလေရာ ထိုမြို့ရွာရှိ လူငယ်တစ်ဦးထံမှ ဖိုးခေါင်တို့ထံသို့ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမှ ဦးဒေါနဆိုသော လူကြီးတစ်ယောက် ရောက်လာတတ်ပြီး ထိုလူကြီးရောက်နေချိန်တွင် ထိုလူကြီးနှင့် ဖိုးခေါင်တို့ လက်ဖွဲ့ထိုးလေ့ရှိကြောင်း ပြောဆိုလေ၏။

ကြယ်တံခွန်ဂိုဏ်းချုပ် သီရိမာလာသည် ဖိုးခေါင်၏ သတင်းကို ကြားသောအခါ အတန်ကြာအောင် မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး

" ဟုတ်ပြီ... ဒီကောင်လေး ကြာအင်းဆိပ်ကြီးက ဦးဒေါန





ဆိုတဲ့ လူကြီးဆီကိုသွားပြီး ခိုလှုံနိုင်တယ်၊ ဦးဒေါနနဲ့ပတ်သက်တဲ့ သတင်းရတာတော့ ဒီလူကြီးဟာ လက်ဖွဲ့ထိုးတတ်တယ်ဆိုတာပဲ၊ ဒါတို့ ကြယ်တံခွန်ဂိုဏ်းက ရန်ငြိုးရန်စကို ဘယ်တော့မှ ထားလေ့မရှိဘူး။ အမြစ်ဆုံးရှင်းပစ်ရမယ်၊ ဒါကြောင့် ကြယ်တံခွန်ဂိုဏ်းက ထိပ်တန်း အဆင့်ရှိတဲ့ လူငါးယောက်ကို ဖိုးခေါင်ကိုနှိမ်နင်းဖို့အတွက် လွှတ်ဖို့ ဆုံးဖြတ်ထားတယ် "

ဟု ပြောလိုက်လေတော့၏။

ထိုနေ့ညသို့ရောက်သောအခါ ကြယ်တံခွန်ဂိုဏ်းချုပ် သီရိမာလာသည် ဂိုဏ်းအတွင်းမှ ကိုဝဏ္ဏဆိုသူကို သူ၏အိပ်ခန်းဆောင်သို့ လာရောက်ရန် ဖိတ်ခေါ်လေ၏။

ကိုဝဏ္ဏသည် ရုပ်ရည်တည်ကြည်ခန့်ညားပြီး အသက်သုံးဆယ် ခန့်ကျော်ရှိသူ ဖြစ်၏။ သူသည် သီရိမာလာ၏ အိပ်ခန်းသို့ တစ်လလျှင် နှစ်ကြိမ် သုံးကြိမ် ရောက်လာလေ့ရှိ၏။

ထိုညက သီရိမာလာက ကိုဝဏ္ဏအား စားသောက်ဖွယ်ရာ များနှင့် တည်ခင်းဧည့်ခံပြီး

" ရှင့်ကို ကျွန်မ တာဝန်တစ်ခုပေးချင်တယ်၊ ရှင် ကရင်ပြည် နယ်၊ ကြာအင်းဆိပ်ကြီးကိုသွားပြီး ဖိုးခေါင်ဆိုတဲ့ လူငယ်လေးကို ရအောင်ရှာပါ၊ တွေ့ရင်တော့ ဘာမှ ထွေထွေထူးထူး ပြောမနေနဲ့ ရှင်းလိုက်ပေတော့ "

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကိုဝဏ္ဏသည် သိရီမာလာအား မပြင်းဆန်ဝံ့သဖြင့် ခေါင်းညိတ်လိုက်ပြီး

" ကောင်းပါပြီ... ကျုပ် ကြာအင်းဆိပ်ကြီးကိုသွားပြီး ဖိုးခေါင်ရဲ့ သတင်းကို စုံစမ်းမယ်၊ အခွင့်အရေးရရင်တော့ တပြိုင်တည်း လုပ်ကြံလိုက်မယ်၊ လောလောဆယ်တော့ ကျုပ် နားနားနေနေ နေပါရစေဦး"

ဟု ဆိုကာ ဂိုဏ်းချုပ်သိရီမာလာအား အမိပ္ပါယ်ပါပါ ကြည့်လိုက်လေ၏။

ထိုအခါ ဂိုဏ်းချုပ်သိရီမာလာက ခိုးခိုးခစ်ခစ် ရယ်မော၍

" ဟင်း... ဟင်း... ဟင်း... ရှင့်သဘောအတိုင်းပါပဲ "

ဟု ပြောလိုက်လေတော့၏။





စောဖိုးခွားသည် သူ၏တပည့်ထံမှ ဖိုးခေါင်နှင့် မရွှေအကြောင်းကို ပြည့်ပြည့်စုံစုံ ကြားပြီးသောအခါ မျက်မှောင်ကြုတ်၍

" ဒါဟာ အတော်ထူးခြားတဲ့ကိစ္စဘဲ၊ ဒီဖိုးခေါင်ဆိုတဲ့ကောင်ဟာ ဘာဖြစ်လို့ ရွာမှာမနေဘဲ ဘာလို့ ချောက်ကမ်းပါးကြီးထဲကို ဆင်းနေရတာလဲ၊ ချောက်ကမ်းပါးကြီးထဲမှာ ဒီကောင့်အတွက် ခိုလှုံနိုင်စရာ နေရာရှိနေလို့ပဲ ဖြစ်ရမယ်၊ ဒါပေမဲ့ ရွာမှာမနေဘဲ ချောက်ကမ်းပါးကြီးထဲမှာ သွားပြီးနေတာ အတော်ထူးခြားတဲ့ကိစ္စပဲ "

ဟု ပြောလေ၏။ ထိုအခါ စောဖိုးခွား၏တပည့်တစ်ဦးကလည်း ဝင်ရောက်၍

www.burmeseclassic.com



" ဒီလူ ချောက်ကမ်းပါးထဲမှာ ပုန်းအောင်းဖို့အတွက် ဦးဒေါနဲ ကိုယ်တိုင် စီစဉ်ပေးထားတယ်၊ ဦးဒေါနဟာ ဒီနေရာမှာ ဘယ်လိုလူမျိုးကို မှ ကြောက်တဲ့လူမဟုတ်ဘူး။ ဒီတော့ ဦးဒေါနကိုယ်တိုင် ကြောက်ရတဲ့လူ က ကျုပ်တို့ဒေသကမဟုတ်ဘဲ မြေပြန့်ဒေသက ဖြစ်မယ် "

ဟု ပြောဆိုလေ၏။ ထိုအခါ စောဖိုးခွားက ခေါင်းတဆတ်ဆတ် ညိတ်၍

" ဟုတ်ပြီ... မင်းပြောတာ ဖြစ်နိုင်တယ်၊ ဖိုးခေါင်ဆိုတဲ့လူက မြေပြန့်ဒေသက ရောက်လာတဲ့လူပဲ၊ ဒီကောင့်မှာ ကြောက်မက်ဖွယ် ကောင်းတဲ့ ရန်သူတွေရှိရမယ်၊ ဒီရန်သူတွေကို ဦးဒေါနကိုယ်တိုင် ရိပ်စား မိပုံရတယ် "

ဟု ပြောလေ၏။ ထိုအခါ သူ၏တပည့်တစ်ဦးက လက်သီး ဆုပ်၍

" ဟုတ်ပြီ... ဒါဟာ ဒီကောင့်ရဲ့အားနည်းချက်ပဲ၊ ဒီကောင်ရဲ့ အားနည်းချက်ကို ကျုပ်တို့သိထားတာ တစ်ပန်းသာတာပဲ "

ဟု ပြောလေ၏။

ထိုအခါ စောဖိုးခွားက

" ဘာပဲဖြစ်ဖြစ် ဒီကောင် တောထဲမှာ ခိုအောင်နိုင်တဲ့နေရာ ကို ငါတို့သိပြီ၊ ဒီကောင်နဲ့ငါ အလွန်ကြီးမားတဲ့ ရန်ငြိုးရန်စရှိတယ်၊ သူ့ ကြောင့် ငါဟာ ရွာသားတွေကြားမှာ အရှက်တကွဲ အကျိုးနည်းဖြစ်ရ တယ်၊ ဒါကြောင့် ဒီကောင့်ကို သုတ်သင်ရမယ် "





ဟု ကြုံးဝါးလေ၏။

သူ၏တပည့်တစ်ဦးက ဝင်ရောက်၍

" မရွှေဥဟာ ဖိုးခေါင်ဆိုတဲ့အကောင်နဲ့ အတော်ရင်းနှီး အွမ်းဝင်နေပုံရတယ် "

ဟု ပြောလေရာ စောဖိုးခွားက လက်သီးဆုပ်၍

" ရွှေဥဟာ ငါလို ရွာသားအချင်းချင်းကို မကြည်ဖြူဘဲ ဘာမဟုတ်တဲ့ တစ်နယ်သားကို မျက်နှာသာပေးတယ်၊ ဒီကိစ္စကို ငါ လုံးဝမကျေနပ်ဘူး။ ဒါကြောင့် တစ်ရွာသားလက်ထဲကနေ ရွှေဥကို မဖြစ် ဖြစ်တဲ့နည်းနဲ့ ရယူရမယ်၊ အဲဒီလုပ်လို့ ဦးဒေါနဲ့ ထိပ်တိုက်တွေ့မှာလည်း ငါမကြောက်ဘူး ဒါကြောင့်လဲဆိုတော့ ဒီကိစ္စဟာ တောထဲမှာဖြစ်တာ ၊ ငါတို့လုပ်ရပ်နဲ့ပတ်သက်ပြီး သက်သေခံမဲ့လူမရှိဘူး။ ဟား... ဟား... ဟား... မရွှေဥ မရွှေဥ၊ မင်းဟာ ဒီရွာမှာ စွဲမက်ဖွယ်အကောင်းဆုံး မိန်းမ ပဲ၊ ငါနဲ့တွေ့ရင်တော့ စွဲဆောင်မှု တကယ်ကောင်း မကောင်း တွေ့ရဦးမှာပေါ့ကွာ "

ဟု ပြောလေ၏။

ဖိုးခေါင်သည် လိုဏ်ဂူထဲသို့ ရောက်လာသောနေ့မှာ နှစ်လ တင်းတင်းပြည့်သောနေ့သို့ ရောက်ရှိခဲ့ပြီ။ ထိုအခါ ဖိုးခေါင်ထံသို့ ဦးဒေါန ရောက်ရှိလာပြန်၏။

ဦးဒေါနသည် ဖိုးခေါင်အတွက် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက် သွန်များ ယူဆောင်လာ၏။ ဦးဒေါနက



www.burmeseclassic.com

www.burmeseclassic.com



" မင်း လိုဏ်ဂူထဲမှာနေတာ နှစ်လပြည့်ပြီ၊ ဒီနေ့အထိ ဒါတို့ ရွာမှာ ကြယ်တံခွန်ဂိုဏ်းသားတွေကို မမြင်ရသေးဘူး၊ ကြယ်တံခွန်ဂိုဏ်း သားတွေဟာ မင်းကို မျက်ခြေပြတ်နေတာ ဖြစ်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ် သတိဆိုတာ ပိုတယ်လို့မရှိဘူးကွ၊ မင်း လိုဏ်ဂူထဲမှာပဲ ပုန်းအောင်းနေ စမ်းပါကွာ၊ တောင်ပေါ်ကို တက်ဖို့မကြိုးစားပါနဲ့၊ လိုဏ်ဂူထဲမှာနေပြီး သုံးလပြည့်တော့မှ အခြေအနေကိုကြည့်ပြီး ပြန်တက်သင့် မတက်သင့် ဆုံးဖြတ်ရမယ် "

ဟု ပြောလေ၏။

ဦးဒေါနု လိုဏ်ဂူဝမှ ပြန်သွားပြီး ရက်အနည်းငယ်ကြာသည် အထိ ဦးဒေါနု၏သမီး မရွှေဥ လိုဏ်ဂူသို့ ရောက်မလာတော့ချေ။

မရွှေဥရောက်လာမည့်နေ့သို့ရောက်သောအခါ ဖိုးခေါင်သည် တောင်ပေါ်သို့တက်၍ စောင့်နေမိ၏။ ထိုသို့စောင့်နေရင်း ကျောက်တုံး တစ်တုံးပေါ်တွင်ထိုင်၍ စိတ်ကူးအင်များကို လေ့ကျင့်နေမိ၏။

ထိုစဉ် တော၏တစ်နေရာမှ မရွှေဥ၏အော်သံကို ကြားရသဖြင့် သူမ အန္တရာယ်နှင့်တွေ့နေပြီဟု ယူဆကာ ထိုနေရာသို့ အပြေးအလွှား သွားခဲ့လေ၏။

မရွှေဥ၏အော်သံမှာ လျှိုကြီးတစ်ခုအတွင်းမှ ဖြစ်၏။ ဖိုးခေါင် သည် လျှိုကြီးအောက်သို့ ရောက်သောအခါ မြင်ရသောမြင်ကွင်း ကြောင့် လွန်စွာ စိတ်လှုပ်ရှားသွားလေ၏။

အဘယ်ကြောင့်ဆိုသော် လူယုတ်မာ စောဖိုးသွားသည် လျှိုကြီး





အတွင်းရှိ ကျောက်ဖျာကြီးပေါ်တွင် မရွှေဥကို မတော်မတရားပြုကျင့်ရန် ကြိုးစားနေ၏။

ကျောက်ဖျာ၏ပတ်ပတ်လည်၌ စောဖိုးသွား၏တပည့်များက မြင်ကွင်းကိုကြည့်၍ တဟီးဟီး ဟဟားဟား ပွဲကျနေကြ၏။

မရွှေဥသည် မကြာမီအချိန်အတွင်း ရေတိမ်နစ်ရမည့်ဘေးသို့ ရောက်ရှိနေ၏။

ဖိုးခေါင်သည် နှမချင်းမစာနာသည့် စောဖိုးသွားအား ဒေါသဖြစ် သွားပြီး ကျားခုန်အော်ဟစ်ကာ ကျောက်ဖျာပေါ်သို့ ခုန်ချလိုက်၏။

ကျောက်ဖျာပေါ်သို့ရောက်သောအခါ ကြောင်အမ်းအမ်းကြည့် နေသော စောဖိုးသွား၏မေးရိုးအား ခြေဖြင့် တအားဆောင့်ကန်လိုက်ရာ စောဖိုးသွားသည် အားခနဲအော်ဟစ်၍ မြေပေါ်သို့ ပစ်လဲလေ၏။

မရွှေဥသည် ကယ်တင်ရှင်ရောက်လာ၍ လွန်စွာမှ ဝမ်းမြောက် ခဲ့သော ဖြစ်သွားလေ၏။

စောဖိုးသွားသည် ဖိုးခေါင်၏ ပြင်းထန်သောခြေကန်ချက် မိသွား သဖြင့် မထနိုင်တော့ဘဲ မြေပေါ်သို့ လဲကျလေ၏။

စောဖိုးသွား၏တပည့် များသည် ဖိုးခေါင်အား ဝိုင်းဝန်းတိုက်ခိုက် ရန် ကြိုးစား၏။

သို့သော် ဖိုးခေါင်၏ ကိုယ်ခံပညာမှာ အလွန်ကောင်းမွန်သဖြင့် ၎င်းတို့လူစုသည် မယှဉ်နိုင်တော့ဘဲ ထွက်ပြေးသွားလေ၏။ ထိုအခါမှပင် မရွှေဥက



www.burmeseclassic.com

www.burmeseclassic.com



“ ရှင်သာ အချိန်မီ ရောက်မလာခဲ့ရင် ကျွန်မဘဝဆုံးမှာပဲ ဒီကောင့်လက်ထဲမှာ ဘဝဆုံးရရင်တော့ ကျွန်မကိုယ်ကျွန်မ သတ်သေလိုက်ဖို့ ဆုံးဖြတ်ထားတယ်၊ ဒါကြောင့် ရှင်ဟာကျွန်မရဲ့အသက်နဲ့ အရှက်ကို ကယ်တင်လိုက်တာပဲ ”

ထိုအခါ ဖိုးခေါင်က မျက်မှောင်ကြုတ်၍

“ နေပါဦး… မရွှေဥကို ဒီကောင်တွေ ဘယ်လိုလုပ် တောထဲကို ခေါ်လာတာလဲ ”

ဟု မေးမြန်းလေ၏။ မရွှေဥက

“ ကျွန်မ ရှင်နဲ့မတွေ့တာကြာလို့ ဒီတောင်ပေါ်ကို လိုက်လာတာ၊ တောင်ပေါ်ရောက်လို့ ရှင့်ကို အော်ခေါ်ဖို့လုပ်နေတုန်း ဓားပြ[ဗိုလ်]ကြီးနဲ့တပည့်တွေ ရောက်လာပြီး ကျွန်မကို လှိုဏ်ထဲကို ထမ်းခေါ်သွားတာပဲ ”

ဟု ပြောလေ၏။ ထိုအခါ ဖိုးခေါင်က မျက်မှောင်ကြုတ်၍

“ ဒါဆိုရင် ချောက်ကမ်းပါးထဲက လိုဏ်ဂူထဲမှာ ကျုပ်ပုန်းအောင်းနေတာ ဒီကောင်တွေ ရိပ်မိသွားနိုင်တယ်၊ မရွှေဥအတွက် ဒီတောင်ပေါ်မှာ အန္တရာယ်ရှိတယ်ဆိုတာ အခုမျက်မြင်သက်သေပဲ၊ ကျုပ် လိုဏ်ဂူထဲကနေထွက်ပြီး မရွှေဥကိုစောင့်တယ်၊ မရွှေဥရဲ့အော်သံကြားလို့ လှိုဏ်ကြီးထဲကို ပြေးဆင်းလာရကာ ဒီလိုအဖြစ်မျိုးနဲ့ ကြုံရတာပဲ၊ မရွှေဥကံသိပ်ကောင်းတယ်၊ ကျုပ်သာ တောင်ပေါ်တက်ပြီး စောင့်မနေဘူးဆိုရင် မရွှေဥရဲ့အော်သံကို ကြားရမှာမဟုတ်ဘူး။ ဒါကြောင့် တောင်ပေါ်ကို အဖော်မပါဘဲ တက်မလာပါနဲ့တော့ ”

———— ဇောတနာဇာဖေ ————



ဟု ပြောဆိုလေ၏။

ထိုအခါ မရွှေဥက ခေါင်းငုံ့၍

“ ဟုတ်တယ်၊ ကျွန်မ ရှင့်အတွက် အစိုးရိမ်လွန်ပြီး ကျွန်မရဲ့ အန္တရာယ်ကို သတိမထားမိလိုက်ဘူး၊ တကယ်တော့ ကျွန်မတို့ရွာသူ ရွာသားအများစုက အေးချမ်းပါတယ်၊ ဓားပြသွားတို့လို စိတ်ထား ယောက်ကျစ်တဲ့လူ မရှိဘူး၊ အခုတော့ ငါးခုံးမတစ်ကောင်ကြောင့် အစ်လှေလုံး ပုပ်ရတော့မယ် ”

ဟု ပြောလေ၏။ ဖိုးခေါင်က

“ ကျုပ် လိုဏ်ဂူကြီးထဲမှာ သုံးလနေရမယ်၊ ပြီးရင်တော့ ဦးဒါနရဲ့သဘောအတိုင်း ရွာထဲမှာပြန်ပြီး နေပါ့မယ်၊ ဒါကြောင့် မရွှေဥ ကျုပ်ဆီကို စားစရာတွေ လာမပို့နဲ့တော့ ”

ဟု မှာကြားလေ၏။

ဖိုးခေါင်သည် မရွှေဥ တောင်အောက်သို့ ဆင်းသွားသောအခါ လိုဏ်ဂူအောက်သို့ ပြန်ဆင်းခဲ့လေ၏။

ထို့နောက် ညနေစာ စားသောက်ရန်အတွက် ထမင်းအိုး တည်လေ၏။

ထိုအခိုက်မှာပင် လိုဏ်ဂူကြီးအဝသို့ အလွန်ကြီးမားသော ငှက်ကြီးတစ်ကောင် ဝင်ရောက်နားခိုလေ၏။

ဖိုးခေါင်သည် ငှက်ကြီးကို ဖမ်းဆီးလိုသောဖြင့် အနီးရှိ…ကို ကောက်ကိုင်လိုက်ပြီး ငှက်ကြီးအား လှမ်းပစ်လိုက်၏။

———— ဇောတနာဇာဖေ ————

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ငှက်ကြီးမှာ မယုံနိုင်လောက်အောင် လျှင်မြန်သော အရှိန်ဖြင့် သူ၏ခေါင်းကို လွတ် မြောက်အောင် ရှောင်တိမ်းလိုက်၏။

လိုဏ်ဂူကြီးသည် အဝ၌ လူတစ်ယောက်သာသွား အမြင့်ရှိ သော်လည်း အတွင်းပိုင်း၌ အတော်အတန်မြင့်မားသဖြင့် ဖိုးခေါင်သည် ငှက်ကြီးကို ခက်ခက်ခဲခဲ လိုက်လံတိုက်ခိုက်ရလေ၏။

ငှက်ကြီးသည် လိုဏ်ဂူထဲတွင် လှည့်လည်ပြေးလွှားနေရာမှ ပြေးမလွတ်မှန်းသိသဖြင့် လိုဏ်ဂူဝမှ ပြန်ထွက်ရန် ကြိုးစား၏။ သို့ရာတွင် ဖိုးခေါင်မှာ လိုဏ်ဂူဝမှပိတ်၍ တိုက်ခိုက်နေသဖြင့် ငှက်ကြီးသည် ပြန်မထွက်နိုင်ဘဲ ရှိလေ၏။

ငှက်ကြီးသည် လိုဏ်ဂူထဲ၌ လှည့်လည်ရင်း ထွက်ပေါက်ကို ရှာလေ၏။

ထိုသို့ပြန်သန်းရင်း ထိပ်ဝသို့ရောက်သောအခါ သူ၏ ရှည် လျားလှသော လက်သည်းများဖြင့် လိုဏ်ဂူ၏ကျောက်တုံးများကို ကုတ် ခြစ်လေရာ ကျောက်ခဲများသည် အောက်သို့ တဖွားဖွား ကျလာလေ၏။

ဖိုးခေါင်သည် ငှက်ကြီး၏လုပ်ရပ်ကို အံ့ဩစွာဖြင့် ကြည့်ရှုနေ၏။

ငှက်ကြီးသည် လိုဏ်ဂူအဝ၌ လွတ်မြောက်ရန် လမ်းကြောင်း ရှိကြောင်း သိပုံရ၏။

ထိုသို့ ကျောက်တုံးများကို ကုတ်ခြစ်ရာ ကျောက်တုံးများသည် တဟုန်းဟုန်း ပြုတ်ကျလာလေ၏။



ထိုသို့ကျပြီး မြားမကြာမီ ငှက်ကြီးထွက်နိုင်သော အပေါက် ဖြစ်သွားပြီး ငှက်ကြီးသည် ထိုအပေါက်မှ တိုးဝှေ၍ ထွက်ခွာသွားလေ၏။

ဖိုးခေါင်သည် ငှက်ကြီးလွတ်မြောက်သွားသော်လည်း ဝမ်းနည်း ခြင်းမရှိဘဲ လိုဏ်ဂူမှ ထွက်ခွာရန် အပေါက်တစ်ပေါက်ကို တွေ့သဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိ၏။

သို့သော် လိုဏ်ဂူမှလွတ်မြောက်ရန် အပေါက်မှာ လိုဏ်ဂူကြီး ၏ ခေါင်မိုး၌ တည်ရှိသဖြင့် လိုဏ်ဂူကြီး၏ ခေါင်မိုးပေါ်မှ တွယ်ကပ်တက် သော ရောက်နိုင်လေ၏။

ဖိုးခေါင်သည် ညနေစောင်းသွားပြီး အလင်းမရှိတော့သဖြင့် လိုဏ်ဂူကြီး၏ထိပ်ဝသို့ တွယ်ကပ်တက်ရန် စိတ်လျှော့လိုက်လေ၏။

နောက်တစ်နေ့နံနက်သို့ရောက်သောအခါ လိုဏ်ဂူကြီးအပေါ် သို့ တွယ်ကပ်တက်ရန် ပြင်နေစဉ် ဦးဒေါန ရောက်ရှိလာပြီး

" ဖိုးခေါင်... မင်းအတွက် အန္တရာယ်ရှိနေပြီ၊ ရွာထဲမှာ ကြယ် အမွှန်ပိုင်းလို မသက်ာတဲ့သူတွေရောက်နေပြီ၊ သူတို့ဟာ မင်း ဘယ်မှာ ရှိတယ်ဆိုတာ စုံစမ်းနေတယ်၊ ငါဟာ မင်း ဒီရွာမှာမရှိတော့ဘူးလို ညာသုံးလိုက်ရတယ်၊ ဒါပေမဲ့ သူတို့ဟာ ယုံကြည်ပုံမရဘူး၊ ရွာထဲမှာ နေတုန်းပဲ၊ မကြာခင် သူတို့ဟာ မင်းတောထဲမှာရှိနေတယ်ဆိုတာ သိသွားလိမ့်မယ်၊ ဒါကြောင့် လိုဏ်ဂူထဲမှာ သတိ၊ ဝီရိယနဲ့သာ နေပေ တော့ "

ဟု ပြောလေ၏။

www.burmeseclassic.com



ထိုအခါ ဖိုးခေါင်က သက်ပြင်းချ၍

" ကျုပ်အတွက် ဦးဒေါနတို့မိသားစု ဒုက္ခရောက်မှာ စိုးရိမ်တယ်၊ ကျုပ် ဒီနေရာကထွက်သွားရင် ကြယ်တံခွန်ဂိုဏ်းသားတွေ မျက်ခြေပြတ်သွားနိုင်တယ် "

ဟု ပြောလေ၏။

ဖိုးခေါင်၏စကားကြောင့် ဦးဒေါနက မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီးနောက်

" ဒါပေမဲ့ အန္တရာယ်ကြားထဲကိုသွားရမယ်ဆိုတော့ သတိရှိယတော့ ရှိစေချင်တယ်၊ ဒီလိုဏ်ဂူထဲမှာ ကြယ်တံခွန်ဂိုဏ်းရဲ့ အထွေး အမြတ်ထားတဲ့ ကျမ်းတစ်စောင်ရှိနေတယ်၊ ဒီကျမ်းတွေကို လုံလုံခြုံခြုံ သိမ်းထားခဲ့ပါ "

ဟု ပြောလေ၏။

ထိုအခါ ဖိုးခေါင်က ခေါင်းညိတ်၍

" ကောင်းပါပြီ၊ ကျုပ်ထွက်သွားတဲ့အခါ ကြယ်တံခွန်ဂိုဏ်းရဲ့ ကျမ်းစာတွေကို လုံခြုံတဲ့နေရာမှာ ပြန်ပြီး သိမ်းထားခဲ့ပါ့မယ်၊ ကျုပ်တို့ ကံမကုန်သေးရင်တော့ ပြန်ဆုံကြသေးတာပေါ့၊ ဦးဒေါနရဲ့သမီး မရွှေ ကျုပ်က နှုတ်ဆက်သွားတယ်လို့ ပြောလိုက်ပါ "

ဟု ပြောလေ၏။

ဦးဒေါနက သက်ပြင်းချ၍

" ဒီဂူကြီးထဲက ဘယ်လောက်ကြာရင် ခရီးထွက်မှာလဲ "





ဟု မေးမြန်းလေ၏။

ဖိုးခေါင်က ငေးကြည့်၍

" ဒီနေ့ညပဲ လိုဏ်ဂူကြီးထဲကနေ ထွက်ခွာဖို့ ကြံစည်ထားတယ်၊ ကျုပ် ဒီနေရာမှာ ကြာကြာဆက်နေလို့ မကောင်းတော့ဘူး၊ ဦးဒေါနလည်း ရွာကို အမြန်ဆုံးပြန်ပါ၊ ဦးဒေါနဲ့ ကျုပ်နဲ့ အဆက်အသွယ်ရှိတယ်ဆိုတာ ကြယ်တံခွန်ဂိုဏ်းကလူတွေသိသွားရင် မကောင်းဘူး "

ဟု ပြောလေ၏။

ထို့နောက်တွင်မှ ဦးဒေါနသည် လိုအပ်သည်များကို မှာကြားပြီး တောင်အောက်သို့ ပြန်လည်ဆင်းသက်သွားလေ၏။

ဖိုးခေါင်သည် လိုဏ်ဂူထဲသို့ ပြန်လည်ဆင်းသက်ခဲ့ပြီး သူ၏ ပစ္စည်းများကို သိမ်းဆည်းနေလေ၏။

သူသည် ဂူထဲတွင် သုံးလနီးပါးနေထိုင်ခဲ့သည့် ကာလအတွင်း ကြယ်တံခွန်ဂိုဏ်း၏ စိတ်ဖွမ်းအင်လေ့ကျင့်ခန်းများကို လေ့ကျင့်ခဲ့၏။

ထိုသို့လေ့ကျင့်ရာတွင် လိုချင်တပ်မက်စိတ်ကြောင့် လေ့ကျင့်ခြင်း ဆုတ်ဘဲ အလုပ်အကိုင်မရှိ ပျင်းရိငြီးငွေ့ခြင်းကြောင့် လေ့ကျင့်ခဲ့ခြင်း ဖြစ်၏။

ဖိုးခေါင်သည် ကြယ်တံခွန်ဂိုဏ်း၏ လျှို့ဝှက်ကျမ်းစာအုပ်များကို ဦးဒေါနထားသည့်အတိုင်း သံသေတ္တာထဲတွင်ထည့်၍ လုံခြုံစွာ သိမ်းဆည်းထားလိုက်၏။

ထို့နောက် ကျောက်တုံးတစ်တုံးကြီးအောက်၌ ရေချားစွာ



www.burmeseclassic.com

www.burmeseclassic.com



ဖွက်ထားလိုက်၏။

ဖိုးခေါင်သည် လိုဏ်ဂူထဲရှိ ပစ္စည်းများကို သေချာစွာ လိုက်၍ သိမ်းဆည်းထားလိုက်၏။

အလုံးစုံသိမ်းဆည်းပြီးသောအခါ လိုဏ်ဂူဝမှ တွယ်ကပ်တက်ရန် မြင်ဆင်လိုက်၏။

ထိုအခိုက်မှာပင် တောင်ပေါ်မှဆင်းလာသော ခြေသံများကို ကြားရသဖြင့် ကျောက်တုံးကြီးတစ်တုံးကို အကာအကွယ်ပြု၍ ပုန်းအောင်းလိုက်ရ၏။

ဖိုးခေါင်သည် ကျောက်တုံးအနောက်မှ တက်လာသူများကို ချောင်းကြည့်လေရာ သူ၏ရန်သူတော် စောဖိုးခွားနှင့် လူစိမ်းများကို တွေ့ရ၏။

ထိုသူများ၏နောက်ကျော၌ ခါးရှည်ကိုယ်စီဖြင့် လွယ်ထားကြ၏။ ထိုအခိုက်မှာပင် တောင်ပေါ်မှပြောသော လေသံတီးတိုးကို ကြား၏။

“ ယောလူ ချောက်ထဲဆင်းရတာ အလွန်အန္တရာယ်များတယ် ဒီလောက်ကြောက်စရာကောင်းတဲ့နေရာမှာ ဖိုးခေါင်ဆိုတဲ့လူ ရှိနိုင်မလား”

ဟူသောအသံကို ကြားရ၏။ ထိုအခါ စောဖိုးခွားမှ

“ ရှိပါတယ်ဗျာ၊ ကျုပ်တပည့်တွေ ဒီကောင့်ကို သေချာကြည့်ထားပြီးပြီ၊ ဒီကောင် ဒီနေရာကပဲ ချောက်ကြီးထဲကို ဆင်းသွားတာရှ”





ဟု အော်ဟစ်သံကို ပြန်လည်ကြားရပြန်၏။

ဖိုးခေါင်သည် စောဖိုးခွား၏အသံကို ကြားရသောအခါ ဒေါသအကြီး အံကိုကြိတ်လိုက်ပြီး

“ တောက်... စောဖိုးခွားဟာ အလွန်ယုတ်မာတဲ့ကောင်ပဲ၊ ငါ့ရဲ့ရန်သူတွေကို ချောက်ကမ်းပါးကြီးထဲကို ဦးဆောင်ခေါ်လာတာပဲ၊ သူတို့ဟာ ငါမကြားတော့ဘူးထင်လို့ လွတ်လွတ်လပ်လပ် ပြောနေကြတယ်၊ သူတို့ကို ရှောင်နေလို့မဖြစ်တော့ဘူး၊ ထိပ်တိုက်ရင်ဆိုင်မှ ဖြစ်တော့မယ် ”

ဟု ရေရွတ်လေ၏။

ထိုအချိန်တွင် စောဖိုးခွားနှင့် ကြယ်တံခွန်ဂိုဏ်းသားများကို ချောက်ကမ်းပါးကြီးကို တွယ်ကပ်၍ အောက်သို့ဆင်းလာကြ၏။

ဖိုးခေါင်သည် ကြယ်တံခွန်ဂိုဏ်းသားများကိုကြည့်၍ လွန်ခဲ့သော ရက်က ငှက်ကြီးကို သတိရလိုက်လေ၏။ ထိုငှက်ကြီး လိုဏ်ဂူထဲမှ ထွက်ရာလမ်းမှလိုက်လျှင် လိုဏ်ဂူထဲမှ လွတ်မြောက်နိုင်၏။

ဖိုးခေါင်သည် ရန်သူများနှင့်ရင်ဆိုင်ရန် သတ္တိရှိသော်လည်း ရှောင်တိမ်းပြေးရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် လိုဏ်ဂူထဲသို့ ပြန်လည် ဝင်ရောက်ပြီး လိုဏ်ဂူ၏နံရံဆီသို့ တွယ်ကပ်လာ၏။

လိုဏ်ဂူနံရံသည် ချောပြောင်နေသဖြင့် အတော်ပင် တက်ရခက်သ၏။



www.burmeseclassic.com

www.burmeseclassic.com



လိုဏ်ဂူထိပ်သို့ရောက်သောအခါ ယမန်နေ့က ငှက်ကြီးကုတ်ခြစ်ခဲ့သော ကျောက်တုံးများကြားမှ အလင်းရောင်ထွက်ပေါ်နေကြောင်း တွေ့ရ၏။

ဖိုးခေါင်သည် ထိုအပေါက်မှ တိုးထွက်လိုက်ရာ လိုဏ်ဂူ၏အပြင်သို့ ရောက်ရှိသွားကြောင်း တွေ့ရ၏။

ဖိုးခေါင်သည် ရန်သူများ မိမိထွက်ပြေးရာ လမ်းကြောင်းကို သိသွားမှာစိုးသဖြင့် ဂူပေါက်အား အပြင်မှ ကျောက်တုံးများနှင့် ပိတ်ဆို့ထားလိုက်ရာ သဘာဝအတိုင်း ပြန်ဖြစ်သွားလေ၏။

ဖိုးခေါင်ရောက်ရှိသောနေရာသည် လိုဏ်ဂူ၏ထိပ်ဆုံးဖြစ်၏။ ထိုနေရာမှ ချောက်ကမ်းပါးကြီးထဲသို့ဆင်းရန် လမ်းကြောင်းရှိကြောင်း တွေ့လိုက်ရ၏။

ထိုအချိန်တွင် စောဖိုးခွားနှင့် ကြယ်တံခွန်ဂိုဏ်းသားများသည် ဖိုးခေါင်ရှိရာ လိုဏ်ဂူကြီးသို့ ရောက်ရှိလာ၏။ ကြယ်တံခွန်ဂိုဏ်းသားများသည် လိုဏ်ဂူထဲ၌ ဖိုးခေါင်ရှိနေမည်ထင်သဖြင့် တိတ်တဆိတ်ချဉ်းကပ်ခဲ့၏။

စောဖိုးခွားမှာလည်း ကြယ်တံခွန်ဂိုဏ်းသားများနှင့်အတူ ဝင်ရောက်တိုက်ခိုက်ရန် သူ၏ဆောင်ဓားကို အသင့်ပြင်ထား၏။

သို့သော် လိုဏ်ဂူတစ်ခုလုံး လှည့်လည်ကြည့်ရှုပြီး ဖိုးခေါင်၏ အရိပ်အယောင်ကို မတွေ့ရသောအခါ ကြယ်တံခွန်ဂိုဏ်းသားတစ်ဦးက မီးဖိုကိုကြည့်ကာ





“ ဒီနေ့မနက်အထိ ဒီကောင် ဂူထဲမှာနေသွားခဲ့တယ်၊ အခုတော့ ငါတို့လက်က လက်မတင်လေး လွတ်မြောက်သွားပြီ ”

ဟု စိတ်ပျက်လက်ပျက် ပြောလိုက်လေ၏။

စောဖိုးခွားသည် ကြယ်တံခွန်ဂိုဏ်းသားများနှင့်ရော၍ ဖိုးခေါင်တို မတိုက်ခိုက်လိုက်ရသဖြင့် မကျေမချမ်း ဖြစ်နေလေ၏။

ထို့နောက် စောဖိုးခွားတို့လူစုသည် လိုဏ်ဂူထဲတွင် အတန်ကြာအောင် လှည့်လည်ကြည့်ရှုပြီး ထိုနေရာမှ တောင်ပေါ်သို့ ပြန်လည်ထွက်ခွာသွားလေတော့၏။

ဖိုးခေါင်သည် ကြယ်တံခွန်ဂိုဏ်းသားများ ထွက်ခွာသွားသော်လည်း လိုဏ်ဂူထဲသို့ ပြန်မဝင်တော့ဘဲ ချောက်ကမ်းပါးအောက်သို့ ဆင်းနိုင်သော လမ်းကိုတွေ့ရသဖြင့် အောက်သို့ဆင်းလာခဲ့၏။

ချောက်ကမ်းပါးကြီးသည် အလွန်မတ်စောက်ပြီး အောက်သို့ဆင်းရန် အချို့နေရာများတွင် အခက်အခဲများကို ကျော်ဖြတ်ရ၏။

ထိုအခါ ဖိုးခေါင်သည် သူ၏ဓါးနှင့်ကြိုးကို အသုံးပြု၍ အောက်သို့ တရွေ့ရွေ့ဆင်းသွားလေ၏။

ထိုလမ်းသည် အောက်သို့ဆင်းရန် အလွယ်ကူဆုံးဖြစ်သဖြင့် ဖိုးခေါင်သည် ရှေးအခါက မုဆိုးများ အသုံးပြုသော လမ်းပင်ဖြစ်နေသလားဟု ထင်မှတ်မိ၏။

ဤသို့ဖြင့် တစ်နာရီခန့်ဆင်းမိသောအခါ ချောက်ကမ်းပါး၏ အောက် လျှိုကြီးထဲသို့ ရောက်ရှိသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးခေါင်သည် မြေကြီးပေါ်သို့ ရောက်သောအခါ မောပန်းလွန်းသဖြင့် အနားယူနေမိ၏။

အတန်ကြာအောင်သွားပြီးနောက် လှိုဏ်ကြီးထဲတွင် လှည့်လည်ကြည့်ရှုလေရာ လှိုဏ်ထဲရှိ ရွှင်းများသည် အလွန်သာယာလှပကြောင်း တွေ့ရ၏။

လှိုဏ်ကြီးထဲသို့ ဖြတ်သန်းစီးဆင်းနေသော စမ်းချောင်းငယ်လေး ရှိ၏။ ထိုစမ်းချောင်းငယ်လေးထဲတွင် တောပန်းကလေးများ မျောပါနေလေ၏။

ထိုစမ်းချောင်းထဲတွင် အမျိုးအမည်မသိသော ရွှေရောင်ငါးကလေးများ ကူးခတ်သွားလာနေလေ၏။

ဖိုးခေါင်သည် လှိုဏ်ကြီးထဲတွင် လှည့်လည်ကြည့်ရှုလေရာ လှိုဏ်ကြီး၏ တစ်နေရာ၌ အရိပ်ကောင်းစွာရရှိသော ညောင်ပင်ကြီးတစ်ပင် တွေ့ရလေ၏။

ထိုညောင်ပင်ကြီး၏ မနီးမဝေး၌ ပကတိလူတစ်ဦး၏ အရွယ်အစားအတိုင်း ထုလုပ်ထားသော ပန်းပုရုပ်တစ်ရုပ်ကို တွေ့ရလေ၏။ ဖိုးခေါင်သည် လွန်စွာအံ့ဩသွားလေ၏။

လူသူအရောက်အပေါက်မရှိသော ချောက်ကမ်းပါးထဲရှိ လှိုဏ်ကြီးထဲတွင် ပန်းပုရုပ်ကို မည်သူထုထားလေသည် မသိ။

ဖိုးခေါင်သည် ထိုရုပ်ထုအနီးသို့ တိုးကပ်သွားပြီး အောက်ခြေရှိ စာတမ်းကို ဖတ်ရှုလေရာ ပိုမို၍ အံ့ဩသွားလေ၏။





ထိုစာတမ်း၌ ကြယ်တံခွန်ဂိုဏ်းချုပ် ဦးမာဃဟု ရေးသားထားလေ၏။

ပန်းပုရုပ်၏အသွင်သဏ္ဌာန်က ရေးမြန်မာမင်းများ၏ ဝတ်စားဆင်ယင်မှုကို တွေ့ရပြီး ကြယ်တံခွန်ဂိုဏ်းချုပ်သည် ဓားအိမ်ထဲမှ ဓားကို တင်းတင်းဆုပ်ကိုင်ထားကြောင်း တွေ့ရလေ၏။

ဖိုးခေါင်သည် ကြယ်တံခွန်ဂိုဏ်းချုပ်၏ရုပ်ထုကို တွေ့ရသဖြင့် တွေးမရနိုင်အောင် ရှိလေ၏။

လူသူအရောက်အပေါက် အလွန် နည်းလှသောနေရာတွင် ကြယ်တံခွန်ဂိုဏ်းချုပ်၏ ရုပ်ထုပုံစံကို တွေ့ရသဖြင့် လွန်စွာ အံ့ဩနေမိ၏။

ဖိုးခေါင်သည် ကြယ်တံခွန်ဂိုဏ်းချုပ်၏ ရုပ်ထုကြီးနောက်သို့ ဖတ်၍ကြည့်သောအခါ ကျောက်သားပေါ်တွင် ရေးထိုးထားသော ကျောက်စာတစ်ချပ်ကို တွေ့ရ၏။

ဖိုးခေါင်သည် ထိုကျောက်စာချပ်ကို စိတ်ဝင်စားစွာ ဖတ်ရှုနေမိ၏။

ထိုကျောက်စာပေါ်တွင် ရေးသားချက်များအရ ကြယ်တံခွန်ဂိုဏ်းချုပ် ဦးမာဃသည် ကုန်းဘောင်ခေတ်အစောပိုင်းတွင် ဂိုဏ်းချုပ်တစ်ဦး ဖြစ်လာကြောင်း၊ လောကီပညာရပ်များကို ကျွမ်းကျင်တတ်မြောက်သူဖြစ်ကြောင်း၊ ဦးမာဃသည် မိမိတတ်ကျွမ်းသော လောကီပညာရပ်နှင့် တွက်ချက်ကြည့်ရာ ကြယ်တံခွန်ဂိုဏ်းပျက်စီးမည့်အချိန်သို့ ရောက်နေပြီ ဖြစ်ကြောင်း၊ ဂိုဏ်းသားများအား ဖော်ထုတ်ကြပြောရာမှ



www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းသားများ မကျေမနပ်ဖြစ်လာကြောင်း၊ ထို့ကြောင့် ဦးမာဃအား ကြယ်တံခွန်ဂိုဏ်းမှ ပုန်ကန်ဆန့်ကျင်သူများက ဝိုင်းဝန်းတိုက်ခိုက်ကြကြောင်း။ ဦးမာဃသည် မိမိဘက်မှ လူအင်အားနည်းသဖြင့် ကြယ်တံခွန်ဂိုဏ်းသားများ၏ လက်မှ အသက်လု၍ထွက်ပြေးလာရပြီး ဤလှိုဏ်ကြီးထဲသို့ ရောက်ရှိခဲ့ကြောင်း ဖော်ပြထားလေ၏။

ဦးမာဃသည် ဤလှိုဏ်ကြီးအတွင်း တစ်ကိုယ်တည်း အေးချမ်းစွာ နေထိုင်ရာမှ ကြယ်တံခွန်ဂိုဏ်းပြိုကွဲမည့်အရေးကို လောကီပညာအစွမ်းဖြင့် ထပ်မံ၍တွက်ချက်ကြည့်လေရာ သူ၏ပထမတွက်ချက်မှုမှာ အံ့ဩဖွယ် မှားယွင်းနေကြောင်း တွေ့ရ၏။

အမှန်တကယ် ကြယ်တံခွန်ဂိုဏ်း ပြိုကွဲရမည့်အချိန်မှာ ထိုဖြစ်ရပ်များ ဖြစ်ပွားပြီး နှစ်ပေါင်းများစွာအကြာ တစ်ထောင့်ကိုးရာ နှစ်ဆယ့်သုံးခုနှစ်နောက်ပိုင်း ကာလတွင်ဖြစ်ကြောင်း သိရလေ၏။

ထိုသို့ ကြယ်တံခွန်ဂိုဏ်းပျက်စီးရခြင်းမှာ အလိုရမ္မက်ကြီးလှသော မိန်းမတစ်ယောက်ကြောင့်ဖြစ်ကြောင်း ကြိုတင်သိမြင်ရလေ၏။

ဖိုးခေါင်သည် ကြယ်တံခွန်ဂိုဏ်း၏ကျောက်စာကို ဖတ်ရှုပြီး ယခုနှစ်သည် ထောင့်ကိုးရာနှစ်ဆယ့်နှစ်ဖြစ်ကြောင်း သိရလေ၏။ ထို့နောက် သက်ပြင်းရှည်ကြီးကိုချလိုက်ပြီး

" ကြယ်တံခွန်ဂိုဏ်းချုပ် ဦးမာဃရဲ့ တွက်ချက်မှုအရဆိုရင် နောက်နှစ်မှာ ကြယ်တံခွန်ဂိုဏ်းကြီး ပြိုကွဲမှာပဲ၊ ကြယ်တံခွန်ဂိုဏ်းချုပ် ဦးမာဃရဲ့ လောကီပညာအစွမ်းကတော့ အံ့မခန်းပါပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ နောင်နှစ်ပေါင်းများစွာမှာ ကြယ်တံခွန်ဂိုဏ်းချုပ်ဖြစ်တဲ့မိန်းမဟာ အလိုရမ္မက်ကြီးပြီး ရက်စက်ကြမ်းကြုတ်တယ်ဆိုတာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက တွက်ချက်နိုင်လို့ပဲ၊ ဦးမာဃရဲ့ တွက်ချက်မှုသာ မှန်ကန်တယ်ဆိုရင်တော့ ကြယ်တံခွန်ဂိုဏ်းကြီးဟာ နောက်နှစ်မှာ ပြိုကွဲပျက်စီးလိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် ဒီကျောက်စာမှာပါတဲ့ အကြောင်းအရာတွေက အလွန်ထူးဆန်းအံ့ဩဖို့ ကောင်းတာပဲ "

ဟု တစ်ကိုယ်တည်း တွေးတောမိလေ၏။

ထို့နောက် လှိုဏ်ကြီးထဲတွင် လှည့်လည်ကြည့်ရှုလေရာ လှိုဏ်ကြီး၏ တစ်နေရာ၌ လိုဏ်ဂူငယ်တစ်လုံးကိုတွေ့ရပြီး ထိုလိုဏ်ဂူငယ်၏ ထောင့်တစ်နေရာတွင် လူအရိုးစုတစ်ခုကို တွေ့ရလေ၏။

ထိုအရိုးစုမှာ ကြယ်တံခွန်ဂိုဏ်းချုပ် ဦးမာဃ၏ အရိုးစုပင် ဖြစ်ပုံရ၏။

ထူးဆန်းဖွယ်ကောင်းသောအဖြစ်မှာ ကြယ်တံခွန်ဂိုဏ်းချုပ် ဦးမာဃ၏အရိုးစုဘေးတွင် ရွှေရောင်တောက်ပနေသော ကြယ်တံခွန်ဂိုဏ်း၏ အထွတ်အမြတ် အမှတ်အသားဖြစ်သော ရွှေကြယ်ကို တွေ့ရ၏။

ဖခင်၏ပြောစကားအရ ကြယ်တံခွန်ဂိုဏ်း၏ အထွတ်အမြတ်တံဆိပ် ရွှေကြယ်မှာ တစ်ခုတည်းသာရှိ၏။ ယခု ဦးမာဃ၏အနီးတွင်ရှိသော ရွှေကြယ်မှာ အတုဖြစ်လေသည်မသိ။

ဖိုးခေါင်သည် လှိုဏ်ကြီးထဲတွင် လှည့်လည်ကြည့်ရှုပြီးသော်







www.burmeseclassic.com

www.burmeseclassic.com



လည်း ညမှောင်ရီသန်းလာသဖြင့် လှိုဏ်ထဲ၌ အိပ်စက်ရန်သာ ကြံစည်ခဲ့၏။

ဖိုးခေါင်သည် ထိုနေ့ညက လှိုဏ်ကြီးထဲတွင် အေးချမ်းစွာ အိပ်စက်ခဲ့ရ၏။

သူသည် နောက်တစ်နေ့နံနက် မိုးစင်စင်လင်းသောအခါ အိပ်ရာမှ နိုးထလာ၏။

ဖိုးခေါင်သည် အိပ်ရာမှနိုးလာသောအခါ လှိုဏ်ကြီးအတွင်းရှိ ရှုခင်းကိုကြည့်၍ ရင်သပ်ရှုမောဖြစ်သွားလေ၏။ လှိုဏ်ကြီးအတွင်း၌ တောပန်းကလေးများ ရောင်စုံပူးပွင့်နေကြ၏။

တသွင်သွင်စီးဆင်းနေသော စမ်းချောင်းကလေးထဲသို့ နေရောင်ဖြာဆင်းနေပြီး စမ်းချောင်းထဲရှိ လှပ်စွာလှပသော ငါးကလေးများကို တွေ့ရ၏။

ကျေးငှက်ကလေးများ၏ အော်မြည်သံ၊ စမ်းချောင်းကလေးမှာ တသွင်သွင်စီးဆင်းသောကြောင့် လွန်စွာ သာယာနာပျော်ဖွယ်ကောင်း၏။

ဖိုးခေါင်သည် လူတို့ပြုပြင်ထားသကဲ့သို့ သာယာလှပသော နေရာလေး၌ ခေတ္တခဏ နေထိုင်ချင်စိတ်များ ဖြစ်ပေါ်လာ၏။ ထို့ကြောင့် လှိုဏ်ကြီးထဲတွင် ပျော်သလောက်နေထိုင်ရန် ဆုံးဖြတ်လိုက်၏။

ဤသို့ လှိုဏ်ကြီးထဲတွင် နေထိုင်သောကြောင့် သူ၏ရန်သူတော် ကြယ်တံခွန်ဂိုဏ်းသားများ မျက်ခြေပြတ်သွားနိုင်သည်။ ဖိုးခေါင်သည်





နံနက်စာအဖြစ် သူ၏ရိက္ခာခြောက်များကိုထုတ်ယူ၍ စားသောက်လိုက်၏။

ထို့နောက် လှိုဏ်အတွင်း လှည့်လည်ကြည့်ရှုလေ၏။ သူသည် မနေ့က ကြည့်ရှုခဲ့သော ကြယ်တံခွန်ဂိုဏ်းချုပ်၏ ရုပ်ထုရှိရာသို့ ပြန်လည်ကြည့်ရှု၏။

ထို့ပြင် ကြယ်တံခွန်ဂိုဏ်းချုပ် ဦးမာဃ ရေးသားထားသော ကျောက်စာကို အေးအေးဆေးဆေး ပြန်လည်ဖတ်ရှု၏။ ထိုအခါ ကျောက်စာ၌ ယမန်နေ့ကဖတ်ရှုခဲ့သော စာကြောင်းတစ်ကြောင်းကို တွေ့ရလေ၏။

ထိုစာကြောင်းမှာ ကြယ်တံခွန်ဂိုဏ်းချုပ် ဦးမာဃသည် သူ၏ ရန်သူများလက်မှ ထွက်ပြေးခဲ့ပြီး လှိုဏ်ကြီးထဲတွင် ခိုအောင်းနေရာမှ ကြယ်တံခွန်ဂိုဏ်း၏ အထွတ်အမြတ် စိတ်စွမ်းအင်နှင့်ဆိုင်သော လေ့ကျင့်ခန်းများကို အောင်မြင်အောင် လေ့ကျင့်နိုင်ခဲ့သည်ဆို၏။

ဖိုးခေါင်သည် လှိုဏ်ကြီးတစ်ခုလုံး လှည့်လည်ကြည့်ရှုလေရာ လွန်စွာလှပသော ရှုခင်းများကို တွေ့ရလေ၏။ သူ၏တစ်သက်တွင် ဤမျှသာယာသော နေရာသို့ အိပ်မက်၌ပင် မမက်ဖူးချေ။

ဖိုးခေါင်သည် ညနေစောင်းသောအခါ ရေကန်ထဲမှ ငါးများကို ဖမ်းယူ၍ မီးကင်စားသောက်၏။

ထိုအခါ သူ၏တစ်သက်တွင် မစားဖူးသော အရသာထူးကဲသည့် ငါးများဖြစ်ကြောင်း တွေ့ရ၏။ ဖိုးခေါင်သည် ထိုနေ့ညသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သောအခါ အိပ်စက်ရန် လိုဏ်ဂူငယ်လေးတစ်လုံးကို တွေ့ရလေ၏။

ထိုလိုဏ်ဂူငယ်လေးသည် လျှို၏အနောက်ဘက်တွင်ရှိပြီး လူတစ်ကိုယ်နားနေရန် အနေတော် အကျယ်အဝန်းပင်ဖြစ်၏။ လိုဏ်ဂူလေး၌ သဘာဝကျောက်ဖျာလေးရှိပြီး ဖိုးခေါင်သည် ထိုနေရာလေးတွင် အိပ်စက်ရန် ကြံစည်လေ၏။

သူသည် ကျောက်ဖျာပေါ်တွင် လှဲချလိုက်သော်လည်း အိပ်စက်၍ မပျော်နိုင်သေးဘဲ ကြယ်တံခွန်ဂိုဏ်းချုပ် ဦးမာဃ၏အကြောင်းကို စဉ်းစားနေမိ၏။

ကြယ်တံခွန်ဂိုဏ်းချုပ် ဦးမာဃသည် ဤလျှိုကြီးထဲသို့ ရောက်ကာမှ ၎င်း၏အထွတ်အမြတ်ကျမ်းထဲမှ စိတ်စွမ်းအင်ကျင့်စဉ်များကို လေ့ကျင့်၍ အောင်မြင်ခဲ့သည် ဆို၏။

ဖိုးခေါင်သည် ဦးမာဃ၏အဖြစ်ကို အားကျသဖြင့် မိမိကိုယ်တိုင်လည်း စိတ်စွမ်းအင်ကျင့်စဉ်များကို လေ့ကျင့်ရန် စိတ်ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် သူသည် လှဲအိပ်နေရာမှထ၍ ပလ္လင်ခွေထိုင်လိုက်ပြီး ကြယ်တံခွန်ဂိုဏ်း၏ အထွတ်အမြတ်ကျမ်းထဲမှ ကျင့်စဉ်များကို စတင်လေ့ကျင့်လေ၏။

သူသည် အတန်ကြာအောင် လေ့ကျင့်ပြီးမှ ညအတော်နက်လာသဖြင့် အိပ်ရာသို့ဝင်ခဲ့၏။

ဖိုးခေါင်သည် နောက်တစ်နေ့သို့ရောက်သောအခါတွင် လျှို





လေးထဲ၌ လွတ်လပ်ပေါ့ပါးစွာ နေထိုင်လေ၏။ သူသည် စမ်းချောင်းရှိ ငါးများကို ဖမ်းယူစားသောက်၏။

သာယာလှပသော မြက်ခင်းစိမ်းလေးပေါ်တွင် တစ်ကိုယ်တည်းင်းလေ့ကျင့်၏။ အားလပ်ချိန်တွင် ကြယ်တံခွန်ဂိုဏ်း၏ အထွတ်မြတ်ကျမ်းမှ ကျင့်စဉ်များကို လေ့ကျင့်၏။

ထို့နောက် ဖိုးခေါင်သည် သာယာလှပသော လျှိုကြီးထဲတွင် ရက်နီးပါး နေထိုင်ခဲ့လေ၏။ ခုနစ်ရက်ပြည့်သောအခါ လျှိုကြီးပေါ်မှ ဘက်၍ ထိုနေရာမှ ထွက်ခွာရန် ပြင်လေ၏။

ဖိုးခေါင်သည် လျှိုကြီးထဲသို့ ဆင်းခဲ့သည့်နည်းလမ်းအတိုင်း ပါ်သို့တွယ်ကပ်၍ တရွေ့ရွေ့ ထွက်ခွာလေ၏။

သူသည် နားနားနေနေ တက်သဖြင့် လျှိုအတွင်းသို့ဆင်းသော လာက် မောပန်းခြင်းမရှိချေ။ အတန်ကြာအောင် တက်ပြီးနောက် င်ကြီး၏အလယ်သို့ရောက်သွားလေ၏။

ထိုအခါမှ အောက်သို့ငုံ့ကြည့်သောအခါ သစ်ပင်များ ဖုံးလွှမ်းသဖြင့် လျှိုကြီးထဲရှိ လှပသောရှုခင်းကို မမြင်ရတော့ချေ။

ဖိုးခေါင်သည် တရွေ့ရွေ့တက်သွားလေရာ ခဏကြာလျှင် ၎င်းိုင်သောလိုဏ်ဂူဝသို့ ပြန်လည်ရောက်ရှိခဲ့လေ၏။ ဖိုးခေါင်သည် ဏ်ဂူဝသို့ ဖြတ်သောအခါ တဖြည်းဖြည်း တောင်ပေါ်သို့ တက်ခဲ့ပြန်

တောင်ခေါင်းသို့ဖြတ်သောအခါ တောင်ပေါ်သို့ ရှက်တရက်



www.burmeseclassic.com

မတက်သေးဘဲ မိမိအား စောင့်ကြည့်နေသူ ရှိမရှိ သေချာစွာ အကဲခတ်လေ၏။

အတန်ကြာအောင် အကဲခတ်ပြီးမှ လူသူအရိပ်အခြေ မတွေ့ရသဖြင့် တောင်ပေါ်သို့ တက်ခဲ့၏။

ထို့နောက် ဦးခေါနတို့ရွာနှင့် ဝေးရာသို့ ထွက်ခဲ့လေပြန်၏။ ဖိုးခေါင်သည် ရွာများ တစ်ရွာပြီးတစ်ရွာ ကျော်ဖြတ်၍ ရွှေ့ဆက်ခဲ့ရာ တဖြည်းဖြည်း နယ်စပ်ဒေသနှင့် ဝေး၍ ဝေး၍ လာခဲ့၏။

သူသည် ကရင်ပြည်နယ်အတွင်းရှိ ရွာများ တစ်ရွာပြီးတစ်ရွာ ဖြတ်သန်းခဲ့လေ၏။

ထိုသို့သွားလာရင်း ရွာတစ်ရွာ၏အစွန်၌ ဇရပ်ကြီးတစ်ဆောင်ကို တွေ့ရသဖြင့် ထိုဇရပ်ကြီး၌ ဝင်၍နားခိုလေ၏။

ဖိုးခေါင်သည် ရေငတ်လွန်းသဖြင့် ရေဘူးထဲရှိရေကို မော့သောက်လေရာ ရေတစ်စက်မျှ မကျန်တော့ကြောင်း တွေ့ရ၏။

ဖိုးခေါင်သည် ဇရပ်ပေါ်တွင်ထိုင်၍ ခေတ္တခဏ အမောအပန်းဖြေနေမိ၏။ ထိုအခိုက်မှာပင် ရွာပြင်သို့ ရေခပ်ဆင်းလာကြသော ရွာသူအပျိုချောကလေးများကို တွေ့ရလေ၏။

ဖိုးခေါင်သည် ရွာသူများ၏ ရေအိုးများကိုမြင်သောအခါ ရေသောက်ချင်စိတ်မှာ ပိုမိုဖြစ်ပေါ်လာ၏။

ထိုအခိုက်မှာပင် ရွာသူ တစ်ယောက်သည် ဇရပ်လှေကားထစ်၌ ရေအိုးကိုတင်၍ ထိုင်ချလိုက်ပြီး သူမ၏ အဖော်မိန်းကလေး





များကို စောင့်နေ၏။

ထိုသို့စောင့်ရင်း ဖိုးခေါင်ရှိရာသို့ လှည့်ကြည့်လေ၏။ ထိုအခါ ဖိုးခေါင်သည် မိန်းမပျိုကို ကြည့်၍ ရေတမှုတ်လောက်သောက်ရရင် ဘယ်လောက်ကောင်းမလဲ ဟု စိတ်ထဲတွင် ရေရွတ်လိုက်၏။

ထိုအခါ မိန်းမပျိုသည် ဖိုးခေါင်၏ ခံစားချက်ကို နားလည်ပြီး

" ရေသောက်ချင်ရင် ကျွန်မရဲ့ရေအိုးထဲကရေကို သောက်နိုင်ပါတယ် "

ဟု ဖိတ်ခေါ်လေ၏။

ထိုအခါ ဖိုးခေါင်သည် ရေဆာလွန်းသဖြင့် မိန်းမပျို၏စကားကို ငြင်းတော့ဘဲ မိန်းမပျို၏ရေအိုးမှရေကို သူ၏ရေဘူးထဲသို့ ထည့်လေ၏။

ထို့နောက် ရေဘူးကိုမော့၍ အငမ်းမရသောက်လေ၏။ ခဏကြာလျှင် မိန်းမပျို၏အဖော်များ ဇရပ်သို့ရောက်ရှိလာ၏။

ထို့နောက် မိန်းမပျိုတစ်စုသည် ဖက်ဖြင့်ထုပ်လာသော မုန့်ဆီကြော်များကို ဇရပ် လှေကားထစ်၌ မြိန်ရည်ယှက်ရည် စားသောက်ကြလေ၏။

ဖိုးခေါင်သည် မိန်းမပျိုများ မုန့်ဆီကြော်စားနေသောက်နေခြင်းကို ကြည့်၍ မိုက်ထဲတွင် ဆာလောင်လာ၏။

ထိုအခိုက်မှာပင် မုန့်ဆီကြော်များကို ယူဆောင်လာသော မိန်းမပျိုသည် ဖိုးခေါင်ကိုလှမ်းကြည့်လိုက်၏။

www.burmeseclassic.com



ဖိုးခေါင်သည် မိန်းမပျိုများ မိမိအားကျွေးလျှင် မည်မျှကောင်းမည်နည်းဟု တွေးလိုက်မိ၏။ မိန်းမပျိုများသည် ဖိုးခေါင်ကိုကြည့်၍ တီးတိုး ပြောဆိုနေကြ၏။

ထို့နောက် မုန့်ဆီကြော်များကို ယူဆောင်လာသော မိန်းမပျိုက ဖိုးခေါင်ဘက်သို့လှည့်၍

'' အစ်ကို ကျွန်မတို့ဆီက မုန့်ဆီကြော်စားပါဦး ''

ဟု ပြောကာ ဖိုးခေါင်စားရန် မုန့်ဆီကြော် နှစ်ခုသုံးခုကို ဖက်ဖြင့်ခွဲဝေပေးလေ၏။

ဖိုးခေါင်သည် မိန်းမပျိုများကို ကျေးဇူးတင်ကြောင်းပြော၍ သူမတို့ ကျွေးမွေးသော မုန့်ဆီကြော်များကို စားသောက်၏။ ထို့နောက် မိန်းမပျိုများထံမှ ရေကိုတောင်း၍ သောက်ယူပြန်၏။

မိန်းမပျိုများသည် ဖိုးခေါင်၏ခရီးစဉ်ကို မေးမြန်းလေရာ ဖိုးခေါင်က ခြေဦးတည်ရာ သွားလာနေခြင်းဖြစ်ကြောင်း ပြောဆိုလေရာ မိန်းမပျိုသည် ဖိုးခေါင်၏အကြောင်းကို စိတ်ဝင်စားဟန်ဖြင့် တစ်ယောက်တစ်ပေါက် တီးတိုးပြောဆိုနေကြ၏။

ဖိုးခေါင်သည် ယနေ့ ညနေစောင်းနေသဖြင့် မိန်းမပျိုများ၏ ရွာ၌သာ ခွင့်တောင်း၍တည်းခိုရန် ဆုံးဖြတ်လေ၏။ ထို့ကြောင့် ၎င်းတို့ရွာတွင် တည်းခိုလိုကြောင်း ပြောလေရာ မိန်းမပျိုတစ်ဦးက

'' ကျွန်မတို့ရွာ သူကြီးက သူများရွာနဲ့မတူဘူးရှင့်၊ အတော်ဖီဇာကြောင်တယ်၊ သူ့အိမ်မှာ ဧည့်သည်လက်မခံတာ ကြာပြီ။





ဒါကြောင့် သူကြီးအိမ်ကိုရှောင်ပြီး ရွာဦးဘုန်းကြီးကျောင်းမှာ လာတည်းခိုဖို့ ကြိုးစားပါ၊ သူကြီးအိမ်မှာတည်းခိုဖို့သွားပြောရင်တော့ သူကြီးက မေသက်ာကြည့်နဲ့ ကြည့်ခြင်းကို ခံရလိမ့်မယ် ''

ဟု ပြောလေ၏။

ထိုအခါ မိန်းမပျိုတစ်ဦးကလည်း ဝင်ရောက်၍

'' အစ်ကို ရွာဦးကျောင်းမှာတည်းမယ်ဆိုလည်း သူကြီးကို ဒီရွာကိုရောက်ကြောင်း သတင်းပို့ပြီးမှတဲ့ည်းပါ၊ သူကြီးက ရွာကို ဧည့်သည်လာရင် သူ့ကို ချက်ချင်းအကြောင်းကြားမှ ကြိုက်တယ် ''

ဟု ပြောပြန်၏။

ဖိုးခေါင်သည် မိန်းမပျိုများနှင့်လမ်းခွဲ၍ သူကြီးမင်း၏အိမ်သို့ ထွက်ခဲ့လေ၏။ သူကြီးမင်း၏အိမ်သို့ ရွာသားများက လမ်းညွှန်ပြသရာ ရွာအလယ်ရှိ လွန်စွာကြီးမားသော နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးတစ်လုံးကို တွေ့ရလေ၏။

ဖိုးခေါင်သည် သူကြီးမင်း၏အိမ်ဝင်းထဲသို့ ဝင်ရောက်သွားသောအခါ သူကြီး၏တပည့်တစ်ဦးက

'' ဘာကိစ္စလဲ ''

ဟု လေသံမာမာဖြင့် မေးမြန်းလေ၏။

ထိုအခါ ဖိုးခေါင်က မိမိသည် ခရီးသွားတစ်ယောက်ဖြစ်ကြောင်း သူကြီးမင်း၏ရွာ၌ တည်းခိုလိုကြောင်း ပြောလေ၏။

ထိုအခါ သူကြီး၏တပည့်ဖြစ်သူက



www.burmeseclassic.com

www.burmeseclassic.com



" ဒါဆိုရင် ဒီမှာခဏထိုင်နေ၊ ကျုပ် သူကြီးမင်းကို ခေါ်မေး မယ် "

ဟု ဆိုကာ အိမ်ထဲသို့ ဝင်သွားလေ၏။

ဖိုးခေါင်သည် သူကြီးမင်း၏ အိမ်ကိုကြည့်ကာ လွန်စွာ ကြီးမား ခန့်ထည်ပြီး ခမ်းနားထည်ဝါကြောင်း တွေ့ရလေ၏။

သူကြီးသည် ထိုရွာဝန်းကျင်၌ ကြေးရေတက်တစ်ဦး ဖြစ်ပုံရ၏။ သူကြီးမင်း၏အိမ်နံရံ၌ ဓါးရှည်အမျိုးမျိုးနှင့် အဲမောင်းလှံများ၊ လေး မြှားများကို တွေ့ရ၏။

သူကြီး၏မိသားစု၌ သိုင်းပညာကို ဝါသနာထုံသူတစ်ဦး ဖြစ်ပုံရ ၏။ ဖိုးခေါင်သည် မိမိကိုယ်တိုင်လည်း သိုင်းသမားတစ်ဦးဖြစ်သဖြင့် သူကြီးအိမ်တွင် တည်းခိုရလျှင်ကောင်းမည်ဟု တွေးတောမိ၏။

ထိုအခိုက်မှာပင် နှုတ်ခမ်းမွေးကားကားရှိသော သူကြီးသည် အခန်းထဲမှ လေးတိလေးကန်ထွက်လာပြီး ဖိုးခေါင်ရှေ့ရှိ ကနုတ်ကုလား ထိုင်တွင် ဝင်ထိုင်လိုက်၏။

ဖိုးခေါင်သည် နံရံပေါ်ရှိ ဓါးများကိုကြည့်၍ ဘုန်းကြီးကျောင်း တွင် တည်းခိုချင်စိတ်မရှိဘဲ သူကြီး၏အိမ်၌သာ တည်းခိုချင်စိတ်များ ဖြစ်ပေါ်လာ၏။

သူကြီးမင်းက ဖိုးခေါင်ကို လာရင်းကိစ္စ မေးမြန်းလေ၏။ ထိုအခါ ဖိုးခေါင်က မိမိသည် ခရီးသွားတစ်ဦးဖြစ်ကြောင်း၊ ဒီရွာ၌ အိပ်စက်ခွင့်ပြု ပါရန် သူကြီးအား ပြောကြားလေ၏။





ထိုအခါ သူကြီးက ဖိုးခေါင်၏မျက်လုံးစုံကို ကြည့်၍

" မောင်ရင့်ပုံကိုကြည့်ရတာ ရိုးသားပုံရပါတယ်၊ ဒါကြောင့် ဘုန်းကြီးကျောင်းမှာသွားပြီး တည်းမနေပါနဲ့တော့၊ ကျုပ်အိမ်မှာပဲတည်း ပါ "

ဟု ပြောလေရာ ဖိုးခေါင်သည် လွန်စွာသဘောကျသွားလေ၏။

သူကြီးသည် အနီးတွင်ရပ်နေသော သူ၏တပည့်တစ်ဦးဘက်သို့ လှည့်၍

" ဟောဒီက မောင်ရင်လေးတည်းဖို့အတွက် အခန်းတစ်ခန်း ဖွင့်ထားလိုက်ဟေ့ "

ဟု ပြောလေရာ သူကြီး၏တပည့်သည် အံ့သြဟန်ဖြင့် ဖိုးခေါင် ၏ မျက်နှာကိုကြည့်လိုက်လေ၏။

ဖိုးခေါင်သည် သူကြီးက သူ၏ရွာတွင် မည်သည့်လူစိမ်းကိုမျှ လက်မခံဟု သိထားသဖြင့် မိမိကိုအိပ်စက်ခွင့်ပြုလျှက်ရှိသည်ကို လွန်စွာ အံ့သြနေမိ၏။

ထိုအခိုက်မှာပင် အနီးသို့ သူကြီးကတော်ကြီး ရောက်ရှိလာ ပြီး သူကြီးအား အံ့သြဟန်ဖြင့်

" ဟယ်... ကိုဖိုးထောင်၊ ရှင့်အိမ်မှာ ဘယ်တုန်းက လူစိမ်းကို လက်ခံဖူးလို့လဲ၊ ဒီသူငယ်ကျမှ ရှင်ဘယ်လိုဖြစ်တာလဲ၊ ရှင့်ကိုကြည့်ပြီး ဒီရွာထဲကလူတွေကတော့ အထူးအဆန်းဖြစ်တော့မှာပဲ "

ဟု ပြောလေ၏။

www.burmeseclassic.com



ထိုအခါ သူကြီးက

" ဒီသူငယ်ဟာ ရိုးသားပုံရတယ်ကွ၊ ဒါကြောင့် ဘုန်းကြီး ကျောင်းမှာ မတည်းနိုင်းဘဲ ဝါ့အိမ်မှာပဲ တည်းနိုင်းလိုက်တာ "

ဟု ပြောလေ၏။ ထို့နောက် ဖိုးခေါင်က

" သူကြီးမင်း၏အိမ်မှာ တည်းခိုခွင့်ပြုတဲ့အတွက် ကျေး တင်ပါတယ်၊ ဒါနဲ့သူကြီးကို စပ်စုတယ်လို့မထင်ပါနဲ့၊ သူကြီးကို မေး စေ၊ သူကြီးရဲ့အိမ်နံရံမှာ ဓါးတွေ၊ လှံတွေ ချိတ်ထားတာ တွေ့ရတယ် သူကြီးရဲ့အိမ်မှာ သိုင်းသမားတစ်ယောက်ရှိလို့လား "

ဟု မေးမြန်းလေ၏။ ထိုအခါ သူကြီးက တဟားဟား ရယ်မော ၍

" ဟား ဟား... ကျုပ်အိမ်မှာ ဘယ်သိုင်းသမားမှ မရှိပါ ကွာ၊ ကျုပ်ဟာ ငယ်စဉ်ကတည်းက ဓားတွေ၊ လှံတွေမြင်ရင် စုဆောင်း ဝါသနာပါတယ်၊ ဒါကြောင့် ရသမျှ ဓားတွေ၊ လှံတွေဝယ်ပြီး အိမ်နံရံ အလှချိတ်ထားရတာကွ "

ဟု ရှင်းလင်းပြလေ၏။

ဖိုးခေါင်သည် သူကြီးမင်း၏အိမ်နံရံတွင် ချိတ်ထားသော ဓားများကို စိတ်ဝင်စားစွာဖြင့် ကြည့်ရှုလေ၏။

သူကြီးမင်းသည် ဖိုးခေါင်၏ အမူအရာကို ကြည့်၍ ခေါင်း တဆတ်ဆတ်ညိတ်လိုက်ပြီး

" ကျုပ်အထင်တော့ မောင်ရင်ဟာ သိုင်းသမားတစ်ယော





ဖြစ်မယ်ထင်တယ်၊ ကျုပ်အိမ်ကိုရောက်တဲ့ သိုင်းသမားတွေအားလုံး ကျုပ်ရဲ့ ဓားတွေ၊ လှံတွေကို စိတ်ဝင်တစား ကြည့်သွားကြတယ် "

ဟု ပြောလေ၏။

ထို့နောက်တွင်မူ ဖိုးခေါင်သည် မိမိ၏ခရီးစဉ်နှင့်ပတ်သက်၍ သူကြီးမင်းအား နားထောင်၍ကောင်းအောင် ပြောဆိုပြီး အိပ်စက်ရန် အိမ်ထဲသို့ ဝင်ရောက်လေ၏။

သူကြီးမင်းသည် သူ၏အိမ်အနောက်ဘက်ဆုံးအခန်းတွင် ဖိုးခေါင်အိပ်စက်ရန် ပြင်ဆင်ထား၏။

ဖိုးခေါင်သည် အိပ်ခန်းထဲသို့ရောက်သောအခါ နဖူးပေါ်တွင် လက်တင်၍ သူ၏ဘဝရှေ့ရေးကို တွေးတော နေလေ၏။

သူ၏အနောက်သို့ ကြယ်တံခွန်ဂိုဏ်းသားများ တကောက် ကောက် လိုက်လံနှောင့်ယှက်နေလေတော့၏။

ကြယ်တံခွန်ဂိုဏ်းသား များသည် ဖခင်ကို တိုက်ခိုက်ပြီးနောက် မိမိအား ကျူပင်ခုတ်၊ ကျူငုတ်ပါ မကျန်အောင် ရှင်းလင်းသည့် သဘောဖြင့် လိုက်လံတိုက်ခိုက်နေခြင်း ဖြစ်ဟန်တူ၏။

ဖိုးခေါင်သည် ရှေ့ဆက်ပြီး ကြယ်တံခွန်ဂိုဏ်းသားများနှင့် တွေ့ကြုံရမည့်အရေးကိုတွေး၍ မိမိဘက်မှ သတိကြီးစွာထားမည်ဖြစ် ကြောင်း ဆင်ခြင်မိ၏။

ဖိုးခေါင်သည် မိမိ၏ မွေ့ရာကြီးပေါ်တွင်အိပ်ရင်း ရယ်မောကာ

" ဟား ဟား ဟား... ဘာပဲဖြစ်ဖြစ် ငါ့ရဲ့ကံကြမ္မာကတော့



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း ကောင်းလာပါပြီ၊ ဘာကြောင့်လဲဆိုတော့ ဒီရွာမှာ လူစိုး ဆိုရင် ဘယ်သူ့ကိုမှ တည်းခိုခွင့်မပေးတဲ့ သူကြီးဟာ ငါ့ကိုတော့ တည်းခို ခွင့် ပေးသားပဲ၊ ဒါဟာ ငါ့ရဲ့ကံဇာတာ တိုးတက်လာတဲ့ သဘောပဲ ''

ဟု စိတ်အားမကျအောင် ကြံဖန်၍ တွေးလိုက်ပြီး အိပ်ပျော် ကျသွားလေ၏။

ဖိုးခေါင်သည် နောက်တစ်နေ့သို့ရောက်လျှင် သူကြီးမင်း မိသားစုကို နှုတ်ဆက်၍ ရွာမှထွက်ခဲ့လေတော့၏။

ဖိုးခေါင်သည် ကြယ် တံခွန်ဂိုဏ်းသားများနှင့် ဝေးရာအရပ်သို့ သွား၍ ရေကြည်ရာ မြက်နုရာ ရှာဖွေစားသောက်မည်ဟု ဆုံးဖြတ် ထား၏။

သူ၏ခရီးသည် မြေဦးတည်ရာသို့ သွားနေသောခရီးဖြစ်၏။ ဖိုးခေါင်သည် အတန်ကြာအောင် သွားလာပြီးနောက် နေ့လယ်ခင်း၏ အပူရှိန်ကြောင့် အရိပ်ကောင်းစွာရရှိသော ညောင်ပင်ကြီးတစ်ပင် အောက်တွင် ဝင်၍ နားခိုလေ၏။

ထိုအခိုက်မှာပင် ရွာတစ်ရွာမှ နွားလှည်းတစ်စီးသည် ညောင် ပင်ကြီးအနီး လှည်းလမ်းမှ ဖြတ်သန်းသွားလေ၏။ ဖိုးခေါင်သည် ပူပြင်း လှသော နေရောင်အောက်တွင် လှည်းကြုံလိုက်ရလျှင် ပိုကောင်းမည်ဟု တွေးမိ၏။

ထို့နောက် လှည်းသမား၏မျက်နှာကို ကြည့်၍

'' ဒီလှည်း သမားနဲ့ငါဟာ အသိအကျွမ်းတော့မဟုတ်ဘူး





ဒါပေမဲ့ ငါ့ကို လှည်းကြုံ လိုက်ခွင့်ပေးရင် သိပ်ကောင်းမှာပဲ ''

ဟု တွေးတောမိ၏။

ထိုစဉ် ဖိုးခေါင်နှင့်လှည်းသမား မျက်လုံးချင်းဆုံသွားပြီး လှည်း သမားက လှည်းကိုရပ်ကာ

'' မောင်ရင်လေး ကျုပ်ရဲ့လှည်းနဲ့ လှည်းကြုံလိုက်ချင်ရင် လိုက်ခဲ့ပါ ''

ဟု ပြောလေ၏။

ဖိုးခေါင်သည် ဝမ်းသာအားရဖြင့် လှည်းပေါ်သို့ လှုံးခုန် ခုန်တက်လိုက်လေ၏။

လှည်းသမားသည် ပူပြင်းလှသောနေကို ကျော် ဖြတ်၍ ဖိုးခေါင် အား လှည်းကြုံခေါ်သွားပြီး ဖိုးခေါင်သည် လှည်းကြုံဖြင့် သွားရသဖြင့် ခရီးတွင်သွားလေ၏။

လှည်းသမားသည် ဖိုးခေါင်ကို ရင်း၏ရွာသို့ ခေါ်ဆောင်သွား ပြီး နေ့လယ်စာကိုပင် ကျွေးမွေးလိုက်၏။

ဖိုးခေါင်သည် လှည်းသမား၏ လမ်းညွှန်မှုကြောင့် ကားလမ်း မပေါ်သို့ လှည်းလမ်းအတိုင်း ခရီးဆက်ခဲ့၏။

အတန်ကြာအောင် သွားပြီးနောက် အဝေးပြေးလမ်းမကြီး ပေါ်သို့ ရောက်ရှိသွားလေ၏။

သူသည် အဝေးပြေးလမ်းမကြီးဘေးရှိ ကျောက်တုံး၌ထိုင်ပြီး ကားကြုံကို စောင့်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာအောင်စောင့်ပြီးနောက် ကားကြုံတစ်စီး ရောက် ရှိသဖြင့် ပြေးတက်ခဲ့၏။ ဖိုးခေါင်လိုက်လာသော ကားမှာ ဆန်များ တင်ထားသဖြင့် ကားသည် ခရီးမတွင်ဘဲ တရွေ့ရွေ့သွားလာလေ၏။

ညနေစောင်းသို့ရောက်သောအခါ မြို့ထဲရှိ ပွဲရုံကြီးတစ်ရုံ၏ရှေ့ ရပ်လေ၏။ ဖိုးခေါင်သည် အံချိန်အနည်းငယ်ကြာသဖြင့် မြို့ထဲ၌ လှည့် လည် ကြည့်ရှုလေ၏။

ထိုသို့ကြည့်ရှုရင်း သုံးဆယ့်ခြောက်ကောင်ထီဖွင့်ပွဲ ကျင်းပမည့် ကြောင်း တွေ့ရ၏။

သုံးဆယ့်ခြောက်ကောင်ထီဆိုသည်မှာ ထိုခေတ်က ဆင်းရဲသား လူတန်းစား အများအပြားထိုးလေ့ရှိသော ထီဖြစ်၏။

သုံးဆယ့်ခြောက်ကောင်ထီ၏ သဘောမှာ ထီဖွင့်မည့်သူသည် မိမိဖွင့်မည့်ပေါက်ကောင်ကို နံနက်ကတည်းက ကြိုတင်၍သတ်မှတ် ထားရ၏။

ညနေစောင်းသောအခါ ထိုးသားများက ဒိုင်လုပ်သူဖွင့်မည့် ပေါက်ကောင်ကို မှန်အောင်ပြောဆိုနိုင်လျှင် လောင်းကြေးငွေကို လေးဆ အလျော်ပေးလေ၏။

ထိုးသားများသည် မိမိထိုးချင်သောအရုပ်ကို မှန်းဆ၍ ထိုးရ ၏။

သုံးဆယ့်ခြောက်ကောင်ထီဖွင့်သည့်ဒိုင်သည် နံနက်၌ ထိုးသား များ စိတ်ကူးယဉ်၍ထိုးနိုင်ရန်အတွက် ဟတိတ်စိမ်းအမျိုးမျိုးကိုလည်း





ရေးဆွဲ၍ ပေးရ၏။

ထိုးသားများသည် ဒိုင်လုပ်သူ ကြိုတင်ပေးထားသော အဘိတ် များကိုကြည့်၍ သုံးဆယ့်ခြောက်ကောင်ထီကို ထိုးရ၏။

ဖိုးခေါင်သည် ကြေးစန္ဒီနတ်ရုပ်ကြီးရှေ့တွင် ဝိုင်းအုံ၍ သုံးဆယ့် ခြောက်ကောင်ထီဖွင့်ပွဲကို စောင့်ကြိုနေသောလူများကိုကြည့်၍ ၎င်းတို့ နည်းတူ ဝင်ရောက်ထိုးနှံလိုစိတ်များ ဖြစ်ပေါ်လာ၏။

ထို့နောက် ရှေ့ဆက်ပြီး နတ်ရုတ်ကြီးကိုကြည့်၍ မည်သည့် ပေါက်ကောင်ကို ထိုးရမည်နည်းဟု အတန်ကြာအောင် တွေးတောနေမိ၏။

ထိုသို့တွေးတောရင်း လိပ်ပြာကိုထိုးရန် စိတ်ကူးပေါက်သွား၏။ ထို့ကြောင့် မိမိ၌ရှိသော ငွေတစ်ကျပ်ကိုကိုင်၍ သုံးဆယ့်ခြောက်ကောင် ထီရောင်းသည့်လူကြီးထံသို့သွားကာ လိပ်ပြာကို တစ်ကျပ်ဖိုးထိုးချင် ကြောင်း ပြောလေ၏။

ထိုအခါ စာရေးက ဖိုးခေါင်ပေးသော တစ်ကျပ်ကိုယူ၍

“ လိပ်ပြာထိုးမယ် ဟုတ်လား။ ဒီနေ့ ဒီအချိန် နောက်ဆုံးပဲ၊ ပိတ်ပြီ၊ ထီဖွင့်ပွဲစတော့မယ် ”

ဟု ပြောကာ ဖိုးခေါင်ကို နောက်ဆုံးအနေဖြင့် ထီထိုးခွင့် ပေးလိုက်လေ၏။

ဖိုးခေါင်သည် လိပ်ပြာကို တစ်ကျပ်ဖိုးထိုးထားသဖြင့် ကြေး စန္ဒီနတ်ရုပ်ကြီးရှေ့တွင် အခြားသော သုံးဆယ့်ခြောက်ကောင် ထိုးသား များနှင့်အတူ စောင့်ကြိုနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာလျှင် သုံးဆယ့်ခြောက်ကောင်ထီဖွင့်မည့် တရုတ်ကြီးသည် သုံးဆယ့်ခြောက်ကောင် နတ်ရုပ်ကြီးရှေ့သို့ ရောက်ရှိလာ၏။

တရုတ်ကြီးသည် ရင်းဖွင့်မည့်ပေါက်ကောင်ကို အထုပ်ထဲတွင် ထည့်၍ လူအများမြင်သာအောင် အိမ်ရှေ့တိုင်၌ ချိတ်ဆွဲပြီးဖြစ်၏။

တရုတ်ကြီးသည် တိုင်တွင်ချိတ်ထားသော ကတ္တီပါအိတ်ကို အောက်သို့ တဖြည်းဖြည်းချလေ၏။

သုံးဆယ့်ခြောက်ကောင် ထီထိုးထားသူများသည် စိတ်လှုပ်ရှားစွာဖြင့် ကတ္တီပါအိတ်ထဲမှ ပေါက်ကောင်ကို စောင့်မျှော်နေကြ၏။

တရုတ်ကြီးသည် ကတ္တီပါအိတ်ထဲသို့ လက်ဖြင့်နှိုက်၍ ထုတ်လိုက်သောအခါ လိပ်ပြာဖြစ်နေကြောင်း တွေ့ရ၏။ ဖိုးခေါင်သည် ဝမ်းသာ သွားလေ၏။

ကြည့်ရှုနေသူများသည် လိပ်ပြာကိုကြည့်၍ ဟာခနဲ ဟင်ခနဲ ဖြစ်သွားကြလေ၏။ ထိုနေ့က သုံးဆယ်ခြောက်ကောင် ထီထိုးသူ အများအပြား ရင်းတို့ငွေများကို အစားခံလိုက်ရ၏။

ဖိုးခေါင်တစ်ယောက်သာ သုံးဆယ့်ခြောက်ကောင်ဒိုင်မှ အလျော်အဖြစ် နှစ်ဆယ့်လေးကျပ် ရရှိလိုက်လေ၏။

ဒိုင်လုပ်သူတရုတ်ကြီးသည် ဖိုးခေါင်၏ပခုံးကို လက်ဖြင့်ပုတ်၍

'' ကိုယ့်လူ သုံးဆယ့်ခြောက်ကောင်ထိုးကာ သိပ်ရဲတယ်၊ ဒီမြို့မှာ အခုလို တစ်ကျပ်ဖိုးကို ပုံအောပြီး ထိုးတဲ့လူမရှိဘူး၊ ဒါကြောင့်လည်း အခုလိုစားလိုက်ရတယ် ထင်တယ် ''





ဟု မှတ်ချက်ချလေ၏။ ထိုအခါ ဖိုးခေါင်က ရယ်မော၍

'' ကျုပ်လည်း သုံးဆယ့်ခြောက်ကောင်ထီဖွင့်တာ မြင်တာနဲ့ ထိုးချင်လို့ ထိုးလိုက်တဲ့သဘောပါ ''

ဟု ပြောကာ ရင်းကားကြဲလိုက်မည့် ဆန်ကားကြီးရှိရာသို့ ပြန်ခဲ့လေ၏။

ပွဲရုံရှေ့သို့ရောက်သောအခါ လမ်းကြုံလိုက်မည့် ဆန်ကားကြီးကို မတွေ့ရသဖြင့် မျက်လုံးပြူးသွားပြီး ပွဲရုံရှိ အလုပ်သမားများကို မေးမြန်းလေရာ ဆန်ကားကြီးထွက်သွားပြီဖြစ်ကြောင်း သိလိုက်ရလေ၏။

ဖိုးခေါင်သည် မိမိကိုမစောင့်ဘဲ ထွက်ခွာသွားသော ဒရိုင်ဘာနှင့် စပယ်ရာကို မကျေမချမ်းပြောဆိုပြီး ကျန်ရစ်ခဲ့လေတော့၏။

ထိုနေ့က ညနေစောင်းသွားသောကြောင့် လမ်းကြုံလိုက်ရန် ဘတ်စ်ကားမရှိတော့သောကြောင့် ထိုမြို့၌ ညအိပ်ရန်သာရှိတော့၏။

ဖိုးခေါင်သည် ညစာစားသောက်ရန်အတွက် မြို့ထဲရှိဆိုင်များကို လှည့်လည်ကြည့်ရှုလေ၏။

တစ်နေရာသို့ရောက်သောအခါ 'မမကြီး' ထမင်းဆိုင်ဟူသော ဆိုင်းဘုတ်ကိုမြင်သဖြင့် ထမင်းဆိုင်ရှိရာသို့ ဦးတည်ပြီး လျှောက်လှမ်းခဲ့လေတော့၏။

ဆိုင်ရှေ့သို့ရောက်သောအခါ ဆိုင်ရှင်မိန်းမသည် ဖိုးခေါင်ကို မြင်သည်နှင့် ဆိုင်တံခါးကိုဝုန်းခနဲ ပိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးခေါင်သည် ထမင်းစားရန် ဆိုင်ရှေ့သို့ရောက်ပြီး တံခါးပိတ်သွားသဖြင့် ဆိုင်တံခါးကို တဒုန်းဒုန်းထုကာ

" တံခါးဖွင့်ပါဗျို့၊ ထမင်းစားမဲ့လူလာပြီ "

ဟု အော်ဟစ်လေ၏။ ထိုအခါ ဆိုင်ရှင်မိန်းမက

" ဘာမှမရှိတော့ဘူး၊ ကုန်ပြီ၊ ဆိုင်ပိတ်ပြီ "

ဟု ဆိုကာ ဖိုးခေါင်ကို မောင်းနှင်ထုတ်လေ၏။

ဖိုးခေါင်သည် ထိုမိန်းမ၏ အမူအရာ ထူးဆန်းနေသဖြင့်

" ဘာပဲဖြစ်ဖြစ် ရှိတာနဲ့စားမယ်၊ တံခါးဖွင့်ပါဦး၊ ကျုပ်က ခရီးသွား တစ်ယောက်ပါ "

ဟု အော်ဟစ်ပြီး တံခါးကို ဖွင့်ခိုင်းလေ၏။

ထိုအခါ ဆိုင်ရှင် မိန်းမသည် တံခါးကို မကျေမချမ်းဖွင့်၍ ဖိုးခေါင်ကို မောင်းထုတ်ရန် ပြင်လိုက်၏။

ထမင်းဆိုင်တံခါးပွင့်သွားသောအခါ လွန်စွာမွှေးကြိုင်သော ကုလားဟင်းရနံ့ကို ရရှိလေ၏။ ထိုအခါ ဖိုးခေါင်က ဆိုင်ရှင်မိန်းမ၏ မျက်နှာကိုကြည့်၍

" ငါ့ကို အဲဒီကုလားဟင်းနဲ့ ထမင်းကျွေးရင်း ဘယ်လောက် ကောင်းလိုက်မလဲ "

ဟု စိတ်အတွင်းမှ ရေရွတ်လိုက်လေ၏။

ဆိုင်ရှင်မိန်းမသည် ဖိုးခေါင်အား ရိုးသားသူဟု ယူဆသွားဟန် ဖြင့်



" ကျွန်မတို့ဆိုင်ကို ဒီနေ့ အရေးကြီးကိစ္စရှိလို့ စောစောပိတ်လိုက်တာပါ၊ ရှင် ထမင်းစားမယ်ဆိုရင် ကျွန်မတို့ညီအစ်မတွေအတွက် ချက်ထားတဲ့ ကုလားဟင်းနဲ့ ကျွေးလို့ရပါတယ် "

ဟု ဆိုကာ ဖိုးခေါင်အား ဆိုင်ထဲသို့ဝင်ရန် ပြောလေ၏။

ဆိုင်ရှင်မိန်းမသည် ဖိုးခေါင် ဆိုင်ထဲသို့ ဝင်သောအခါ တံခါးကို ပြန်မြန်စွာ ပိတ်လိုက်၏။ ထိုအခါမှပင် ဖိုးခေါင်သည် ဆိုင်ရှင်မိန်းမနှင့် အတူ ညီအစ်မနှစ်ဦးကို ထပ်မံတွေ့ရလေ၏။

ထိုမိန်းမအားလုံး အသားညိုသော်လည်း ရုပ်ရည်မှာ ကြည့်ပျော် ရှုပျော်ရှိပြီး ကိုယ်လုံးကိုယ်ပေါက် လှပတောင့်တင်းကြောင်း တွေ့ရလေ၏ ဖိုးခေါင်က စားပွဲလွတ်တစ်လုံးတွင် ဝင်ထိုင်၍

" ဘာဖြစ်လို့ ဆိုင်ကို အစောကြီးပိတ်လိုက်ရတာလဲ၊ ခင်ဗျားတို့ အလုပ်ကိစ္စရှိလို့လား "

ဟု မေးမြန်းလေ၏။

ထိုအခါ အနီးသို့ မိန်းမပျိုနှစ်ဦး ရောက်ရှိလာပြီး တံခါးဖွင့်ပေး သောမိန်းမကို ကြည့်၍

" အစ်မရယ်... ဆိုင်ပိတ်လိုက်ပါပြီဆိုတော့မှ ဘာဖြစ်လို့ ဖွင့်ပေးလိုက်ရတာလဲ၊ ကျွန်မတို့မှာ အခက်အခဲတွေ ဒီလောက်ဖြစ်နေ တာကို "

ဟု အပြစ်တင်လိုက်၏။ ထိုအခါ အစ်မကြီးဖြစ်ဟန်တူသူက သက်ပြင်းချ၍

www.burmeseclassic.com

www.burmeseclassic.com



" သူဟာ ဒီမြို့ကို ညနေစောင်းမှရောက်လာတဲ့ ခရီးသွား ဖြစ်ပုံရတယ်၊ သူ့ကို ဝါတို့ဆိုင်မှ ထမင်းမကျွေးရင် သူ ဒီနေ့ညနေ ငတ်ဖို့ပဲရှိတယ်၊ ဒါကြောင့် ဝါတို့အတွက်ချက်ထားတဲ့ သီးစုံပဲကုလားဟင်း နဲ့ပဲ ကျွေးလိုက်ရင်ကောင်းမယ် "

ဟု ပြောလေ၏။

ထိုအခါ ညီမလတ်ဖြစ်ဟန်ကူသူက

" ဒါဆိုလည်း သူ့ကို ထမင်းကျွေးပြီးရင် အမြန်ဆုံးပြန်လွှတ် လိုက်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မငဲ့အကြောင်း အစ်မအသိဆုံး လေ "

ဟု ပြောလေရာ အစ်မကြီးဖြစ်သူက စိတ်မရှည်ဟန်ဖြင့်

" ဝါသိပါတယ်အေ၊ စကားမရှည်စမ်းပါနဲ့၊ သူ့အတွက် အမြန် ဆုံး ထမင်းပြင်ပေးလိုက်ပါ "

ဟု ပြောလေရာ ညီမလတ်ဖြစ်သူက အစ်မကြီးကို မကျေနပ် ဟန်ဖြင့် မျက်စောင်းထိုးပြီး

" ဒီလောက်အန္တရာယ်တွေများနေတာတောင် စေတနာတွေ ရေစီးကမ်းပြိုလိုက်နေတယ် "

ဟု မကျေမချမ်း ပြောဆိုလေ၏။

ဖိုးခေါင်သည် ညီအစ်မများ ဆိုင်နောက်သို့ဝင်၍ ထမင်းပြင် နေစဉ် တစ်ကိုယ်တည်း စောင့်နေခဲ့၏။

ထိုအခိုက်မှာပင် တံခါးခေါက်သံ တီးတိုးကို ကြားရ၏။ ဖိုးခေါင်





သည် တံခါးခေါက်သံကြောင့် တံခါးကို မျက်မှောင်ကြုတ်ကြည့်လိုက်မိ၏။

ထိုအခါ တံခါးအနီးရှိ ပြတင်းပေါက်မှ ကလေးငယ်တစ်ဦး၏ မျက်နှာကို မြင်လေ၏။ ဖိုးခေါင်က ကလေးငယ်ကို ကြည့်၍

" ဘာလုပ်မလို့လဲ "

ဟု မေးမြန်းလေရာ ကလေးငယ်က

" တံခါးဖွင့်ပါဗျ "

ဟု ပြောဆိုလေ၏။ ထိုအခါ ဖိုးခေါင်သည် ကလေးငယ်အား ညီအစ်မသုံးယောက်၏ ဓွေမျိုးသားချင်းဟု ယူဆကာ တံခါးကို ဖွင့်ပေး လိုက်၏။

တံခါးပွင့်သွားသောအခါ အပေါက်ဝတွင် ကလေးငယ်တစ်ဦး တည်းမဟုတ်ဘဲ ကျန်သောကလေးငယ်နှစ်ဦးကို မြင်ရ၏။ ထိုကလေး ငယ်များ၏ ဝတ်စုံမှာ ရယ်ရှင်ဖွယ်ကောင်းလှ၏။

အဘယ်ကြောင့်ဆိုသော် ကလေးသုံးယောက်စလုံး သတ္တုလတ် ဆောင်းဘိ၊ ကုတ်အင်္ကျီနှင့် ဖော့ဦးထုပ်များကို ဆင်တူဝတ်ဆင်ထား၏။ ကလေးများ၏ အမူအရာကို ကြည့်၍ ဖိုးခေါင်က ရယ်မောကာ

" ဟား ဟား... မင်းတို့ကိုကြည့်ရတာ ဓါတ်ရှင်ထဲက ဆောင်းဘွိုင်မင်းသားတွေလိုပဲ "

ဟု ချီးမွမ်းလိုက်လေ၏။

ထိုအခါ ကလေးသုံးယောက်အနက် အကြီးဆုံးဖြစ်ဟန်တူသူက ရယ်မော၍



www.burmeseclassic.com

www.burmeseclassic.com



" ဟား ဟား... အစ်ကိုကြီးမဆိုးဘူး၊ ကျုပ်တို့ကို အ အတိုင်းမြင်အောင် ကြည့်တတ်သားပဲ၊ ကျုပ်တို့ကြီးလာရင် ဓါးပြ မင်းသားကြီးတွေ လုပ်မှာဗျ "

ဟု ပြောဆိုကာ အိမ်ထဲသို့ ဝင်ရောက်ခဲ့လေ၏။

ဖိုးခေါင်သည် ကလေးသုံးယောက်ကိုကြည့်၍

" မင်းတို့က ဆိုင်ရှင်နဲ့ဘာတော်လဲ "

ဟု မေးမြန်းလေရာ ကလေးများက ရယ်မော၍

" ဘာမှမတော်ပါဘူး "

ဟု သံပြိုင်ဖြေလေ၏။ ထိုအခါ ဖိုးခေါင်က

" ဒါဆိုရင် ထမင်းစားဖို့လာတာလား၊ ထမင်းဟင်းတွေ မကျန်တော့ဘူးလို့ ပြောတယ် "

ဟု ပြောလေ၏။ ထိုအခါ ကလေးသုံးယောက်အနက် တစ် ယောက်က

" ကျုပ်တို့က ထမင်းစားဖို့လာတာမဟုတ်ဘူး၊ ဓါးပြတိုက်ဖို့ လာတာ "

ဟု ပြောလေရာ ဖိုးခေါင်က ကလေးများကိုကြည့်၍ ရယ်မော ကာ

" ဟား ဟား... မင်းတို့ တော်တော်ရယ်စရာပြောတတ်တယ်၊ ငါ့အထင်တော့ မင်းတို့ဟာ ထမင်းဆိုင်ရှင်ရဲ့အမျိုးတွေ ဖြစ်မယ်၊ ဟုတ် တယ် မဟုတ်လား "





ဟု မေးမြန်းလေ၏။ ထိုအခိုက်မှာပင် ကလေးသုံးယောက် အနက် တစ်ယောက်က

" ဘယ်ကလာ ဒီမိန်းမကြီးတွေနဲ့ အမျိုးတော်ရမှာလဲ၊ ကျုပ် တို့ဒီကိုလာတာ ဓါးပြတိုက်ဖို့လာတာ၊ ဘယ်မှာလဲ ဆိုင်ရှင်မိန်းမကြီး လာ ထွက်ခဲ့စမ်း "

ဟု အမိန့်ပေးလိုက်ရာ ဖိုးခေါင်သည် ကလေးသုံးယောက်ကို ကြည့်၍ အံ့ဩသွားလေ၏။

ထိုအခါ ဖိုးခေါင်အတွက် ထမင်းပြင်နေသော ဆိုင်ရှင်ညီအစ်မ များသည် ဆိုင်ရှေ့သို့ ကမန်းကတန်းထွက်လာပြီး ကလေးသုံးယောက် ကိုမြင်သောအခါ

" ဟာ... မှင်စာသုံးယောက်ရောက်နေပြီ "

ဟု အလန့်တကြား အော်ဟစ်လေ၏။

ထိုအခါ ကလေးသုံးယောက်အနက် ခေါင်းဆောင်ဖြစ်ဟန် ရသူက အိတ်ထဲမှ အဆမတန်ကြီးမားသော ခြောက်လုံးပြူးကို ထုတ်၍ လက်နှစ်ဖက်ဖြင့်ကိုင်လိုက်ပြီး

" မိန်းမကြီးတွေ... ရှိတဲ့ပစ္စည်း အကုန်ထုတ်စမ်း၊ ထိမ်ချန် ထားမယ် မကြံနဲ့နော်၊ မှင်စာသုံးယောက်အကြောင်းသိတယ် မဟုတ် လား "

ဟု ကြိမ်းမောင်းလေရာ ညီအစ်မသုံးယောက်သည် အထိတ် ထိတ် အလန့်လန့်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



" သိ... သိပါတယ်ရှင်၊ ဒီ... ဒီမှာ ဒီနေ့ရောင်းလို့ရတဲ့ ပိုက်

တွေ ဒါအကုန်ပါပဲ "

ဟု ပြောကာ ပိုက်ဆံထည့်ထားသောဘူးကို ကမ်းပေး

ထိုအခါ ကလေးသုံးယောက်အနက် တစ်ယောက်က ပိုက်

ဘူးကို ယူလိုက်ပြီး တဟားဟား ရယ်မောကာ

" ဟား ဟား... ဒီလိုနဲ့ ဘယ်ရမလဲဗျာ၊ ခင်ဗျားတို့ ညီအစ်

တွေ ဘယ်လောက်ချမ်းသာတယ်ဆိုတာ ကျုပ်တို့အကုန်သိ

ခင်ဗျားတို့ မြို့ထဲက ရွှေဆိုင်မှာ တစ်လကို လက်ကောက်ဘယ်နှစ်

သား လုပ်တာကအစ ကျုပ်သိတယ်၊ ဒါကြောင့် ခင်ဗျားတို့ရဲ့ ရှိ

ရွှေတိုရွှေစလေးတွေပါ အကုန်ထုတ်ပေး။ ထိမ်ချန်ထားမယ် မကြံနဲ့

ကျုပ်တို့အကြောင်းသိတယ် မဟုတ်လား၊ လူသတ်ရမှာ ဝန်လေး

ကောင်တွေမဟုတ်ဘူး "

ဟု ခြိမ်းခြောက်လေရာ ညီအစ်မသုံးယောက်သည် တစ်ယော

မျက်နှာ တစ်ယောက်ကြည့်၍ မျက်စိမျက်နှာပျက်သွားလေ၏။

ဖိုးခေါင်သည် ကလေးငယ်သုံးယောက်က ဓါးပြတိုက်

သဖြင့် မိမိ၏မျက်လုံးကိုပင် မယုံနိုင်ဘဲ

" ကောင်လေးတွေ... မင်းတို့ တကယ်ဓါးပြတိုက်နေတာ

နောက်ပြောနေတာလား၊ ဒီလိုနောက်တယ်ဆိုရင်တော့ မ

ကောင်းဘူး "

ဟု ပြောလေ၏။





ထိုအခါ ကလေးသုံးယောက်အနက် ခေါင်းဆောင်ဖြစ်ဟန်

ရှိသူက ဖိုးခေါင်ကို ခြောက်လုံးပြူးသေနတ်ဖြင့် ချိန်လိုက်ပြီး

" ဟေ့လူကြီး... ကျားကိုက်ပါတယ်ဆိုမှ အပေါက်ကလေးနဲ့

လားလို့ မေးနေရလား၊ ဒါဓါးပြတိုက်နေတာဗျ၊ ကလေးကစားနေတာ

မဟုတ်ဘူး၊ ကျုပ်တို့အသက်တွေငယ်လို့ ဓါးပြမတိုက်တတ်ဘူးများ

အောက်မေ့နေသလား၊ ဒီနယ်တကြောမှာ မှင်စာသုံးကောင်ဆိုရင်

သိတဲ့သူ မရှိဘူး၊ ကျုပ်တို့က ဓါးပြတိုက်လို့ ပစ္စည်းမရရင် လူတွေကို

ကောင်းကောင်းဒုက္ခပေးခဲ့တာဗျ "

ဟု ပြောလေရာ ကျန်သောကလေးတစ်ယောက်ကလည်း ဝင်

ရောက်၍

" ဟေ့လူကြီး... ခင်ဗျားကိုပါ ဓါးပြတိုက်ရမယ်၊ ခင်ဗျားမှာ

ပါလာတဲ့ ပစ္စည်းထုတ်ပေးစမ်း၊ ခင်ဗျားရဲ့လွယ်အိတ်ဖောင်းဖောင်းကြီးထဲ

က ပိုက်ဆံတွေလား "

ဟု အော်ဟစ်ကြိမ်းမောင်းလေ၏။

ဖိုးခေါင်သည် ကလေးသုံးယောက်၏ ရှိုင်းပြပုံကိုကြည့်၍

အလွန်စိတ်ပျက်သွားလေ၏။

၎င်းတို့သည် လူမမယ်ကလေးငယ်များပင် ဖြစ်သော်လည်း

မကောင်းမှုဒုစရိုက်အလုပ်ကို လုပ်ကိုင်လေ၏။

ကလေးများ၏ အသက်အရွယ်နှင့်ဆိုလျှင် စာသင်ကျောင်း၌

အချိန်ကုန်လွန်ရမည့်အရွယ် ဖြစ်၏။ ၎င်းတို့ကို လူသတ်သောနက်များ



www.burmeseclassic.com

www.burmeseclassic.com



မည်သူက တပ်ဆင်ပေးလေသနည်း။

ဖိုးခေါင်သည် ထိုလူငယ်သုံးယောက်ကိုကြည့်၍ စိတ်မ

လက်မျက် ခေါင်းခါယမ်းလိုက်ပြီး

'' မင်းတို့အရွယ်လေးတွေနဲ့ ဒီလို သူခိုး ဓါးပြ အလုပ်လုပ်နေ

တာ စိတ်မကောင်းစရာကွာ၊ မင်းတို့မိဘတွေက ဒီလိုဒုစရိုက်အလုပ်လု

တာကို မတားမြစ်ကြဘူးလား၊ ကလေးတွေကို မြှောက်ပင့်ပေးနေ

သလား ''

ဟု ပြောဆိုလေရာ ဓါးပြကလေးငယ်တစ်ဦးက

'' ဟေ့လူကြီး... ဘုန်းကြီးစာချလုပ်မနေနဲ့... ကျုပ်တို့မိ

တွေလည်း မရှိဘူး၊ ကျုပ်တို့ကို ဘယ်သူမှလည်း ဆုံးမလို့မရ

ဘုန်းကြီးတွေတောင် ဆုံးမလို့မရလို့ လက်လျှော့ထားတာဗျ၊ ကျုပ်တို့

ဘုန်းကြီးကျောင်းကိုတောင်မချန်ဘဲ ဓါးပြတိုက်လာတဲ့ကောင်တွေ

ဟု ရှိုင်းစိုင်းစွာ ပြောလေ၏။

ထိုအခါ ဖိုးခေါင်က ကလေးသုံး ယောက်အနက် ခေါင်းဆော

ဖြစ်သူကို မျက်လုံးချင်းဆုံအောင်ကြည့်၍

'' ဒီမှာ... မင်းတို့ဟာ လူမမယ်ကလေးငယ်တွေသာ ဖြစ်တယ်

မင်းတို့ရဲ့ အသိဉာဏ်ဟာ မဖွံ့ဖြိုးသေးဘူး၊ မကောင်းမှုနဲ့ကောင်းမှု

ခွဲခြားနိုင်တဲ့ အသိဉာဏ်လည်း မရှိသေးဘူး၊ ဒါကြောင့် မင်းတို့

မလိမ္မာ တစ်ခါမိုက်တယ်ဆိုတာ ငါနားလည်လို့ရတယ်၊ ဒါကြော

မကောင်းမှု ဒုစရိုက်အလုပ်ကို မလုပ်ပါနဲ့တော့ကွာ၊ မင်းတို့ပြော





သူတစ်ပါး မျက်ရည်ပေါက်ကြီးငယ် ကျရတယ်ဆိုတာ မကောင်းဘူး၊ ဒါကြောင့် ဒီနေ့ကစပြီး ဥပဒေဘောင်အတွင်းကိုဝင်ပြီး အပြစ်ဒဏ်ကို ခံယူပါကွာ၊ မင်းတို့ဟာ ကလေးငယ်တွေဖြစ်တဲ့အတွက် ဥပဒေကလည်း သက်ညှာပြီး စဉ်းစားပေးမှာပါ ''

ဟု ပြောလေရာ ဖိုးခေါင်၏စကားကို နားထောင်နေသော ကလေးငယ်သည် ငိုင်တွေတွေ ဖြစ်သွားလေ၏။

ထို့နောက် မျက်မှောင်ကြုတ်၍ စဉ်းစားဟန်ပြုလေ၏။ ပြီးနောက်

'' အစ်ကိုကြီးပြောတာ သိပ်မှန်တယ်၊ ကျုပ်တို့အလုပ်ဟာ သူတစ်ပါး မျက်ရည်ပေါက်ကြီးငယ်ကျရာမှ ထမင်းစားလို့ဝင်တဲ့ အလုပ်ပဲ၊ ကျုပ်တို့အလုပ်ဟာ ဘုရားမကြိုက်တဲ့အလုပ်၊ ဒါကြောင့် သေရင် ငရဲကျမှာသေချာတယ်၊ ကျုပ်တို့ ဒီနေ့ကစပြီး ဥပဒေဘောင်ထဲဝင်တော့မယ်ဗျာ ''

ဟု ပြောလေရာ ကျန်သော ကလေးငယ်နှစ်ဦးက ၎င်းတို့၏ ခေါင်းဆောင်ကလေးကို ကြည့်၍

'' ဟာ... အစ်ကိုကြီး၊ ခင်ဗျား ဘာအရူးထနေတာလဲ၊ ကျုပ်တို့ ဓါးပြတိုက်ဖို့လာတာ၊ ဘာဖြစ်လို့ ဥပဒေဘောင်ထဲကို ဝင်ရမှာ လဲ ''

ဟု ပြောလေရာ ၎င်းတို့၏ခေါင်းဆောင်ကလေးက

'' ငါတို့အားလုံး လိမ္မာဖို့သင့်ပြီကွ၊ ငါတို့ ဒီလိုသာဆက်ပြီး မိုက်နေကြဦးမယ်ဆိုရင် တစ်နေ့ အသေဆိုးနဲ့သေရမှာ သေချာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဒီနေ့ကစပြီး လိမ္မာကြရအောင် ''

ဟု ပြောလေရာ

'' ဟာ... အစ်ကိုကြီး ခင်ဗျားဘယ်လိုဖြစ်တာလဲ၊ ခါးပြတိုက်ဖို့လာတာ ခါးပြမတိုက်တဲ့ တရားဟောနေတယ်၊ ခင်ဗျားမတိုက်ရင် ကျုပ်ကို သေနတ်ပေးစမ်း ''

ဟု ဆိုကာ ၎င်းတို့၏ခေါင်းဆောင်ထံမှ သေနတ်ကို ဆတ်ခနဲ လုယူ၍ ဖိုးခေါင်နှင့်အပျိုကြီး ညီအစ်မများကို ချိန်လိုက်၏။

ထိုအခါ မိုးခေါင်က ထိုလူငယ်နှစ်ဦးကို အနုနည်းဖြင့်ပြော၍ ရမည်မထင်သောကြောင့် ကလေးငယ်၏သေနတ်ကိုင်လက်ကို ဆတ်ခနဲ ခြေဖြင့်လှမ်းကန်လိုက်ရာ ကလေးငယ်သည်

'' အားခနဲ ''

အော်ဟစ်၍ သေနတ် လေထဲသို့ လွင့်ပျံသွားလေ၏။

ထိုအခါ ဖိုးခေါင်က သေနတ်ကို ဆီးဖမ်းလိုက်ပြီး ကလေးငယ်နှစ်ဦးဘက်သို့ ထောင်ပြလိုက်ကာ

'' ဟောဒီမှာ မင်းတို့ရဲ့သေနတ်၊ ငါ့လက်ထဲကိုရောက်ပြီ မင်းတို့အားလုံး ငြိမ်ငြိမ်သက်သက်လေးနေကြ ''

ဟု အမိန့်ပေးလိုက်လေ၏။

သို့သော် ကလေးငယ်နှစ်ဦးသည် အလွန်မိုက်ရူးရဲဆန်သူများဖြစ်သဖြင့် ဖိုးခေါင်အား ဝင်ရောက်ထိုးကြိတ်လေ၏။

ဖိုးခေါင်သည် ကလေးငယ်နှစ်ဦး၏လက်နှစ်ဖက်ကို လိမ်၍ချိုး





လိုက်ပြီး ၎င်းတို့နှစ်ဦးအား ကြိုးတုပ်ရန် အပျိုကြီးညီအစ်မများထံ ကြိုးတောင်းလေ၏။

အပျိုကြီးများထံမှ ကြိုးရသောအခါ ညီငယ်နှစ်ဦးကို ကြိုးဖြင့် တုပ်နှောင်လေ၏။ ၎င်းတို့ ညီအစ်ကိုသုံးဦးအနက် အစ်ကိုကြီးဖြစ်သူမှာ အမြင်မှန်ရနေသဖြင့် ကြိုးတုပ်စရာမလိုတော့ပေ။

မိုးခေါင်၏အပြုအမူကို ညီအစ်မသုံးယောက်သည် အံ့ဩဟန်ဖြင့် ကြည့်ရှုနေကြ၏။

အကြီးဆုံး အစ်မကြီးက ခေါင်းခါယမ်း၍

'' မယုံနိုင်စရာပဲကွယ်၊ မင်းတို့သုံးယောက်ကို အခုလို ဥပဒေဘောင်အတွင်းဝင်ရောက်ဖို့ နားချနိုင်တယ်ဆိုတာ မျက်မြင်မို့လို့သာ ယုံလိုက်ရတယ်၊ အစ်မတို့တော့ ဘယ်လိုနည်းနဲ့မှ မယုံနိုင်ဘူး၊ အိပ်မက်လားတောင် အောက်မေ့ရတယ်၊ ဘာကြောင့်လဲဆိုတော့ ဒီမင်းတို့သုံးဖော်ဟာ ဘုန်းကြီးကျောင်းကိုတောင်တက်ပြီး ခါးပြတိုက်ဖူးတယ်၊ ဘုန်းကြီးက ဘယ်လိုမှ နားချလို့မရဘူး ''

ဟု ပြောလေ၏။

ထိုအခါ ဖိုးခေါင်က ခါးပြကလေးသုံးယောက် ကို မြို့လူကြီးများထံတွင် အပ်နှံရန်အတွက် ပြောလေ၏။

ထိုအခါ မိန်းမပျိုသုံးယောက်အနက် တစ်ယောက် မြို့ပေါ်ရှိ ရပ်မိရပ်ဖများကို သွားရောက်ခေါ်ယူလာ၏။ မြို့မိမြို့ဖများ ရောက်ရှိလာသောအခါ ဖိုးခေါင်က



www.burmeseclassic.com

www.burmeseclassic.com



" ဒီကလေးတွေဟာ လူမမယ်လေးတွေပါ၊ သူတို့ဟာ ခါးဖြတ်ိုက်၊ လုယက်တဲ့အလုပ်ကို မလုပ်ချင်တော့လို့ အမြင်မှန်ရနေပါပြီ ဒါကြောင့် သူတို့ကို ဥပဒေဘောင်အတွင်း အေးအေးချမ်းချမ်း နေနိုင်အောင် လုပ်ပေးကြပါ "

ဟု ပြောလေ၏။

ထိုအခါ မြို့မိမြို့ဖများသည် မင်စာသုံးဖော်က ဥပဒေဘောင်အတွင်းသို့ သက်ဆင်းကြမည်ဆို၍ လွန်စွာဝမ်းသာသွား၏။

အဘယ်ကြောင့်ဆိုသော် မင်စာသုံးယောက်သည် ၎င်းတို့အနီးအနားမြို့များတွင် အမျိုးမျိုးသောင်းကျန်းနေသော သတင်းကို မကြာခဏ ကြားရသောကြောင့် ဖြစ်၏။

မြို့မိမြို့ဖများ ပြန်သွားသောအခါ ညီအစ်မသုံးယောက်သည် ဖိုးခေါင်ကို လွန်စွာကျေးဇူးတင်ကြလေ၏။

ထို့နေ့ည သူမတို့၏ဆိုင်၌ပင် အိပ်စက်ရန် ပြောဆိုလေ၏။ ဖိုးခေါင်က မင်စာသုံးဖော်ကို လိမ္မာယဉ်ကျေးမှုရှိစေရန် ပြောဆိုလိုက်သဖြင့် ညီအစ်မသုံးယောက်သည် တစ်ညလုံး ချီးမွမ်းနေခဲ့ရာ ညဉ့်နက်သန်းခေါင်အချိန်သို့ပင် ရောက်လေ၏။

ထိုအခါမှပင် ဖိုးခေါင်သည် အိပ်စက်ရန် အခန်းကျဉ်းလေးထဲသို့ ဝင်ခဲ့ရလေ၏။

ဖိုးခေါင်သည် အိပ်ရာထဲသို့ဝင်ရောက်ခဲ့သော်လည်း အိပ်မပျော်နိုင်သေးဘဲ ညီအစ်မသုံးယောက်၏ ချီးမွမ်းစကားများကိုသာ နားထဲ





တွင် ကြားယောင်နေလေ၏။

မင်စာသုံးဖော်သည် အလွန်ဆိုးသွမ်းမိုက်ရိုင်းပြီး မည်သူ့ချွတ်ချွတ် မကျွတ်သည့် ကလေးများဖြစ်၏။

ယခု မိမိ၏စကားများကို အလွယ်တကူ နားဝင်ပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်သွားခြင်းကို မယုံနိုင်အောင်ဖြစ်မိ၏။

ထိုသို့တွေးတောရင်း ဖိုးခေါင်သည် ယခုရက်ပိုင်းအတွင်း မိမိ၏ အကြီးအစည်များအောင်မြင်ပြီး ကံဇာတာကောင်းမွန်သလို ရှိနေကြောင်း တွေးမိ၏။

ယမန်နေ့ညနေ၌လည်း သုံးဆယ့်ခြောက်ကောင်ထီကို မိမိထိုးသော် ပေါက်ခဲ့၏။ လွန်ခဲ့သောရက်ကလည်း အလွန်ဇီဇာကြောင်ပြီး မည်သည့်ခရီးသည်ကိုမျှ လက်သင့်မခံသော သူကြီးမင်း၏နေအိမ်၌ အိပ်စက်နိုင်ခဲ့၏။

ဖိုးခေါင်သည် ထိုသို့တွေးတောရင်း ယခုရက်ပိုင်း၌ ကံကောင်းထောက်မပြီး အရာရာအဆင်ပြေနေကြောင်း ပိုမိုသတိပြုမိလေ၏။

သူကြီးမင်းအိမ်မှ ပြန်လာသောအခါ၌လည်း ပူပြင်းသောနေရောင်အောက်တွင် တစ်ကိုယ်တည်းလျှောက်နေစဉ် လှည်းသမားတစ်ဦးက လမ်းကြုံခေါ်တင်သွားပြီး ထိုလှည်းသမားကပင် မိမိကို ဖော်ရွေစွာဖြင့် နေ့လယ်စာထမင်းကို ကျွေးသွားကြောင်း သတိရ၏။

ထိုသို့တွေးတောရင်း လွန်ခဲ့သောရက်များက အစစအရာရာအောင်မြင်နေခဲ့ပုံကို တဖြည်းဖြည်း ပြန်လည်မြင်ယောင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ပူပြင်းလှသော နေရောင်အောက်တွင် တစ်ကိုယ်တည်း လျှောက်လှမ်းရသဖြင့် ရေဘူး၌ ရေများကုန်စင်သွားခဲ့၏။

ဇရပ်တစ်ဆောင်သို့ရောက်သောအခါ ရေခပ်ဆင်းလာသော လှပျိုဖြူကလေးများက မိမိ၏ဆန္ဒကို နားလည်သည့်အလား ဖော်ရွေဟန်ဖြင့် ရေများကို တိုက်ခဲ့၏။

လှပျိုဖြူတစ်ဦးက ရေတိုက်ရုံမျှမက မုန့်ဆီကြော်များကိုပင် ကျွေးမွေးခဲ့၏။

ယခုရက်ပိုင်းအတွင်း သူ၏ကံကြမ္မာများ အစစအရာရာ အဆင်ပြေချောမွေ့နေပုံများကို ပြန်လည်တွေးတောမိ၏။

ထိုသို့တွေးတောရင်း ကြယ်တံခွန်ဂိုဏ်းမှ စိတ်စွမ်းအင်ကျမ်းကို သတိရကာ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွား၏။

သူသည် ချောက်ကမ်း ပါးကြီးထဲရှိ လိုဏ်ဂူထဲတွင် နေထိုင်စဉ်က ကြယ်တံခွန်ဂိုဏ်း၏ ကျင့်စဉ် တော်ကျမ်းကို လေ့လာလိုက်စားခဲ့၏။

ထိုသို့ လေ့လာလိုက်စားခဲ့ခြင်းမှာ ထိုပညာရပ်များကို သင်ယူချင်စိတ်ကြောင့်မဟုတ်ဘဲ ပျင်းရိငြီးငွေ့သောကြောင့်သာ ဖြစ်၏။

ယခုရက်ပိုင်းအတွင်း မိမိကံကောင်းနေခြင်းမှာ ကြယ်တံခွန်ဂိုဏ်း၏ စိတ်စွမ်းအင်ကျင့်စဉ်များကို အောင်မြင်စွာ လေ့ကျင့်နိုင်သောကြောင့် ဖြစ်နိုင်သည်ဟု ရိပ်စားမိသွား၏။

ဖိုးခေါင်သည် လူတကာကျင့်နိုင်ရန် ခက်ခဲလှသော ကြယ်တံခွန်ဂိုဏ်း၏ စိတ်စွမ်းအင်ကျင့်စဉ်များကို မိမိအောင်မြင်ခဲ့သဖြင့် အလွန်





ဝမ်းသာ ကျေနပ်နေခဲ့၏။

ကြယ်တံခွန်ဂိုဏ်းချုပ်များအားလုံးလိုလို ထိုကျင့်စဉ်ကျမ်းကို လေ့ကျင့်ခဲ့၏။ သို့သော် ဂိုဏ်းချုပ် အများစုမှာ အောင်မြင်မှုမရနိုင်ဘဲ လက်လျှော့ခဲ့ရ၏။

ကြယ်တံခွန်ဂိုဏ်း၏ စိတ်စွမ်းအင်ကျင့်စဉ်များကို အောင်မြင်စွာ လေ့ကျင့်နိုင်သူများမှာ ဂိုဏ်းချုပ် ဦးမာဃအပါအဝင် စုစုပေါင်း ဂိုဏ်းချုပ် သုံးဦးသာ ရှိ၏။

မိမိနှင့်ဆိုလျှင် ကြယ်တံခွန်ဂိုဏ်း၏ ကျင့်စဉ်ကို အောင်မြင်အောင် လေ့ကျင့်နိုင်သူများမှာ လေးဦးမြောက်သာရှိခဲ့၏။

သူသည် တစ်ညလုံး ထိုအကြောင်းကိုတွေးကာ နံနက်မိုးစင်စင်လင်းသွားလေ၏။

မိုးလင်းသွားသော်လည်း ကြယ်တံခွန်ဂိုဏ်း၏ စိတ်တန်ခိုးအကြောင်းကိုသာ ထိုင်၍ တွေးတောနေမိ၏။

ထိုအချိန်တွင် ညီအစ်မသုံးယောက်သည် အိပ်ရာမှ နိုးထလာပြီး ထမင်းဆိုင်ဖွင့်ရန် ပြင်ဆင်နေပြီဖြစ်၏။

ဖိုးခေါင်သည် ဆက်လက်၍ အိပ်ပျော်ရန် မကြိုးစားတော့ဘဲ အိပ်ရာမှထကာ ညီအစ်မသုံးယောက်၏ ဆိုင်ရှေ့တွင်တွေ့ရသော တံမြက် စည်းကို ယူ၍ အမှိုက်များကို လှဲကျင်းနေလေ၏။

ဖိုးခေါင်သည် ထိုနေ့တစ်နေ့လုံး ညီအစ်မသုံးယောက်၏ ဆိုင်တွင် ဝင်ရောက်လုပ်ကိုင်ပေးလေ၏။ ဆိုင်ပတ်ဝန်းကျင်ကို အမှိုက်များ



www.burmeseclassic.com

www.burmeseclassic.com



လှဲကျင်းပေး၏။

ဆိုင်အနီးပတ်ဝန်းကျင်ရှိ ချုံနွယ်များကို ရှင်းလင်းပေး၏။ ကျိုးပဲ့ ယိုင်နဲ့နေသောခြံစည်းရိုးကို အသစ်ပြန်လည် ကာရံပေးခဲ့၏။

ညီအစ်မများသည် ဖိုးခေါင်၏ ဖျတ်လတ်သွက်လက်ပုံကို အလွန်သဘောကျပြီး သူမတို့၏ဆိုင်တွင် ပျော်သလောက်နေထိုင်ရန် ခွင့်ပေးလေ၏။

ဖိုးခေါင်သည် သူ၏အနာဂတ်ခရီးလမ်းနှင့် ပတ်သက်၍ ကြိုတင်ကြံရွယ်ထားခြင်း မရှိသဖြင့် ညီအစ်မသုံးယောက်၏အိမ်တွင် ခေတ္တခဏနေထိုင်ရန် ဆုံးဖြတ်ခဲ့လေ၏။

ဖိုးခေါင်သည် ညီအစ်များ၏ထမင်းဆိုင်တွင် နေထိုင်ရင်း ကြယ်တံခွန်ဂိုဏ်း၏ ကျင့်စဉ်တော်ကျမ်းမှ စိတ်စွမ်းအင်လေ့ကျင့်မှုများကို ပြန်လည်တွေးတောနေမိ၏။

ထိုအခါ စိတ်စွမ်းအင်ဖြင့် သူတစ်ပါးအား မကောင်းကြံသော အပြုအမူကို ပြုလုပ်၍မရကြောင်း သတိပြုမိ၏။

စိတ်စွမ်းအင် အစွမ်းသတ္တိဖြင့် အများကောင်းကျိုး ဆောင်ရွက်နိုင်ကြောင်း၊ မိမိကိုယ်ကျိုးအတွက် အသုံးပြုလျှင် အစွမ်းသတ္တိများ ကွယ်ပျောက်သွားနိုင်ကြောင်း သိရ၏။

ကြယ်တံခွန်ဂိုဏ်း၏ အထွတ်အမြတ်ကျမ်းနှင့် ပတ်သက်၍ ကြယ်တံခွန်ဂိုဏ်း၏ ခေါင်းဆောင်များ အောင်မြင်အောင် မလေ့ကျင့်နိုင်ခြင်းမှာ အလိုလောဘများကြောင့်ဖြစ်ကြောင်း တွေးမိပြန်၏။





ဖိုးခေါင်သည် လိုဏ်ဂူအတွင်း၌ ကြယ်တံခွန်ဂိုဏ်းသားများကို ချုပ်နှောင်ခံနေရင်း စိတ်ပညာကျမ်းကို လေ့ကျင့်ခဲ့ခြင်းမှာ အလိုရမ္မက်ကြောင့် မဟုတ်ဘဲ လိုဏ်ဂူထဲတွင်တစ်ကိုယ်တည်း ပျင်းရိငြီးငွေ့သောကြောင့်သာ ဖြစ်၏။

ထို့ကြောင့်ပင် ကျင့်စဉ်ကျမ်းကို အောင်မြင်စွာ လေ့ကျင့်နိုင်ခဲ့ခြင်း ဖြစ်နိုင်၏။

ဖိုးခေါင်သည် စိတ်စွမ်းအင်ပညာကို အသုံးပြု၍ အများကောင်းကျိုးအတွက်ဆောင်ရွက်ရန် ဆုံးဖြတ်လိုက်၏။

ဤသို့ဖြင့် ညီအစ်မသုံးယောက်၏ နေအိမ်တွင် နေထိုင်ရင်း သူနင်းတို့၏ လိုအပ်သည်များကို ကူညီလုပ်ကိုင်ပေးကာ သောင်တင်၍ နေလေတော့၏။

တစ်နေ့သ၌ ညီအစ်မများ၏ ထမင်းဆိုင်ပိတ်ကာနီးတွင် ချိုင်းထောက်နှင့် လူငယ်လေးတစ်ဦးသည် ခွေးတစ်ကောင်နှင့်အတူ ရောက်လာ၏။

ထိုလူငယ်လေးသည် ထမင်းနှင့်ဟင်းများကို လာရောက်ဝယ်ယူခြင်းဖြစ်၏။

ထမင်းဆိုင်ရှင်ညီအစ်မသုံးယောက်သည် ချိုင်းထောက်နှင့်လူငယ်လေးကို ကရုဏာသက်ဟန်ဖြင့် ဟင်းများကို ပိုပိုသာသာ ထည့်ပေးလေ၏။

လူငယ်လေး ထွက်ခွာသွားသောအခါ အစ်မဖြစ်သော



www.burmeseclassic.com

လှဲကျင်းပေး၏။

ဆိုင်အနီးပတ်ဝန်းကျင်ရှိ ချုံနွယ်များကို ရှင်းလင်းပေး၏။ ကျိုးပဲ့ ယိုင်နဲ့နေသောခြံစည်းရိုးကို အသစ်ပြန်လည် ကာရံပေးခဲ့၏။

ညီအစ်မများသည် ဖိုးခေါင်၏ ဖျတ်လတ်သွက်လက်ပုံကို အလွန်သဘောကျပြီး သူမတို့၏ဆိုင်တွင် ပျော်ရွှင်လောက်နေထိုင်ရန် ခွင့်ပေးလေ၏။

ဖိုးခေါင်သည် သူ၏အနာဂတ်ခရီးလမ်းနှင့် ပတ်သက်၍ ကြိုတင်ကြံရွယ်ထားခြင်း မရှိသဖြင့် ညီအစ်မသုံးယောက်၏အိမ်တွင် ခေတ္တခဏနေထိုင်ရန် ဆုံးဖြတ်ခဲ့လေ၏။

ဖိုးခေါင်သည် ညီအစ်မများ၏ထမင်းဆိုင်တွင် နေထိုင်ရင်း ကြယ်တံခွန်ဂိုဏ်း၏ ကျင့်စဉ်တော်ကျမ်းမှ စိတ်စွမ်းအင်လေ့ကျင့်မှုများကို ပြန်လည်တွေးတောနေမိ၏။

ထိုအခါ စိတ်စွမ်းအင်ဖြင့် သူတစ်ပါးအား မကောင်းကြံသော အပြုအမူကို ပြုလုပ်၍မရကြောင်း သတိပြုမိ၏။

စိတ်စွမ်းအင် အစွမ်းသတ္တိဖြင့် အများကောင်းကျိုး ဆောင်ရွက်နိုင်ကြောင်း၊ မိမိကိုယ်ကျိုးအတွက် အသုံးပြုလျှင် အစွမ်းသတ္တိများ ကွယ်ပျောက်သွားနိုင်ကြောင်း သိရ၏။

ကြယ်တံခွန်ဂိုဏ်း၏ အထွတ်အမြတ်ကျမ်းနှင့် ပတ်သက်၍ ကြယ်တံခွန်ဂိုဏ်း၏ ခေါင်းဆောင်များ အောင်မြင်အောင် မလေ့ကျင့်နိုင်ခြင်းမှာ အလိုလောဘများကြောင့်ဖြစ်ကြောင်း တွေးမိပြန်၏။





ဖိုးခေါင်သည် လိုဏ်ဂူအတွင်း၌ ကြယ်တံခွန်ဂိုဏ်းသားများကို ချမ်းအောင်နေရင်း စိတ်ပညာကျမ်းကို လေ့ကျင့်ခဲ့ခြင်းမှာ အလိုရမ္မက်ကြောင့် မဟုတ်ဘဲ လိုဏ်ဂူထဲတွင်တစ်ကိုယ်တည်း ပျင်းရိငြီးငွေ့သောကြောင့်သာ ဖြစ်၏။

ထို့ကြောင့်ပင် ကျင့်စဉ်ကျမ်းကို အောင်မြင်စွာ လေ့ကျင့်နိုင်ခဲ့ခြင်း ဖြစ်နိုင်၏။

ဖိုးခေါင်သည် စိတ်စွမ်းအင်ပညာကို အသုံးပြု၍ အများကောင်းကျိုးအတွက်ဆောင်ရွက်ရန် ဆုံးဖြတ်လိုက်၏။

ဤသို့ဖြင့် ညီအစ်မသုံးယောက်၏ နေအိမ်တွင် နေထိုင်ရင်း ၎င်းတို့၏ လိုအပ်သည်များကို ကူညီလုပ်ကိုင်ပေးကာ သောင်တင်၍ နေလေတော့၏။

တစ်နေ့သ၌ ညီအစ်မများ၏ ထမင်းဆိုင်ပိတ်ကာနီးတွင် ချိုင်းထောက်နှင့် လူငယ်လေးတစ်ဦးသည် ခွေးတစ်ကောင်နှင့်အတူ ရောက်လာ၏။

ထိုလူငယ်လေးသည် ထမင်းနှင့်ဟင်းများကို လာရောက်ဝယ်ယူခြင်းဖြစ်၏။

ထမင်းဆိုင်ရှင်ညီအစ်မသုံးယောက်သည် ချိုင်းထောက်နှင့် လူငယ်လေးကို ကရုဏာသက်ဟန်ဖြင့် ဟင်းများကို ပိုပိုသာသာ ထည့်ပေးလေ၏။

လူငယ်လေး ထွက်ခွာသွားသောအခါ အစ်မဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



လည်း မီးထဲမှာ ဆုံးရှုံးရတယ်၊ သူကိုယ်တိုင်လည်း ဒုက္ခိတဖြစ်ရ... သူရဲ့ ညီမလေးလည်း ယနေ့ထက်တိုင်အောင် ပျောက်ဆုံးနေခဲ့တ... ဒါကြောင့် မြို့ပေါ်က လူတွေဟာ သူ့ကို ဝိုင်းပြီးကရုဏာသက်ကြ... ကောင်လေးရောင်းတဲ့ မြေပဲလိပ်ကို လူတိုင်းက မညည်းမညူဘဲဝယ်... စားသောက်ကြတယ် ''

ဟု ပြောလေရာ ဖိုးခေါင်က သက်ပြင်းချ၍

'' ခင်ဗျားတို့ပြောသလိုဆို ဒီကောင်လေးရဲ့ဘဝဟာ သ... စရာ ကောင်းပါတယ်၊ ဒါနဲ့ သူ ဘယ်မှာနေတာလဲ ''

ဟု မေးမြန်းလေ၏။ ထိုအခါ အစ်မကြီးဖြစ်သူက

'' အစ်မတို့ထမင်းဆိုင်ရဲ့ နစ်ခြမ်းကျော်မှာရှိတဲ့ တဲအိမ် ကုတ်... ကလေးဟာ ကောင်လေးရဲ့အိမ်ပေါ့၊ အရင်တုန်းက အဲဒီနေရာ... ကောင်လေးမိဘတွေ မီးလောင်ပြင်ဖြစ်ခဲ့တယ်လေ ''

ဟု ရှင်းလင်းပြလေ၏။

ဖိုးခေါင်သည် ထိုနေ့မှစ၍ ဒုက္ခိတလူငယ်လေးအကြောင်း... စိတ်ဝင်စားသွားလေတော့၏။

နောက်တစ်ရက်နေ့သို့ရောက်လျှင် မြို့ပိုင်မင်းခေါင်းဆောင်... နောက်လိုက်ဝယ်သားများသည် ညီအစ်မများ၏ထမင်းဆိုင်တွင် ... ရောက်၍ ထမင်းစားသောက်လေ၏။

မြို့ပိုင်မင်းသည် ထိုနေ့ညနေစောင်းသောအခါမှပင် တ... တပန်းများနှင့်အတူ ပြန်သွား၏။





မြို့ပိုင်မင်းနှင့်တပည့်တပန်းများ ပြန်သွားသောအခါ ၎င်းတို့မှာယူ... များသော အစားအသောက်များသည် စားပွဲပေါ်၌ အလျှံပယ် ကျန်ရှိခဲ့... လေ၏။

အစ်မလတ်ဖြစ်သူက စားပွဲဝိုင်းသို့လာကြည့်၍

'' အမလေး၊ ပိုက်ဆံရှိတဲ့သူကျတော့လည်း တစ်ဆိုင်လုံးမှာ... ရှိတဲ့ ဟင်းတွေမှာပြီး စားသွားလိုက်တာ၊ သူတို့စားသွားတဲ့ ထမင်းကျန် ...ဟင်းကျန်တွေ စားပွဲပေါ်မှာ အများကြီးပဲ ''

ဟုပြောလေ၏။

ထိုအခါ ညီမငယ်ကလည်း ဝင်ရောက်၍

'' ဟုတ်ပါ့တော်၊ သူတို့ မဆန့်မပြဲ စားတဲ့အတွက် ထမင်းဆိုင် ...တို့ နောက်ကျပြီး လာစားတဲ့ဖောက်သည်တွေကိုတောင်မှ မရောင်း လိုက်နိုင်ဘူး။ ကဲ... သူတို့ရဲ့ ထမင်းကျန် ဟင်းကျန်တွေကို ဘယ်လိုလုပ်ကြမလဲ ''

ဟုမေးမြန်းလေ၏။

အစ်မကြီးဖြစ်သူက မျက်မှောင်ကြုတ်၍

'' ဘယ်လိုလုပ်ရမလဲ၊ အမှိုက်တောင်းထဲပဲထည့်ရမှာပေါ့၊ သူတို့ အကျန်တွေကို ဘယ်သူစားမှာလဲ ''

ဟုပြောလေ၏။

ဖိုးခေါင်သည် စားပွဲပေါ်ရှိ မြောက်မြားလှသော ထမင်းကျန်၊ ဟင်းကျန်များကိုကြည့်၍ တစ်စုံတစ်ရာကို စိတ်ကူးပေါက်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



လည်း မီးထဲမှာ ဆုံးရှုံးရတယ်၊ သူကိုယ်တိုင်လည်း ဒုက္ခိတဖြစ်ရ

သူရဲ့ ညီမလေးလည်း ယနေ့ထက်တိုင်အောင် ပျောက်ဆုံးနေခဲ့တ

ဒါကြောင့် မြို့ပေါ်က လူတွေဟာ သူ့ကို ဝိုင်းပြီးကရုဏာသက်ကြ

ကောင်လေးရောင်းတဲ့ မြေပဲလိပ်ကို လူတိုင်းက မညည်းမညူဘဲဝယ်

စားသောက်ကြတယ် ''

ဟု ပြောလေရာ ဖိုးခေါင်က သက်ပြင်းချ၍

'' ခင်ဗျားတို့ပြောသလိုဆို ဒီကောင်လေးရဲ့ဘဝဟာ သ

စရာ ကောင်းပါတယ်၊ ဒါနဲ့ သူ ဘယ်မှာနေတာလဲ ''

ဟု မေးမြန်းလေ၏။ ထိုအခါ အစ်မကြီးဖြစ်သူက

'' အစ်မတို့ထမင်းဆိုင်ရဲ့ နှစ်ခြံကျော်မှာရှိတဲ့ တဲအိမ် ကုတ်

ကလေးဟာ ကောင်လေးရဲ့အိမ်ပေါ့၊ အရင်တုန်းက အဲဒီနေရာ

ကောင်လေးမိဘတွေ မီးလောင်ပြင်ဖြစ်ခဲ့တယ်လေ ''

ဟု ရှင်းလင်းပြလေ၏။

ဖိုးခေါင်သည် ထိုနေ့မှစ၍ ဒုက္ခိတလူငယ်လေးအကြောင်း

စိတ်ဝင်စားသွားလေတော့၏။

နောက်တစ်ရက်နေ့သို့ရောက်လျှင် မြို့ပိုင်မင်းခေါင်းဆောင်

နောက်လိုက်ငယ်သားများသည် ညီအစ်မများ၏ထမင်းဆိုင်တွင်

ရောက်၍ ထမင်းစားသောက်လေ၏။

မြို့ပိုင်မင်းသည် ထိုနေ့ညနေစောင်းသောအခါမှပင်

တပန်းများနှင့်အတူ ပြန်သွား၏။



မြို့ပိုင်မင်းနှင့်တပည့်တပန်းများ ပြန်သွားသောအခါ ၎င်းတို့မှာယူ

သွားသော အစားအသောက်များသည် စားပွဲပေါ်၌ အလျှံပယ် ကျန်ရှိ

သေ၏။

အစ်မလတ်ဖြစ်သူက စားပွဲဝိုင်းသို့လာကြည့်၍

'' အမလေး၊ ပိုက်ဆံရှိတဲ့သူကျတော့လည်း တစ်ဆိုင်လုံးမှာ

ရှိတဲ့ ဟင်းတွေမှာပြီး စားသွားလိုက်တာ၊ သူတို့စားသွားတဲ့ ထမင်းကျန်

ဟင်းကျန်တွေ စားပွဲပေါ်မှာ အများကြီးပဲ ''

ဟုပြောလေ၏။

ထိုအခါ ညီမငယ်ကလည်း ဝင်ရောက်၍

'' ဟုတ်ပါ့တော်၊ သူတို့ မဆန့်မပြဲ စားတဲ့အတွက် ထမင်းဆိုင်

ကို နောက်ကျပြီး လာစားတဲ့ဖောက်သည်တွေကိုတောင်မှ မရောင်း

လိုက်နိုင်ဘူး။ ကဲ... သူတို့ရဲ့ ထမင်းကျန် ဟင်းကျန်တွေကို ဘယ်လိုလုပ်

ကြမလဲ ''

ဟုမေးမြန်းလေ၏။

အစ်မကြီးဖြစ်သူက မျက်မှောင်ကြုတ်၍

'' ဘယ်လိုလုပ်ရမလဲ၊ အမှိုက်တောင်းထဲပဲထည့်ရမှာပေါ့၊ သူတို့

အကျန်တွေကို ဘယ်သူစားမှာလဲ ''

ဟုပြောလေ၏။

ဖိုးခေါင်သည် စားပွဲပေါ်ရှိ မြောက်မြားလှသော ထမင်းကျန်

ဟင်းကျန်များကိုကြည့်၍ တစ်စုံတစ်ရာကို စိတ်ကူးပေါက်သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုလေ၏။

ထိုအချိန်မှစ၍ ဖိုးခေါင်နှင့် ဒုက္ခိတကောင်လေးသည် ခင်မင်ရင်းနှီးသွားလေ၏။ ဒုက္ခိတကောင်လေး၏အမည်မှာ မောင်ညိုဟုခေါ်ကြောင်း သိရ၏။

ဖိုးခေါင်သည် ညီအစ်မသုံးယောက်၏ထမင်းဆိုင်တွင် ကူညီလုပ်ကိုင်၍ နေထိုင်ရင်း ရင်းတတ်ကျွမ်းသော စိတ်ဓာတ်အင်၏တန်ခိုးသတ္တိဖြင့် မြို့ပေါ်ရှိလူအများ၏ ကောင်းကျိုးကို ဆောင်ရွက်လိုသော ဆန္ဒရှိသည်။

ထို့ကြောင့် ဒုက္ခိတကောင်လေးထံသို့ မကြာခဏသွားရောက်၍ မြို့ပေါ်ရှိလူများ၏အကြောင်းကို မေးမြန်းလေ၏။

ဒုက္ခိတကောင်လေး သည် မြို့ထဲ၌ အစဉ်အမြဲလှည့်လည်၍ မြေပဲလိပ်ရောင်းချနေရာ မြို့ပေါ်ရှိလူများအကြောင်းကို ကကြီးမှအ အထိ သိထား၏။

ဒုက္ခိတကောင်လေး မကြာခဏ ပြောဆိုတတ်သည်မှာ မြို့ပေါ်ရှိ ချစ်တီးကုလားများအကြောင်းပင် ဖြစ်၏။ ကောင်လေးက

" အစ်ကိုရယ်... ကျုပ်တို့မြို့မှာ လူတွေကို ဒုက္ခအပေးဆုံးကတော့ ချစ်တီးကုလားတွေပါပဲ၊ ကျုပ်တို့မြို့မှာ နာမည်အကြီးဆုံးချစ်တီးတိုက်သုံးတိုက်ရှိတယ်၊ အဲဒီချစ်တီးတိုက်က လူတွေဟာ မြို့ပေါ်က လူတွေကို အကြွေးမယူချင်၊ ယူချင်အောင် အတင်းမြှူဆွယ်ကြတယ်၊ နောက်ပြီးတော့ အတိုးတွေ တဖြည်းဖြည်းများလာတဲ့အခါမှာ ရှိတဲ့





အိမ်တွေ ခြံတွေကို သိမ်းတော့တာပဲ၊ ချစ်တီးကုလားတွေကြောင့် အိမ်ခြံမြေ လက်မဲ့ဖြစ်သွားတဲ့သူတွေ၊ လုပ်အားဆုံးရှုံးတဲ့လူတွေ မြို့ပေါ်မှာ အတော်များနေပြီ၊ နယ်ချဲ့အစိုးရဟာလည်း ချစ်တီးကုလားတွေကို ဘာဖြစ်လို့ ကျုပ်တို့တိုင်းပြည်ထဲ သွင်းလာရတာလဲ မသိပါဘူးဗျ "

ဟု ညည်းတွား၏။

ထိုအခါ ဖိုးခေါင်က စိတ်ဝင်စားဟန်ဖြင့်

" နေပါဦး... ချစ်တီးကုလားတွေ ပိုက်ဆံချေးဖို့မြှူဆွယ်တိုင်း လူတွေကလည်း ချေးကြတာပဲလား "

ဟု မေးမြန်းလေ၏။

လူငယ်လေးက သက်ပြင်းချ၍

" ဒီချစ်တီးကုလားတွေဟာ လူတွေကို ပိုက်ဆံမချေးချေးအောင် မြှူဆွယ်တဲ့နေရာမှာတော့ အတော်တော်တယ်ဗျာ၊ ကျုပ်တို့ဗမာတွေကလည်း အလှူမင်္ဂလာပွဲတွေကို ဆောင်ရွက်ဖို့အတွက် အလွန်စိတ်အားထက်သန်ကြတယ်၊ အိမ်မှာ သားယောက်ျားလေးရှိတာမြင်ရင် ရှင်ပြုဖို့တိုက်တွန်းကြတယ်၊ သမီးမိန်းကလေးရှိရင် နားသလုပ်ဖို့ တိုက်တွန်းကြတယ်၊ လိုအပ်တဲ့ငွေကို သူတို့ထုတ်ပေးမယ်ဆိုပြီး မြှူဆွယ်ကြတယ်၊ ရွှေလက်ကောက်တစ်ကွင်းရှိတဲ့သူကို နှစ်ကွင်းသုံးကွင်းဝယ်အောင်လို့ မြှောက်ထိုးပင့်ကော် လုပ်ကြတယ်၊ တစ်ခါတစ်ရံမှာ လူတွေဦးနှဲတစ်ဦး လှည့်တိုက်ပေးတယ်၊ မြို့စွန်က ဒေါ်ပုမကြီးကတော့ ငါးမူးသားလက်ကောက်တွေကိုဖျက်ပြီး တစ်ကျပ်သားဖြစ်အောင်လုပ်လိုက်ပြီလို့



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုလေ၏။

ထိုအချိန်မှစ၍ ဖိုးခေါင်နှင့် ဒုက္ခိတကောင်လေးသည် ခင်မင်ရင်းနှီးသွားလေ၏။ ဒုက္ခိတကောင်လေး၏အမည်မှာ မောင်ညိုဟုခေါ်ကြောင်း သိရ၏။

ဖိုးခေါင်သည် ညီအစ်မသုံးယောက်၏ထမင်းဆိုင်တွင် ကူညီလုပ်ကိုင်၍ နေထိုင်ရင်း ဖြင့်တတ်ကျွမ်းသော စိတ်စွမ်းအင်၏တန်ခိုးသတ္တိဖြင့် မြို့ပေါ်ရှိလူအများ၏ ကောင်းကျိုးကို ဆောင်ရွက်လိုသော ဆန္ဒရှိသည်။

ထို့ကြောင့် ဒုက္ခိတကောင်လေးထံသို့ မကြာခဏသွားရောက်၍ မြို့ပေါ်ရှိလူများ၏အကြောင်းကို မေးမြန်းလေ၏။

ဒုက္ခိတကောင်လေး သည် မြို့ထဲ၌ အစဉ်အမြဲလှည့်လည်၍ မြေပဲလိပ်ရောင်းချနေရာ မြို့ပေါ်ရှိလူများအကြောင်းကို ကကြီးမှအအထိ သိထား၏။

ဒုက္ခိတကောင်လေး မကြာခဏ ပြောဆိုတတ်သည်မှာ မြို့ပေါ်ရှိ ချစ်တီးကုလားများအကြောင်းပင် ဖြစ်၏။ ကောင်လေးက

"အစ်ကိုရယ်... ကျုပ်တို့မြို့မှာ လူတွေကို ဒုက္ခအပေးဆုံးကတော့ ချစ်တီးကုလားတွေပါပဲ၊ ကျုပ်တို့မြို့မှာ နာမည်အကြီးဆုံး ချစ်တီးတိုက်သုံးတိုက်ရှိတယ်၊ အဲဒီချစ်တီးတိုက်က လူတွေဟာ မြို့ပေါ်က လူတွေကို အကြွေးမယူချင်၊ ယူချင်အောင် အတင်းမြှူဆွယ်ကြတယ်၊ နောက်ပြီးတော့ အတိုးတွေ တဖြည်းဖြည်းများလာတဲ့အခါမှာ ရှိတဲ့





အိမ်တွေ ခြံတွေကို သိမ်းတော့တာပဲ၊ ချစ်တီးကုလားတွေကြောင့် အိမ်ခြံမြေ လက်မဲ့ဖြစ်သွားတဲ့သူတွေ၊ လုပ်အားဆုံးရှုံးတဲ့လူတွေ မြို့ပေါ်မှာ အတော်များနေပြီ၊ နယ်ချဲ့အစိုးရဟာလည်း ချစ်တီးကုလားတွေကို ဘာဖြစ်လို့ ကျုပ်တို့တိုင်းပြည်ထဲ သွင်းလာရတာလဲ မသိပါဘူးဗျ"

ဟု ညည်းတွား၏။

ထိုအခါ ဖိုးခေါင်က စိတ်ဝင်စားဟန်ဖြင့်

"နေပါဦး... ချစ်တီးကုလားတွေ ပိုက်ဆံချေးဖို့မြှူဆွယ်တိုင်း လူတွေကလည်း ချေးကြတာပဲလား"

ဟု မေးမြန်းလေ၏။

လူငယ်လေးက သက်ပြင်းချ၍

"ဒီချစ်တီးကုလားတွေဟာ လူတွေကို ပိုက်ဆံမချေးချေးအောင် မြှူဆွယ်တဲ့နေရာမှာတော့ အတော်တော်တယ်ဗျာ၊ ကျုပ်တို့ဗမာတွေကလည်း အလှူမင်္ဂလာပွဲတွေကို ဆောင်ရွက်ဖို့အတွက် အလွန်စိတ်အားထက်သန်ကြတယ်၊ အိမ်မှာ သားယောက်ျားလေးရှိတာမြင်ရင် ရှင်ပြုဖို့တိုက်တွန်းကြတယ်၊ သမီးမိန်းကလေးရှိရင် နားသလုပ်ဖို့ တိုက်တွန်းကြတယ်၊ လိုအပ်တဲ့ငွေကို သူတို့ထုတ်ပေးမယ်ဆိုပြီး မြှူဆွယ်ကြတယ်၊ ရွှေလက်ကောက်တစ်ကွင်းရှိတဲ့သူကို နှစ်ကွင်းသုံးကွင်းဝယ်အောင်လို့ မြှောက်ထိုးပင့်ကော် လုပ်ကြတယ်၊ တစ်ခါတစ်ရံမှာ လူတင်းနဲ့တစ်ဦး လှည့်တိုက်ပေးတယ်၊ မြို့စွန်က ဒေါ်ပုမကြီးကတော့ ဝါမူးသား လက်ကောက်တွေကိုဖျက်ပြီး တစ်ကျပ်သားဖြစ်အောင်လုပ်လိုက်ပြီလို့



www.burmeseclassic.com

www.burmeseclassic.com



ချစ်တီးကုလားသည် အိပ်၍ကောင်းနေစဉ်တွင် လာ၍ နှိုးသဖြင့် တံခါးစောင့်အား အော်ဟစ်ဆူပူလေ၏။

ထိုအခါ တံခါးစောင့်က သူတော်စင်တစ်ပါး ရောက်နေကြောင်း ပြောဆိုလေ၏။ ချစ်တီးကုလားက

" ဘယ်သူတော်စင်လဲ၊ ငါ့ဆီကို ဘယ်သူတော်စင်မှ လာစရာ အကြောင်းမရှိဘူး "

ဟု ရေရွတ်ကာ အိမ်ကြီး၏အောက်ထပ်သို့ အိပ်မှုန်စုံမွှားဖြင့် ဆင်းခဲ့လေ၏။

ချစ်တီးကုလားသည် ဖိုးခေါင်နှင့် မျက်လုံးချင်းဆုံသောအခါ ဖိုးခေါင်က ချစ်တီးကုလားကို စိတ်ညှို့လိုက်ပြီး

" မင်းတို့ရဲ့ပယောဂကြောင့် ငါတို့တိုင်းပြည်ကလူတွေ သိပ်ပြီးတော့ ဆင်းရဲဒုက္ခရောက်ရတယ်၊ ဘာဖြစ်လို့ ဒီလောက် အလိုလောဘတွေ ကြီးနေရတာလဲ၊ အေးအေးချမ်းချမ်းနေတဲ့လူတွေကို ဒေါသ, မောဟတွေ ဖြစ်လာအောင် မင်းတို့မြှောက်ပေးတယ်၊ လိုချင်တပ်မက်စိတ်တွေ ဖြစ်လာအောင် မင်းတို့ လှုံ့ဆော်တယ်၊ ပြီးတော့ မတရားစာချုပ်တွေချုပ်ပြီး စီးပွားပျက်အောင်လုပ်ကြတယ်၊ မင်းတို့ရဲ့အကြံအစကောလောက်မှ ဖောက်မနက်တဲ့အကြံပဲ၊ လောဘရမ္မက်စိတ်ကြောင့် လူတွေအားလုံး ဘဝပျက်ခဲ့ရတယ်၊ အိမ်တွေ၊ ခြံတွေ၊ လယ်တွေ ဆုံးရှုံးခဲ့ရတယ်၊ ဒါကြောင့် မင်းတို့ရဲ့လုပ်ရပ်တွေကို ရပ်တန့်ကရပ်ဖို့ ဒီနေ့ ငါလာခဲ့တာပဲ၊ ကဲ... မြို့က လူတွေအပေါ်မှ မတရားချုပ်ထားတဲ့





စာချုပ်စာတမ်းတွေကို ငါ့ဆီကို အမြန်ဆုံး ယူလာခဲ့ပါ "

ဟု အမိန့်ပေးလိုက်ရာ ချစ်တီးကုလားသည် ဖိုးခေါင်၏ ညှို့ချက်မိနေသဖြင့် ငြင်းဆိုမှုများမပြုဘဲ အိမ်ကြီး၏အပေါ်ထပ်သို့တက် ကာ မီးခံသေတ္တာထဲမှ စာချုပ်စာတမ်းများကို ယူဆောင်လာပြီး ဖိုးခေါင်၏ လက်ထဲသို့ အပ်လိုက်လေ၏။

ထိုအခါ ဖိုးခေါင်က

" ကောင်းလေစွ... ကောင်းလေစွ၊ ယောဒီ မတရားစာချုပ်တွေကို မြို့ပြင်က အောင်ဆုပန်စေတီရင်ပြင်မှာ ဒီနေ့ည မီးရှို့ပြီး ဖျက်ဆီးလိုက်မယ်၊ မင်းတို့ရဲ့ လိုချင်တပ်မက်စိတ်တွေ၊ လောဘရမ္မက်တွေ ဒီနေ့ညကစပြီး ချုပ်ငြိမ်းသွားရပြီ "

ဟု ရေရွတ်ကာ ချစ်တီးကုလား၏ စာချုပ်စာတမ်းများကို လွယ်အိတ်ကြီးထဲသို့ ထည့်၍ တောင်ဝှေးကို တဒေါက်ဒေါက်ခေါက်ကာ ထွက်ခွာသွားလေတော့၏။

ဖိုးခေါင်သည် ထိုနေ့ညကပင် ချစ်တီးတိုက်သုံးတိုက်ဆီသို့ လှည့်လည်သွားလာပြီး စာချုပ်စာတမ်းများအားလုံးကို စိတ်ညှို့ပညာဖြင့် တောင်းယူခဲ့လေ၏။

ချစ်တီးကုလားများသည် လွန်စွာ လောဘရမ္မက်ကြီးသူများ ဖြစ်သော်လည်း ဖိုးခေါင်၏ ညှို့ချက်မိနေသောကြောင့် မည်သို့မျှ ငြင်းဆန်ခြင်းမပြုတော့ဘဲ ၎င်းတို့၏ မတရားစာချုပ်များကို ထုတ်ပေးခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



အခြားမြို့များသို့ ပျံ့နှံ့သွားလေရာ အခြားသောမြို့များတွင် ဝလုံးများကို ရေးခြစ်ကြကုန်၏။

ထို့နောက် တဖြည်းဖြည်း ဝလုံးများ များပြားလာကာ စေတီပုထိုး ကျောင်းကန် ဇရပ်များပါမက ရုံးများ၊ ကျောင်းများအထိ ဝလုံးများကို အနှံ့အပြား ရေးခြစ်ကြလေ၏။

ဖိုးခေါင်သည် သူတော်စင်ဟန်ဆောင်ခြင်း အပြုအမူကို ဘိုးဘိုးအောင် ကယ်တင်သည်ဟု ယူဆသော လူများအား ရှင်းပြန်ရန် မကြိုးစားဘဲ တစ်ကိုယ်တည်း ပြုံး၍သာ နေလေ၏။

သူသည် ချစ်တီးတိုက်များသို့ သူတော်စင်ဟန်ဆောင်ပြီး လှည့်လည်သွားလာခြင်းမှာ ဤကဲ့သို့ ကောလာဟလများဖြစ်ပေါ်ပြီး ချစ်တီးများအား ယုန်ထင်ကြောင်ထင်ဖြစ်စေလိုသော ရည်ရွယ်ချက်ကြောင့် ဖြစ်၏။

ဖိုးခေါင်သည် ချစ်တီးကုလားများအား မိမိ၏ မနောစကြာတန်ခိုးဖြင့် ဒုက္ခပေးပြီးနောက် အနီးအနား မြို့တစ်မြို့သို့ ထွက်ခွာသွားလေ၏။

ညီအစ်မသုံးယောက်အား အနီးအနားမြို့ရှိ စေတီတစ်ဆူပုတီးစိပ်ရန်ဟု အကြောင်းပြချက်ဖြင့် ထွက်ခွာခဲ့ခြင်း ဖြစ်၏။

ဖိုးခေါင်သည် ထိုမြို့၌ ဦးစံဖြိုးဟူသော အမြတ်ကြီးစားသူဌေးကြီးတစ်ဦးရှိကြောင်း သတင်းရရှိထား၏။ ဦးစံဖြိုးသည် ဆီစက် ဆန်စက်များစွာရှိ၏။ ပွဲရုံများလည်း ပိုင်ဆိုင်၏။





လယ်ယာမြေအမြောက်အမြားကိုလည်း ပိုင်ဆိုင်ထား၏။ ဦးစံဖြိုးသည် စည်းစိမ်ဥစ္စာများကို အားကိုးပြီး မိန်းမပျိုလေးများကို တစ်ယောက်ပြီး တစ်ယောက် ခေါင်းခေါက်ယူလေ၏။

ဦးစံဖြိုး တရားဝင်ယူထားသော မိန်းမပင်လျှင် ကိုးယောက်တိတိ ရှိ၏။ ဦးစံဖြိုးသည် ငွေကြေးချမ်းသာကြွယ်ဝပြီး အပေးအကမ်းရက်ရောလှသဖြင့် မိန်းမပျိုတစ်ချို့သည် ဦးစံဖြိုး၏ မယားငယ်ခံရန် ဝန်မလေးကြချေ။

ဖိုးခေါင်သည် ထိုမြို့၌ ဝတ်ဖြူစင်ကြယ်နှင့် ခေါင်းပေါင်းများသွားရောက်ဝယ်ယူစဉ်က ဦးစံဖြိုး၏သတင်းကို ကြားသိခဲ့ခြင်း ဖြစ်၏။

ဖိုးခေါင်သည် ဦးစံဖြိုးအား မနောစကြာအစွမ်းဖြင့် ပညာပေးရန် ဆုံးဖြတ်လိုက်၏။ ဖိုးခေါင်သည် ရှမ်းပြည်နယ်မှရောက်လာသော ဘုန်းသည်တစ်ဦး၏ ဟန်ပန်ဖြင့် ဦးစံဖြိုးကို သွားရောက်တွေ့ဆုံ၏။

ဦးစံဖြိုးသည် သူ၏ လွန်စွာကြီးမားသော တိုက်ကြီးနံဘေးရှိ တိုက်ငယ်လေး၌ ဖိုးခေါင်နှင့် လက်ခံတွေ့ဆုံ၏။

ထိုတိုက်ငယ်လေးသည် ဦးစံဖြိုးနှင့် တောမြို့မှလာသော မိန်းကလေးများ တွေ့ဆုံရာ နေရာဖြစ်၏။

ဖိုးခေါင်သည် ဦးစံဖြိုးကိုမြင်သည်နှင့် စိတ်ညှို့ပညာအစွမ်းဖြင့် စိတ်ညှို့လိုက်ပြီး ဦးစံဖြိုးတစ်ယောက် ညှို့ချက်မိသွားသောအခါ

" ဒီမှာ ဦးစံဖြိုး၊ ဦးစံဖြိုးဟာ ဒီနယ်တစ်ဝိုက်မှာ ပြိုင်ဘက်မရှိလောက်အောင် ကျိကျိတက်ချမ်းသာတယ်၊ လူဆိုတာ ကိုယ်တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း ချမ်းသာနေတာထက် နိမ့်ကျတဲ့လူတွေရဲ့ ကိုယ့်မှာရှိတဲ့ စည်းစိမ်ဥစ္စာတွေထဲက ခွဲဝေပေးသင့်တယ်၊ ဒါမှ တန်ဖိုးရှိတဲ့ လူဖြစ်မယ်၊ ဦးစံဖြိုးဟာ ငါတစ်ကိုယ်တည်းကောင်းစားဖို့ဆိုပြီး ဘယ်ရှ သေသေ မတောမာရင်ပြီးရောဆိုပြီး ငွေတွေအများကြီး ယိမ်းကျုံး ရှာဖွေခဲ့တယ်၊ ဒါကြောင့် ဦးစံဖြိုးပိုင်တဲ့ ပစ္စည်းဥစ္စာတွေကို ဒီနေ့ညနေ ကစပြီး မြို့လူထုကို ဝေခြမ်းပေးရမယ်၊ ဒီလိုဝေခြမ်းပေးတဲ့နေရာမှာ ဦးစံဖြိုး တစ်ယောက်တည်း ဝေခြမ်းပေးလို့ မဖြစ်နိုင်ဘူး၊ ဦးစံဖြိုးရဲ့ တပည့်တပန်း တွေရယ်၊ အိုးစည် ဗုံးပတ်ဝိုင်းတွေရယ်နဲ့ စည်စည် ကားကားဖြစ်ရမယ်၊ ကျုပ် စကားကိုနားလည်လား ''

ဟု မေးမြန်းရာ ဦးစံဖြိုးက ညို့ချက်မိနေသူဖြစ်သဖြင့် ခေါင်း ညိတ်လိုက်ပြီး

'' ဟုတ်ကဲ့ပါ၊ ကျုပ်ရဲ့စည်းစိမ်ဥစ္စာ ငွေကြေးနဲ့ ရွှေငွေရတနာ တွေကို ဒီနေ့ညနေပဲ မြို့ထဲမှာလိုက်ပြီး ဝေခြမ်းပေးပါမယ် ''

ဟု ပြောလေ၏။

တို့နေ့ညနေသို့ရောက်သောအခါ ဦးစံဖြိုးနှင့် တပည့်တပန်းများ သည် အလှူကြီးတစ်ခုပြုလုပ်သကဲ့သို့ ဘန်ကောက်လုံချည်၊ တိုက်ပုံ အင်္ကျီ၊ ခေါင်းပေါင်းတို့ကိုပေါင်းကာ အိုးစည်၊ ဗုံးပတ်ဝိုင်းများနှင့်အတူ မြို့ထဲတွင် လိုက်လံ၍ ငွေစက္ကူများကို ကြဲဖြန့်ပေးလေ၏။

ဦးစံဖြိုးသည် ငွေစက္ကူများသာမက ရွှေဒင်္ဂါးများ၊ ရွှေ လက်ဝတ်ရတနာများကိုပါ ကြဲဖြန့်နေသဖြင့် မြို့ထဲရှိ ဆင်းရဲသားအပေါင်း





သည် တစ်ယောက်စကား တစ်ယောက်နားသို့ကြားကာ ဦးစံဖြိုးထံသို့ ဝမ်းသာအားရ ရောက်ရှိလာကြ၏။

ထို့နောက် ဦးစံဖြိုးကကြဲဖြန့်သော ရွှေငွေလက်ဝတ်ရတနာများကို အလုအယက် ကောက်ယူကြလေ၏။ ၎င်းတို့သည် တစ်ဦးနှင့်တစ်ဦး တွန်းထိုးလုယက်၍ လဲသူလဲ၊ ကွဲသူကွဲ ဖြစ်ကြ၏။

ဦးစံဖြိုး၏လုပ်ရပ်ကို နားမလည်နိုင်သော တပည့်တပန်းများ က ဦးစံဖြိုးကို မတားဆီးဝံ့ဘဲ ဝတ်ကောင်းစားလှများကို ဝတ်ဆင်ကာ နောက်မှလိုက်ကြ၏။

၎င်းတို့သည် မြို့ပေါ်ရှိ ဆင်းရဲသားများက ဦးစံဖြိုး၏ လက်ဝတ် ရတနာများကို အလုအယက်ကောက်ယူနေပုံကို မြင်သောအခါ လောဘဇောကပ်ပြီး ဆင်းရဲသားများနှင့်အတူ ဝင်ရောက်လုယက်ခဲ့ ကြလေ၏။

ထိုအခါ ၎င်းတို့ဝတ်ဆင်ထားသော ဘန်ကောက်လုံချည်များ စုတ်ကျပြီး လူအုပ်ထဲတွင် မြင်မကောင်း ရှုမကောင်းအောင် ဖြစ်နေ ကြ၏။

သို့သော် ဦးစံဖြိုး၏တပည့်များသည် ငွေစက္ကူများကိုသာ နှမြော တော်မောစိတ်ဖြစ်ပေါ်နေသဖြင့် အရှက်ကိုမငဲ့ကွက်တော့ဘဲ ဆင်းရဲသား များထဲ တိုးဝှေ့၍ ဝင်ရောက်လုယက်လေရာ မြို့သူမြို့သားများက ၎င်းတို့ ၏ အဖြစ်ကိုကြည့်၍ ငိုအားထက် ရယ်အားသန် ဖြစ်ကြလေ၏။

ဦးစံဖြိုးသည် တပည့်များမရှိတော့သောအခါ ငွေဖလားကြီးထဲ



www.burmeseclassic.com

မှ နောက်ဆုံးကျန်ရှိသော ရွှေငွေလက်ဝတ်ရတနာများကို စိတ်ရှိတိုင်း ကြဲဖြန့်နေလေ၏။

ထိုအခါ မြို့သူမြို့သားများသည် တဖြည်းဖြည်း ဦးစံဖြိုးအနီး၌ ဝိုင်းအုံလာကာ လူအုပ်ကြီးသည် ထိန်းမနိုင် သိမ်းမရဖြစ်ကြလေ၏။

မြို့သူမြို့သားများက ဦးစံဖြိုးကြီး စိတ်ဖောက်ပြန်သွားပြီဟု ယူဆကြ၏။

အချို့ကလည်း ဦးစံဖြိုးကြီး တရားရကာ တောထွက်မည် ကြံသဖြင့် ပစ္စည်းဥစ္စာများကို ခွဲဝေပေးနေသည်ဟု ယူဆကြ၏။

မည်သို့ပင်ဖြစ်စေ ဖိုးခေါင်သည် လူအုပ်တစ်နေရာတွင်ရပ်၍ ထိုမြင်ကွင်းကိုကြည့်ကာ ကျေကျေနပ်နပ်ကြီး ပြုံးနေမိလေတော့၏။

ဖိုးခေါင်သည် ညီအစ်မသုံးယောက်၏ ထမင်းဆိုင်တွင် ထမင်းစားခန်းအမျိုးမျိုးကို ဖွင့်၏။ အနည်းငယ် နေထိုင်သည့်ကာလအတွင်း စွန့်စားခန်းအမျိုးမျိုးကို ဖွင့်၏။

သူသည် ဆင်းရဲသားပြည်သူများဘက်မှ ရပ်တည်၍ ခေါင်းပုံဖြတ် အမြတ်ထုတ်သူများကို ရင်ဆိုင်ဖြေရှင်းခဲ့၏။

ထို့နောက် ထမင်းဆိုင်တွင် နေထိုင်ရခြင်းကို ငြီးငွေ့လာသဖြင့် ထိုနေရာမှ ထွက်ခွာရန် ကြံစည်လေ၏။

ဖိုးခေါင်သည် ညီအစ်မများ၏ ထမင်းဆိုင်မှ ထွက်ခွာခါနီးတွင် ဒုက္ခိတလူငယ်လေးကို သွားရောက်နှုတ်ဆက်ခဲ့၏။

လူငယ်လေးက သူ၏ခွေးညိုကြီးကိုဖက်၍





" ကျုပ်နဲ့ ကျုပ်ရဲ့ခွေးညိုကြီးက အစ်ကို့ကို အမြဲတမ်း သတိရနေမှာပါ၊ အစ်ကိုက မြန်မာပြည်အနှံ့ ခြေဦးတည်ရာ သွားလာတော့မယ် ဆိုလို့ အစ်ကို့ကို အကူအညီတစ်ခုလောက် တောင်းပါရစေ "

ဟု ပြောလေ၏။ ထိုအခါ ဖိုးခေါင်က လူငယ်လေးကို ကြည့်၍

" ဘာအကူအညီတောင်းမှာလဲ ညီလေး၊ ရဲရဲတင်းတင်းပြောစမ်း၊ ဘာမှအားမနာနဲ့ "

ဟု ပြောလိုက်လေ၏။

ထိုအခါ ဒုက္ခိတလူငယ်လေးက သူ၏ တဲအိမ်လေးထဲတွင် တရိုတသေသိမ်းထားသော ကလေးငယ်တစ်ဦး၏ဓါတ်ပုံကို ယူဆောင်လာပြီး

" ဟောဒီဓါတ်ပုံထဲက ကလေးဟာ ကျွန်တော့်ညီမလေးပါ၊ ညီမလေးဟာ ကျွန်တော့်အဖေနဲ့အမေကို လူဆိုးဓားပြတွေ သတ်သွားတဲ့ အချိန်ကစပြီး ပျောက်ဆုံးသွားခဲ့တယ်၊ ကျွန်တော်ဟာ ညီမလေးကို နေ့စဉ်နဲ့အမျှ သတိရနေတယ်၊ ညီမလေး အသက်မသေဘူးဆိုရင် တစ်နေ့နေ့မှာ ပြန်ပြီးဆုံစည်းချင်လိုက်တာ အစ်ကိုရယ်၊ ဒါကြောင့် အစ်ကိုသွားတဲ့ ခရီးလမ်းမှာ ညီမလေးကိုတွေ့ရင် ကျွန်တော့်ကို အကြောင်းကြားပေးပါ၊ ညီမလေးနာမည်က သူဇာလို့ခေါ်တယ် "

ဟု ပြောလေ၏။ ထိုအခါ ဖိုးခေါင်က ဓါတ်ပုံထဲမှ ကလေးမလေးကို ကြည့်၍

" ဓါတ်ပုံထဲက ကလေးကို အပြင်မှာမှတ်မိဖို့ဆိုတာ လွယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ မလွယ်ဘူး။ ဒါပေမဲ့ အစ်ကိုရောက်လေရာနေရာမှာ ညီမလေး သတင်းကို စုံစမ်းပေးပါ့မယ်၊ ဒါနဲ့ အဲဒီည ဝိုညီတို့မိသားစု ကြုံတွေ့ခဲ့တဲ့ အဖြစ်ဆိုးကို အစ်ကို့ကို သေသေချာချာ ပြောပြပါလား ''

ဟု မေးမြန်းလေ၏။ ထိုအခါ လူငယ်လေးက ခွေးကြီးဆီသို့ ဝေးကြည့်၍

'' တကယ်တော့ ကျွန်တော့်ရဲ့မိဘတွေကို လူဆိုးခါးပြတွေ အသတ်ခံရတာ ကျွန်တော့်ရဲ့အမှားလည်းပါပါတယ် ''

ဟု ပြောလေရာ ဖိုးခေါင်သည် လူငယ်၏မျက်နှာကို အံ့ဩ တကြီးဖြင့် ကြည့်၍

''ဘာ... မင်းရဲ့အမှားလည်းပါတယ် ဟုတ်လား။ မင်းက ဘာ တွေ အမှားလုပ်မိလို့လဲ ''

ဟု မေးမြန်းလေ၏။ ထိုအခါ လူငယ်လေးက မျက်မှောင်ကြုတ် ၍

'' ကျုပ်တို့ငယ်ငယ်တုန်းက မြို့ပြင်က စမ်းချောင်းလေးမှာ ရေကူးရင်း ဆော့ကစားလေ့ရှိတယ်၊ ဒီလိုနဲ့ တစ်နေ့မှာ စမ်းချောင်းထဲကို သူငယ်ချင်းတွေနဲ့သွားပြီး ရေကူးကြတယ်၊ အဲဒီနေ့က သူငယ်ချင်းတွေ အားလုံးပြန်သွားတဲ့အချိန်ထိ ကျွန်တော်တစ်ယောက်တည်း စမ်းချောင်း ထဲမှာ ရေကူးနေခဲ့မိတယ်၊ ရေချိုးပြီးတဲ့အခါလည်း ချောင်းအနီး သရက်ပင်ပေါ်တက်ပြီး သရက်သီးတွေ ခူးစားမိတယ်၊ ဒီအချိန်မှာ သရက်ပင်အနီးကို ဒဏ်ရာရထားတဲ့ လူကြီးတစ်ယောက် ရောက်လာ





တယ်၊ အဲဒီလူကြီးရဲ့ လက်မောင်းနဲ့ရင်မှာ သွေးတွေ စိုရွှဲနေတယ်၊ ကျုပ် ဟာ လူကြီးကိုကြည့်ပြီး အထိတ်ထိတ်အလန့်လန့်နဲ့ အနီးကို တိုးကပ် သွားတယ်၊ ဒီအခါမှာ လူကြီးဟာ ဒဏ်ရာတွေကြောင့် ညည်းညူနေရာ က ကျွန်တော့်ကို လှမ်းကြည့်ပြီး လူလေး အဘကိုမကြောက်ပါနဲ့ကွာ၊ အဘက လူကောင်းပါ၊ လူဆိုးခါးပြမဟုတ်ပါဘူး၊ လူလေးတို့မြို့မှာရှိတဲ့ ဈေးထဲက ပ...ဆေးဆိုင်မှာ အဘမှာတဲ့ဆေးလေးကို ဝယ်ပေးပါလို့ ပြောပြီး သူ့ရင်ဘတ်ထဲက စက္ကူတစ်ရွက်နဲ့ ခဲတံလေးကိုထုတ်တယ်၊ ပြီးတော့ ပရဆေးဆိုင်မှာဝယ်ရမဲ့ ဆေးစာရင်းကို ကျွန်တော့်ကို ထုတ်ပေး ခဲ့တယ်၊ အဲဒီတုန်းက ဒုက္ခရောက်နေတဲ့လူကို ကူညီချင်တဲ့ရည်ရွယ်ချက် နဲ့ ဒဏ်ရာရနေတဲ့လူကြီးကို ပရဆေးဆိုင်က ဆေးတွေဝယ်ပေးခဲ့တယ်၊ လူကြီးရဲ့ လွယ်အိတ်ထဲမှာလည်း ဆေးတချို့ပါတယ်၊ လူကြီးက သူ့ရဲ့ လွယ်အိတ်ထဲကဆေးတွေနဲ့ ပရဆေးဆိုင်က ဝယ်လာတဲ့ဆေးတွေကို ရောပြီး သူ့ရဲ့ဒဏ်ကို သုတ်လိမ်းတယ်၊ သူ့ရဲ့ဆေးဟာ အတော် အစွမ်း ထက်ပုံရတယ်၊ ဆေးလိမ်းပြီး ခဏကြာမှာပဲ ဒဏ်ရာတွေက သက်သာ သွားပုံရတယ်၊ အဲဒီလူကြီးဟာ ကျုပ်ကို ကျေးဇူးတင်တဲ့သဘောနဲ့ ငွေ တစ်ကျပ်ပေးခဲ့တယ်၊ ဒီလူကြီးဟာ ကျုပ်ကိုပေးဖို့လွယ်အိတ်ထဲကထုတ် တုန်း သူ့လွယ်အိတ်ထဲက ရွှေရောင်တံဆိပ်လေးတစ်ခု တလိမ့်လိမ့်နဲ့ ထွက်ကျလာတယ် ''

ဟု ပြောရင်း သူ၏စကားကို ခဏရပ်လေ၏။

ဖိုးခေါင်က လူငယ်၏စကားကို စိတ်ဝင်စားဟန်ဖြင့် ဆက်လက်



www.burmeseclassic.com

www.burmeseclassic.com



နားထောင်လေ၏။

လူငယ်လေးက ဆက်၍

" အဲဒီတံဆိပ်ကလေးဟာ ထူးတော့မထူးပါဘူး။ ရွှေရောင်ကြယ်တံဆိပ်လေးပါ။ ကြယ်ပွင့်လေးရဲ့ထိပ်တွေမှာ ကျောက်ကလေးတွေနဲ့ ဝိုင်းရံထားတယ် "

ဟု ပြောလေရာ ဖိုးခေါင်သည် လူငယ်၏စကားကြောင့် မျက်လုံးပြူးသွားပြီး ကြယ်တံခွန်ဂိုဏ်း၏ ရွှေကြယ်အမှတ်တံဆိပ်ကို မြင်ယောင်လိုက်၏။

လူငယ်လေးက ဆက်လက်၍ သူ၏ဘဝဇာတ်ကြောင်းကို ပြောဆိုပြန်၏။

" ကျုပ်ဟာ လူကြီးနဲ့ တစ်ကြိမ်သာတွေ့ပေမဲ့ သူ့ လွယ်အိတ်ထဲက တံဆိပ်လေးကိုတော့ တစ်သက်လုံးမေ့လို့မရခဲ့ဘူး။ မျက်လုံးထဲမှာ အမြဲပဲမြင်နေမိတယ်၊ အဲဒီတုန်းက ဒဏ်ရာရနေတဲ့လူကြီးနဲ့ လမ်းခွဲထွက်ခဲ့ပေမဲ့ သူ့ရဲ့လွယ်အိတ်ထဲက ထွက်လာတဲ့ အလွန်လှတဲ့ ရွှေကြယ်တံဆိပ်လေးကို ကျွန်တော် ခဏခဏ သတိရတယ်၊ ဒီလိုနဲ့ နှစ်တွေအများကြီးကြာတော့ ကျွန်တော့်အဖေဟာ မြို့ပေါ်မှာ မုန့်ဟင်းခါးဆိုင်လေးဖွင့်ဖို့ ပြင်ဆင်တယ်၊ အဲဒီမုန့်ဟင်းခါးဆိုင်မှာ ဆိုင်နာမည်ပေးဖို့ ပြင်တဲ့အခါ ကျွန်တော် ငယ်ငယ်တုန်းက မြင်တွေ့ဖူးတဲ့ ရွှေကြယ်တံဆိပ်လေးကို သတိရပြီး အဖေနဲ့သိတဲ့ ပန်းချီဆရာကြီးဆီမှာ ကျွန်တော်မြင်တဲ့ ရွှေကြယ်တံဆိပ်လေးကို အတိအကျလုပ်ခိုင်းခဲ့တယ်၊ အဖေဟာ ပန်းချီ





ဆရာကြီးဆီက ရွှေကြယ်တံဆိပ်ကိုမြင်တော့ အလွန်သဘောကျပြီး သူ့ရဲ့ ဆိုင်ကိုလည်း ကြယ်တံခွန်လို့ နာမည်ပေးခဲ့တယ်၊ ဒီလိုနဲ့ မုန့်ဟင်းခါးဆိုင်လေးဖွင့်တာ တစ်နှစ်လောက်ကြာတော့ ကျုပ်တို့မိသားစုဟာ ကြမ္မာဆိုးကြီးနဲ့ ဆုံတွေ့ကြတာပဲ၊ တစ်နေ့ ကျွန်တော်တို့မိသားစု ဆိုင်ပိတ်ပြီး အိမ်ကို့ပြန်လာတဲ့ညမှာ အမည်မသိ လူသုံးဦးရောက်လာပြီး အဖေနဲ့ အမေကို ရက်ရက်စက်စက် ရိုက်နှက်ကြတယ်၊ လူမမယ်ကလေးအရွယ်သာရှိသေးတဲ့ ကျွန်တော်တို့မောင်နှမကိုလည်း ညှဉ်းပန်းနှိပ်စက်ခဲ့တယ်၊ သူတို့ဟာ အဖေ့ဆီမှာ ရွှေကြယ်ကြီးတစ်ခုရှိတယ်ထင်ပြီး တောင်းယူနေကြတယ်၊ တကယ်တော့ ရွှေကြယ်နဲ့ပတ်သက်လို့ ဘာမှမသိရှာပါဘူး။ ဒါကြောင့် သူ မသိကြောင်းကိုပဲ တလွဲငြင်းဆိုခဲ့တယ်၊ ရွှေကြယ်တံဆိပ်နဲ့ ပတ်သက်ပြီး ကျွန်တော် ကလေးပီပီဝင်ပြီး သိသလောက်ရှင်းပြဖို့ ကြိုးစားခဲ့ပေမဲ့ လူဆိုးခါးပြတွေက လက်မခံခဲ့ဘူး၊ ဒီလိုနဲ့ သူတို့ဟာ ကြာကြာလာရောက်ပြီး ကျုပ်တို့မိသားစုကို နှိပ်စက်ညှဉ်းပန်းခဲ့တယ်၊ ကျုပ်ဟာ လူမမယ်လေးအနေဖြင့် ပုလိပ်တိုင်ဖို့ကြိုးစားခဲ့ပေမဲ့ သူတို့ဟာ ကိုလိုနီခေတ်ရဲ့ထုံးစံအတိုင်း ဆင်းရဲနွမ်းပါးတဲ့ ကျုပ်တို့မိသားစုကို ကူညီမကြည့်ခဲ့ဘူး။ နောက်ဆုံးတော့ ဒီလူဆိုးလူမိုက်တွေဟာ အဖေနဲ့ အမေကို နှိပ်စက်ညှဉ်းပန်းပြီး အိမ်ကို မီးရှို့ခဲ့တယ်၊ ကျွန်တော် အဲဒီနေ့က အတုန်းဟုန်းတောက်လောင်နေတဲ့ မီးတောက်တွေကြားထဲမှာ မေ့မြောနေခဲ့တယ်၊ ကျွန်တော့်ကို ကယ်တင်ခဲ့တာ ယောဒီက ဆွေးညိုကြီးပါ၊ အဲဒီညကစပြီး ကျွန်တော့်ရဲ့ညီမလေးဟာ ပျောက်ဆုံးသွားခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးကို ဒီလူဆိုးလူမိုက်တွေ ဖမ်းသွားခဲ့တယ်လို့ ကျွန်တော်ထင်တယ်၊ ဘာကြောင့်လဲဆိုတော့ ညီမလေးဟာ မီးထဲမှာလည်း ပါမသွားခဲ့ဘူး၊ လိုက်ရှာပေမဲ့ ညီမလေးကို ဘယ်သူမှမတွေ့ကြဘူး၊ ဒါကြောင့် မြန်မာပြည်အနှံ့ လှည့်လည်သွားလာတဲ့ အစ်ကို့ကို ညီမလေးရဲ့သတင်းကို တတ်နိုင်သလောက် စုံစမ်းပေးပါလို့ အကူအညီတောင်းရတာပါ ''

ဟု ပြောလေ၏။

ထိုအခါ ဖိုးခေါင်က သက်ပြင်းရှည်ကြီးကိုချ၍ လူငယ်၏ပခုံးကို ပုတ်ကာ

'' အစ်ကို တတ်နိုင်အောင်ကြိုးစားပြီး ညီလေးရဲ့ ညီမလေးကိုရှာဖွေပေးပါ့မယ်၊ ဘာမှစိတ်အားမငယ်ပါနဲ့ကွာ၊ ပျောက်သောသူ ရှာရင်တွေ့မှာပဲ ''

ဟု အားပေးစကားပြောလေရာ ဒုက္ခိတလူငယ်လေးသည် လွန်စွာ စိတ်အားတက်ကြွသွားပုံရလေ၏။

ဤသို့ဖြင့် ဖိုးခေါင်သည် ဒုက္ခိတလူငယ်လေးကို လမ်းခွဲ၍ ထိုမြို့မှ ထွက်ခဲ့လေတော့၏။

ဖိုးခေါင်သည် မြန်မာပြည်အနှံ့ လှည့်လည်သွားလာရင်း ဗဟုသုတ အမျိုးမျိုးကို ရှာဖွေနေတော့၏။

သူသည် ဆင်းရဲသားနင်းပြားများနှင့် ရင်းနှီးစွာ ပေါင်းသင်း၏။ ၎င်းတို့နှင့်အတူ ပျော်ရွှင်စွာ နေထိုင်၏။ ထိုသို့နေထိုင်ရင်း ဆင်းရဲသားနင်းပြားများ၏ဘဝကို မြှင့်တင်ရန် ကြိုးစားလေ၏။





ဤသို့ဖြင့် မြေလတ်ပိုင်းမြို့တစ်မြို့သို့ ရောက်သောအခါ လောကီပညာများနှင့် ပတ်သက်၍ လွန်စွာနာမည်ကြီးသော ဗေဒင်ဆရာကြီးတစ်ဦးထံ ရောက်ရှိခဲ့လေ၏။

ထိုဗေဒင်ဆရာကြီးသည် တပည့်တပန်းများစွာရှိပြီး ဗေဒင်ပညာကို ပြန်လည်ဖြန့်ဝေနေကြောင်း သိရ၏။

ဖိုးခေါင်သည် စိတ်တန်ခိုးစွမ်းအင်ကို ရရှိထားသဖြင့် ဗေဒင်ပညာကို လေ့လာရန် ဆုံးဖြတ်ကာ ထိုဆရာကြီးတွင် ကျိုးနွံစွာဖြင့် ပညာများကို သင်ယူခဲ့၏။

သို့သော် ဗေဒင်ဆရာကြီးထံတွင်နေထိုင်ပြီး လအနည်းငယ်ကြာသောအခါ ဗေဒင်ဆရာကြီးနှင့် တပည့်တပန်းများမှာ ဗေဒင်ပညာကို ခုတုံးလုပ်၍ လိမ်ညာစားသောက်နေသူများ ဖြစ်ကြောင်း တွေ့ရ၏။

ထို့ကြောင့် ဗေဒဆရာကြီးနှင့် လမ်းခွဲထွက်ခဲ့ပြန်၏။ ထိုသို့သွားလာရင်း မြို့တစ်မြို့သို့ရောက်သောအခါ လွန်စွာနာမည်သတင်းကြီးသော ဆရာတော်ကြီးတစ်ပါး၏ကျောင်းသို့ ရောက်ခဲ့ပြန်၏။

ဆရာတော်ကြီး၏ ကျောင်းသည် ဝိနည်း၊ သိက္ခာမုဒ်များ တင်းကျပ်လှပြီး ဝိပဿနာ ကမ္မဋ္ဌာန်းကို ကောင်းစွာကျင့်ကြံကြောင်း တွေ့ရ၏။

ဖိုးခေါင်သည် ဆရာတော်ကြီးထံသို့ ဝင်ရောက်၍ ဝိပဿနာတရားတော်များကို ကျင့်ကြံချင်စိတ်များ ပေါ်ပေါက်၏။ ထို့ကြောင့် ဆရာတော်ကြီး၏ကျောင်းသို့ ယောဂီတစ်ဦးအဖြစ်ဝင်ရောက်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဝိပဿနာတရားများကို ကျင့်ကြံနေပြန်၏။

ဖိုးခေါင်သည် ဝိပဿနာတရားကို လေ့ကျင့်ရင်း ရင်ထဲတွင် အေးချမ်းလာသယောင် ရှိ၏။ သို့သော် ရေးဘဝက ပါရမီနည်းလို့လား မသိ။

ဆရာတော်ကြီး၏ကျောင်းတွင် တရားကျင့်နေရခြင်းကို ငြီးငွေ့လာ၏။

ဝိပဿနာကျောင်းကြီးသည် လိုသည်ထက်ပို၍ ချုပ်ခြယ်ပြီး လွတ်လပ်မှု နည်းပါးကြောင်း တွေ့လာရ၏။

ထို့အပြင် ကျောင်းရှိ ဘုန်းကြီးများမှာ တစ်ဦးနှင့်တစ်ဦး ပြိုင်ဆိုင်မှုများပြားနေကြောင်း တွေ့ရ၏။ ဘုန်းကြီးများသည် တရားရ ရေးထက် ကျောင်းတွင် ဩဇာအာဏာရရေးသာ ကြိုးပမ်းနေကြ၏။

ဖိုးခေါင်သည် ဆရာတော်ကြီး၏ကျောင်း၌ တရားကျင့်ကြံရန် စိတ်မပါတော့သဖြင့် ကျောင်းမှထွက်ခဲ့လေ၏။

ဖိုးခေါင်သည် ဆရာတော်ကြီး၏ကျောင်းမှ ထွက်ခဲ့ပြီးနောက် အောက်ပြည်အောက်ရွာဘက်သို့ ရထားဖြင့် စုန်ဆင်းခဲ့လေ၏။

ထိုသို့ စုန်ဆင်းခဲ့ပြီးနောက် သံလျင်ဘက်ကမ်းသို့ ကူးသောအခါ ကျိုက်ခေါက် ဘုရားပွဲတော်ကြီး ကျင်းပနေသည့်နှင့် ကြုံလေ၏။

ဖိုးခေါင်သည် လွန်စွာစည်ကားလှသော ကျိုက်ခေါက်ဘုရား ပွဲကြီးအတွင်း လှည့်လည်ကြည့်ရှုလေ၏။

ဘုရားပွဲ၏တစ်နေရာသို့ ရောက်ရှိသွားသောအခါ ရွှေမြို့တော်





ဟု အမည်ရသော မျက်လှည့်အဖွဲ့ကြီးကို ဝင်ရောက်ကြည့်ရှုလိုစိတ်များ ဖြစ်ပေါ်လာ၏။

မျက်လှည့်အဖွဲ့၏ ကြော်ငြာပန်းချီကားချပ်များမှာ အလွန် စိတ်ဝင်စားဖွယ်ကောင်းလှ၏။

လူတစ်ဦးကို အရှင်လတ်လတ် ခေါင်းဖြတ် ပြသော ပြကွက်၊ လူတစ်ကိုယ်မှ နှစ်ကိုယ်ခွဲ၍ပြသောပြကွက် စသော ပြကွက်များကို စိတ်ဝင်စားဖွယ် ပန်းချီကားချပ်များဖြင့် တည်းဖြတ်ထား၏။

ထို့ကြောင့် မျက်လှည့်ပွဲအတွင်းသို့ ရုံဝင်ခပေး၍ ဝင်ရောက်ခဲ့ လေ၏။ ထိုအခါ မျက်လှည့်ရုံထဲ၌ ပရိသတ်များသည် မျက်လှည့်ဆရာ၏ ညံ့ဖျင်းသောပြကွက်များကြောင့် မကျေမနပ် ရှူးပြီး အော်ဟစ်နေကြ၏။

မျက်လှည့်ဆရာ၏ပြကွက်များသည် အမှားအယွင်းများပြား လွန်းလှသဖြင့် ပရိသတ်များမခံနိုင်တော့ဘဲ ရှူးပူအော်ဟစ်နေခြင်း ဖြစ်၏။

ထိုအနိုက်မှာပင် စင်ပေါ်သို့ လူကြီးတစ်ဦးတက်လာပြီး မျက်လှည့်ပြကွက်များ မှားယွင်းသည့်အတွက် တောင်းပန်လေ၏။ ဖိုးခေါင်သည် ထိုလူကြီးကိုကြည့်၍ မျက်လုံးပြူးသွားပြီး

" ဟာ... ဦးဒေါနဲ... ဦးဒေါနပါလား "

ဟု ရေရွတ်ကာ စင်ပေါ်သို့ခုန်တက်လိုက်၏။

ထိုအခါ ပရိသတ်များသည် ဖိုးခေါင်ကိုပင် ပြောင်းဖူးရိုးများဖြင့် ပစ်ပေါက်လေရာ ဖိုးခေါင်သည် ဦးဒေါနကို လက်ဆွဲ၍ မျက်လှည့်ပွဲနှင့်

www.burmeseclassic.com



ဝေးရာသို့ ပြေးရလေ၏။

ကျိုက်ခေါက်ဘုရားပွဲဈေးတန်းကြီးတစ်နေရာရှိ ဘူးသီးကြော် ဆိုင်တစ်ဆိုင်တွင် ဦးဒေါနကို ထိုင်ခိုင်းပြီး ဖိုးခေါင်က

" ဘယ်လိုဖြစ်ပြီးတော့ မျက်လှည့်စင်ပေါ်ရောက်နေရတာလဲ ဦးဒေါနရယ်၊ ဦးဒေါနရဲ့မျက်လှည့်ဆရာတွေကလည်း တစ်ယောက်မှ အချိုးကျအောင် မပြနိုင်ဘူး၊ ဒီတော့ ပရိသတ်က မကျေမနပ်ဖြစ်ပြီး ဆူပူသောင်းကျန်းတော့မှာပေါ့ဗျ "

ဟု ပြောလေ၏။ ထိုအခါ ဦးဒေါနက

" ဖြစ်ပုံကတော့ မပြောချင်ပါဘူးကွာ၊ ငါ့မှာလည်း ကြယ်တံခွန်ဂိုဏ်းသားတွေ နှောင့်ယှက်လို့ ဒုက္ခတွေ ပင်လယ်ဝေခဲ့ရတယ်ကွ၊ မင်း ထွက်သွားပြီးတဲ့နောက်ပိုင်း ကြယ်တံခွန်ဂိုဏ်းကကောင်တွေဟာ ငါ့ကို အမျိုးမျိုးဒုက္ခပေးတာနဲ့ ရွာမှာနေလို့မရတော့ဘူး၊ ဒါကြောင့် သမီးကိုခေါ် ပြီး ရွာကနေပြေးခဲ့ရတယ်၊ ငါ့သမီးကိုတော့ ဆွေမျိုးတွေရှိတဲ့ရွာမှာ အပ်ထားပြီး ငါကတော့ ကြယ်တံခွန်ဂိုဏ်းသားတွေရဲ့ လက်ကလွတ် အောင် ကိုယ်ရောင်ဖျောက်ပြီး ပြေးနေရတယ်၊ ဒီလိုနဲ့ ဒီမျက်လှည့် အဖွဲ့ကြီးကို ထူထောင်ဖြစ်ခဲ့တာပဲ၊ မျက်လှည့်ဆရာတစ်ယောက်အနေနဲ့ ကိုယ်ရောင်ဖျောက်ပြီး ပုန်းကွယ်နေတဲ့အတွက် ကြယ်တံခွန်ဂိုဏ်းသား တွေရဲ့လက်က လွတ်မြောက်မယ်လို့ ယုံကြည်ခဲ့တယ်၊ ဒါပေမဲ့ နောက်ပိုင်း မှာ ကြယ်တံခွန်ဂိုဏ်းက ငါ့ကိုခြေရာခံမိပြီး အမျိုးမျိုးဒုက္ခပေးတာနဲ့ ငါ့ရဲ့မျက်လှည့်အဖွဲ့မှာ အရည်အချင်းရှိတဲ့ မျက်လှည့်ဆရာကြီး မရှိတော့





ဘူး။ ငါ့ဆီမှာ အရည်အချင်းညံ့ဖျင်းတဲ့ ဆရာတွေစုပုံနေရာက အခုလို ဘုရားပွဲကြီးမှာ ပရိသတ်က ဒေါသတကြီးဆန့်ကျင်တဲ့ အပြုအမူနဲ့ ကြုံတွေ့ရတာပဲ၊ ဒါဟာ ပရိသတ်ရဲ့အပြစ်မဟုတ်ပါဘူး၊ ငါ့တို့ မျက်လှည့် ဆရာတွေရဲ့ အရည်အချင်း ညံ့ဖျင်းမှုကြောင့်ပါ "

ဟု စိတ်ပျက်လက်ပျက် ပြောဆိုလေ၏။ ထိုအခါ ဖိုးခေါင်က ဦးဒေါနကို စိတ်မကောင်းဟန်ဖြင့် ကြည့်၍

" ဦးဒေါနလည်း ကျုပ်အတွက်ကြောင့် ကြယ်တံခွန်ဂိုဏ်းသား တွေရဲ့ ရန်စကျူးကျော်တာကို ခံနေရတယ်၊ ဒါတွေအားလုံးဟာ ကျုပ်ရဲ့ ပယောဂမကင်းပါဘူး "

ဟု ပြောလေ၏။ ထိုအခါ ဦးဒေါနက လက်သီးဆုပ်၍

" ကြယ်တံခွန်ဂိုဏ်းနဲ့ ရန်မဖြစ်ချင်လို့ ငါဟာ တိမ်းရှောင်ခဲ့ တာ များလှပါပြီ၊ ဒါပေမဲ့ အခုအချိန်မှာ ကြယ်တံခွန်ဂိုဏ်းကကောင်တွေ ဟာ တဖြည်းဖြည်း အတင့်ရဲလာပြီ၊ တောက်... ဒီကောင်တွေကို ငါတို့ လက်တုံ့ပြန်မှဖြစ်တော့မယ် "

ဟု ပြောလေ၏။

ဖိုးခေါင်သည် ဦးဒေါန၏စကားကြောင့် ကြယ်တံခွန်ဂိုဏ်းကို လက်တုံ့ပြန်ချင်စိတ်များ ဖြစ်ပေါ်လာသော်လည်း ဖခင်မကွယ်လွန်မီက ပေးထားသော ကတိကိုသတိရ၍ သက်ပြင်းရှည်ကြီးကိုချကာ

" ကြယ်တံခွန်ဂိုဏ်းရန်ကို ဦးဒေါနနဲ့အတူ လက်တွဲပြီး ခုခံ နိုက်ချင်ပါတယ်ဗျာ၊ ဒါပေမဲ့ ကျုပ်အဖေ မသေမီက ပေးခဲ့တဲ့ကတိကရှိနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဲဒီတုန်းက ကြယ်တံခွန်ဂိုဏ်းကို လက်တုံ့မပြန်ပါဘူးလို့ အဖေ ကို ကျုပ်ကတိပေးခဲ့တယ်၊ အဖေ့အသက်ဆုံးစဉ်အခါက ကြယ်တံခွ ဂိုဏ်းကို ကလဲ့စားချေချင်စိတ်တွေ ပြင်းပြင်းထန်ထန် ဖြစ်ပေါ်နေခဲ့တယ် ဒါပေမဲ့ အဖေ့အပေါ်မှာ ထားခဲ့တဲ့ကတိတွေကို မဖျက်ချင်တာနဲ့ ကြယ်တံခွန်ဂိုဏ်းကို လက်တုံ့မပြန်ဖြစ်ခဲ့ဘူး ''

ဟု ပြောလေ၏။ ထိုအခါ ဦးဒေါနက

'' ကောင်းပြီ၊ မင်းအဖေအပေါ်ထားခဲ့တဲ့ စကားကတိကို ငါ နားလည်ပါတယ်ကွာ၊ ဘာပဲဖြစ်ဖြစ် ကြယ်တံခွန်ဂိုဏ်းကို တစ်နည်းနည်း နဲ့တော့ လက်တုံ့ပြန်သင့်နေပြီ ''

ဟု ပြောလေ၏။

ထို့နောက်တွင်မူ ဖိုးခေါင်သည် ဦးဒေါနနှင့်အတူ သန်လျင် ကျိုက်ခေါက်ဘုရားပွဲကြီးမှ အပြီးအပိုင် ထွက်ခဲ့လေ၏။

ဦးဒေါနသည် သူ၏ မျက်လှည့်ပစ္စည်းများနှင့် မျက်လှည့်အဖွဲ့ ကြီးကို စွန့်ခွာပြီး ထွက်ခဲ့ခြင်းဖြစ်၏။

ဖိုးခေါင်သည် ဦးဒေါနကိုခေါ်၍ ညီအစ်မသုံးယောက်၏ ထမင်း ဆိုင်ရှိရာမြို့သို့ ပြန်လည်ထွက်ခွာခဲ့လေ၏။

ညီအစ်မသုံးယောက်သည် ဖိုးခေါင်ကို မြင်သောအခါ ဝမ်းသာ အားရ ညှိမ်ပြီး ထမင်းဟင်းလျာများ ကျွေးမွေးလေ၏။

ဖိုးခေါင်သည် ၎င်းတို့မြို့မှထွက်ခွာသွားသည်မှာ တစ်နှစ်နီးပါး ရှိနေပြီဖြစ်၏။ ထိုသို့ ထမင်းများကျွေးမွေးရင် အစ်မကြီးဖြစ်သူက တစ်ခု





ထစ်ရာကို သတိရဟန်ဖြင့်

'' ဒီမှာ ဖိုးခေါင်… မင်းကို ဒုက္ခိတလူငယ်လေးဟာ အတော် သံယောဇဉ်ကြီးပုံရတယ်၊ သူဟာ ငါတို့ထမင်းဆိုင်ကိုလာပြီး မင်း အကြောင်းတွေ မကြာခဏ မေးမြန်းနေတယ်၊ သူ့ဆီကို သွားလိုက်ပါ ဦး ''

ဟု ပြောလေ၏။

ထိုအခါ ဖိုးခေါင်သည် ဦးဒေါနကိုခေါ်၍ ဒုက္ခိတ လူငယ်လေး၏ ထံသို့ ထွက်ခဲ့လေ၏။

ထိုခြိကလေးသည် လွန်ခဲ့သောတစ်နှစ်ကအတိုင်း မပြောင်းလဲ ဘဲ ရှိနေ၏။

ဒုက္ခိတလူငယ်လေးသည် ဖိုးခေါင်တို့ကိုမြင်သောအခါ စိတ် လှုပ်ရှားဟန်ဖြင့်

'' အစ်ကို့ကို ကျုပ်တွေ့ချင်နေတာကြာပြီ၊ ကျုပ်အတွက် အိပ်အရေးကြီးတဲ့အချိန်ရောက်နေပြီဗျ၊ ကျုပ်ညီမလေးရဲ့သဲလွန်စကို ရပြီ ''

ဟု ပြောလေ၏။

ဖိုးခေါင်က စိတ်လှုပ်ရှားဟန်ဖြင့်

'' ပြောပါဦး… မင်းရဲ့ပျောက်ဆုံးနေတဲ့ညီမလေးဟာ ဘယ်ကို ရောက်နေတာလဲ ''

ဟု မေးမြန်းလေ၏။ ထိုအခါ ဒုက္ခိတလူငယ်လေးက



www.burmeseclassic.com

www.burmeseclassic.com



" ကျုပ်ညီမလေးကို ကြယ်တံခွန်ဂိုဏ်းက ဖမ်းထားတာဗျ "

ဟု ပြောလေ၏။ ဖိုးခေါင်နှင့် ဦးဒေါနသည် အလွန်အံ့ဩသွား လေ၏။ ဖိုးခေါင်က မျက်မှောင်ကြုတ်၍

" ကြယ်တံခွန်ဂိုဏ်းက ဖမ်းသွားတာ၊ ဟုတ်လား။ မင်း ဘယ်လိုလုပ်သိသလဲ "

ဟု မေးမြန်းလေ၏။

ထိုအခါ ဒုက္ခိတကောင်လေးက

" ကျုပ်ရဲ့ခွေးညိုကြီးကြောင့် သိတာဗျ "

ဟု ပြောလေရာ ဖိုးခေါင်က နားမလည်ဟန်ဖြင့် ခေါင်းခါယမ်း ၍

" ကြယ်တံခွန်ဂိုဏ်းလို အင်မတန်လျှို့ဝှက်တဲ့လူတွေကို မင်းရဲ့ ခွေးညိုကြီးက ဘာကြောင့်သိနိုင်တာလဲ "

ဟု အကြောင်းကြောင်း ပြန်လည်မေးမြန်းလေ၏။ ထိုအခါ လူငယ်က သက်ပြင်းချ၍

" ကျုပ်ရဲ့ခွေးညိုကြီးဟာ လွန်ခဲ့တဲ့နှစ်က အသက်ကြီးရင့်လာ တဲ့အတွက် နေထိုင်မကောင်းဖြစ်ခဲ့တယ်၊ ခွေးညိုကြီးဟာ ကျုပ် အသက်ငယ ... ကျေးဇူးရှင်ပါ၊ ဒါကြောင့် ခွေးညိုကြီးနဲ့ပတ်သက် ကျွန်တော် အလွန်အလေးအနက်ထားတယ်၊ ခွေးညိုကြီးရဲ့ရော ပျောက်မယ်ဆိုရင် ကျုပ်မှာရှိသမျှပိုက်ဆံ ကုန်ရင်ကုန်သွားပါစေ၊ ကျု ထမင်းမစားဘဲတောင် အငတ်ခံပြီး ခွေးညိုကြီးကိုကုသဖို့ ဆုံးဖြတ်





တယ်၊ ဒါနဲ့ ခွေးညိုကြီးဟာ အဲဒီနောက် အစာမစားတော့ဘဲ အိပ်ရာထဲ မှာပဲ လှဲနေခဲ့တယ်၊ ကျုပ်က ခွေးညိုကြီးကိုကြည့်ပြီး လုံးဝ စိတ်မကောင်း ဖြစ်ခဲ့တယ်၊ ဒီလိုနဲ့ ကြို့ပင်ကောက်မြို့မှာ တိရစ္ဆာန်ဆေးကုတဲ့ ကုလား ဆရာဝန်ကြီး တစ်ယောက်ရှိတယ်လို့ကြားရတယ်၊ ဒါကြောင့် ခွေးညိုကြီး ကို ခက်ခက်ခဲခဲ ကားနဲ့တင်ပြီးတော့ ကြို့ပင်ကောက်မြို့က ကုလား ဆရာဝန်ကြီးဆီမှာ သွားပြီးတော့ ဆေးကုဖို့ ကြိုးစားခဲ့တယ်၊ အဲဒီတုန်း က ကျုပ်နဲ့အတူ မြို့ပေါ်က လူငယ်နှစ်ဦး အဖော်လိုက်ခဲ့တယ်၊ ဒါနဲ့ ကြို့ပင်ကောက်မြို့ကို ရောက်တဲ့အခါမှာ ဆရာဝန်ကြီးဟာ တိရစ္ဆာန်တွေ အပေါ် ကြင်နာသနားတတ်တဲ့ လူတစ်ယောက်ဖြစ်တယ်၊ ကျုပ်ဟာ ဒုက္ခိတတစ်ယောက် ဖြစ်နေတာသိတော့ ဆရာဝန်ကြီးဟာ သူ့အိမ်မှာပဲ တည်းခိုစေခဲ့တယ်၊ ဒီလိုနဲ့ ခွေးညိုကြီးကို ကြိုးစားပြီး ဆေးကုပေးခဲ့တယ်၊ တစ်နေ့တော့ ကုလား ဆရာဝန်ကြီးဟာ ကျုပ်ရဲ့ ကိုယ်နဲ့မကွာ သိမ်းဆည်းထားတဲ့ ညီမလေးရဲ့ ဓါတ်ပုံကို တွေ့ရှိသွားတယ်၊ ကုလား ဆရာဝန်ကြီးဟာ ဒီဓါတ်ပုံကိုမြင်တဲ့အခါ အလွန်အံ့ဩသွားပြီး ဓါတ်ပုံကိုမျက်မှောင်ကြုတ်ပြီး သေသေချာချာ ကြည့်တယ်၊ ဒီကလေး က ကျုပ်နဲ့ဘာတော်သလဲလို့မေးတယ်၊ ဒီတော့ကျုပ်က ကျုပ်ရဲ့ ချစ်ဆုံးညီမလေးဖြစ်ကြောင်း ပြောလိုက်တယ်၊ ဒီကလေးမလေးဟာ လွန်ခဲ့တဲ့ငါးနှစ်ခန့်က ပျောက်ဆုံးသွားကြောင်းနဲ့ ကုလားဆရာဝန်ကြီးကို ပြောလိုက်တယ်၊ ဒီအခါမှာ ကုလားဆရာဝန်ကြီးဟာ ရှမ်းပြည်နယ် ... ပေါ်မြို့မှာ သူ့ညီမလေးနဲ့ရုပ်ချင်းဆင်တဲ့ မိန်းကလေးတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



မြင်ဖူးကြောင်းပြောခဲ့တယ်၊ ဒီအခါမှာ ကျုပ်က အလွန် စိတ်ဝင်စား သွားပြီး ကုလားဆရာဝန်ကြီးကို မရမက မေးမြန်းကြည့်တယ်၊ ကုလား ဆရာဝန်ကြီးက သီပေါမြို့စွန်မှာရှိတဲ့ နန်းဆန်ဆန်အိမ်ကြီးမှာ ဆေးကုပေးဖူးတယ်၊ ဒီအိမ်ကြီးမှာရှိတဲ့ လူတွေကို သံသယရှိခဲ့တယ်လို့ ပြောတယ်၊ အိမ်ကြီးမှာရှိတဲ့ လူတွေအားလုံး အလွန်လျို့ဝှက်ကြတယ် ပြင်ပလောကနဲ့ အဆက်အသွယ်လုပ်လေ့မရှိတာလည်း တွေ့ရတယ် အထူးသဖြင့် ဒီအိမ်ကြီးရဲ့ပိုင်ရှင်ဒေါ်သီရိဟာ ရုပ်ရည်အလွန်ချောမောလှ သလောက် အလွန်လည်း လျို့ဝှက်တတ်တယ်လို့ပြောတယ်၊ ဒီအခါမှာ ကျွန်တော်တာ ညီမလေးနဲ့ပတ်သက်ပြီး သဲလွန်စရခဲ့တာပဲ၊ ဒါပေမဲ့ ကျ လို ဗိုက္ခိတာတစ်ယောက်ဟာ ညီမလေးနောက်ကိုလိုက်ဖို့ ဘယ်လိုလု ဖြစ်နိုင်မလဲ၊ ဒါကြောင့် အစ်ကို့ကို ကျွန်တော်နေစဉ်နဲ့အမျှ မျှော်နေ တယ်၊ အစ်ကိုသာရှိရင် အကူအညီပေးနိုင်မှာပဲလို့ တွေးမိတယ်၊ အ တော့ အစ်ကိုရောက်လာတာ ကျွန်တော် သိပ်ကျေးဇူးတင်တာပဲ ''

ဟုပြောလေ၏။

ထိုအခါ ဖိုးခေါင်က လက်သီးဆုပ်၍

'' ကြယ်တံခွန်ဂိုဏ်းနဲ့အစ်ကိုဟာ ရန်ငြိုးရန်စတွေရှိခဲ့ဖူးတယ် ကြယ်ပ႗ခွန်ဂိုဏ်းဟာ အစ်ကိုရဲ့ဖခင်ကို ရက်ရက်စက်စက် လုပ်ကြံသ ဖြတ်ခဲ့တယ်၊ ဒါပေမဲ့ အစ်ကို့ဖခင်က ကြယ်တံခွန်ဂိုဏ်းကို လက်စားချေ ရဘူးလို့ ကတိတောင်းခဲ့တဲ့အတွက် ကြယ်တံခွန်ဂိုဏ်းနဲ့ ထိပ်တိုက်တွေ မဲ့အဖြစ်တွေကို လက်ရှောင်ခဲ့ရတယ်၊ ယောဒီမှာ အစ်ကိုနဲ့အတူ အ





ကြီး ဦးဒေါနလည်း ကြယ်တံခွန်ဂိုဏ်းရဲ့ ဒုက္ခပေးခြင်းကို ခံခဲ့ရတယ်၊ အစ်ကိုဟာ အဖေ့အပေါ်ပေးခဲ့တဲ့ကတိကြောင့် ကြယ်တံခွန်ဂိုဏ်းကို အမြဲတမ်း ရှောင်တိမ်းဖို့ကြိုးစားနေရတယ်၊ ဒါပေမဲ့ ငါ့ညီရဲ့ ညီမလေး အစ်ကိုမှာ အစ်ကိုအစွမ်းရှိသမျှ ကူညီရမယ်၊ ကြယ်တံခွန်ဂိုဏ်းဟာ တစ်နေ့တခြား လူတွေကို ဒုက္ခပေးတာများနေပြီ ''

ဟုပြောလေ၏။

ထိုအခါ ဦးဒေါနကလည်း ဝင်ရောက်၍

'' ဟုတ်တယ်လူလေး၊ ဘကြီးတို့အပေါ်မှာလည်း ကြယ် တံခွန်ဂိုဏ်းက အမျိုးမျိုးဒုက္ခပေးခဲ့တယ်၊ ဒီတစ်ကြိမ်တော့ ကြယ်တံခွန် ဂိုဏ်းကို အပြီးအပိုင် ဖြိုခွင်းမှဖြစ်တော့မယ်၊ ကြယ်တံခွန်ဂိုဏ်းဟာ အလွန်လျို့ဝှက်တယ်၊ သူတို့ရဲ့နေရပ်ဒေသကို လူတွေရိပ်မိဖို့မလွယ်ဘူး၊ အခုတော့ ရှမ်းပြည်နယ် သီပေါမြို့မှာ ကြယ်တံခွန်ဂိုဏ်းရဲ့ သဲလွန်စကို မျှော်လင့်ဘဲရပြီ ''

ဟုပြောလေ၏။

ထိုအခါ ဖိုးခေါင်ကလည်း

'' ဒါဆိုရင် ကျုပ်တို့ ကြယ်တံခွန်ဂိုဏ်းရှိရာကို အမြန်ဆုံးသွား ကြမယ် ''

ဟုပြောလေ၏။

ထို့နောက်တွင်မူ ဖိုးခေါင်နှင့် ဦးဒေါနသည် ကြယ်တံခွန်ဂိုဏ်းရှိ ရာ ရှမ်းပြည်နယ် သီပေါမြို့သို့ ခရီးဆက်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် သီပေါမြို့သို့ရောက်သောအခါ မထင်မရှား ကုန်သည်များကဲ့သို့ ပုံဖမ်းကာ မြို့စွန်ရှိ ဟော်နန်းဆန်ဆန် ဆောက်လုပ်ထားသော အိမ်ကြီးကို စောင့်ကြည့်ကြလေ၏။

အိမ်ကြီး၏ မနီးမဝေးတွင် တောင်ကုန်းကြီးတစ်ခုကို မြင်သဖြင့် ဖိုးခေါင်တို့သည် တောင်ကုန်းကြီးပေါ်သို့တက်၍ အတွင်းပိုင်းအခြေအနေကို အကဲခတ်လေ၏။

ထိုအခါ အိမ်ကြီး၏ခြံဝင်းကြီးမှာ လွန်စွာကျယ်ဝန်းပြီး ခြံဝင်းထဲတွင် အစောင့်အကြပ်များ များပြားလှကြောင်းတွေ့ရ၏။

ထိုအစောင့်အကြပ်များသည် ခြံကြီးထဲတွင်သာမက အိမ်ကြီး၏ အနီးပတ်ဝန်းကျင်များပါမချန် လှည့်လည်၍ ကင်းစောင့်နေကြောင်း တွေ့ရ၏။

ထိုမြင်ကွင်းကိုကြည့်၍ ဦးဖေါနက

" ဒီခြံဝင်းထဲမှာ ကြယ်တံခွန်ဂိုဏ်းသားတွေရှိတယ်ဆိုတာ သေချာသွားပြီ၊ ဒီလူတွေဟာ အတော်လျှို့ဝှက်တဲ့လူတွေပဲ၊ ကြယ်တံခွန်ဂိုဏ်းချုပ် သီရိမာလာဟာ ဒီအိမ်ကြီးထဲမှာရှိနိုင်တယ်၊ သီရိ မာလာနဲ့ ပတ်သက်ပြီး ကလေးမလေးကို ကယ်တင်ဖို့တော့ အလွန်အန္တရာယ်များတဲ့ကိစ္စပဲ "

ဟုပြောလေ၏။

ဖိုးခေါင်က ခြံထဲရှိအခြေအနေကို မှန်ဘီလူးဖြင့် ကြည့်ရှုနေရာမှ ခေါင်းညိတ်၍





" ဟုတ်တယ်၊ ကျုပ်တို့ အတော်လေး သက်စွန့်ဆံဖျား ကြိုးပမ်းရလိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် ကလေးမလေးရဲ့လွတ်မြောက်ရေး အတွက် ကျုပ်တို့ ကိုယ်ကျိုးစွန့်ရမှာပဲ "

ဟုပြောလိုက်လေတော့၏။

ဖိုးခေါင်တို့သည် ဟော်နန်းဆန်ဆန်အိမ်ကြီးကို အနီးကပ်စောင့်ကြည့်ကြပြီး ကြယ်တံခွန်ဂိုဏ်းကြီးအတွင်းသို့ ဝင်ရောက်မည့်နေ့ကို ရွေးချယ်သတ်မှတ်လိုက်ကြလေ၏။

၎င်းတို့သည် ကုန်သည်များအသွင်ဖြင့် ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် တည်းခိုကြ၏။

ဖိုးခေါင်တို့သည် စနေနေ့ညနေစောင်းတွင် ကြယ်တံခွန်ဂိုဏ်း၏ ဟော်နန်းဆန်ဆန်အိမ်ကြီးထဲသို့ ဝင်ရောက်တိုက်ခိုက်ရန် ကြံစည်သား၏။

ဦးဖေါနက ကြိုတင်ယူဆောင်လာသော ပေါက်ဓား ဆယ်ချောင်းခန့်ကို ဖိုးခေါင်အား ပေးလိုက်ပြီး

" ကြယ်တံခွန်ဂိုဏ်းသားတွေနဲ့ ရင်ဆိုင်ရမှာ ငါတော့ စိုးရိမ်သောကမရှိဘူး၊ ကြယ်တံခွန်ဂိုဏ်းသားတွေဟာ သေနတ်ကိုင်တာ တွေ့ရဘူး၊ ခြံထဲမှာ လှည့်ပြီးတော့ ကင်းစောင့်နေတုန်းက သတိထားကြည့်တော့ ဓားလှံလက်နက်တွေပဲ အကိုင်များတယ် "

ဟုပြောလေ၏။

ထိုအခါ ဖိုးခေါင်က ခေါင်းညိတ်၍



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်တယ်၊ သူတို့ဟာ ခေါးလုံ့လက်နက်တွေကို ပိုပြီး အား ကိုးပုံရတယ်၊ ဒါပေမဲ့ သစ်ပင်ပေါ်မှာ ကင်းစောင့်တဲ့ ကြယ်တံခွန်ဂိုဏ်း သားအချို့က ဒူးလေးကိုယ်စီ ကိုင်ထားတာမြင်ရတယ် "

ဟုပြောလေ၏။

ဦးဒေါနက လက်သီးဆုပ်၍

" ကိုယ်ခံပညာချင်း ယှဉ်ရင်တော့ ကြယ်တံခွန်ဂိုဏ်းသားတွေ ကို ငါတို့မှုစရာမလိုပါဘူးကွာ၊ တစ်ခုတော့ရှိတယ်၊ ကြယ်တံခွန်ဂိုဏ်း ချုပ် သီရိမာလာဟာ ကြယ်တံခွန်ဂိုဏ်းချုပ်ဖြစ်ပေမဲ့ တိုက်ခိုက်ရေးပညာ မှာ အလွန်ကျွမ်းကျင်တယ်လို့ သိရတယ်၊ ငါတို့နဲ့ ကျားနဲ့ဆင် လယ်ပြင် မှာတွေ့ပြီပေါ့ကွာ "

ဟုကြုံးဝါးလိုက်လေ၏။

ဖိုးခေါင်နှင့် ဦးဒေါနတို့သည် ဓားရှည်ကိုယ်စီကိုလွယ်၍ ဘုတ် ရှည်များကိုကိုင်ဆောင်ကာ ကြယ်တံခွန်ဂိုဏ်း၏ ယော်နန်းဆန်ဆန် အိမ်ကြီးထဲသို့ ချဉ်းကပ်သွားလေ၏။

၎င်းတို့သည် တောင်ကုန်းကြီးပေါ်၌ ရက်ပေါင်းများစွာ စောင့် ကြည့်ခဲ့စဉ်က ကြယ်တံခွန်ဂိုဏ်း၏ အားနည်းချက်အရှိဆုံးနေရာကို ရှာဖွေကြည့်၏။

ထိုအခါ ခြံကြီး၏ အနောက်တောင်ဘက်၌ အစောင့်အကြပ် အင်အားအနည်းဆုံးဖြစ်ကြောင်း တွေ့ရ၏။

ထိုနေရာ၌ စောင့်ကြပ်နေသူများသည် များသောအားဖြင့်





အရက်ဝိုင်း၊ ဖဲဝိုင်းများထောင်ပြီး အချိန်ကုန်နေကြကြောင်းလည်း သိရှိ၏။

ထို့ကြောင့် ဖိုးခေါင်တို့သည် ကြယ်တံခွန်ဂိုဏ်း၏ အနောက် တောင်ဘက်မှ ခြံဝင်းကြီးထဲသို့ဝင်ရန် ပြင်ဆင်လိုက်ကြ၏။

ဖိုးခေါင်တို့သည် ခြံဝင်းကြီး၏ အနောက်တောင်ဘက်သို့ ချုံနွယ်ပိတ်ပေါင်းများကို အကာအကွယ်ပြု၍ ရောက်အောင်သွား လေ၏။

ထိုနေရာ၌ အလွန်မြင့်မားသော အုတ်တံတိုင်းကြီးရှိ၏။ အုတ်တံတိုင်းကြီးပေါ်၌ သံဆူးကြိုးများလည်း ကာရံထားသေး၏။

ဖိုးခေါင်နှင့် ဦးဒေါနသည် အဆင့်မြင့် တိုက်ခိုက်ရေးပညာရှင် များ ဖြစ်သဖြင့် တစ်ယောက်ပခုံးပေါ် တစ်ယောက်တက်ကာ အုတ်တံ တိုင်းကြီးပေါ်သို့ ရောက်အောင် ခိုဆွဲတက်လိုက်၏။

ဖိုးခေါင်သည် ဦးဒေါနကို ပခုံးနှင့်ထမ်းတင်ပြီးနောက် အုတ်တံ တိုင်းပေါ်သို့ တက်လိုက်ကြ၏။

၎င်းတို့နှစ်ဦးစလုံး အုတ်တံတိုင်းပေါ်သို့ တက်ပြီးသောအခါ အုတ်တံတိုင်းအနီးသို့ ဖုံးအုပ်နေသော သစ်ကိုင်းများကြောင့် ရန်သူများ သည် ၎င်းတို့ကို မမြင်နိုင်ဘဲရှိလေ၏။

ဖိုးခေါင်တို့သည် အုတ်တံတိုင်းပေါ်မှ ခြံဝင်းကြီးတစ်ခုလုံးသို့ အကဲခတ်၍ ကြည့်လေ၏။ ထိုအခါ ၎င်းတို့၏ မလှမ်းမကမ်းတွင် ဖဲကစား နေသူများရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးဒေါနက လေသံတိုးတိုးဖြင့်

" ငါတို့နှစ်ယောက် အရက်ဝိုင်းကကောင်တွေကို အရင်ဆုံး တုတ်ရှည်နဲ့ ဆုံးမလိုက်မယ်၊ ပြီးမှ ဖဲဝိုင်းကကောင်တွေ ဆက်ရှင်းမယ်"

ဟု ပြောလေ၏။

ထို့နောက်တွင်မူ ဖိုးခေါင်နှင့် ဦးဒေါသည် ခြံဝင်းကြီးအတွင်းသို့ အသံမကြားအောင် ခုန်ချလိုက်၏။

ခြံဝင်းထဲသို့ရောက်သောအခါ အရက်ဝိုင်းအနီးသို့ ချည်းကပ်သွားကြ၏။

အရက်သမားများသည် ရေချိန်လွန်နေသဖြင့် ဖိုးခေါင်တို့ကို သတိမပြုမိဘဲ ဖိုးခေါင်နှင့်ဦးဒေါန၏ တုတ်ချက်များမိကာ မေ့မြောသွားလေ၏။

ဖိုးခေါင်တို့သည် အရက်သမားလေးယောက်ကို ဒရွတ်တိုက်ဆွဲ၍ ချုံပုတ်ထဲတွင် ဝှက်ထားလိုက်ကြ၏။ အရက်ပုလင်းများကိုမူ ချုံပုတ်ထဲသို့ ကန်သွင်းလိုက်ကြ၏။

ဖိုးခေါင်တို့သည် ဖဲဝိုင်းတစ်ခုအနီးသို့ အသံမကြားအောင် တိုးကပ်သွားကြ၏။ ဖဲဝိုင်းသည် သစ်ပင်ကြီးတစ်ပင်၏အောက်တွင် ပြုလုပ်နေ ခြင်း ဖြစ်၏။

ဖိုးခေါင်က ဦးဒေါနကို လက်ဟန်ခြေဟန်ဖြင့်ပြ၍ သစ်ပင်ပေါ်သို့ ခိုဆွဲတက်သွား၏။

ဖိုးခေါင်သည် သစ်ပင်ပေါ်သို့ရောက်လျှင် သစ် ကိုင်းမှ တရွေ့ရွေ့





သွား၍လေရာ ကြယ်တံခွန်ဂိုဏ်းသားများ၏ ဖဲဝိုင်းအပေါ် ရောက်လေ၏။

ကြယ်တံခွန်ဂိုဏ်းသားများသည် ဖဲဝိုင်းထွင်သာ အာရုံရောက်နေသဖြင့် ၎င်းတို့ခေါင်းပေါ်၌ ဖိုးခေါင်ရောက်ရှိနေခြင်းကို မရိပ်စားမိကြချေ။

ဖိုးခေါင်သည် အလစ်အငိုက်ကို အသုံးချ၍ ဖဲဝိုင်း၏အလယ်သို့ ခုန်ချလိုက်လေ၏။

ကြယ်တံခွန်ဂိုဏ်းသားများသည် မိုးပေါ်မှ ခုန်ချလာသော ဖိုးခေါင်ကိုကြည့်၍ အလန့်တကြားအော်ဟစ်နေကြစဉ် ဖိုးခေါင်၏ တုတ်ချက်များ မိသွားလေ၏။

ဦးဒေါနမှာလည်း အနောက်မှဝင်၍ ကြယ်တံခွန်ဂိုဏ်းသားများကို တုတ်ရှည်ဖြင့် ဝင်ရောက်ရိုက်နှက်လေရာ ကြယ်တံခွန်ဂိုဏ်းသားများသည် မေ့မြောသွားကြလေ၏။

ဦးဒေါနနှင့် ဖိုးခေါင်သည် ပထမဆုံးတိုက်ပွဲ၌ ကြယ်တံခွန်ဂိုဏ်းသားများကို အလွယ်တကူ အနိုင်ယူလိုက်နိုင်သဖြင့် စိတ်ဓါတ်တက်ကြွသွားလေ၏။

ဦးဒေါနက လက်မထောင်၍

" ဒီကောင်တွေ ငါတို့ထင်ထားတာလောက်တောင် သတိဝီရိယမရှိကြဘူး၊ ဒီအိမ်ကြီးရဲ့ အနောက်ဘက်ကနေ ငါတို့ဝင်လာတာ အများကြီး ကံကောင်းသွားတယ် "

ဟု တိုးတိုးပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဖိုးခေါင်က ဦးဒေါနဇ၏ကိုယ်ကိုဆွဲ၍ ချုံပုတ်ထဲသို့ လှဲချလိုက်လေ၏။

အဘယ်ကြောင့်ဆိုသော် ဖဲပိုင်းသို့ တစ်စုံတစ်ဦး ရောက်ရှိလာသောကြောင့် ဖြစ်၏။

ထိုသူများသည် အတုံးအရှုန်းလဲကျနေသော လူများကို ကြည့်၍ အံ့ဩနေစဉ် ဖိုးခေါင်တို့သည် ချုံပုတ်ထဲမှထွက်၍ ရန်သူများကို ဘုတ်ဖြင့် ရိုက်နှက်ကြ၏။

သို့သော် ရန်သူများမှာ သတိဝီရိယရှိနေပြီဖြစ်၍ ဓါးရှည်များကို ထုတ်ကာ ဖိုးခေါင်တို့အား ပြန်လည်တိုက်ခိုက်၏။

သို့သော် ဖိုးခေါင်နှင့် ဦးဒေါနတို့၏ သိုင်းပညာကို မယှဉ်နိုင်ဘဲ နှစ်ယောက်စလုံးမေ့မြောသွားပြန်၏။

ထိုအခိုက်မှာပင် သစ်ပင်ပေါ်တွင် ကင်းစောင့်နေသော မြားပစ်သမားသည် ဖိုးခေါင်တို့ကို မြင်တွေ့သွားပြီး မြားဖြင့်ပစ်ရန် ကြံစည်လေ၏။

ဦးဒေါနက သူ၏အိတ်ထဲမှ ပေါက်ဓားတစ်ချောင်းကို လျှင်မြန်စွာ ထုတ်၍ လှမ်းပစ်လိုက်ရာ ထိုသူသည် အားကနဲအော်၍ မြေပေါ်သို့ ပြုတ်ကျသွားလေ၏။

ဦးဒေါနက သစ်ပင်ပေါ်သို့ မျက်လုံးဝေ့ကြည့်၍

" အပေါ်မှာရှိတဲ့ မြားသမားတွေကို ဂရုစိုက်ဟေ့ "

ဟု အော်ဟစ်လိုက်လေ၏။



ထိုအခိုက်မှာပင် မြားသမား၏ အသံကြောင့် အနီးသို့ ရန်သူသုံးယောက်ရောက်ရှိလာပြီး ဖိုးခေါင်တို့ကို မြင်သောအခါ ထိတ်လန့်အံ့ဩဟန်ဖြင့်

" ရန်သူ... ရန်သူ "

ဟု အော်ဟစ်ကာ ဝင်ရောက်တိုက်ခိုက်လေ၏။

ဖိုးခေါင်သည် ဓါးသမား၏တိုက်ခိုက်မှုကို ကိုယ်ကိုယိမ်းနွဲ့၍ ရှောင်လိုက်ပြီး ၎င်း၏အောက်ပိုင်းကို တုတ်ရှည်ဖြင့် ရိုက်ခတ်လိုက်ရာ ရန်သူသည် မြေပေါ်သို့လဲကျသွားလေ၏။

ဖိုးခေါင်က ဆက်၍ ရန်သူ၏ခေါင်းကို တုတ်ရှည်ဖြင့်သိမ်းရိုက်လိုက်ရာ ရန်သူမေ့မြောသွားလေ၏။

ဦးဒေါနမှာလည်း သူ၏ရန်သူကို ပွဲသိမ်းတုတ်ချက်ဖြင့် ရိုက်နှက်လိုက်ခြင်းဖြစ်၏။

ဖိုးခေါင်တို့သည် အိမ်ကြီး၏နံဘေးမှ ကွေ့ပတ်၍ ရန်သူများကို တိုက်ခိုက်သွားလေ၏။

ကြယ်တံခွန်ဂိုဏ်းသားများသည် ၎င်းတို့၏ခြံအတွင်းသို့ ရန်သူတွေ ရောက်နေမှန်းသိသဖြင့် ဖိုးခေါင်နှင့်ဦးဒေါနကို သဲကြီးမဲကြီး ရှာဖွေတိုက်ခိုက်ကြလေ၏။

ဖိုးခေါင်တို့သည် အိမ်ကြီး၏အရှေ့ဘက် ဆင်ဝင်အောက်သို့ ရောက်သောအခါ အိမ်ကြီး၏အပေါက်ဝ၌ ၎င်းတို့ကို ဆီးကြိုတိုက်ခိုက်ကြသော ရန်သူများနှင့်ရင်ဆိုင်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးခေါင်နှင့် ဦးဒေါနသည် တုတ်ရှည်လက်နက်ကို ဝှေ့ယမ်း၍ ရန်သူအုပ်ထဲသို့ ဝင်ရောက်သွားလေ၏။

ဦးဒေါနသည် ညေ့ခန်းအတွင်း၌ ရန်သူသုံးယောက်ကို ရင်ဆိုင်တိုက်ခိုက်လိုက်လေ၏။

ဖိုးခေါင်သည် တုတ်ရှည်တစ်ချောင်း၊ ဓားရှည်တစ်လက်ကို ဆုပ်ကိုင်ကာ အိမ်၏အပေါ်ထပ်သို့ ချည်းကပ်သွား၏။

သို့သော် လှေကားတစ်ဝက်၌ ရန်သူများနှင့် ရင်ဆိုင်တွေ့ပြီး တိုက်ခိုက်ရပြန်၏။

ဦးဒေါနသည် သူ၏ရန်သူများအား တုတ်ရှည်ကို လက်နှစ်ဖက်ဖြင့်ကိုင်၍ ဝှေ့ယမ်းလိုက်ရာ ရန်သူများသည် အနောက်သို့ ဆုတ်ခွာသွားလေ၏။

ဦးဒေါနသည် လှေကားထစ်သို့ ခိုဆွဲ၍ တစ်ပတ်ကျွမ်းပစ်ပြီး ဖိုးခေါင်အနီးသို့ ရောက်ရှိလာလေ၏။

ဖိုးခေါင်သည် ဦးဒေါနရောက်လာသောအခါ ရန်သူများကို အားကြိုးမာန်တက် တိုက်ခိုက်လေရာ ရန်သူများသည် လှေကားပေါ်မှ အသီးသီး ပြုတ်ကျပြီး ဒဏ်ရာဒဏ်ချက်များ ရရှိသွားလေ၏။

ဖိုးခေါင်သည် ဦးဒေါနနှင့် ရန်သူများအား တိုက်ခိုက်ရင်း အိမ်ကြီး၏အပေါ်ထပ်သို့ ချည်းကပ်သွားလေ၏။

ထိုအခိုက်မှာပင် အပေါ်ထပ်လှေကားထိပ်မှ ရန်သူတစ်ဦးသည် ဖိုးခေါင်အား လှံရှည်ဖြင့် ထိုးလိုက်လေ၏။





ဖိုးခေါင်သည် လှံရှည်ကို လက် ထဲရှိ ဓားရှည်ဖြင့်ရိုက်ဖယ်လိုက်ပြီး သူ၏ကိုယ်ခန္ဓာအောက်ပိုင်းကို တုတ်ဖြင့် သိမ်းရိုက်လိုက်၏။

ထိုသူသည် အားခနဲအော်၍ လှေကားထိပ်မှ တလိမ့်ခေါက်ကွေး ကျသွားလေ၏။ ထိုအခိုက်မှာပင် ခန်းဆီးနောက်ကွယ်မှ ရန်သူတစ်ဦး ပြေးထွက်လာပြီး ဖိုးခေါင်အား ဓားဖြင့်ခုတ်ပိုင်း၏။

ဖိုးခေါင်သည် ရန်သူကို ရှောင်တိမ်းပြီး ဓားရှည်ဖြင့် ပြန်လည်တိုက်ခိုက်ရာ ရန်သူက မယှဉ်နိုင်သဖြင့် အနောက်သို့ဆုတ်ခွာသွားလေ၏။

ထိုအချိန်တွင် ဦးဒေါနမှာလည်း အိမ်ကြီး၏အပေါ်ထပ်သို့ ရောက်ရှိနေပြီဖြစ်၏။

ဦးဒေါနသည် ဖိုးခေါင်နှင့်အတူ ရန်သူများကို အကြိတ်အနယ် တိုက်ခိုက်လေ၏။

ထိုအခိုက်မှာပင် အိမ်ကြီး၏ မျက်နှာကြက်မှ ရန်သူနှစ်ဦးသည် ဖိုးခေါင်ရှိရာသို့ မြားဖြင့်ပစ်လိုက်၏။

ဖိုးခေါင်သည် ရုတ်တရက် မြားသမားကို မရှောင်တိမ်းနိုင်သဖြင့် သူ၏ပေါင်တွင် မြားတံ စိုက်ဝင်သွား၏။

ဖိုးခေါင်က အံကိုကြိတ်၍ မြားတံကိုဆွဲလိုက်ပြီး မြားသမားရှိရာသို့ ပေါက်ဓားဖြင့် လှမ်း၍ပစ်လိုက်ရာရန်သူသည် အားခနဲအော်၍ လဲကျသွားလေ၏။

ထိုအခိုက်မှာပင် အနီရောင်ဝတ်စုံဝတ် လူ‌ဆေးယောက်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်လာပြီး ဖိုးခေါင်နှင့် ဦးဒေါနအား ဓါးရှည်ကိုယ်စီဖြင့် အပြင်းအထန် ဝင်ရောက်တိုက်ခိုက်လေ၏။

ဖိုးခေါင်တို့၏ သိုင်းပညာအဆင့်မှာ အလွန်မြင့်မားပြီး ကြယ်တံခွန်ဂိုဏ်းသားများနှင့် များစွာ သာလွန်၏။ ဖိုးခေါင်နှင့် ဦးဒေါနသည် အနီရောင်ဝတ်စုံဝတ် လူလေးယောက်ကို ရဲရင့်စွာ ပြန်လည် တိုက်ခိုက်ရပြန်၏။

ထိုအချိန်တွင် ကြယ်တံခွန်ဂိုဏ်းသား အများစုမှာ လဲသူလဲ ကွဲသူကွဲ ဖြစ်ကြသဖြင့် ဖိုးခေါင်တို့ကို ပြန်လည်မတိုက်ခိုက်နိုင်တော့ချေ။

ဖိုးခေါင်တို့သည် အနီရောင်ဝတ်စုံဝတ် လူလေးယောက်နှင့်သာ အပြင်းအထန် တိုက်ခိုက်နေရလေ၏။ ဖိုးခေါင်နှင့် ဦးဒေါနသည် ထိုသူများနှင့် တိုက်ခိုက်ရင်း လက်မောင်းနှင့်ပေါင်များတွင် ဒဏ်ရာကိုယ်စီ ရရှိသွားလေ၏။

အနီရောင်ဝတ်စုံဝတ်လူများလည်း ဖိုးခေါင်တို့၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာများ အသီးသီး ရရှိကြကုန်၏။

ဖိုးခေါင်တို့သည် ထိုသူ များအား ကျောချင်းကပ်၍ တက်ညီလက်ညီ တိုက်ခိုက်လေရာ ရန်သူများ တစ်ယောက်ပြီးတစ်ယောက် လဲကျကုန်၏။

နောက်ဆုံးကျန်သော ရန်သူများမှာ ဖိုးခေါင်တို့ကို မယှဉ်နိုင်မှန်းသိ၍ လှေကားပေါ်မှ အောက်သို့ တစ်ပတ်ကျွမ်းပစ်၍ ထွက်ပြေးကြလေ၏။

—————— စေတနာစာပေ ——————



သို့သော် ဦးဒေါနက ပေါက်ဓါးကိုထုတ်၍ ရန်သူ၏နောက်ကျောအား ပစ်လိုက်ရာ ရန်သူသည် မပြေးနိုင်တော့ဘဲ လဲကျသွားလေတော့၏။

ဖိုးခေါင်တို့သည် ကြယ်တံခွန်ဂိုဏ်းသားများ မရှိတော့သဖြင့် ဂိုဏ်းချုပ်သီရိမာလာကို လှည့်ပတ်ပြီးရှာဖွေရန် ကြိုးစားကြ၏။

ရင်းတို့သည် ကျယ်ဝန်းလှသော အိမ်ကြီး၏အခန်းများ တစ်ခန်းပြီးတစ်ခန်း လိုက်လံရှာဖွေ၏။

ထိုသို့ရှာဖွေရင်း အနီရောင်ခန်းဆီးများ ကာရံထားသော ခန်းမကျယ်ကြီးတစ်ခုသို့ ရောက်သောအခါ အခန်းထဲမှ လွင့်ပျံလာသော လွန်စွာသာယာနာပျော်ဖွယ်ကောင်းသည့် ဗျက်စောင်းသံကို ကြားရလေ၏။

ဖိုးခေါင်နှင့် ဦးဒေါနသည် ဗျက်စောင်းသံကြောင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။

ဗျက်စောင်းသံမှာ အလွန် သာယာပြီး ထိုအသံကြောင့် စိတ်သဘောထားများ နူးညံ့လာသယောင် ခံစားရ၏။

ဖိုးခေါင်နှင့် ဦးဒေါနသည် အံကိုကြိတ်၍ ဓားကိုယ်စီကိုင်ကာ လှေကားသုံးထစ်ဆင်း၍ ခန်းမကျယ်ကြီးထဲသို့ ဝင်ခဲ့၏။

ထိုအခါ ခန်းမကျယ်ကြီး၏ တစ်နေရာတွင် ကျောပေး၍ ဗျက်စောင်းတီးခတ်နေသော မိန်းမတစ်ယောက်၏ နောက်ကျောကို မြင်ရ၏။

—————— စေတနာစာပေ ——————

www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းမသည် အိမ်ကြီးအတွင်း ဖြစ်ပွားနေသော တိုက်ပွဲများနှင့် သူမ မသက်ဆိုင်သကဲ့သို့ အေးအေးချမ်းချမ်း ရှိ၏။ သူမသည် ဖျက် စောင်းကိုသာ အာရုံစိုက်၍ တီးခတ်နေဟန်ရှိ၏။

သူမ၏ဆံပင်များသည် ပိတုန်းရောင်ကဲ့သို့ နက်မှောင်နေပြီး ပါးလွှာသော အဖြူရောင်ဝတ်စုံကြောင့် လှပသော ခန္ဓာကိုယ်ကို မြင်ရနေလေ၏။

ဖိုးခေါင်က သူမဖျက်စောင်းတီးနေဟန်ကို ကြည့်၍ စိတ်မရှည်နိုင်တော့ဘဲ

" သီရိမာလာ... မိန်းမယုတ်ကြီး၊ ခင်ဗျား စောင်းတီးနေတာကို ရပ်လိုက်စမ်း "

ဟု အော်တစ်လိုက်ရာ သီရိမာလာသည် ဖျက်စောင်းတီးခြင်းကို ရပ်တန့်၍ ဖိုးခေါင်နှင့် ဦးဒေါနရှိရာသို့ ဖြည်းညင်းစွာ လှည့်ကြည့်လေ၏။

ပြီးနောက် စိတ်လှုပ်ရှားမှုကင်းမဲ့သော လေသံဖြင့်

" မင်းတို့ ဘယ်သူတွေလဲ "

ဟု မေးမြန်းလေ၏။

ထိုအခါ ဖိုးခေါင်က လက်သီးဆုပ်၍

" ခင်ဗျားဟာ အင်မတန် အလိုရမ္မက်ကြီးတဲ့မိန်းမကြီးပဲ၊ ခင်ဗျားကြောင့် ကြယ်တံခွန်ဂိုဏ်းကြီး ပြိုကွဲပျက်စီးရတယ်၊ ခင်ဗျားရဲ့ လိုချင်တပ်မက်မှုနဲ့ လောဘစိတ်တွေကြောင့် ကြယ်တံခွန်ဂိုဏ်းကြီး





ပျက်စီးမှာစိုးတဲ့အတွက် ကျုပ်အဖေဟာ သူခိုးအဖြစ်ခံပြီး ကြယ်တံခွန်ဂိုဏ်းရဲ့ ရွှေကြယ်တံဆိပ်ကို ခိုးယူသွားခဲ့တယ်၊ ကျုပ်အဖေရဲ့ ဂုဏ်သိက္ခာနဲ့ လဲပြီး ကြယ်တံခွန်ဂိုဏ်းကြီးကို ကယ်တင်ဖို့ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ အဖေ့အသက်သာ သေရတယ်၊ ကြယ်တံခွန်ဂိုဏ်းကြီးကတော့ ခင်ဗျားလက်ထက်မှာ ရစရာမရှိအောင် ပျက်စီးခဲ့ရတယ် "

ဟု ပြောလေ၏။

ကြယ်တံခွန်ဂိုဏ်းချုပ် သီရိမာလာက မျက်မှောင်ကြုတ်ကြည့်လိုက်ပြီး

" သြော်... မင်းဟာ ဖိုးခေါင်ဆိုတဲ့ကောင်လေးကိုး၊ မင်းရဲ့ အရည်အချင်းတွေက မသေးပါလား၊ မင်းအဖေ ဦးဖိုးမှန်ရဲ့သွေးပါတယ် ဆိုပါရဲ့၊ မင်းကို အစကတည်းက ဦးဖိုးမှန်ကိုရှင်းပြီးတော့ ကျူပင်ခုတ်အမြစ်ပါမကျန်အောင် ရှင်းလိုက်ရင် ပြီးတယ်၊ အခုတော့ ဖခင်တို့ပည့်ပေါ်တွေရဲ့ ညံ့ဖျင်းမှုကြောင့် မင်းဟာ ဒီအရွယ်ထိရောက်အောင် ကြီးပြင်းလာခဲ့တယ်၊ ဒါဆိုရင်တော့ မင်းနဲ့အတူပါလာတဲ့လူကြီးဟာ ဦးဒေါနပဲ ဖြစ်လိမ့်မယ်၊ ဦးဒေါန ရှင်လည်း ကျွန်မနဲ့လာပြီး ပတ်သက်မိတာ ကံဆိုးတာပဲ၊ ကိုယ့်ဘာသာ လက်ဖဲ့အလံလုပ္ပဲကျင်းပပြီး အသက်ရှည်ရှည်နေသွားရင် ဘယ်လောက်ကောင်းမလဲ၊ အခုတော့ ရှင်တို့ ကျွန်မနဲ့လာပြီး ပတ်သက်မိတာ အသက်တိုရတော့မယ် "

ဟု ပြောလေ၏။

ဖိုးခေါင်က ဒေါသကြီး လက်သီးဆုပ်၍

www.burmeseclassic.com



" ဒီမှာ... ကျုပ်တို့က သေရမှာကြောက်တဲ့ကောင်တွေ မဟုတ်ဘူး၊ ကျုပ်တို့က အမှန်တရားဘက်ကရပ်တည်ပြီး ခင်ဗျားနဲ့ လာရင်ဆိုင်တဲ့လူတွေ၊ ခင်ဗျားလို ယုတ်မာကောက်ကျစ်ပြီး တစ်ကိုယ်ကောင်းဆန်တဲ့မိန်းမယုတ်ကြီး မဟုတ်ဘူး။ ခင်ဗျားဟာ ရွှေကြယ်တံဆိပ်အတွက် ကျုပ်အဖေကို သတ်ခဲ့ရုံမကဘူး၊ အေးအေးချမ်းချမ်း မှန်ဟင်းခါးရောင်းနေတဲ့ မိသားစုလေးတစ်စုကိုတောင် ဘဝပျက်အောင် လုပ်ခဲ့သေးတယ်၊ ခင်ဗျားကြောင့် ဒီမိသားစုမှာရှိတဲ့ ကလေးတစ်ယောက် ဟာ ဒုက္ခိတဖြစ်ခဲ့ရတယ်၊ သူဇာဆိုတဲ့ကလေးမလေးကိုလည်း ခင်ဗျား မတရားဖမ်းဆီးထားသေးတယ်၊ ခင်ဗျားရဲ့ယုတ်မာကောက်ကျစ်မှုတွေ ကို ရပ်တန့်ကရပ်ဖို့ အချိန်တန်ပြီ "

ဟု ပြောလိုက်လေ၏။

ထိုအခါ သီရိမာလာက ဖိုးခေါင်၏ စကားကို နားထောင်ရင်း ရယ်စရာကောင်းသော ပြက်လုံးတစ်ပုဒ်ကဲ့သို့ ဟဟားဟား ရယ်မော လိုက်ပြီး

" ဟား ဟား ဟား... မင်းဟာ ဒုက္ခိတကောင်လေးရဲ့ ပတ်သက်တဲ့အကြောင်းတွေကိုတောင် သိနေတာကိုး၊ သူဇာဆိုတဲ့ ကလေးမလေးကို ငါက မတရားဖမ်းဆီးထားတယ်လို့ ထင်လို့လား ဒီလိုထင်ရင်တော့ အမှားကြီးမှားသွားလိမ့်မယ်၊ သူဇာရေ အစ်မတော်ဆီ လာခဲ့ပါဦးကွယ် "

ဟု ပြောလိုက်ရာ ခန်းမကျယ်ကြီး၏အနောက်ဘက် အခန်း





ငယ်လေးမှ ဇာခန်းဆီး လှပ်ခါသွားပြီး ပိုးဖဲကတ္တီပါများ ဝတ်ဆင်ထားသော ကလေးမလေးတစ်ဦးသည် ကြယ်တံခွန်ဂိုဏ်းချုပ်သီရိမာလာ၏ အနီးသို့ ရောက်ရှိလာလေ၏။

ထိုအခါ ကြယ်တံခွန်ဂိုဏ်းချုပ် သီရိမာလာက ကလေးမလေး၏ ပခုံးပေါ်သို့လက်တင်၍

" ဒီမှာ သူဇာ၊ သူဇာ့ကို အစ်မတော်က ဒီမှာ မတရားဖမ်းပြီး ချုပ်နှောင်ထားတာလား၊ ဒါမှမဟုတ် သူဇာကပဲ တို့နဲ့နေရတာ ပျော်လို့ ဒီစံအိမ်တော်ကြီးမှာနေနေတာလား။ ဟောဒီလူတွေကို နားလည်အောင် ပြောပြလိုက်စမ်းပါကွယ် "

ဟု ပြောလေ၏။

ထိုအခါ သူဇာဆိုသော ကလေးမလေးသည် ဖိုးခေါင်နှင့် ဦးခေါနကို မျက်မှောင်ကြုတ်၍ကြည့်လိုက်ပြီး

" ရှင်တို့ ဘာလို့ အစ်မတော်ကို မဟုတ်တာတွေလာပြီး စွပ်စွဲနေရတာလဲ၊ ဟောဒီစံအိမ်တော်ကြီးထဲမှာ အစ်မတော်နဲ့နေရတာ ပျော်ရွှင်လွန်းလို့ ကျွန်မကိုယ်တိုင် ဒီနေရာမှာ ပျော်ပျော်ကြီးနေနေတာ "

ဟု ပြောလေရာ ဖိုးခေါင်နှင့် ဦးခေါနသည် ထိုကလေးမလေးကို မယုံနိုင်ဟန်ဖြင့် ကြည့်လိုက်လေ၏။

ဖိုးခေါင်က ပိုးဖဲကတ္တီပါဝတ်စုံများနှင့် နန်းတွင်းသူတစ်ဦးကဲ့သို့ ဝတ်ဆင်ထားသော ထိုကလေးမလေးကို ကြည့်၍

" ဒီမှာသူဇာ မင်းဘဝကို မင်းမေ့နေပြီလား။ မင်းအစ်ကိုဟာ



www.burmeseclassic.com

www.burmeseclassic.com



မြို့ပေါ်မှာ ဒုက္ခိတဘဝနဲ့ ဆင်းဆင်းရဲရဲ မြေပဲလိပ်ရောင်းနေရတယ်၊ မင်း ဒါကိုသိရဲ့လား။ မင်းအစ်ကို ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလိုဘဝရောက်ရတာ ဟောဒီက မိန်းမယုတ်ကြီး သီရိမာလာကြောင့်ကွ ''

ဟု ပြောလေ၏။ ထိုအခါ သူဇာဆိုသော ကလေးမလေးက ခေါင်းခါယမ်း၍

'' ဒါတွေကို ကျွန်မသိပြီးသားပါ၊ အစ်ကို ဒုက္ခိတဖြစ်ပြီး မြေပဲလိပ်ရောင်းနေရတာ ကျွန်မ သတင်းကြားပြီးသားပါ၊ ဒါပေမဲ့ ဟောဒီက အစ်မတော်တို့နဲ့နေရတာ ကျွန်မ စိတ်ချမ်းသာတယ်၊ အစ်ကို့ဆီကို ပြန်သွားရင် ကျွန်မ ဆင်းဆင်းရဲရဲနေရမှာပေါ့၊ အစ်ကိုတောင် ဒုက္ခိတဘဝနဲ့ ဆင်းဆင်းရဲရဲ မြေပဲလိပ်ရောင်းနေရတာ၊ ကျွန်မကို ရွှေပေါ်မြှတင်ထားနိုင်ပါ့မလား ''

ဟု ဆိုလိုက်လေရာ ဦးဒေါနက ကလေးမလေးကို ကြည့်၍ ဒေါသတကြီးဖြင့်

'' ဟဲ့... ကောင်မလေး၊ နင်ဟာ မိဘကျေးဇူးကို မသိတတ်ပါလား။ နင့်မိဘတွေကို သီရိမာလာဆိုတဲ့ မိန်းမက မတရား သတ်သွားတာပဲ့၊ နင်သိရဲ့လား ''

ဟု အော်ဟစ်ပြောဆိုလေ၏။ ထိုအခါ သူဇာဆိုသော ကလေးမလေးက ခေါင်းခါယမ်း၍

'' ဒီကိစ္စတွေကို ကျွန်မသိပါတယ်၊ တကယ်တော့ ကျွန်မရဲ့ မိဘအရင်းတွေကို အစ်မတော်က အထင်မှားပြီး သတ်ခဲ့မိတာပါ၊ ဒီ





တုန်းက အစ်မတော် စေခိုင်းလိုက်တဲ့လူတွေဟာ အစ်မတော်ရဲ့စကားကို နားမထောင်ဘဲ ကျွန်မရဲ့မိဘတွေကို ခြေလွန်လက်လွန် လုပ်ခဲ့မိတယ်၊ အဲဒီအပြစ်အတွက် အစ်မတော်ဟာ သူတို့အားလုံးကို သေဒဏ်ပေးလိုက်ပါပြီ ''

ဟု ပြောလေရာ ဖိုးခေါင်က ကလေးမလေးကို မကျေမချမ်း ကြည့်၍

'' ဘာပဲဖြစ်ဖြစ် မင်းမိဘတွေကို ဒီမိန်းမကြီးက သတ်လိုက်တာကွ၊ နောက်ပြီးတော့ မင်းအစ်ကိုကိုလည်း မီးတွင်းထဲမှာ ဒုက္ခိတဖြစ်အောင် လုပ်ခဲ့တယ်၊ မင်းအစ်ကိုဟာ ဒုက္ခိတဘဝနဲ့ မင်းကိုတွေ့ချင်လွန်းလို့ နေ့စဉ်တမ်းတနေတယ်၊ မင်းဟာ စည်းစိမ်ချမ်းသာတွေကို မက်မောတွယ်တာပြီး ကိုယ့်ရဲ့အစ်ကိုရင်းကို ပစ်ပယ်မထားသင့်ဘူး ''

ဟု ပြောလေ၏။

ထိုအခါ အရွယ်နှင့်မလိုက်အောင် စည်းစိမ် ဥစ္စာများကို မက်မောဟန်ရှိသော ကလေးမကလေးက

'' အစ်ကို့ဆီကို ကျွန်မပြန်သွားလည်း အစ်ကိုနဲ့အတူ ဆင်းရဲတွင်းနက်ဖို့ပဲရှိတာပေါ့၊ အစ်ကိုဟာ သူ့ဝမ်းကိုတောင် သူအနိုင်နိုင် ရုန်းကန်နေရတာ၊ ကျွန်မရောက်လာရင် အစ်ကို ပိုပြီးတော့ စိတ်ဆင်းရဲရမှာပေါ့၊ နောက်ပြီးတော့ အစ်ကို့လို တဲစုတ်လေးမှာလည်း ဆင်းဆင်းရဲရဲ မနေနိုင်ဘူး၊ ကျွန်မ အစ်မတော်နဲ့နေရတဲ့ဘဝကို ဘာနဲ့မှ မလဲနိုင်ဘူး ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ယတိပြတ် ပြောလိုက်လေ၏။

ထိုအခါ အစ်မတော်က သဘောကျဟန်ဖြင့် တဟင်းဟင်း ရယ်မောလိုက်ပြီး

“ ဟင်း... ဟင်း... ရှင်တို့ကြားပြီမဟုတ်လား၊ သူဇာ့ကို ကျွန်မ ဖမ်းဆီးချုပ်နှောင်ထားတာ မဟုတ်ဘူး၊ သူဇာ့ရဲ့အလိုဆန္ဒအတိုင်း ကျွန်မရဲ့စံအိမ်တော်ကြီးမှာ ပျော်ပျော်ကြီးနေနေတာ၊ ဒီနေ့ ကျွန်မရဲ့ စံအိမ်တော်ကြီးထဲကိုဝင်ပြီး ကျူးကျော်စော်ကားတဲ့ ရှင်တို့နှစ်ယောက် ကို လုံးဝခွင့်မလွှတ်နိုင်ဘူး၊ ရှင်တို့နှစ်ယောက်စလုံးကို သေဒဏ်ပေးရ မယ် ”

ဟု ဆိုကာ အခန်းထောင့်တွင်ရှိသော ဓါးတင်သည့် စင်ကလေး သို့သွားကာ ဂျပန်ဓါးတစ်လက်ကို ယူလိုက်လေ၏။

သူမသည် ဖိုးခေါင်နှင့် မျက်နှာချင်းဆိုင်ရပ်ကာ ဓါးအိမ်ထဲမှ ဓါးကို ဖြည်းညှင်းစွာ ထုတ်လိုက်၏။

ဓားသွား၏ အရောင်မှာ စိမ်းဖန့်ဖန့်ရောင်ရှိသဖြင့် ဖိုးခေါင်နှင့် ဦးဒေါနသည် မျက်မှောင်ကြုတ် ကြည့်လိုက်မိ၏။

ထိုအခါ ကြယ်တံခွန်ဂိုဏ်းချုပ် သီရိမာလာက

“ ဟောဒီဓါးက နယ်နယ်ရရ ဓါးမဟုတ်ဘူး၊ ဂျပန်ပြည်က ဆာမူရိုင်းသူရဲကောင်းတစ်ဦး ကိုင်ဆောင်ခဲ့တဲ့ ဓါးဖြစ်တယ်၊ ရှင်တို့ နှစ်ယောက်သေရတယ်ဆိုရင် ဒီဆာမူရိုင်းဓါးနဲ့ သေရတဲ့အတွက် ဂုဏ်ယူ သင့်ပါတယ် ”





ဟု မခိုးမခန့် အမူအရာဖြင့် ပြောလိုက်လေ၏။ ထိုအခါ သူဇာ ကလေးမကလည်း ဝင်ရောက်၍

“ အစ်မကော်... ဒီစံအိမ်တော်ကြီးမှာ လာပြီးသောင်းကျန်း သွားတဲ့ ဒီလူကြီးနှစ်ယောက်ကို ကောင်းကောင်းဆုံးမ လွှတ်လိုက်ပါ ”

ဟု ဝင်ရောက်ပြောဆိုလေ၏။ ထိုအခါ သီရိမာလာက ခေါင်း ညိတ်၍

“ ရှင်တို့နှစ်ယောက်ကို ငရဲပြည်အရောက်ပို့ပေးမှာပါ ”

ဟု ပြောရင်း သူ၏လက်ထဲရှိ ဓါးအိမ်ကို သူဇာဆိုသော ကလေးမလေးရှိရာသို့ လှမ်းပစ်ပေးလိုက်၏။

ကလေးမလေးသည် ဓါးအိမ်ကိုယူ၍ စင်ပေါ်တွင်တင်လိုက်ပြီး တိုက်ပွဲကို စောင့်ကြည့်နေလေ၏။

ကြယ်တံခွန်ဂိုဏ်းချုပ် သီရိမာလာသည် ဓါးကို လက်တစ်ဖက် နှင့် ကိုင်၍ ဖိုးခေါင်အား ဦးစွာတိုက်ခိုက်လေ၏။

ဦးဒေါနသည် ဖိုးခေါင်နှင့် သီရိမာလာ တစ်ဦးချင်းတိုက်ခိုက် သော တိုက်ပွဲကို ဝင်ရောက်တိုက်ခိုက်လိုခြင်းမရှိသဖြင့် နောက်သို့ဆုတ် နေလိုက်၏။

ဖိုးခေါင်သည် သီရိမာလာအား ဓါးရှည်ဖြင့်ပင် ပြန်လည်ခုခံ၏။ သူသည် သီရိမာလာနှင့် တိုက်ခိုက်ပြီး တစ်ခဏတွင်းမှာပင် သူမ၏ သိုင်းပညာအစွမ်းကို အံ့သြဖွယ်တွေ့မြင်ရ၏။

သီရိမာလာ၏ဓါးချက်များသည် အလွန်လျှင်မြန်ပြီး တိကျ

www.burmeseclassic.com



ကြောင်း အံ့ဩဖွယ်တွေ့မြင်ရ၏။

သီရိမာလာ၏ တိုက်ကွက်များကို ရှောင်တိမ်းရန် အလွန်ခက်ခဲလှ၏။

သူမ၏ တိုက်ခိုက်ရေးပရိယာယ်မှာ အလွန်ကြွယ်ဝပြီး ဗိုးခေါင်သည် ထဖြည်းဖြည်း မယှဉ်သာနိုင်အောင် ရှိ၏။

ထို့ကြောင့် သူမ၏ခါးချက်များမှ လှည့်ပတ်ရှောင်တိမ်းနေရလေ၏။

ခဏကြာလျှင် သီရိမာလာ၏ ခါးချက်သည် ဗိုးခေါင်၏လက်မောင်းကို ရှပ်၍ထိသွားရာ သွေးများ ဖြာကနဲကျဆင်းလာလေ၏။

ဦးဒေါ်နသည် ဗိုးခေါင်၏အခြေအနေမဟန်မှန်းသိသဖြင့် သီရိမာလာအား ဝင်ရောက်တိုက်ခိုက်လေ၏။

သီရိမာလာက ပြုံးရယ်ရင်း

'' ဟဲ ဟဲ... ရှင်တို့နှစ်ယောက်စလုံး တစ်ပြိုင်တည်းဝင်တိုက်တော့ အချိန်မကြာဘဲ မြန်မြန်တိုက်ပွဲပြီးဆုံးလို့ရတာပေါ့ ''

ဟု ဆိုကာ အပြုံးမပျက် ဗိုးခေါင်နှင့် ဦးဒေါ်နအား ပြန်လည်တိုက်ခိုက်လေ၏။

သူမသည် ဓါးသိုင်းပညာကို နှစ်ပေါင်းများစွာ လေ့လာလိုက်စားခဲ့ပုံရ၏။

သူမ၏ဓါးသိုင်းသည် အလွန်တိကျပြီး မြန်ဆန်လွန်းလှ၏။ ဦးဒေါ်နလည်း သီရိမာလာကို တိုက်ခိုက်ပြီး များမကြာမီတွင် ခြေထောက်





တွင် ဒဏ်ရာနှစ်ချက် ရရှိသွားလေ၏။

တစ်ချိန်တည်း သီရိမာလာ၏ဓါးသည် ဗိုးခေါင်၏ရင်ဝသို့ ထိုးဝင်လာလေရာ ဗိုးခေါင်သည် ကိုယ်ကိုယိမ်းနွဲ့၍ အစွမ်းကုန် ရှောင်တိမ်းလိုက်သော်လည်း ခါးကို ရှပ်ပြီး ဓါးဖြင့်ထိုးမိသွား၏။

ဗိုးခေါင်သည် အားခနဲ အော်ဟစ်၍ နောက်သို့ လန်ကျသွား၏။ ဦးဒေါ်နသည် ဗိုးခေါင်၏ အခြေအနေကိုကြည့်ရင်း စိတ်လှုပ်ရှားသွားပြီး သီရိမာလာအား အပြင်းအထန် ဝင်ရောက်တိုက်ခိုက်ပြန်၏။

ထိုသို့တိုက်ခိုက်ရင်း ဦးဒေါ်နမှာ စိုးရိမ်စိတ်ကြောင့် အမှားအယွင်းများ ဖြစ်ပေါ်လာပြီး သီရိမာလာ၏ ခါးချက်များ တစ်ချက်ပြီးတစ်ချက် ထိမှန်နေရ၏။

ဦးဒေါ်နသည် နောက်သို့ဆုတ်ခွာရင်း အခန်းနောက်ရှိခန်းဆီးများနှင့် ငြိမိပြီး လုံးထွေး၍ လဲကျသွား၏။ ထိုအခါ သီရိမာလာ၏ ဓါးသည် ဦးဒေါ်န၏ရင်ဝသို့ထိုးစိုက်၍ ဝင်သွား၏။

ဦးဒေါ်နသည် အားခနဲအော်၍ လဲကျသွားလေ၏။ ဗိုးခေါင်သည် ဦးဒေါ်နအတွက် စိုးရိမ်စိတ်ဖြင့် လေထဲတွင်ခုန်လွှားပြီး သီရိမာလာအား ဓါးဖြင့်ခုတ်ချလိုက်၏။

သီရိမာလာသည် နောက်သို့ပင်လှည့်မကြည့်ဘဲ [illegible] ဓါးဖြင့်တွက်လိုက်ရာ ဗိုးခေါင်၏ဓါးနှင့် ပြင်းထန်စွာ [illegible] ထွက်သွားလေ၏။

ဗိုးခေါင်သည် သီရိမာလာအား အပြင်းအထန် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားလေ၏။

သို့သော် သီရိမာလာ၏ သိုင်းပညာစွမ်းမှာ ဖိုးခေါင်တို့ထက် များစွာမြင့်မားနေသဖြင့် တဖြည်းဖြည်းမယှဉ်နိုင်ဘဲ ဓားချက်မှ လွတ်မြောက်အောင်သာ သေလုမျောပါး ရှောင်တိမ်းနေရ၏။

သီရိမာလာက ဖိုးခေါင်တို့ အခြေအနေမကောင်းပုံကို ကြည့်၍ တဟားဟား ရယ်မောကာ

" ကြွယ်တံခွန်ဂိုဏ်းချုပ်ကို ယှဉ်နိုင်လို့လား "

ဟု ကြုံးဝါးကာ ဖိုးခေါင်အား ဓါးရှည်ဖြင့် တိုက်ခိုက်ပြန်၏။

ဖိုးခေါင်သည် ခန်းမဆောင်၏အနှံ ဟိုဒီလှည့်လည်ပြေးလွှားရင်း သီရိမာလာ၏ ဓါးချက်များကို ခုခံကာကွယ်နေရ၏။ သူ၏ကိုယ်ခန္ဓာ၌လည်း ဒဏ်ရာဒဏ်ချက်များစွာ ရရှိနေပြီဖြစ်၏။

သို့သော် ကံကောင်းထောက်မစွာဖြင့် အသက်အေးထိရောက်သော ဒဏ်ရာမျိုး မရရှိခဲ့ချေ။

နောက်ဆုံးတွင် ဖိုးခေါင်သည် သီရိမာလာ၏ဓါးချက်ကို ရှောင်တိမ်းရင်း ကျမ်းစာအုပ်များရှိသော မှန်ဗီရိုကြီးနှစ်လုံးကြားသို့ လွင့်ကျသွား၏။

သီရိမာလာသည် အပိုင်ပဟုတွေးကာ လေထဲတွင် ဖိုးခေါင်၏ ရှေ့သို့ တစ်ပတ်ကျွမ်းပစ်ပြီးရောက်ရှိလာ၏။ ထို့နောက် ဖိုးခေါင်အား ဓါးဖြင့် ခုတ်ချရန် ကြံလိုက်၏။

ဖိုးခေါင်သည် ဗီရိုကြီးနှစ်လုံးကြားတွင် ညှပ်နေပြီး ရှောင်တိမ်း





ရန် မဖြစ်နိုင်တော့သဖြင့် မျက်လုံးကိုသာဆုံမှိတ်လိုက်၏။

ထိုအခိုက်မှာပင် သီရိမာလာ၏ဓါးချက်သည် ဖိုးခေါင်၏ ခန္ဓာကိုယ်ထဲသို့ ရောက်မလာဘဲ လေထဲတွင်သာ တန်းလန်းကြီး ဖြစ်သွား၏။

သီရိမာလာသည် အံကိုကြိတ်၍ အနောက်သို့ လှည့်ကြည့်လိုက်ပြီး

" သူဇာ... သူဇာ ညည်း ငါ့ကို သစ္စာဖောက်တယ်နော်"

ဟု မခံချိမခံသာ အမူအရာဖြင့် ရေရွတ်လိုက်လေ၏။

သူဇာဆိုသော ကလေးမလေး၏လက်ထဲတွင် ရွှေရောင်တောက်ပနေသော ဒူးလေးကို ဆုပ်ကိုင်ထားလေ၏။ သူဇာက သီရိမာလာကို ကြည့်၍ နှုတ်ခမ်းကိုမဲ့လိုက်ပြီး

" ဟား ဟား ဟား... ရှင့်လို မိန်းမယုတ်ကြီးကို ကျွန်မမိဘတွေအတွက် ကလဲ့စားချေလိုက်ရတာ ကျွန်မသိပ်ဝမ်းသာတယ်၊ ရှင့်ကို ဒီလို ကလဲ့စားချေချင်လွန်းလို့ ပျင်းရိငြီးငွေ့စရာကောင်းတဲ့စံအိမ်ကြီးထဲမှာ ပျော်ချင်ဟန်ဆောင်ပြီးနေခဲ့ရတယ်၊ ဂုဏ်ပကာသနတွေကို မက်မောချင်ဟန်ဆောင်ခဲ့ရတယ်၊ ဟား ဟား... အခုတော့ ရှင်ဘာတတ်နိုင်သေးလဲ၊ ကျွန်မ မိဘနှစ်ပါးကို ရက်ရက်စက်စက် သတ်ပြီးတော့ မီးထဲမှာ မီးလောင်တိုက်သွင်းခဲ့တယ်၊ ကျွန်မအစ်ကိုကိုလည်း အရှင်လတ်လတ် မီးလောင်တိုက်သွင်းဖို့ကြိုးစားခဲ့တယ်၊ အခုတော့ ရှင်ရဲ့ကံပြစ်တွေအတွက် ရှင်ပြန်ပြီးခံစားရတော့မယ်၊ ကျွန်မ မိဘတွေအတွက် ကလဲ့စား



www.burmeseclassic.com

www.burmeseclassic.com



ချေလိုက်ရတာကို ကျွန်မ သိပ်ပြီးဂုဏ်ယူတယ်၊ ဒီလိုဂုဏ်ယူနိုင်ဖို့လည်း ရှင့်ရဲ့စံအိမ်တော်ကြီးကို မက်မောတွယ်တာချင်ဟန်ဆောင်ပြီး နှစ်တွေ အများကြီး ဒုက္ခခံခဲ့ရတာပါ၊ ရှင့်ရဲ့ ကြီးကျယ်ခမ်းနားလှတဲ့ စံအိမ်တော်ကြီးကို ကျွန်မ မက်မောနေတယ်များ ထင်သလား၊ ကျွန်မနဲ့ မိဘ နှစ်ပါးအတူနေခဲ့တဲ့ တဲစုတ်ကလေးလောက်တောင် ရှင့်ရဲ့စံအိမ်တော် ကြီးက ပျော်ရွှင်စရာမကောင်းဘူးဆိုတာ ရှင် မြဲမြဲမှတ်ထားပါ ''

ဟု ပြောလေရာ ကြယ်တံခွန်ဂိုဏ်းချုပ် သီရိမာလာသည် မခံရှိ မခံသာအမူအရာဖြင့် သူဇာ့ကို

'' နင်... နင် ''

ဟု လက်ညှိုးထိုးရင်း မြေပေါ်သို့ လဲကျသွားလေ၏။

ဖိုးခေါင်သည် စာအုပ်ဗီရိုကြီးထဲမှ လူးလဲထ၍ ခါးဒဏ်ရာရရှိ နေသော ဦးဒေါနရှိရာသို့ ပြေးသွားလေ၏။ ဦးဒေါန၏ရင်ဝမှ သွေးများက ယိုစီး၍ ကျနေလေ၏။

ဦးဒေါနသေဆုံးသွားလေပြီလား မသိ။ ဖိုးခေါင်က ဦးဒေါနတို့ လှုပ်ခါ၍

'' ဦးဒေါန... ဦးဒေါန ''

ဟု အော်ဟစ်လေ၏။ ခဏကြာလျှင် ဦးဒေါန၏ မျက်လုံးများ ပွင့်လာပြီး

'' ငါမသေသေးပါဘူးကွာ၊ ဒီလောက်ကြီးအော်ဟစ်မနေပါနဲ့ လောတရမ္မက်ကြီးတဲ့မိန်းမတော့ လူ့ဘဝက ထွက်သွားရှာပြီထင်





တယ် ''

ဟု ပြောလေ၏။

ထိုအခိုက်မှာပင် သူဇာဆိုသော ကလေးမ လေးသည် အနီးသို့ ရောက်လာပြီး

'' ဦးလေးတို့ကို ကျွန်မ ရိုင်းရိုင်းစိုင်းစိုင်း ပြောလိုက်မိတာ ခွင့်လွှတ်ပါနော် ''

ဟု ပြောဆိုလေရာ ဖိုးခေါင်က ခေါင်းညိတ်၍

'' မင်းဓာ အရွယ်နဲ့မလိုက်အောင် ဟန်ဆောင်ကောင်းတဲ့ ကလေးမလေးပဲ၊ မင်းရဲ့အမူအရာတွေကိုကြည့်ပြီး ငါတို့တောင် စည်းစိမ် ဥစ္စာတွေကို အမှန်တကယ် ယစ်မူးနေတယ်လို့ ထင်မိတယ် ''

ဟု ပြောလေ၏။ ထိုအခါ ဖိုးခေါင်က

'' ဒါဆိုရင် ကျုပ်တို့ ဒီစံအိမ်တော်ကြီးက အမြန်ဆုံး ထွက်ပြေး ကြမယ်၊ ကျုပ်တို့ အပြစ်ကိုရောက်တာနဲ့ စံအိမ်တော်ကြီးကို ဖျက်ဆီး ပစ်မှဖြစ်မယ်၊ ဒီစံအိမ်တော်ကြီးထဲမှ ဒီကြယ်တံခွန်ဂိုဏ်းနဲ့ ပတ်သက်တဲ့ ပေစာ၊ ပုရပိုက်စာတွေ၊ ကျမ်းစာအုပ်တွေ အများကြီးရှိတယ်၊ စံအိမ်တော် ကြီး မီးလောင်ပျက်စီးသွားရင် ကြယ်တံခွန်ဂိုဏ်းလည်း ပြိုကွဲသွားမှာပဲ''

ဟု ပြောလိုက်၏။

ထို့နောက် ဖိုးခေါင်သည် နံရံတွင်ချိတ်ဆွဲထားသော မီးတုတ် တစ်ချောင်းကိုယူ၍ မီးရှို့လိုက်ပြီး အခန်းတစ်ခန်းတွင်းသို့ ပစ်သွင်း လိုက်ရာ မီးများစတင်လောင်ကျွမ်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဖိုးခေါင်နှင့် ကလေးမလေးသည် ဓါးအဏ်ရာရရှိနေသော ဦးဒေါနကို တွဲထူ၍ စံအိမ်တော်ကြီးနှင့် ဝေးရာသို့ ပြေးခဲ့လေ၏။

ဖိုးခေါင်တို့သည် စံအိမ်တော်ကြီး၏ ခြံတံခါးပေါက်သို့ရောက်သောအခါ ပြင်းထန်သော ပေါက်ကွဲသံကြီးကို ကြားလိုက်ရပြီး စံအိမ်တော်ကြီးတစ်ခုလုံး မီးလောင် ပျက်စီးသွားလေ၏။

ဖိုးခေါင်တို့သည် မြေကြီးတစ်ခုလုံး သိမ့်သိမ့်တုန်အောင် ပေါက်ကွဲသံကြီးကြောင့် မြေပေါ်တွင် ဝပ်ချလိုက်ရ၏။ ခဏကြာမှ မီးလောင်ပျက်စီးနေသော စံအိမ်တော်ကြီးနှင့်ဝေးရာသို့ ထွက်ခဲ့လေ၏။

ရှေးက နှစ်ပေါင်းများစွာတည်တံ့ခဲ့သော လောကီပညာဂိုဏ်းကြီးသည် လောဘရမ္မက်ကြီးလှသော မိန်းမတစ်ယောက်ကြောင့် ပျက်စီးဆုံးရှုံးခြင်းသို့ ရောက်လေတော့၏။

အရာအားလုံး ပြီးဆုံးသွားချေပြီ။

မည်သည့်အရာကိုမျှ သိမ်းပိုက်မထားသော

မင်းမြတ်သူရ



BURMESE CLASSIC

www.burmeseclassic.com